

ပိုးကျော်သူ
ရွှေအာစင်းနှင့်ဝတ်ရုံရှင်

စာအုပ်စာတမ်း စာနယ်ဇင်းစာမူ ကြိုတင် ပုံနှိပ်ခွင့်ပြုချက်
အမှတ် (၀၄၇၄)

မျက်နှာဖုံးနှင့်ဓရခံ ကြိုတင် ပုံနှိပ်ခွင့်ပြုချက်အမှတ် (၁၃၅၇)

၁၉၇၃-ခု၊ အောက်တိုဘာလ ပထမအကြိမ်
အုပ်ရေ ၂၀၀၀၊ တန်ဖိုး ၂၂-ကျပ်

ထုတ်ဝေသူ — ဦးစိုးရင် (မြ-၀၁၃၅၉)
အတွေးရှင် ဗိမာန်စာပေ
အမှတ် (၁၅၇)၊ ဦးကျော်ဒွေးလမ်း၊
လမ်းသစ်ရပ်၊ အင်းစိန်၊ ရန်ကုန်။

ပုံနှိပ်သူ — ဒေါ်နှင်းနှင်းဝေ (မြ-၀၃၃၅၆)
အုန်းပုံနှိပ်တိုက်
အမှတ်-၃၃၃၊ပြည်လမ်း၊
စမ်းချောင်း၊ ရန်ကုန်။

မျက်နှာဖုံးရိုက် — သိန်းမြင့်ဝင်း အော့ဖ်ဆက်။

ကာလာခွဲ — စိန်ထွန်းကြီးမြင့်။

မျက်နှာဖုံး သရုပ်ဖော် — ပန်းချီ ငြိမ်းအောင်။

စီစဉ်သူ — ခင်ဇမောင်ကျော်။

ဖြန့်ချိရေး — နှစ်ဦးအောင်စာပေ။

# အသည်းကွဲဖြူသံ

## ( ၁ )

'ကျင်းစွမ်းဖုန်း....'

ကျင်းစွမ်းဆိုသည်မှာ နေရာဒေသတခု၏ အမည် မဟုတ်ပါ။

ထို့ပြင်—မြို့ကလေးတမြို့ သို့မဟုတ် စားသောက်ဆိုင် တဆိုင်၏ အမည်လည်း မဟုတ်ပါချေ။

ဤသို့ဆိုလျှင် ကျင်းစွမ်းဖုန်းဆိုသည်မှာ 'ကျင်း' အမျိုးအနွယ်မှ 'စွမ်းဖုန်း' ဆိုသည့်လူတယောက်၏အမည်ပင် ဖြစ်နေပါသလော ဟု မေးစရာရှိ၏။

အမှန်ပင်။

ကျင်းစွမ်းဖုန်းဆိုသည်မှာ လူတယောက်၏အမည် ဖြစ်သည်။ လူတယောက်၏ အမည်နာမတခုရှိနေသည်မှာ မဆန်းပါ။

ထို့နည်းတူ အမည်နာမ သုံးလေးမျိုးမက ရှိနေသည့်လူများမှာလည်း ဤလောကကြီးထဲတွင် မြောက်များစွာရှိ နေသည် မဟုတ်ပါလော....။

သို့သော် 'ကျင်းစွမ်းဖုန်း' ဆိုသည့် လူမှာမူ ထူးဆန်းသော လူဘယောက်ဖြစ်နေသောကြောင့် ယင်းအား အထူးပြုဖော်ပြနေရခြင်း ဖြစ်ပါသည်။

ဤသို့ဆိုလျှင် 'ကျင်းစွမ်းဖုန်း' ဆိုသူက မည်သို့ ထူးခြားနေပါသနည်း။

'ကျင်းစွမ်းဖုန်း' သည် သိုင်းလောလတွင်လျှမ်းလျှမ်းတောက် ကျော်ကြားနေသော သိုင်းသမားတယောက် ဖြစ်၏။

ထို့နည်းတူ ကျင်းစွမ်းဖုန်း 'အသည်းကွဲဓား' မှာလည်း သိုင်းလောကဘွင် 'ပထမတန်း' ဓားတလက်အဖြစ် သတ်မှတ်ထားခြင်းခံရသော ဓားတလက် ဖြစ်နေ၏။

အသည်းကွဲဓားတွင်....ခြူသံတခု တပ်ဆင်ထားသည်။ ထို့ကြောင့် ဓားကို အသုံးပြုသည့်အခါ ခြူသံထွက်ပေါ်လာလေ့ရှိ၏။ ထိုခြူသံကိုသိုင်းလောကသားများက အသည်းကွဲခြူသံဟု တင်စားပြောဆိုလေ့ရှိကြသည်။

အကြောင်းမှာ....

ဓားကို အသုံးပြုလိုက်သည်နှင့် တပ်ပိုင်နက် ဓားနှောင့်တွင်ရှိသော ခြူကလေးမှာ အသံမြည်သွားသည်။တဆက်တည်း မှာပင် ဓားသွားသည် ရန်သူ၏နှလုံးသားကို ထိုးဖောက်သွားလေ့ရှိသောကြောင့်ဖြစ်သည်။

သို့ဖြစ်၍ အသည်းကွဲဓားမှ ထွက်ပေါ်လာသော အသံကို အသည်းကွဲခြူသံဟု သိုင်းလောကသားများက ပြောဆိုသုံးနှုန်းလေ့ရှိကြခြင်းဖြစ်သည်။



အသည်းကွဲဓားသည် သိုင်းလောကသားများအား ထိတ်လန့်တုန်လှုပ်စေလောက်အောင် အရှိန်အဝါကြီးမားခဲ့သည်။သို့သော် အသည်းကွဲဓားပိုင်ရှင် ကျင်းစွမ်းဖုန်းကိုမူ မည်သူမျှမြင်တွေ့ဖူးခြင်းမရှိချေ။

ယုတ်စွအဆုံး ကျင်းစွမ်းဖုန်း၏ ပုံပန်း သဏ္ဍာန်ကိုပင် မှန်းဆနိုင်ခြင်း မရှိကြချေ။

ပုံသဏ္ဍာန်အတိအကျမသိရသည့်လူတယောက်က သိုင်းလောကတွင် လျှမ်းလျှမ်းတောက် ကျော်ကြားနေသည်ဟု ဆိုလျှင်ကြားရသူများအဖို့ ယုံချင်မှ ယုံနိုင်ကြမည် ဖြစ်သည်။

သို့သော်....ကျင်းစွမ်းဖုန်း၏အသည်းကွဲဓားနှင့် ရင်ဆိုင်တွေ့ဆုံရသည့်အခါတွင်မယုံကြည်သူများ၏ သံသယစိတ်သည် အလိုလိုပျက်ပြယ်သွားကြမည်သာ ဖြစ်လေသည်။

အကြောင်းမှာ ခြူသံနှင့်အတူ ကျင်းစွမ်းဖုန်း၏ အသည်းကွဲဓားသည် ရန်သူ၏နှလုံးသားတည့်တည့်သို့ ထိုးစိုက်လိုက်သည်ကိုမြင်တွေ့ရမည် ဖြစ်သောကြောင့်တည်း။

ကျင်းစွမ်းဖုန်း၏ ဓားချက်မှာ မြန်ဆန်လှသောကြောင့် ဓားကွက်ကို မြင်တွေ့ရမည်မဟုတ်ချေ၊ ဓားမှ ခြူသံကလေး ထွက်ပေါ်လာသည်ကိုသာ ကြားကြရမည် ဖြစ်သည်။

သို့ဖြစ်သောကြောင့် ကျင်းစွမ်းဖုန်း၏ဓားမှခြူသံကို ကြားရသည်နှင့် ရန်သူမှာ နှလုံးသားတဲ့ဓားစိုက်ဝင်ပြီး သေဆုံးသွားရတော့သည်။ ဤအချက်ကို သိမြင်ခြင်း မရှိသူများသည် တဆင့်စကား တဆင့်နားဖြင့် အသည်းကွဲခြူသံကြောင့်လူများသေဆုံး

ရသည်ဟု ယုတ္တိမတန်သောစကားကို ချဲ့ကားပြောဆိုနေကြခြင်း ဖြစ်လေသည်။

အမှန်စင်စစ် အသည်းကွဲခြုံသံကို ကြားရသူ မရှိသလောက် ဖြစ်ပါသည်။ ကြားရသည်ဆိုလျှင်လည်း ထိုသူသည် ကျင်းစွမ်းဖုန်း၏ဓားချက်ဖြင့် လူ့လောကမှ စွန့်ခွာသွားရပြီ ဖြစ်လိမ့်မည်။

မည်သို့ဆိုစေ သိုင်းလောကမှ အဆင့်မြင့် သိုင်းသမားများသည် ကျင်းစွမ်းဖုန်း၏ အသည်းကွဲဓားချက်ဖြင့် လူ့လောကမှ တယောက်ပြီးတယောက် ပျောက်ကွယ် သွားရသည်ကိုမူ ငြင်းဆန်၍ မရချေ။

သိုင်းလောကမှ ထိပ်သီးသိုင်းသမားများ ပျောက်ချင်းမလှ ပျောက်ကွယ်မှု ပိုမို များပြားလာသည်နှင့်အမျှ ကျင်းစွမ်းဖုန်း၏ သသင်းသည်လည်း သိုင်းလောကတွင် ပဟေဋ္ဌိသဖွယ် ပို၍ပို၍ ကျော်စောလာလေတော့၏။

* * *

( ၂ )

(၃)လ (၁၅)ရက်။

နေခြစ်ခြစ်တောက် ပူပြင်းနေသည်။

စိမ်းလန်းစိုပြည်ခြင်းမရှိသော သစ်ပင်အိုတခုသည် အရွက်ကျဲကျဲဖြင့် နေရောင်အောက်တွင် ကျိုးတိုးကျဲတဲ ရပ်တည်နေ၏။

ကွေ့ကောက်သော လမ်းကလေးတလျှောက် ပူပြင်းသည့် နေရောင်ခြည်အောက်တွင်မူ စိမ်းလန်းခြင်းမရှိသော သစ်ပင်အိုများ



ကိုပင် ကန္တာရအတွင်းမှ အိုအေစစ်တခုအဖြစ် ထင်မှတ်နေကြရလေသည်။

ထို့ကြောင့် ကွေ့ကောက်သော လမ်းကလေးမှတဆင့် ခရီးသွားကြသူများ အပူဒဏ်မှ ကာကွယ်ရန်အတွက် သစ်ပင်အိုကြီးများ စုရုံးပေါက်ရောက်လျက်ရှိသော အရိပ်အာဝါသ အောက်သို့ ဝင်ရောက်ခိုလှုံတတ်ကြ၏။

သစ်ပင်အိုများသည် အရွက်ကျဲကျဲဖြင့် တည်ရှိနေသော်လည်း နားခိုစရာ လုံးဝမရှိသော လမ်းခရီး တလျှောက်တွင် တစုံတခုသောအတိုင်းအတာထိ အေးမြမှုကို ပေးနိုင်စွမ်းရှိနေသေးသည် မဟုတ်ပါလား....။

ထို့ကြောင့် ကွေ့ကောက်သော လမ်းကလေးအား အသုံးပြုလျက် ခရီးသွားကြသူ လူတစ်ရာလျှင် ကိုးဆယ့်ကိုးယောက်မှာ သစ်ပင်အိုများအရိပ်သို့ ဝင်ရောက်ခိုလှုံကြမြဲ ဖြစ်နေ၏။

ယခု သစ်ပင်အိုများ စုရုံးပေါက်ရောက်လျက်ရှိသော ဒေသအုပ်ကလေးအတွင်းသို့ ခရီးသွားတစုက ဝင်ရောက် နားခိုနေကြပြီးဖြစ်လေသည်။

* * *

သစ်ပင်ကြီး သုံးပင်မှာ ဖိုခနောက်ဆိုင် ပေါက်ရောက်လျက် ရှိနေ၏။

ကျန် သစ်ပင် လေးငါးခြောက်ပင်မှာမူ ဟိုတပင် သည်တပင်ဖြင့် ကျိုးတိုး ကျဲတဲ ရှိနေ၏။

ထို့ကြောင့် သစ်ပင်ရိပ်သို့ရောက်ရှိလာသည့် ခရီးသွားများသည် ဖိုခနောက်ဆိုင်ပေါက်ရောက်လျက်ရှိနေသော သစ်ပင်ကြီးသုံးပင်အောက်၌သာ များသောအားဖြင့် စုရုံးနားခိုတတ်ကြလေသည်။

ခရီးသွားများသည် သစ်ပင်ရိပ်သို့ ရောက်ရှိ လာသည်နှင့်တပြိုင်နက် အနားယူရန်ဖြစ်စေ၊ သို့မဟုတ်မိမိတို့နှင့် အတူပါလာသော စားသောက်ဖွယ်ရာ များကို စားသောက်ရန် ဖြစ်စေ၊ ကြိုးစားအားထုတ်တတ်ကြ၏။

သစ်ပင်ကြီးများသာ စုရုံး ပေါက်ရောက်လျက်ရှိပြီး စိမ်းလန်းစိုပြည်သော ရွက်သစ်နုကလေးများဖြင့် တန်ဆာချယ်အပ်သည့် သစ်ပင်ငယ်များ အဘယ်ကြောင့် ပေါက်ရောက်ခြင်းမရှိသည့် အကြောင်းကိုကား ရေးရေးမျှပင် တွေးမိ ကြမည်မဟုတ်ချေ။

အကယ်၍သာ သစ်ပင်ရိပ်သို့ သူတို့လူစု အနားယူရန် ရောက်ရှိလာသည်နှင့်တပြိုင်နက် သစ်ကိုင်းခြောက်များနှင့် အနီး အနားရှိ သစ်ပင်ငယ်ကလေး များအား မီးမွှေးရန် ထင်းအဖြစ် ချိုးငင်အသုံးပြုတတ်ကြသည်ကိုသတိထားမိပါက ဤအချက်ကိုသဘောပေါက် နားလည်ကြမည်သာ ဖြစ်ပါသည်။

မည်သို့ဆိုစေ ခရီးသွားများသည် သစ်ပင်ရိပ်သို့ ခေတ္တခဏမျှ အနားယူရန်သာရောက်ရှိလာကြပြီး အမောဖြေ အနားယူကြပြီးနောက် မိမိတို့၏လိုရာခရီးသို့ ဆက်သွားသောအခါ သစ်ပင်အိုကြီးများ ပူပြင်းသော ရာသီဥတုဒဏ်နှင့် ကွေ့ကောက်သော လမ်းခရီးကို လုံးဝ မေ့ပျောက်သွားကြမည် ဖြစ်ပါသည်။

သို့သော်—

ယနေ့သစ်ပင်ရိပ်သို့ ရောက်ရှိလာကြသော ခရီးသွားတစုမှာမူ ကွေ့ကောက်သောလမ်းကလေးနှင့် သစ်ပင်အိုကြီးများ၏ အရိပ်အာဝါသအောက်၌ ခေတ္တအနားယူခဲ့ကြသည်ကို ဘဝတသက်တာတွင်မည်သို့မျှ မေ့နိုင်တော့မည် မဟုတ်ပါချေ။

အကြောင်းမှာ....။

* * *

( ၃ )

မြင်းဆယ့်လေးငါးကောင်သည် စုရုံးလျက်အနေအထားဖြင့် သစ်ပင်တပင်အောက်၌ရှိနေကြ၏။ မြင်းများအနီး၌ ကျောတွင် ဓားတချောင်းပိုးထားသည့် လူတယောက်က စောင့်ကြပ်လျက်ရှိသည်။ ထိုလူ၏မျက်နှာပေါ်တွင် ချွေးသီး ချွေးပေါက်များ ရှိနေပြီး ပင်ပန်းနွမ်းနယ်သည့် ဟန်မူရာများ ရှိနေသော်လည်း သူက အနားယူခြင်းမရှိပဲ မြင်းများကိုသာမျက်ခြည်မပြတ်စောင့်ကြပ်လျက်ရှိနေ၏။

အကယ်၍သာမြင်းများမရှိလျှင် ကွေ့ကောက်သော လမ်းကလေးနှင့် ပူပြင်းသော နေရောင်ခြည်အောက်တွင် မည်သို့ခရီးဆက်ရမည်ကို သူက တွေးတော ပူပန်နေဟန် ရှိလေသည်။

ထို့ကြောင့်သူနှင့်အတူလာခဲ့ကြသော အခြားခရီးသွားဖော်များအနားယူနေကြသော်လည်း သူကအနားယူခြင်းမရှိပဲ မြင်းများကိုသာ မျက်ခြည်မပြတ်စောင့်ကြပ်နေ၏။

မည်သို့ဆိုစေ ခရီးပြင်းနှင်လာခဲ့ပြီးနောက် ခေတ္တမျှ အနားယူလိုက်သည်နှင့်တပြိုင်နက် ပင်ပန်းနွမ်းနယ်သည့် ခံစားချက်များ ဖြစ်ပေါ်လာကာ အနားယူ အိပ်စက်လိုသည့်စိတ်များ ဖြစ်ပေါ်လာတတ်သည် မဟုတ်ပါလော....။

ထို့ကြောင့် မြင်းများအား စောင့်ကြပ် ကြည့်ရှုနေသူမှာ မြင်းများအား မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုနေလျက်မှပင် မျက်တောင်များစင်းလာပြီး အိပ်ငိုက်လာလေတော့၏။

သို့သော် သူက အိပ်စက်ရန်မဖြစ်နိုင်ကြောင်း သဘောပေါက်ထား၏။

ထို့ကြောင့် ဗိုခနောက်ဆိုင် သစ်ပင်ရိပ်အောက်တွင် အနားယူနေကြသော သူ၏အဖော်များရှိရာသို့ အားကျသော မျက်လုံးများဖြင့် လှမ်းကြည့်လိုက်လေသည်။

ဗိုခနောက်ဆိုင်သစ်ပင်ရိပ်အောက်၌မူ လူတစုကအနားယူနေကြ၏။

ထိုလူများ၏ ဝတ်စားဆင်ယင်ပုံမှာ အရောင်အသွေး စုံလင်လှပြီး ခရီးသွားကုန်သည်များဖြစ်ဟန် ရှိနေလေသည်။

ထို့ပြင် လက်နက်ကိုယ်စီ ခါး၌ လွယ်ထားကြသောကြောင့် သိုင်းသမားများနှင့်လည်း ခပ်ဆင်ဆင်တူနေ၏။



အချို့သည် သစ်ပင်ရိပ်အောက်၌ အပူအပင် ကင်းမဲ့စွာဖြင့် အိပ်စက်လျက်ရှိပြီး အချို့မှာ တယောက်နှင့်တယောက် မနီးမဝေး ထိုင်ကာ ရောက်တတ်ရာရာ စကားများ ပြောဆိုလျက်ရှိနေလေသည်။

အနားယူနေကြသောလူများနှင့် မနီးမဝေးတွင် ဝန်ထုပ်ဝန်ပိုးများ ရှိနေ၏။

မြင်းများကို စောင့်ကြပ်နေသောလူက ထိုလူများထံမှ မျက်လုံး လွှဲဖယ်လိုက်ပြီး ပတ်ဝန်းကျင်တဝိုက်ကို ငေး့ကြည့်လိုက်၏။

ဝန်းကျင်တခုလုံးတွင် စူးရှတောက်ပသော နေရောင်ခြည်နှင့် မျက်စိတဆုံး ဖုံထူထပ်သောလွင်ပြင်ကိုသာ တွေ့မြင်နေရ၏။

မြင်းများကို စောင့်ကြပ်နေသူက လေပူတချက် မှုတ်ထုတ်လိုက်သည်။

ဤခရီးသို့ စတင်လိုက်ပါလာပြီး မကြာမီမှာပင် ပူပြင်းသော နေရောင်ခြည်နှင့် ဖုန်ထူထပ်သည့်လွင်ပြင်များကိုသာ အမြဲမပြတ် မြင်တွေ့ခဲ့ရပြီး ယခုတိုင်လည်း မျက်စိအောက်တွင် တွေ့နေရဆဲ ဖြစ်နေသည် မဟုတ်ပါလား။

ရုတ်တရက်—

မြင်းများစောင့်ကြပ်နေသူ၏ဦးခေါင်းမှာ ညိတ်လိုက်သကဲ့သို့ ဖြစ်သွား၏။

အမှန်မှာ သူက ခေါင်းညိတ်လိုက်ခြင်း မဟုတ်ပါ။

မမျှော်လင့်ပဲ အိပ်ငိုက်သွားခြင်းကြောင့်သာ ခေါင်းမှာ ငိုက်ကနဲ ဖြစ်သွားခြင်းဖြစ်၏။

သူသည် ချက်ချင်း ဆိုသလိုပင် မျက်လုံးကို ကြိုး စား ဖွင့်လိုက်၏။

သို့သော်—

ယခုအချိန်တွင် သူ၏စိတ်ထဲ၌ ပင်ပန်းနွမ်းနယ်မှုနှင့် ပျင်းရိမှုကြောင့် အိပ်စက်နားယူလိုသော စိတ်များက ကြီးစိုးသွားပြီဖြစ်ချေသည်။

သို့ဖြင့်....

မြင်းများစောင့်ကြပ်သောလူမှာ 'ဝါး'ကနဲ တချက်သမ်းဝေလိုက်ပြီး အရာရာကိုဥပက္ခာပြုကာ အိပ်စက်အနားယူရန် ဆုံးဖြတ်လိုက်လေတော့၏။

သူက ယင်းသို့ ဆုံးဖြတ်လိုက်ပြီးသည်နှင့်တပြိုင်နက် အရာရာအား မေ့လျော့သွားသကဲ့သို့ ဖြစ်သွားသည်။

ပင်ပန်းနွမ်းနယ်မှုကြောင့် သူ အိပ်ပျော်သွားပြီဖြစ်သည်။

သူ အိပ်မပျော်မီစပ်ကြား အဝေးမှ မြင်းခွာသံတခုကို ခပ်သဲ့သဲ့ ကြားလိုက်ရသည်ဟု ထင်မှတ်မိလိုက်၏။

သို့သော် အိပ်ပျော်သွားသည်နှင့်တပြိုင်နက် မသဲမကွဲ ကြားလိုက်ရသည့် မြင်းခွာသံမှာ ပျောက်ကွယ်သွားကာ အရာရာအား ခေတ္တခဏ မေ့လျော့သွားလေတော့သည်။

*   *   *



( ၄ )

'ဝုန်း....'

ကျယ်လောင်သော အသံတခု ရုတ်တရက် ထွက်ပေါ်လာ၏။

မြင်း စောင့်ကြပ်နေသူသည် အိပ်ပျော်ရာမှ ရုတ်တရက် လန့်နိုးလာပြီး ကပျာကယာ ထထိုင်လိုက်သည်။

ကျယ်လောင်စွာ ထွက်ပေါ်လာသည့် အသံကြောင့် သူသည် ဆက်၍အိပ်ရန် မဖြစ်နိုင်တော့ပါချေ။

မြင်းစောင့်ကြပ်သောလူက ထထိုင်မိလိုက်သည်နှင့်တပြိုင်နက် မျက်လုံးများ ပြူးကျယ်သွားတော့၏။

အကြောင်းမှာ သစ်ပင်ရိပ်များအောက်၌ အနားယူနေကြသည့် သူ၏ အဖော်များမှာ မူလနေရာတွင် တယောက်မျှပင် မရှိတော့ပဲ ကစင့်ကလျားဖြင့် အဝေးသို့ ထွက်ပြေးသွားနေကြသည်ကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်ပါသည်။

မြင်းစောင့်ကြပ်သူက ထိတ်လန့်သွားပြီး ချက်ချင်းဆိုသလိုပင် မတ်တတ် ထရပ်လိုက်သည်။

သူသည် အဖော်များသည် မည်သည့် အကြောင်းကြောင့် ကိုယ့်ပစ္စည်းပင် ကိုယ်မယူနိုင်ကြပဲ အသက်လု ထွက်ပြေးသွားကြပါသနည်း။

မြင်းစောင့်ကြပ်သူက နားမလည်စွာဖြင့် ထွက်ပြေးသွားနေကြသော အဖော်များ၏ နောက်ကျောသို့ လှမ်းကြည့်လိုက်လေသည်။

ထိုစဉ်မှာပင်....

'ဝုန်း....'

ကျယ်လောင်သော အသံတခုသည် သူ၏ နောက်ကျောမှ ထွက်ပေါ်လာ၏။

မြင်းစောင့်ကြပ်သူသည် ရုတ်တရက် ထွက်ပေါ်လာသည့် အသံကြောင့် ကြက်သီး ဖြန်းကနဲ ထသွားပြီး နောက်သို့ ချာကနဲလှည့်ကြည့်လိုက်သည်။

ထိုစဉ်မှာပင် လူတယောက်က သူ့ထံသို့ အရှိန်ပြင်းစွာ လွင့်ပျံကျဆင်းလာသည်ကို တွေ့မြင်လိုက်ရလေသည်။

မြင်းစောင့်ကြပ်သူက အလန့်တကြား ဘေးသို့ ရှောင်တိမ်း ပေးလိုက်၏။

ထို့ကြောင့် ပစ်လွင့်လာသူမှာ သူနှင့်မနီးမဝေး မြေပေါ်သို့ ပုံပျက်ပန်းပျက် ပစ်လဲကျသွားလေသည်။

မြင်းစောင့်ကြပ်သူက ထိုလူအားကြည့်လိုက်ရာ ထိုလူမှာ မိမိတို့ ခရီးသွားများ၏ အဖွဲ့ခေါင်းဆောင် ဖြစ်နေသည်ကို တွေ့ မြင်လိုက်ရ၏။

မြင်းစောင့်ကြပ်သူက ကြက်သေသေသွားပြီးမှ အဖွဲ့ခေါင်း ဆောင်ထံသို့ ပြေးလွှားသွားကာ ဖေးမထူပွေ့လိုက်လေသည်။

အဖွဲ့ခေါင်းဆောင်မှာ တကိုယ်လုံး ဖုန်အလိမ်းလိမ်း ပေကျံ နေသဖြင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေတော့၏။

သူ၏ အဝတ်အစားများလည်း စုတ်ပြဲနေပြီး မျက်နှာပေါ် တွင် အညိုအမည်းစွဲကာ နှုတ်ခမ်းထောင့်မှလည်း သွေးများ ယိုစီးကျနေသည်ကို တွေ့မြင်လိုက်ရလေသည်။



မြင်းစောင့်ကြပ်သူက မျက်လုံးပြူး ကျယ်သွားပြီး—

'အစ်ကိုကြီး....'

ဟု အထိတ်တလန့် ရေရွတ်ခေါ်ငင်လိုက်၏။

ခေါင်းဆောင်ဖြစ်သူမှာ မြင်းစောင့်ကြပ်သူ၏ ရင်ခွင်ထဲမှ လူးလိမ့်ထလိုက်ပြီး မြင်းစောင့်ကြပ်သူအား အလန့်တကြား ကြည့်လိုက်၏။

သူ့အား ဖေးမလာသူမှာ မြင်းစောင့်ကြပ်သူ ဖြစ်နေသည်ကို တွေ့မြင်လိုက်ရမှ စိတ်သက်သာရာရသွားဟန် ရှိလေသည်။

သို့သော် စိတ်သက်သာမှု အရိပ်အရောင်သည် ခေတ္တခဏ မျှသာ ဖြစ်ပေါ်လာပြီး သူ၏ မျက်နှာပေါ်တွင် ကြောက်ရွံ့ ထိတ်လန့်သော အမူအရာများသာ ပြန်လည်ကြီးစိုးလာနေလေ သည်။

ခေါင်းဆောင် ဖြစ်သူသည် မြင်းစောင့်ကြပ်သူအား စိုက် ကြည့်လိုက်ပြီး တုန်တုန်ယင်ယင်ဖြင့်—

'ပြေး....ပြေး....မြန်မြန်ပြေး'

ဟု အော်ဟစ်သတိပေးလိုက်၏။

မြင်းစောင့်ကြပ်သူက ရင်ထိတ်သွားသည်။

ခေါင်းဆောင်ဖြစ်သူမှာ သိုင်းပညာ မခေကြောင်း သူက သိရှိထားပြီး အတွေ့အကြုံ ရင့်ကျက်လျက် ခေါင်းဆောင် ကောင်းတယောက် ပီသသူဖြစ်ကြောင်း သူက သိရှိထားလေ သည်။

ထို့ကြောင့် ခေါင်းဆောင်ဖြစ်သူအား နားမလည်နိုင်စွာဖြင့် ကြည့်လိုက်မိ၏။

'အစ်ကိုကြီး....ဘာတွေဖြစ်နေလို့လဲဗျ....'

သူက တွင်တွင်မေးလိုက်သော်လည်း ခေါင်းဆောင် ဖြစ်သူက ပြန်လည်ဖြေကြားနိုင်စွမ်း မရှိတော့ပါချေ။

အကြောင်းမှာ ခေါင်းဆောင်ဖြစ်သူသည်ထိတ်လန့်ကြောက်ရွံ့သည့်စိတ်များကြောင့် သတိလစ် မေ့မျောသွားပြီးဖြစ်လေသည်။

မြင်း စောင့်ကြပ်သူက ရင်ထဲ၌ လေးလံလာသည်ဟု ခံစားလိုက်ရသော်လည်း မည်သို့မျှ နားမလည်နိုင်ပဲ ဖြစ်နေ၏။

သူသည် ခေါင်းဆောင်ဖြစ်သူ၏ မျက်နှာအား စိုးရိမ်ကြီးစွာ ကြည့်လိုက်၏။

သူ၏ နှုတ်မှလည်း....

'ဘယ်လိုအဖြစ်မျိုးတွေ ဖြစ်ကုန်ပြီလဲဗျာ....'

ဟု စိတ်ပျက်စွာ ညည်းညူရေရွတ်လိုက်မိ လေတော့သည်။

သူသည် ညည်းညူသံနှင့် မနေ့းမနှောင်းမှာပင် သက်ပြင်းချသံတချက် သူ၏နောက်ကျောဘက်မှ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

မြင်း စောင့်ကြပ်သူ၏ ခန္ဓာကိုယ်မှာ ဆတ်ကနဲ တောင့်တင်းသွားသည်။



ထို့နောက် ကြောက်လန့်တကြား နောက်သို့ ချာကနဲလှည့်ကြည့်လိုက်ရာ သူ၏နောက်ဘက် မလှမ်းမကမ်းတွင် လူတယောက်သည် လက်နှစ်ဘက် နောက်ပစ်လျက် အေးဆေးစွာ ရပ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူအား တွေ့မြင်လိုက်ရသည်နှင့်တပြိုင်နက် မြင်း စောင့်ကြပ်သူမှာ ကျောထဲမှ ချမ်းစိမ့်စိမ့် ဖြစ်လာသည်ဟုပင် ခံစားလိုက်ရလေတော့သည်။

* * *

## ( ၅ )

လူငယ်သည် ငြိမ်သက်စွာ ရပ်လျက်ရှိနေ၏။

သူ၏လက်နှစ်ဘက်သည် နောက်ပစ်ထားပြီး ရင်ကိုရှေ့သို့ အနည်းငယ်ကော့ကာခေါင်းမော့ထားသောကြောင့် အေးအေးလူလူရပ်လျက် ရှိသော်လည်း မာန်မာနဝင့်ကြွားသည့် ပုံသဏ္ဍာန်ကမူ ပေါ်လွင်နေလေသည်။

ထိုလူငယ်မှာ–

အပြာရောင်ကိုယ်ကျပ်အင်္ကျီများ ဝတ်ဆင်ထားပြီး ခါးတွင် သုံးပေခန့်ရှည်သော ဓားတချောင်းထိုးထား၏။

သူ၏ အဝတ်အစားများမှာ ဖုန်အလိမ်းလိမ်း ကပ်ငြိနေသည့်နည်းတူ ဓားမှာလည်း ဟောင်းနွမ်းသော ဓားတလက်ဖြစ်နေလေသည်။

ထို့ပြင် လူငယ်၏ခေါင်းပေါ်၌ ကြီးမားသော ခမောက် တလုံး ဆောင်းထား၏။

သို့သော် လူငယ်ကသာ ခမောက်အား မျက်နှာကိုအုပ်ပြီး ဆောင်းထားပါက မြင်းစောင့်မှာ လူငယ်အား မည်သို့သော လူတယောက်ဖြစ်သည်ကို ခန့်မှန်း၍ ရနိုင်မည်မဟုတ်ချေ။

ယခုလူငယ်က ခမောက်အား မျက်နှာတဝက်အုပ်လျက် ဆောင်းထားသောကြောင့် မျက်စိ နှစ်လုံးအား မြင်တွေ့နိုင် သည်အထိ မျက်နှာပေါ်နေ၏။

ထို့ကြောင့် မြင်းစောင့်ကြပ်သူကထိုလူမှာလူငယ်တယောက် ဖြစ်ကြောင်း သိရှိခဲ့ခြင်း ဖြစ်လေသည်။

လူငယ်၏မျက်လုံးများသည် ဝိုင်းစက်နေပြီးနှုတ်ခမ်းများတွင် မက ပါးနှစ်ဘက်ပင် အနီရောင်သမ်းနေ၏။

ထို့အပြင် ဖြူဖွေးနုနယ်သည့် အသားအရည် ရှိနေသော ကြောင့် ရုပ်ရည်ချောမောသော လူငယ်တယောက် ဖြစ်သည်ကို အကဲခတ်နိုင်ခဲ့လေသည်။

အသက်ငယ်ရွယ်ပြီး ရုပ်ရည်ချောမောခန့်ညားသည့် လုလင် တယောက် ဖြစ်နေသော်လည်း မြင်းစောင့်ကြပ်သူမှာမူ ထိုလု လင်ပျိုအား ကြောက်ရွံ့ထိတ်လန့်စွာဖြင့် ကြည့်နေ၏။

မှန်ပါသည် ခရီးသည်အုပ်စု ခေါင်းဆောင်အားကိုင်ပေါက် ပစ်နိုင်ခဲ့သည့်လူငယ်အား မြင်း စောင့်ကြပ်သူက ကြောက်ရွံ့နေ သည်မှာ မဆန်းပါချေ။



မြင်း စောင့်ကြပ်သူက လူရွယ်အား စူးရှသောအကြည့်ဒဏ် အား မခံနိုင်တော့သည့်အလား မျက်လုံးကို လွှဲဖယ်လိုက်ပြီး ခေါင်းကိုအောက်သို့ ငုံ့ချလိုက်၏။

သူ၏ရင်ထဲ၌လည်း လူရွယ်အပေါ် ကြောက်ရွံ့ခြင်း၊ မကျေ နပ်ခြင်း ခံပြင်းခြင်းများဖြင့် ရောပြွမ်းရှုပ်ထွေးနေလေသည်။

ထို့ကြောင့် လူရွယ်အား မည်သို့ပြောရမည်ကို စကားရှာ မရပဲ ဖြစ်နေ၏။

ထိုစဉ်မှာပင် လူရွယ်က စကားစလိုက်လေသည်။

အမှန်စင်စစ်.... မေးခွန်းတခု မေးလိုက်ခြင်းပင် ဖြစ်၏။ ယင်းမှာ....

'ကျင်းစွမ်းဖုန်း ဘယ်မှာလဲ'

*　　*　　*

လေပူတချက် ဝှေ့ယမ်းတိုက်ခတ်လိုက်သည်။

ပူပြင်းသော ရာသီဥတု ရှိသည့်လွင်ပြင်ကို ဖြတ်သန်းတိုက် ခတ်လာသောလေသည် အပူဒဏ်ခံနေရသူများအတွက် အေးမြ မှုကို ပေးစွမ်းနိုင်ခြင်း မရှိပဲ ပို၍ပူလောင်လာစေရန်အတွက်သာ အားပေး ထောက်ကူလိုက်သကဲ့သို့ ရှိနေလေသည်။

လေပူတချက် ဝှေ့ယမ်း တိုက်ခတ်လိုက်သည်နှင့် ပင်အို ထက်မှ ရော်ရွက်များက တဖြုတ်ဖြုတ် ကြွေကျလာလေသည်။

ထိုနည်းတူ 'ချန်စန်း' ဝယ်နဖူးပေါ်မှ ချွေးများကလည်း တဖြိုက်ဖြိုက် စီးဆင်းကျလာလေတော့သည်။

မြင်းစောင့်၏အမည်မှာ 'ချန်စန်း' ဖြစ်၏။

သူသည် ခရီးသွားကုန်သည်များ၏ ငှားရမ်းမှုဖြင့် မြင်းစောင့် ကြပ်သူဘဝတွင် ကျင်လည်ကျက်စားခဲ့သည်မှာ အနှစ် နှစ်ဆယ် ခန့် ရှိပြီဖြစ်သည်။

ထို့ကြောင့် အရပ်တကာ နယ်တကာသို့ ကြိမ်ဖန်များစွာ လှည့်လည်သွားလာဘူး ခဲ့သူတယောက်လည်း ဖြစ်လေသည်။

'ကျင်းစွမ်းဖုန်း....'

ကျင်းစွမ်းဖုန်းဆိုသည့်အမည်အား အရပ်တကာ နယ်တကာ၌ နားမဆန့်အောင်ပင် ကြားခဲ့ဖူး၏။

သို့ရာတွင်—

သူသည် 'ကျင်းစွမ်းဖုန်း'အား တကြိမ်တခါမျှ တွေ့မြင်ခဲ့ဖူး ခြင်း မရှိပါချေ။

ယခုသူနှင့်မသိကျွမ်းသည့်အပြင် တကြိမ်တခါမျှ တွေ့မြင်ခဲ့ဖူး ခြင်းမရှိသော 'ကျင်းစွမ်းဖုန်း' ဆိုသူအား မေးလာသောအခါ သူက မည်သို့ဖြေရပါမည်နည်း။

ချန်စန်းမသိ၊ မဖြေတတ်ပါ။ ချန်စန်း ငိုင်တွေနေမိသည်။

ထိုစဉ်မှာပင် လူရွယ်က—

'ကျင်းစွမ်းဖုန်း ဘယ်မှာလဲ....'

ဟု ဒုတိယအကြိမ် ထပ်မံ မေးလိုက်ပြန်၏။

ချန်စန်းက ခေါင်းခါယမ်းလိုက်သည်။

သူက ကျင်းစွမ်းဖုန်းအား မသိသောကြောင့် လူရွယ်က မေး လာသည့်အခါတွင် ဖြေရန် စကားတလုံးတည်းသာ ရှိနေလေ တော့သည်။ ယင်းတလုံးတည်းသော စကားမှာ—



'ကျုပ်မသိဘူး....'

ဟူ၍ပင်ဖြစ်၏။

လူရွယ်၏ ဝိုင်းစက်သော မျက်လုံးများကပို၍ ဝိုင်းစက် ပြူး ကျယ်သွားတော့၏။

'မင်းတို့ တောင်ကြားမြို့က လာတာ မဟုတ်လား'

ချန်စန်း မျက်မှောင် ကုပ်သွား၏။

သူတို့ 'တောင်ကြားမြို့'မှခရီးထွက်ခဲ့လာကြသည်ကို လူရွယ် က မည်ကဲ့သို့ သိသွားပါလိမ့်၊ လူရွယ် သိသွားသော်လည်း အကြောင်းမဟုတ်ပါ။

တောင်ကြားမြို့တွင် နယ်တကာလှည့်၍ ရောင်းဝယ်ဖောက် ကားကြသော ကုန်သည် အမြောက်အများ ရှိနေသည် မဟုတ် ပါလော ....

ချန်စန်းက လူရွယ်အား မသိမသာ အကဲခတ်လိုက်ပြီး=

'ဟုတ်တယ်'

ဟု ခေါင်းညိတ် ဖြေဆိုလိုက်၏။

လူရွယ်၏ မျက်လုံးများက အရောင်တဖိတ်ဖိတ် တောက်ပ လာ၏။

'တောင်ကြားမြို့က လာတယ်ဆိုရင်' ကျင်းစွမ်းဖုန်း'ကို သိရ မယ်'

'ဘာဖြစ်လို့လဲ'

ချန်စန်းကသူ၏ လေသံ အနည်းငယ် ကျယ်လောင်သွား မှုန်း ကိုယ့်ကိုယ်ကို သတိပြုမိလိုက်၏။

လူရှုယ်က အေးတိ အေးစက်ဖြင့်—

'ကျင်းစွမ်းဖုန်း'က တောင်ကြားမြို့ ဇာတိ ဖြစ်နေလို့ပေါ့'

လူရှုယ်၏စကား ကြားလိုက်ရသောအခါ ချန်စန်းမှာ ပါးစပ် ဟောင်းလောင်း ဖြစ်သွားရလေတော့သည်။

* * *

မြင်းတကောင်က ရှည်လျားစွာ တချက်ဟီလိုက်၏။

ချန်စန်းမှာမူ....

လေပူနှင့်အတူပါလာသော သံမှုန့်များက မျက်နှာပေါ်သို့ ကျရောက်လာသဖြင့် ပူစပ်ပူလောင်ဖြစ်သွားသည်ဟု ခံစားလိုက်ရလေသည်။

သို့သော် ချန်စန်းက နေရာ၌ပင် မလှုပ်မယှက် ရပ်တန့်နေ၏။

သူ၏ တကိုယ်လုံးတွင် ခွန်အားများ ကုန်ခန်းသွားသကဲ့သို့ ခံစားလိုက်ရပြီး တဖန် အသက်ရှူကျပ်လာသည်ဟုလည်း စိတ်ထဲမှာ ထင်နေမိလေသည်။

လူရှုယ်ကမူ အေးတိအေးစက်ဖြင့်....

'မင်းတို့' တောင်ကြားမြို့က 'လာကြတာ မဟုတ်လား'

ဤမေးခွန်းသည် နှစ်ကြိမ်မြောက်မေးခွန်းဖြစ်နေ၏။

ထို့ကြောင့် ချန်စန်းက နှစ်ကြိမ်မြောက် ထပ်မံ ဖြေဆိုလိုက်ရလေသည်။



'ဟုတ်တယ်'

'ကျင်းစွမ်းဖုန်း တောင်ကြားမြို့ကို ရောက်နေပြီလား၊ ဒါမှမဟုတ် သူ ဘယ်ကိုရောက်နေသလဲ'

ယခုတကြိမ် ချန်စန်းက ပေါ့ပါးသွက်လက်စွာ ဖြေဆိုနိုင်ခြင်း မရှိတော့ပါချေ။

ပါးစပ်ထဲတွင် အာစေး ထည့်ထားခြင်း ခံရသူတယောက်ပမာ အထစ်ထစ် အငေါ့ငေါ့ဖြင့်....

'ကျုပ်....ကျုပ် မသိဘူးဗျ'

'ဘာ....'

လူရှုယ်က ကျယ်လောင်စွာဖြတ်ပြီး အော်ဟစ် မေးမြန်းလိုက်၏။

ချန်စန်း၏ ခန္ဓာကိုယ်က ဆတ်ကနဲ တွန့်သွား၏။

သူသည် ကဗျာကယာ လက်ကာပြလိုက်ပြီး....

'ကျုပ်....ကျုပ် တကယ်မသိပါဘူးဗျာ'

သူ၏ အသံမှာ တုန်ယင်နေ၏။

သူ၏ မျက်နှာ တခုလုံးမှာလည်း ချွေးများဖြင့် ရွဲစိုလျက်ရှိပြီး ဖြူဖတ်ဖြူလျော် ဖြစ်နေ၏။

ချန်စန်း၏ အထိတ်တလန့် အမူအရာကြောင့်....

လူရှုယ် တွေဝေသွားသည်။

သူသည် ချန်စန်းအား သေသေချာချာ အကဲခတ် ကြည့်လိုက်ပြီး လေးတွဲ့စွာဖြင့် ခေါင်းခါယမ်းလိုက်၏။

သူ့နှုတ်မှလည်း ဖြည်းညှင်းစွာဖြင့်....
'အင်း....မင်း လိမ်ပြောတာ မဟုတ်ဘူးဆိုတာတော့ ငါ ယုံတယ်'

ချန်စန်းက ဒေါသကြီးစွာဖြင့်....
'ကျုပ် လိမ်ပြောနေတာမှ မဟုတ်ပဲဗျ'
ဟု အော်ဟစ်ပြောလိုက်လေသည်။

သို့သော် လူရွယ်၏မျက်နှာမှ ဟန်မူရာမှာ ပြောင်းလဲသွားခြင်း မရှိပါချေ။

ချန်စန်းက ဒေါသကြီးစွာ အော်ဟစ်လိုက်သော်လည်း သူက စိုးစဉ်းမျှပင် စိတ်ထွက်လာဟန် မပြပါ။ ပကတိ ငြိမ်သက်နေ၏။

ချန်စန်းက ပါးစပ်ပိတ်ထားလိုက်သည်။

တကယ်ဆိုတော့ ဒေါသမထွက်သော လူရွယ်သည် သူ့အား အချိန်မရွေး သတ်ပစ်လိုက်နိုင်မည်ကို သူက ချက်ချင်း ရိပ်စားမိလိုက်ခြင်းကြောင့်ပင်ဖြစ်သည် မဟုတ်ပါလော။

ချန်စန်းသည် ချက်ချင်းပင် သူ့ဒေါသကို ချုပ်တည်းမျိုသိပ်ပစ်လိုက်၏။

ဒေါသထွက်နေသော စိတ်များကို ချုပ်တည်းမျိုသိပ်လိုက်သည်နှင့်တပြိုင်နက် ကြောက်ရွံ့ထိတ်လန့်သည့် စိတ်များက အစားထိုး ဝင်ရောက်လာလေသည်။

ချန်စန်း ငြိမ်ကျသွားသည်ကို တွေ့မြင်လိုက်ရမှ လူရွယ်က အေးတိအေးစက်ဖြင့်....



'မင်း လိမ်မပြောပေမယ့် တခုခုကိုတော့ ဖုံးကွယ်ထားတယ် မဟုတ်လား'

ချန်စန်း၏ မျက်လုံးများမှာ ပြူးကျယ်သွားပြန်သည်။
'ကျုပ် ဘာကို ဖုံးကွယ်ထားလို့လဲဗျ'
'ကျင်းစွမ်းဖုန်း တောင်ကြားမြို့ကို ပြန်လာပြီဆိုတဲ့သတင်းကို လူတိုင်း သိထားကြတယ်'

ချန်စန်းက ခေါင်းခါယမ်းလိုက်၏။
'ကျုပ် မသိဘူး....'

သူ၏ စကားကြောင့် လူရွယ်မှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

သူသည် ချန်စန်းအား မျက်မှောင်ကုပ်၍စိုက်ကြည့်လိုက်၏။

လူရွယ်က မျက်မှောင်ကုပ်လိုက်သောအခါ သူ၏ မျက်လုံးအစုံမှာ အရောင်တဖိတ်ဖိတ် တောက်ပလာသည်ဟု ထင်မှတ်လိုက်ရသည်။

ထို့အပြင် လူငယ်၏ အကြည့်မှာ စူးရှထက်မြက်သည့် ဓားပါးကလေး နှစ်လက်ပမာ အသည်းနှလုံးသို့ ထိုးဖောက်လာသည်ဟု ချန်စန်း ခံစားလိုက်ရလေသည်။

ထို့ကြောင့် ချန်စန်းက လူရွယ်၏ အကြည့်ဒဏ်ကို မခံနိုင်တော့ပဲ ခေါင်းငုံ့ထားမိလိုက်လေသည်။

ထိုစဉ်မှာပင် လူရွယ်က အေးတိအေးစက်ဖြင့်....
'မင်း သေချင်ပြီလား....'
ဟု တိုတောင်းပြတ်သားစွာ မေးလိုက်လေသည်။

ထိုစကားသံအား ကြားလိုက်ရသည်နှင့် လူရှယ်မှာ အပြော မဟုတ်ပဲ တကယ်သတ်ပစ်မည်ကို ချန်စန်းက နားလည်လိုက်၏။

သို့သော် ယခု ချန်စန်း၏ ရင်ထဲ၌ ကြောက်ရွံ့ထိတ်လန့်မှုများ နည်းပါးပြီဖြစ်သည်။

သူက ကြောက်ရွံ့ထိတ်လန့်ရမည့်အစား လူရှယ်အပေါ် စိတ်ပျက်လာလေသည်။

အမှန်စင်စစ်....

ကျင်းစွန်းဖုန်းဆိုသူမှာ မည်သူမှန်း မသိပါ။

လူရှယ်ကလည်း မသိပါ။ တခြားမည်သူကမျှလည်း သိလိမ့်မည် မဟုတ်ပါချေ။

သို့သော် မည်သူမည်ဝါဟု မသိရသော ကျင်းစွမ်းဖုန်းအတွက် မိမိက အသက်ဆုံးရှုံးခံရပါမည်လော.......။

ယင်းမှာ အဓိပ္ပာယ်မရှိသောဖြစ်ရပ်ပင်ဖြစ်၏။

ချန်စန်းသည် ယင်းသို့ တွေးမိလိုက်သည်နှင့် သဘောကျစွာ တဟားဟား ရယ်မောလိုက်လေသည်။

လူရှယ်၏ မျက်နှာပေါ်တွင် ညိုမည်းသော အရိပ်အရောင်များ လျှပ်တပြက် ဖြတ်သန်းသွား၏။

သို့သော် ယင်းမှာ တဒင်္ဂမျှသာ ဖြစ်ပါသည်။

လူရှယ်၏မျက်နှာမှာ အနည်းငယ် မည်းမှောင်သည်ဟု ထင်မှတ်လိုက်ရ သော်လည်း ချက်ချင်းဆိုသလိုပင် ဖြူဖပ်ဖြူရော် ဖြစ်သွားကာ အေးတိအေးစက်နိုင်လှသောပုံဟန်သို့ ပြန်လည်၍ ရောက်ရှိသွားပြန်လေသည်။



မည်သို့ဆိုစေ လူရှယ်၏ မျက်ဝန်းအိမ်၌ အုံ့ဆိုင်းသော အရိပ်အရောင်များ ရှိနေသေးသည်ကို ဝန်ခံရမည်သာ ဖြစ်ပါသည်။

အတန်ကြာသောအခါ–

လူရှယ်က ချန်စန်းအား ခြေဆုံးခေါင်းဆုံးကြည့်လိုက်ပြီး....

'မင်း ဘာရယ်တာလဲ'

ချန်စန်းက အရယ်မပျက်ပဲ–

'ကျုပ် သဘောကျလို့ပေါ့ဗျ'

'မင်းက သဘောကျနေတယ် ဟုတ်လား'

'ဟုတ်တယ်'

လူရှယ်သည် ချန်စန်းအား အေးစက် စူးရှစွာ ကြည့်လိုက်ယင်း....

'ဘာလဲ မင်းကို ကျုပ်တကယ် သတ်ပစ်မှာ မဟုတ်ဘူးလို့ ထင်နေသလား'ဟု တလုံးချင်း မေးလိုက်လေသည်။

ရုတ်တရက် ချန်စန်းက ရယ်မောရာမှ ရပ်တန့်လိုက်သည်။

သူ၏မျက်နှာအမူအရာမှာလည်း ပြောင်းလဲသွားပြီး....

'ခင်ဗျား ကျုပ်ကို သတ်ပစ်ချင်တယ်ဆိုယင် အချိန်မရွေး သတ်ပစ်နိုင်တယ်ဆိုတာ ကျုပ်သိပါတယ်ဗျာ၊ ဒါပေမယ့်....'

'ဒါပေမယ့် ဘာဖြစ်သလဲ'

'ကျုပ်က ကျင်းစွမ်းဖုန်းကိုမှ မသိပဲ'

ချန်စန်းသည် ပြောယင်း လူရှယ်အား တချက် အကဲခတ်ကြည့်လိုက်ပြီးမှ စကားဆက်လိုက်သည်။

'ကျင်းစွမ်းဖုန်းကိုမသိတဲ့အတွက်ကျုပ်ကိုသတ်ပစ်မယ်ဆိုယင် ခင်ဗျားရဲ့လုပ်ရပ်က အဓိပ္ပါယ်မရှိပဲဖြစ်နေမယ် မဟုတ်လား'

လူရွယ်က အေးတိအေးစက်ဖြင့်....

'အဓိပ္ပါယ်မရှိလဲ ငါဂရုမစိုက်ပါဘူး'

ချန်စန်းက ခေါင်းခါယမ်းကာ....

'ခင်ဗျားလို လူတယောက်ဟာ အဓိပ္ပါယ်မရှိတဲ့ အလုပ်ကို လုပ်မှာမဟုတ်ဘူးဆိုတာ ကျုပ်ယုံကြည်တယ်'

ချန်စန်း၏လေသံသည် ကိုယ့်ကိုယ်ကို ယုံကြည်မှု အပြည့်အဝ ရှိကြောင်း ပေါ်လွင်နေ၏။

လူရွယ်၏မျက်ဝန်းတွင် မျက်ရည်များ ဖြစ်ပေါ်လာသည်ကို တွေ့မြင်လိုက်ရ၏။ သူတို့နှစ်ယောက်သည် စကားတလုံးမျှမပြောပဲ အတန်ကြာ တိတ်ဆိတ်သွားကြသည်။

မည်မျှကြာသွားမှန်းမသိ။ အချိန် အတန်ကြာမှ လူရွယ်က သက်ပြင်းတချက် ချလိုက်သည်။ သူသည် ချန်စန်းအား စိုက်ကြည့်ကာ....

'မင်း ကျင်းစွမ်းဖုန်းကို တကယ်မသိဘူး ဟုတ်လား'

'ဟုတ်တယ်'

'ဒါဖြင့် မင်းတို့လူစုဟာ ကျင်းစွမ်းဖုန်းရဲ့ မိတ်ဆွေများ ဖြစ်ကြတယ်ဆိုတဲ့ သတင်းက ဘာလို့ထွက်နေရတာလဲ'

လူရွယ်၏ စကားအား ကြားလိုက်ရသောအခါ ချန်စန်း၏ မျက်လုံးများ ပြူးကျယ်သွားလေသည်။ သူသည် လူရွယ်အား အံ့သြစွာဖြင့်ကြည့်လိုက်ပြီး....

'ခင်ဗျား ဘယ်လိုပြောလိုက်တယ်'



'တောင်ကြားမြို့က ခရီးထွက်လာကြတဲ့ ကုန်သည်တွေဟာ ကျင်းစွမ်းဖုန်းနဲ့ ပတ်သက်နေတယ်လို့ သိုင်း လောကမှာသတင်း ဖြစ်ပွားနေတယ်'

ချန်စန်းက ကပျာကယာ လက်ကာပြလိုက်ပြီး....

'ဟာ မဟုတ်တာပဲ ကျင်းစွမ်းဖုန်းဆိုတာ ဘယ်သူမှန်းတောင်မှ မသိတာ ဘယ်လိုလုပ်ပြီး မိတ်ဆွေဖြစ်ရမှာလဲဗျ'

ယခုအခါတွင်မူ လူရွယ်မှာ ပါးစပ်ပိတ်သွားလေတော့၏။

ယခု သူက ဆက်ပြောရန် စကားတလုံးမျှ ရှိမနေသော့ပါချေ။

အကြောင်းမှာ သူရရှိခဲ့သော သတင်းသည် မှားယွင်းနေပြီ ဖြစ်ကြောင်း သူက လက်ခံစ ပြုလာနေပြီ ဖြစ်သည်။

ထိုစဉ် ချန်စန်းက စကားဆက်လိုက်သည်။

'ကျင်းစွမ်းဖုန်းက တောင်ကြားမြို့ဇာတိ ဆိုတာလဲ မဖြစ်နိုင်ဘူးလို့ ကျုပ်ထင်တယ်'

'ဘာဖြစ်လို့လဲ'

'ခင်ဗျားစဉ်းစားကြည့်လေ ကျင်းစွမ်းဖုန်းကို ဘယ်သူသိလဲ၊ ဘယ်သူမှမသိကြဘူး မဟုတ်လား၊ ဒီတော့.... သူ့အကြောင်းကို ဘယ်သူမဆို ကြိုက်သလို ဝေဖန်ပြောဆိုနိုင်တာပေါ့'

သူ၏စကား ဆုံးသွားသည်နှင့် လူရွယ်က နောက်သို့ ချာကနဲ လှည့်လိုက်တော့၏။ ချန်စန်းက မျက်မှောင်ကုပ်သွားပြီး....

'ခင်ဗျား သွားတော့မယ် ဟုတ်လား'

'ဟုတ်တယ်'

'ဘာလဲ ကျုပ်ပြောတဲ့စကားမှာ အမှားပါနေလို့လား'

'မဟုတ်ဘူး မင်းရဲ့စကားတွေက သွေးထွက်အောင် မှန်နေလို့ပါ'

ယခုတကြိမ် နှုတ်ဆိတ် ငြိမ်သက်သွားရသူမှာ ချန်စန်းပင် ဖြစ်၏။ လူရှယ်ကမူ ချန်စန်းအား လှည့်ပင်မကြည့်ပဲ ခြေလှမ်းညီညာစွာ လှမ်းလျက် ထွက်ခွာသွားနေ၏။

ထိုအခါမှ လူရှယ်၏ခြေလှမ်းများသည် သူတို့နှင့် မနီးမဝေးဟွင် ချည်နှောင်ထားသည့် အနက်ရောင် မြင်းတကောင်သို့ ဦးတည်သွားနေသည်ကို တွေ့လိုက်ရသည်။

ချန်စန်းမှာ လူရှယ်၏အပြုအမူအား နားမလည်နိုင်ပဲ ဖြစ်နေသဖြင့် မနေနိုင်တော့ပဲ....

'နေပါအုံးဗျ'

ဟု အော်ဟစ် အမိန့်ပေးလိုက်လေသည်။

သူ၏အသံကြောင့် လူရှယ်၏ခြေလှမ်းများက တုံ့ကနဲရပ်တန့်သွားသည်။ ထို့နောက် ချာကနဲလှည့်ကာ ချန်စန်းနှင့် မျက်နှာချင်း ဆိုင်လိုက်လေသည်။ ချန်စန်းက လူရှယ်အား စိုက်ကြည့်လိုက်၏။

ပြီးတော့ သူ သိလိုသော မေးခွန်းတခုအား ရုတ်တရက် ကောက်မေးလိုက်၏။

'ခင်ဗျား ကျင်းစွမ်းဖုန်းကို လိုက်ရှာအုံးမယ် ဟုတ်လား'

'ဟုတ်တယ်'

ချန်စန်းက နောက်ထပ် သိလိုသောမေးခွန်းတခု ထပ်မေးလိုက်ပြန်၏။



'ခင်ဗျား ကျင်းစွမ်းဖုန်းကို ဘာဖြစ်လို့ တွေ့ချင်နေရတာလဲ'

လူရှယ်က အဖြေပေးလိုက်သည်။ သို့သော် သူ၏ နှုတ်ခမ်းများမှာ လှုပ်ရုံသာလှုပ်သွားပြီး စကားသံမှာမူ ထွက်ပေါ်လာခြင်း မရှိပဲ ဖြစ်နေ၏။

ထို့နောက် ချန်စန်းအား လှည့်ပင်မကြည့်တော့ပဲ ခန္ဓာကိုယ်အား ချာကနဲလှည့်လိုက်ကာ အနက်ရောင်မြင်းကြီးရှိရာသို့ ဦးတည်၍သာ ခပ်သွက်သွက် လျှောက်သွားလေတော့၏။

ချန်စန်းက သက်ပြင်းတချက် ချလိုက်သည်။

လူရှယ်၏စကားသံကို မကြားလိုက်ရသော်လည်း လူရှယ်၏ နှုတ်ခမ်းများ လှုပ်သွားပုံကို ကြည့်ရခြင်းအားဖြင့် လူရှယ်ပြောလိုသည့် အဓိပ္ပာယ်ကို နားလည်လိုက်သကဲ့သို့ ရှိနေသည်ဟု ချန်စန်းက ခံစားနေရ၏။

သူသည် ထွက်ခွာသွားနေသော လူရှယ်၏နောက်ကျောသို့ စိုက်ကြည့်လိုက်ကာ....

'ဩ...လက်စသတ်တော့ သူက ကျင်းစွမ်းဖုန်းရဲ့ အသည်းကွဲခြူသံကို နားထောင်ချင်နေတာကိုး'

ဟု တီးတိုးရေရွတ်လိုက်လေသည်။

ထိုစဉ်မှာပင် မြင်းခွာသံ တဖြောင်းဖြောင်း ထွက်ပေါ်လာပြီးနောက် အနက်ရောင်မြင်းသည် လူရှယ်အား တင်ဆောင်လျက် အရှိန်ပြင်းစွာ ပြေးလွှားထွက်ခွာသွားသည်ကို တွေ့မြင်လိုက်ရလေသည်။

မကြာပါချေ။ မြင်းပြေးသွားရာ လမ်းတလျှောက်တွင် ဖုန်များ အလိပ်လိုက် အလိပ်လိုက် ထလာပြီး အနက်ရောင်မြင်းနှင့် လူရွယ်မှာ ဖုန်လုံးကြီးများအကြား ပျောက်ကွယ်သွားလေတော့သည်။

* * *

( ၆ )

နေဝန်းနီသည် ခြစ်ခြစ်တောက် ပူပြင်းလျက်ရှိသည်။

ကွေ့ကောက်သော လမ်းကလေးတလျှောက်၌လည်းဖုန်များ အလိပ်လိုက် အလိပ်လိုက် ထနေလေသည်။

ယခုအခါတွင် ခရီးသွားကုန်သည် တစုသည် အေးမြသော အရိပ်အာဝါသရှိနေသည့် သစ်ပင်ရိပ်ကို စွန့်ခွာခဲ့ကြပြီးဖြစ်၏။

သူတို့သည် မိမိတို့၏ ဝန်စည်စလှယ်များအား ဂရုတစိုက် ထိန်းသိမ်းစောင့်ရှောက်လျက် လိုရာခရီးသို့ ဆက်လက်ထွက်ခွာသွားနေကြပြီ ဖြစ်လေသည်။

သူတို့လူစုသည် ခရီးဆက်လက်ထွက်ခွာခဲ့သော်လည်း အေးမြသော သစ်ပင်ရိပ်နှင့် ကွေ့ကောက်သည့် လမ်းကလေးအားမူ မေ့နိုင်ကြလိမ့်မည်တော့ မဟုတ်ပါချေ။

သူတို့အနေဖြင့် အမှတ်မထင် ကြုံတွေ့ခဲ့ရသည့် လူရွယ်က ကျင်းစွမ်းဖုန်းဆိုသော လူတယောက်၏ သတင်းအား သစ်ပင်



ရိပ်များအောက်၌ အနားယူနေစဉ် အတင်းအဓမ္မ မေးမြန်းခဲ့ခြင်းကို ကြုံတွေ့ခဲ့ရသည် မဟုတ်ပါလော။

လူရွယ်သည် ကျင်းစွမ်းဖုန်း၏သတင်းကို မေးမြန်းစုံစမ်းမရသည့်နောက်ဆုံး လက်လျှော့လိုက်ကာ ထွက်ခွာသွားပြီးဖြစ်သည်။

လူရွယ်၏ပုံစံမှာ ရက်စက်ကြမ်းကြုတ်ပြီး အေးတိအေးစက်ရှိနေသော်လည်း ခရီးသွားကုန်သည်များအား ထိုးကြိတ်ကန်ကျောက်သွားသည်မှအပ သတ်ဖြတ်ပစ်လိုက်ခြင်း မရှိပါချေ။

ထို့ကြောင့်လူရွယ်အား ကြောက်ရွံ့သဖြင့် အထိတ်တလန့် ထွက်ပြေးသွားကြသော လူများနှင့် လူရွယ်၏လက်ချက်ဖြင့်သတိလစ်မေ့မြောသွားသူများ ပြန်လည်စုရုံးမိလိုက်သောအခါ ယခုကဲ့သို့ ခရီးဆက်လက် ထွက်ခွာ လာနိုင်ခဲ့ကြခြင်း ဖြစ်ပါသည်။

မည်သို့ဆိုစေ ခရီးသွားကုန်သည်များက လူရွယ်အား သတိရလိုက်သည်နှင့်တပြိုင်နက် မြင်းများ စောင့်ကြည့်သည့် ချန်စန်းအား ကျေးဇူးတင်မိကြလေသည်။

အဘယ်ကြောင့်ဆိုသော် ချန်စန်း၏ သဘာဝကျသော စကားများကသာလျှင် လူရွယ်အား လက်လျှော့သွားစေနိုင်ခဲ့သည် မဟုတ်ပါလော။

လူအများ၏ ချီးမွမ်းပြောဆိုသည့် စကားများကို ကြားလိုက်ရသော်လည်း ချန်စမ်းမှာမူ ဟန်ပန်အမူအရာ ပြောင်းလွဲသွားခြင်း အလျဉ်းမရှိပါချေ။

သူသည် ခါတိုင်းထက်ပင်ပို၍ တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေး ဖြစ်နေ၏။

ထို့ကြောင့် ခရီးသွားကုန်သည်များက အံ့သြသွားကြသည်။

သို့သော် သူတို့သည် ချန်စန်းအား မည်သို့မျှအနှောင့်အယှက် မပေးကြတော့ပဲ ခရီးဆက်လက် ထွက်ခွာသွားကြလေသည်။

ချန်စန်းကလည်း ကုန်သည်များနှင့်အတူ လိုက်ပါသွားခဲ့၏။

အကယ်၍သာ သူ၏ရင်တွင်း၌ ဖြစ်ပေါ်နေသော ခံစားချက်များကို ခရီးသွားကုန်သည်များက သိရှိလိုက်ရပါမူ ချန်စန်းအပေါ် နားလည်ခွင့်လွှတ်နိုင်ကြမည် ဖြစ်လေသည်။

မှန်ပါသည် ချန်စန်း၏ရင်ထဲ၌ လှုရှယ်သည့် ကျင်းစွမ်းဖုန်း၏ အသည်းကွဲခြူသံအား ကြားလိုက်ရပြီးသည်နှင့် ဤလောကထဲမှ ပျောက်ကွယ်သွားလိမ့်မည်ဟု သဘောပေါက် နားလည်ထားသည် မဟုတ်ပါလော။

ထို့ကြောင့် အသက်ငယ်ရှယ်သေးသည့် လုလင်တယောက် ဤလောကမှ စောစီးစွာ ပျောက်ကွယ်သွားတော့မည်ကို သိရှိလိုက်ရသောအခါ နှမြောသည့်စိတ်များ၊ ဝမ်းနည်းကြေကွဲသည့်စိတ်များ ဖြစ်ပေါ်လာသဖြင့် ချန်စန်းမှာ အလိုလိုနှုတ်ဆိတ်ငြိမ်သက်နေခြင်း ဖြစ်လေသည်။

*  *  *

ရုံး ၂၁၄၄၄

ဒုက္ခိတမင်းသားလေးသုံးပါး

( ၁ )

နေဝန်းနီသည် အနောက်ဘက် ကောင်းကင်ပြင်ပေါ်မှ ငုပ်လျှိုးပျောက်ကွယ်သွားပြီး ဖြစ်၏။

နေ့၏အလင်းတန်းများ နေရာတွင် ည၏အမှောင်ထုသည် လောကဓာတ်တခုလုံးအား အနက်ရောင် ဧာပဝါဖြင့် လွှမ်းခြုံကာရုံထားလေသည်။

ကောင်းကင်ပေါ်ရှိ ကြယ်ကလေးများမှာ မှိတ်တုတ်မှိတ်တုတ်ဖြင့် မသဲမကွဲအလင်းရောင်ကို ပေးစွမ်းလျက်ရှိနေ၏။

ညဘက်သို့ရောက်ရှိလာပြီဖြစ်သော်လည်း အေးမြမှုမရှိသေးပဲ ပူပြင်းခြောက်သွေ့ခြင်း၏ ရောင်ပြန်ကမူ ပတ်ဝန်းကျင်တဝိုက်၌ ထင်ဟပ်နေဆဲဖြစ်၏။

ဆိုရလျှင်မူ ဤညကား ခြောက်ကပ်ကပ်နိုင်လှသော ညတညပင် ဖြစ်လေသည်။

ထိုနည်းတူ ကျင်းနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသော နယ်ခြားမြို့ကလေးဖြစ်သည့် တောင်ကြား မြို့ကလေးမှာလည်း ခြောက်သွေ့တိတ်ဆိတ်လျက် ရှိနေ၏။

အကယ်၍သာ တောင်ကြားမြို့ကလေးတွင် အခြေချနေထိုင်လျက်ရှိသူ တယောက်အား မေးမြန်းကြည့်မည်ဆိုပါက ယနေ့ည တောင်ကြား မြို့ကလေးမှာ မကြုံဖူးအောင်ပင် ခြောက်သွေ့တိတ်ဆိတ်လျက် ရှိနေသည်ဟု ဆိုလိမ့်မည်ဖြစ်၏။

အဘယ့်ကြောင့် တောင်ကြားမြို့ကလေးက ယနေ့ညတွင် ဤမျှ ခြောက်ကပ်ကပ်နိုင်နေရပါသနည်း။

အကြောင်းမှာ ယနေ့ညတွင် တောင်ကြား မြို့ကလေးသို့ သိုင်းလောကမှ နာမည် ကျော်ကြားလျက်ရှိသော သိုင်းသမားများ တဖွဲဖွဲ ရောက်ရှိလာကြသောကြောင့်ပင် ဖြစ်ပါသည်။

ထို့အပြင် တောင်ကြား မြို့ကလေးသို့ ရောက်ရှိ လာကြသူများအနက် 'ဒုက္ခိတမင်းသားလေး သုံးပါး'လည်း ပါဝင်နေသည် မဟုတ်ပါလော။

သိုင်းလောကသားများ တဖွဲဖွဲ ရောက်ရှိ လာကြသည်နှင့် တပြိုင်နက် တောင်ကြားမြို့ကလေးမှာ ကြောက်မက်ဖွယ် ကောင်းအောင်ပင် ခြောက်သွေ့ တိတ်ဆိတ်သွားလေတော့သည်။

* * *



( ၂ )

'ညသရဲ'

တောင်ကြားမြို့ကလေး၌ 'ညသရဲ'ဆိုလျှင် မသိသူ မရှိသလောက်ပင် ဖြစ်၏။

တောင်ကြား မြို့ကလေးသို့ ရောင်းဝယ် ဖောက်ကားရန် ရောက်ရှိလာကြသော ခရီးသည်များ၊ ကုန်သည်များ၊ ဒေသန္တရ ဗဟုသုတရှာဖွေသူများ၊ အပျော်ခရီး ထွက်လာကြသူများမှအစ တောင်ကြားမြို့သို့ တခေါက်တလေ ရောက်ရှိဖူးခဲ့ သူများပင်လျှင် 'ညသရဲ'ဆိုသည့်အမည်အား အလွတ်ရသလောက် မှတ်မိသိရှိနေကြမည်ဖြစ်၏။

'ညသရဲသည် တောင်ကြားမြို့ကလေး၏ မြို့တော်ဝန်ထက်ပင် နာမည်ကျော်ကြားခဲ့၏။

စင်စစ် 'ညသရဲ' ဟူသည့်အမည်မှာ ဒဏ္ဍာရီဆန်ဆန် ကြောက်မက်ဖွယ် ကောင်းနေသည်မှန်သော်လည်း တောင်ကြားမြို့ကလေးမှ 'ညသရဲ' ဟူသည့်အမည်ကို ကြားလိုက်ရပါမူ ထိုမြို့ကလေးသို့ ရောက်ဖူးသူတိုင်းက ရယ်စရာပုံ ပေါက်နေသော လူဝကြီးတယောက်၏ မျက်နှာအား မြေးမြင် လိုက်ကြမည်သာ ဖြစ်လေသည်။

အမှန်တော့ ထိုလူဝကြီးသည် 'ညသရဲ' အမည်ရှိ စားသောက်ဆိုင်၏ ပိုင်ရှင်တယောက်သာ ဖြစ်ပါချေသည်။

ထိုလူဝကြီး ဖွင့်လှစ်သည့် 'ညသရဲ' စားသောက်ဆိုင်မှာ ညဘက်တွင်သာ ဖွင့်လှစ်ပြီး ပူအိုက်သော ရာသီဥတုဒဏ်ကြောင့်

အိပ်မပျော်ကြသည့် ခရီးသည်များ၊ ကုန်သည်များ၊ မြို့သူမြို့သားများထံမှ အမြတ်ငွေများကို သိမ်းကြုံးရရှိနေသောကြောင့် လူဝကြီးမှာ အမည်ရင်းပျောက် ညသရဲဟူသော အမည်သို့ ရောက်ရှိလာတော့သည်။

တောင်ကြားမြို့ကလေးမှ မြို့သူမြို့သားများက ညဘက်တွင် စီးပွားရှာသော လူဝကြီးအား 'ညသရဲ'ဟု အမည်ပေးလိုက်ကြသည်နှင့်သူ၏ စားသောက်ဆိုင်မှာလည်း ညသရဲစားသောက်ဆိုင်ဟု နေ့ချင်းညချင်းပင် အမည် ပြောင်းလဲ သွားလေတော့သည်။

ယခု တောင်ကြား မြို့ကလေးသို့ သိုင်းလောကသားများက တဖွဲဖွဲရောက်လာကြပြီး ဖြစ်သည်။

တောင်ကြားမြို့ကလေးသို့ သိုင်းလောကသားများ တဖွဲဖွဲ ရောက်ရှိလာကြသည်နှင့် တပြိုင်နက် စည်ကားနေသော တောင်ကြားမြို့ကလေးမှာ ခြောက်သွေ့ တိတ်ဆိတ်သွားလေသည်။

သို့သော် တောင်ကြားမြို့ကလေး တမြို့လုံး ခြောက်သွေ့ တိတ်ဆိတ်သွားခြင်းကား မဟုတ်ပါချေ။

လူဝကြီး (ဝါ) 'ညသရဲ' တယောက်မူ ထုံးစံအတိုင်းပင် သူ၏ 'ညသရဲ' စားသောက်ဆိုင်အား ညဘက်တွင် ဝတ္တရားမပျက် ဖွင့်လှစ်ရောင်းချခဲ့လေသည်။

ထို့ကြောင့် တောင်ကြားမြို့ကလေး တမြို့လုံး ခြောက်သွေ့ တိတ်ဆိတ်နေသော်လည်း ညသရဲ စားသောက်ဆိုင်တွင်မူ စား သောက်သူများဖြင့် စည်ကားလျက် ရှိနေလေသည်။



အမှန်တော့ ဤကမ္ဘာလောကကြီးထဲတွင် ခြောက်သွေ့တိတ်ဆိတ်ခြင်းကို နှစ်သက်သူ ရှိကောင်း ရှိနေမည်ဖြစ်သော်လည်း ခြောက်သွေ့ တိတ်ဆိတ်မှုအား ရှောင်ရှားလိုသည့်လူက ပို၍များမည်။ ခြောက်သွေ့ခြင်းအား မနှစ်သက်သည့်လူကပို၍ များပြားမည်သာ ဖြစ်ပါသည်။

ထို့ကြောင့် သိုင်းလောကသားများက တောင်ကြားမြို့ကလေးသို့ ရောက်ရှိလာကြသောအခါ ခြောက်သွေ့ တိတ်ဆိတ်မှုကင်းမဲ့သည့် 'ညသရဲ' စားသောက်ဆိုင်သို့ရောက်ရှိ လာကြလေတော့သည်။

'ညသရဲ' စားသောက်ဆိုင်ကား စည်ကားလျက်ပင်ရှိနေသည် တကား။

* * *

( ၃ )

ဝါကျင့်ကျင့် မီးရောင်သည် စားသောက်ဆိုင်၏ ပြတင်းပေါက်မှ တဆင့် အပြင်ဘက်သို့ ယှက်ဖြာကျဆင်းနေ၏။

မီးအိမ်ရှစ်လုံးမျှ ထွန်းညှိထားသော်လည်း စားသောက်ဆိုင် တခုလုံးသို့ လင်းထိန်လျက်ရှိသည်ဟုတော့ မဆိုသာပါချေ။

အဘယ့်ကြောင့်နည်း။

ညသရဲ စားသောက်ဆိုင်က အလွန်ကြီးမား ကျယ်ဝန်းလှသဖြင့် အလင်းရောင် မလုံလောက်ပဲ ဖြစ်နေခြင်းကြောင့်ပင် လော။

မဟုတ်ပါချေ။ ညသရဲ စားသောက်ဆိုင်သည် တော်ရုံသင့်ရုံ မျှသာ ကျယ်ဝန်းသော စားသောက်ဆိုင်တဆိုင် ဖြစ်သည်။

ထို့ပြင် စားသောက်ဆိုင်အတွင်းဘက်၌ စားပွဲ ဆယ့်လေးငါးလုံးမျှသာ ခင်းကျင်းထားပြီး စားပွဲ တလုံးလျှင် လူငါးယောက်မျှ ချောင်ချောင်ချိစွာ ဝိုင်းဖွဲ့ စားသောက်နိုင်ကြလေသည်။

ထို့ကြောင့် မီးအိမ်ရှစ်လုံး ပြိုင်တူ ထွန်းညှိထားသောအခါ လိုအပ်သည်ထက်ပင် အလင်းရောင်များ ပိုလျှံနေသင့်သည်မဟုတ်ပါလား။

သို့သော် ညသရဲ စားသောက်ဆိုင်၏ တံခါးမကြီးနှင့်ပြတင်းပေါက် အားလုံးမှာ ဟာလာဟင်းလင်းနှင့် ဖွင့်လှစ်ထားပြီး ပြင်ပမှ တိုးဝှေ့တိုက်ခတ်လာသည့် လေရှူးကြောင့် မီးအိမ်များမှာ မှိတ်တုတ်မှိတ်တုတ်ဖြစ်နေသဖြင့် အလင်းရောင်လုံလောက်စွာ မရရှိဟု ထင်မှတ်ရခြင်း ဖြစ်လေသည်။

မည်သို့ဆိုစေ ခြောက်သွေ့တိတ်ဆိတ်လျက်ရှိသော တောင်ကြား မြို့ကလေး၏ လမ်းမပေါ်တွင်ရှိနေခြင်းထက် ညသရဲ စားသောက်ဆိုင် အတွင်း ရှိနေခြင်းက ပို၍ နွေးထွေးလုံခြုံနိုင်သည် ဖြစ်ပါ၏။

ထို့ကြောင့်လည်း အလင်းရောင် လုံလောက်စွာ မရရှိဟု ထင်မှတ်ရသည့် ညသရဲ စားသောက်ဆိုင်အတွင်း လူ ဆယ့်လေးငါးယောက်ခန့်က ရောက်ရှိနေပြီး ဖြစ်သည်ကို တွေ့မြင်ရမည် ဖြစ်လေသည်။

အမှန်စင်စစ် ထိုလူများသည် နှစ်ယောက်တတွဲ သုံးယောက်တတွဲဖြင့်သော် လည်းကောင်း၊ တဦးချင်းသော် လည်းကောင်း၊



အုပ်စုဖွဲ့၍သော် လည်းကောင်း ညသရဲ စားသောက်ဆိုင်သို့ ရောက်ရှိလာကြခြင်းဖြစ်၏။

ထိုလူများ ညသရဲ စားသောက်ဆိုင်အတွင်းသို့ ရောက်ရှိလာကြသည်နှင့် တပြိုင်နက် လူဝကြီး(ဝါ) စားသောက်ဆိုင်ပိုင်ရှင်အား အခြေအနေမဟန်မှန်း သဘောပေါက်လိုက်လေတော့၏။

ထိုသူများရောက်လာပုံကလည်း တကယ့်တိုက်ခိုက်ရေးသမားလူကြမ်းများ ရောက်လာကြသည့် ပုံသဏ္ဍာန်မျိုး ဖြစ်နေသည် မဟုတ်ပါလား။

သို့သော် သူက ဇွဲမလျှော့ဘဲ ဂရုမစိုက်ဘဲ စားသောက်ဆိုင်ကို ဆက်လက် ဖွင့်လှစ်ခဲ့လေသည်။

သူ့အနေဖြင့် စားသောက်ဆိုင်ကို ပိတ်ပစ်လိုက်လျှင် သူ့ထံသို့ပါ အန္တရာယ်များကူးဆက်လာနိုင်ကြောင်းကိုလည်း သဘောပေါက်ထား၏။

မည်သို့ဆိုစေ သူ၏စားသောက်ဆိုင်အတွင်းသို့ လူသုံးယောက်က ထပ်မံရောက်ရှိလာသောအခါ သူက စားသောက်ဆိုင်အား ပိတ်ပစ်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

အခြေအနေမှာ စားသောက်ဆိုင်ကို ပိတ်ပစ်ရန် ဆုံးဖြတ်ခြင်းသာ အသင့်တော်ဆုံး ဖြစ်နေ၏။

သို့မဟုတ်ပါက သူ၏အသက်မှာ မနက်ဖြန်ထိ ဆက်လက်ရှင်သန်နေမည် သို့မဟုတ် သေဆုံးသွားမည်ဆိုသည်ကို မည်သူကမျှ အာမ ခံနိုင်ကြမည် မဟုတ်ပါချေ။

လူဝကြီး (ဝါ) ညသရဲက စားသောက်ဆိုင်အား ပိတ်ပစ်လိုက်ရန် ဆုံးဖြတ်လိုက်စဉ်မှာပင် နောက်ဆုံးမှ ဝင်ရောက်လာကြသည့် လူသုံးယောက်က စားသောက်ဆိုင် အတွင်းဘက်သို့ ရောက်ရှိလာနေကြပြီး ဖြစ်လေသည်။

ထို့ကြောင့် လူဝကြီး (ဝါ) ညသရဲက စားသောက်ဆိုင်ကို ပိတ်ပစ်ရန်ထက် စားသောက်ဆိုင်အတွင်းမှ လျင်မြန်စွာ ထွက်ပြေးတိမ်းရှောင်သွားရန် သူ၏ ဆုံးဖြတ်ချက်အား ပြောင်းလဲပစ်လိုက်လေတော့သည်။

'ညသရဲ' ထွက်ပြေးရန် ဆုံးဖြတ်လိုက်လေပြီတကား။

* * *

ဆိုင်လုလင်နှစ်ယောက်၏ မျက်နှာမှာ မည်းမှောင်နေလေ၏။

သူတို့သည် ညသရဲ စားသောက်ဆိုင်၌ အလုပ်လုပ်လာခဲ့သည်မှာ ငါးနှစ်ကျော်မျှ ရှိလာကြပြီဖြစ်သည်။

သို့သော် ယနေ့ည ရောက်ရှိလာကြသော စားသောက်သူမျိုးကို တကြိမ်တခါမျှ မတွေ့ကြုံခဲ့ရဟု သူတို့က ယူဆထားကြသည်။

အကြောင်းမှာ ယနေ့ည ရောက်ရှိလာကြသော စားသောက်သူများအနက် အချို့မှာ အရက်ကို တကရားပြီး တကရားကြွက်တွင်းပမာ သောက်နေကြပြီး၊ အချို့မှာ လူလေးငါးယောက် အဝစားနိုင်သော ဟင်းလျာများအား တယောက်တည်း အဝအပြဲ စားသောက်နေကြ၏။



ထို့အပြင် အချို့ကမူ အရက်မသောက် ဟင်းလည်း မှာမစားပဲ မလှုပ်မယှက်ထိုင်ကာ ရေနွေးကြမ်းကိုသာ အရသာခံသောက်နေကြလေသည်။

ထို့ကြောင့် ဆိုင်လုလင်နှစ်ယောက်က အထူးအဆန်း ဖြစ်နေသည်ဟု ထင်မှတ်နေကြသည် မဟုတ်ပါလော....။

သို့သော် စားသောက်ဆိုင်အတွင်းဘက်သို့ နောက်ထပ် လူသုံးယောက် ရောက်ရှိလာကြသောအခါ ဆိုင်လုလင်နှစ်ယောက်မှာ ထူးဆန်းအံ့သြနေသည့်စိတ်များထက် စိုးရိမ်ထိတ်လန့်သည့်စိတ်များက ပို၍ကြီးစိုးလာသည်ဟု အလိုလို ခံစားလာကြရလေသည်။

ဆိုင်လုလင်နှစ်ယောက်စလုံး ထိုသူသုံးယောက်ကိုကြည့်ကာ ကျောထဲ၌ စိမ့်ကနဲ ဖြစ်သွားကြ၏။

ထိုစဉ်မှာပင် စားသောက်ဆိုင်ပိုင်ရှင် လူဝကြီးက မျက်စိမျက်နှာ ပျက်လျက် စားသောက်ဆိုင် အတွင်းဘက်မှ တိတ်တဆိတ်ထွက်ခွာသွားသည်ကို တွေ့မြင်လိုက်ကြရလေတော့သည်။

စားသောက်ဆိုင်ပိုင်ရှင် လူဝကြီး ထွက်ပြေးတိမ်းရှောင်သွားသည်ကို တွေ့မြင်လိုက်ရသည်နှင့် ဆိုင်လုလင်နှစ်ယောက်မှာလည်း အခြေအနေ မဟန်ကြောင်း သဘောပေါက်လိုက်သဖြင့် စားသောက်ဆိုင် အနောက်ဘက်တံခါးဝမှ တိတ်တဆိတ် ထွက်ပြေးတိမ်းရှောင် သွားကြလေတော့သည်။

ထို့ကြောင့် ညသရဲ စားသောက်ဆိုင်အတွင်း စားသောက်ဖွယ်ရာများ ရောင်းချသည့်လူ မရှိတော့ပဲ စားသောက်နေကြသူများချည်းသာ ကျန်ရှိနေကြလေတော့သည်။

မကြာမီ စားသောက်ဖွယ်ရာများ ရောင်းချသည့်လူ မရှိ သည်နှင့် တပြိုင်နက် စားသောက်နေသူများကလည်း တယောက် ပြီး တယောက် ထွက်ခွာသွားကြတော့၏။

နောက်ဆုံး ညသရဲ စားသောက်ဆိုင် အတွင်း၌ လူလေး ယောက်သာ ကျန်ရစ်ခဲ့လေတော့သည်။

ထိုလူလေးယောက်ကား တိတ်ဆိတ် ငြိမ်သက်လျက်........

× × ×

ဝန်းကျင်တခုလုံးသည် တိတ်ဆိတ်နေ၏။

ညသရဲ စားသောက်ဆိုင်အတွင်း၌လည်း တိတ်ဆိတ်၍ နေ လေသည်။

အကယ်၍သာ ညသရဲ စားသောက်ဆိုင်အတွင်း မီးအိမ်များ ထွန်းညှိထားခြင်းမရှိပါက စားသောက်သူ တယောက်တလေ မျှပင် ရှိသည်ဟု ထင်မှတ်ရမည် မဟုတ်ပါချေ။

ယခု ဝါကျင့်ကျင့် မီးရောင်က မှိတ်တုတ်မှိတ်တုတ် ရှိနေ သောကြောင့် ညသရဲ စားသောက်ဆိုင်အတွင်း လူလေးယောက် ရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။ လူလေးယောက်သည် စားသောက်ဆိုင် အတွင်းဘက်၌ ငြိမ်သက်စွာထိုင်လျက် ရှိနေ ကြ၏။

မီးခိုးရောင်ဆင်တူ ဝတ်ဆင်ထားသော လူသုံးယောက်က စားပွဲတလုံးကို ဝိုင်းဖွဲ့ထိုင်နေကြပြီး ခမေခက်ဆောင်းထား



သော လူရွယ်တယောက်မှာမူ ာချက်တချက် ဝေ့ယမ်း တိုက် ထိုင်နေကြသည်။ ာလေးများမှာလည်း အပူငွေ့

သူတို့လေးယောက်သည် နေရာဇွာ်လာလေသည်။

ထိုင်နေကြခြင်းဖြစ်၏။ စားသောက်ဒ အထိအတွေ့သည် လူတို့၏ များနှင့် အရက်များကို စားသောက်ဂ များ ပေးစွမ်းနိုင်သည်

သူတို့၏ မျက်လုံးများသည် ညသ

တံခါးဝသို့သာ မျက်တောင်မခတ်တမ်း ာလတချက် ဝေ့ယမ်း

ထိုလူလေးယောက်၏ ပုံဟန်မှာ ညသရဲ ၊င်အတွင်းရှိ လူလေး ရောက်ရှိလာမည့် လူတယောက်အား စောင့်မျှော်ချေ။ လေသည်။ ၊ ဝမ်းနည်း

သို့ဆိုလျှင် ထိုလူလေးယောက်သည် မည်သူများ ဖြစ်ိုင်သလို ပါသနည်း။

သူတို့က မည်သူ့အား စောင့်မျှော်နေကြပါသနည်း။

ယင်း မေးခွန်းအား ထိုလူလေးယောက်မှလွဲ၍ ဖြေဆိုနိုင် မည့်သူ မရှိပါချေ။

မည်သို့ဆိုစေ ထိုလူလေးယောက်မှာမူ ညသရဲ စားသောက် ဆိုင်၏ တံခါးဝသို့သာ မျက်တောင်မခတ်တမ်း စိုက်ကြည့်လျက် ရှိနေကြ၏။

စားသောက်ဆိုင်၏ ဝန်းကျင်တခုလုံးကား ပကတိငြိမ်သက် တိတ်ဆိတ်လျက်။

* * *

မကြာမီ စားသောက်ဖွယ်ရ )
သည်နှင့် တပြိုင်နက် စားသော
ပြီး တယောက် ထွက်ခွာသွာ ါက်သံနှစ်ချက် ထွက်ပေါ်လာ၏။

နောက်ဆုံး ညသရဲ စာညဥ့်ယံဖြစ်သည့်အတွက် အုံးမောင်
ယောက်သာ ကျန်ရစ်ခဲ့လေ ကြားလိုက်ကြရလေသည်။

ထိုလူလေးယောက်က ါသည်။

× ညဥ့်နှစ်ချက်တီးလျှင် ပိတ်နေကျဖြစ်သော
ာ်ဆိုင်မှာ ယခုအချိန်ထိဆိုင်ပိတ်မည့်လက္ခဏာ
ဝန်းကျင်တခု။

ညသရဲ ၍သာ လူဝကြီး (ဝါ) ညသရဲက ထွက်ပြေး
လေသည် ရှောင်သွားခြင်း မရှိလျှင် ဆိုင်ပိတ်ပြီးသား ဖြစ်နေမည်
စ်သော်လည်း လူဝကြီး (ဝါ) ညသရဲက ထွက်ပြေး တိမ်း
ရှောင်သွားပြီးဖြစ်သောကြောင့် ညသရဲ စားသောက်ဆိုင်မှာ
ယခုထက်တိုင်ဆိုင်ပိတ်မည့်လက္ခဏာ မရှိသေးခြင်းဖြစ်လေသည်။

ယခုအချိန်ထိပင် ညသရဲ စားသောက်ဆိုင် မပိတ်သေး
သကဲ့သို့ စားသောက်ဆိုင်အတွင်းရှိ လူလေးယောက်မှာလည်း
စားသောက်ဆိုင်အတွင်းမှ ထွက်ခွာသွားခြင်း မရှိသေးပါချေ။

သူတို့သည် နေရာတွင်ပင် မလှုပ်မယှက် ထိုင်နေကြပြီး
သူတို့၏ မျက်လုံးများမှာလည်း **စားသောက်ဆိုင်၏** တံခါးဝသို့
စိုက်ကြည့်နေကြတုန်းပင်ဖြစ်၏။



ညဥ့်နက်လာသည်နှင့်အမျှ တချက်တချက် ဝှေ့ယမ်း တိုက်
ခတ်လာသည့် လေပြည်လေညှင်းကလေးများမှာလည်း အပူငွေ့
လျော့ပါးသွားပြီး အေးမြလတ်ဆတ်လာလေသည်။

အေးမြလတ်ဆတ်သော လေ၏ အထိအတွေ့သည် လူတို့၏
စိတ်အာရုံကို သာယာမှုအနည်းနှင့်အများ ပေးစွမ်းနိုင်သည်
မဟုတ်ပါလော။

သို့သော် အေးမြလတ်ဆတ်သောလေတချက် ဝှေ့ယမ်း
တိုက်ခတ်လာသော်လည်း စားသောက်ဆိုင်အတွင်းရှိ လူလေး
ယောက်မှာမူ မည်သို့မျှ ထူးခြားဟန် မရှိပါချေ။

အေးမြခြင်း၊ လန်းဆန်းခြင်း၊ ပူလောင်ခြင်း၊ ဝမ်းနည်း
ခြင်း စသော ခံစားမှုလက္ခဏာများမှာ သူတို့နှင့် မဆိုင်သလို၊
မပတ်သက်သလို ဖြစ်နေလေတော့၏။

သူတို့သည် မလှုပ်မယှက် ထိုင်နေကြပြီး စားသေ ိုင်
တံခါးဝသို့သာ မျက်တောင်မခတ်တမ်း စိုက်ကြည့်နေ လေ
သည်။

မည်သို့ဆိုစေ ထိုလူလေးယောက်သည် သက်ရှိလူသားများ
ဖြစ်နေသည် မဟုတ်ပါလော။

ထို့ကြောင့် အချိန်ကြာမြင့်လာသည်နှင့်အမျှ တစုံတခုသော
အတိုင်းအတာအထိ ထူးခြားမှုက ရှိလာရမည်ဖြစ်ပါသည်။

ထိုစဥ်မှာပင် စားပွဲအားဝိုင်းဖွဲ့ထိုင်နေကြသောလူသုံးယောက်
အနက် လူတယောက်က အပျင်းတချက် ဆန့်လိုက်ပြီး 'ဝါး'ကနဲ
သမ်းဝေလိုက်လေသည်။

ထိုလူက သမ်းဝေလိုက်သောအခါ လက်တဘက်က ပါးစပ် အား အချိန်မီ အုပ်ထားလိုက်သော်လည်း ထွက်ပေါ်လာသော အသံမှာမူ တိတ်ဆိတ်နေသောဝန်းကျင်တွင် အလွန်ပင် ကျယ် လောင်သွားသည်ဟု ထင်မှတ်လိုက်ရ၏။

သို့ဖြစ်ရာ....ထိုလူ၏ 'ဝါး' ကနဲ သမ်းဝေသံကို ကြားလိုက်ရ သဖြင့် သူနှင့်အတူ စားပွဲအား ဝိုင်းဖွဲ့ထိုင်နေကြသည့် လူနှစ် ယောက်မှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

စားပွဲအား ဝိုင်းဖွဲ့ထိုင်နေကြသူ သုံးယောက်အနက် ယာဘက် အစွန်၌ ထိုင်နေသူက သမ်းဝေလိုက်သူအား အပြစ်တင်လိုဟန် မျက်လုံးများဖြင့် ကြည့်လိုက်ပြီး....

'မင်း ဒီလိုသာ အိပ်ချင်နေမယ်ဆိုယင် မနက်ဖြန် နေထွက် တာ မြင်နိုင်မှာ မဟုတ်ဘူး'

ဟု ကြိတ်ပြီး အပြစ်တင်လိုက်လေသည်။

သူ၏ လေသံသည် ကျယ်လောင်ခြင်းမရှိသော်လည်း လျှို့ဝှက် ဟန်အပြည့် ပါရှိနေ၏။

ထိုလူ၏စကားကြောင့် သမ်းဝေလိုက်သူက ပခုံးတချက်တွန့် လိုက်ပြီး....

'ကျုပ်အိပ်ချင်နေတယ်လို့ ဘယ်သူပြောသလဲ'

ဟု ခပ်မာမာ ပြန်မေးလိုက်လေသည်။

ယခုသူ၏မျက်လုံးများသည် ဇီးကွက်မျက်လုံးများပမာ ပြူး ကျယ်နေပြီး ဖြစ်လေသည်။



ယာဘက်အစွန်တွင် ထိုင်နေသူက သက်ပြင်း တချက်ချ လိုက်၏။

ထို့နောက် သမ်းဝေလိုက်သူဘက်သို့ မျက်နှာချင်းဆိုင်လှည့် လိုက်ကာ....

'ကျုပ်က မျက်မမြင်ဖြစ်နေလို့ မင်းက ပြောင်လိမ်လိုက် တာလား'

သူ၏ လေသံသည် အနည်းငယ် ခက်ထန်မာကျောနေ၏။

ထိုလူ၏စကားအရ သူသည် မျက်မမြင်တယောက် ဖြစ်သည် ကို မည်သူမဆို သိရှိနိုင်မည် ဖြစ်လေသည်။

မှန်ပါသည်။ သူသည် မျက်မမြင်(ဝါ)အကန်းတယောက်ပင် ဖြစ်၏။ သို့သော် ထိုလူသည် မျက်မမြင်တယောက်ဖြစ်နေသော် လည်း သမ်းဝေလိုက်သူအား မြင်တွေ့နေရသည့်ပမာ လက်ညှိုး ဖြင့် ထိုးလိုက်ပြီး....

'ကျုပ်က 'မျက်မမြင်' ပေမယ့် မင်းလို ခြေကျိုး ထက်တော့ သာတယ်ကွ'

သူ၏စကားကြောင့် သမ်းဝေလိုက်သူမှာ မျက်နှာနီရဲသွား လေသည်။ သူသည် မကျေမနပ်ဖြင့် မျက်မမြင်အား ကြည့်လိုက် ပြီး ရန်တွေ့ရန် ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင် တချိန်လုံး ငြိမ်သက်စွာထိုင်နေသော အလယ်မှ လူက ကပျာကယာ လက်ကာပြလိုက်ပြီး....

'နေကြပါအုံး မင်းတို့ဘာတွေ ပြောနေကြတာလဲ'

ဟု ဘာတခွန်းမှ နားမလည်ဟန်ဖြင့် ဝင်ရောက်မေးမြန်းလိုက် တော့၏။

သူ၏စကားကြောင့် ခြေကျိုးဆိုသူက စိတ်တိုသောလေသံဖြင့်....

'ဟေ့ 'နားပင်း' မင်းနဲ့မဆိုင်ပါဘူး ဝင်မရှုပ်နဲ့'

ဟု ကြိမ်းမောင်းလိုက်၏။

ခြေကျိုးဆိုသူက ထိုလူအား နားပင်းဟု ခေါ်လိုက်သော်လည်း ထိုလူမှာ ဟန်မူရာ ပြောင်းလဲသွားခြင်း မရှိပါချေ။

သူသည် လက်တဘက်ကို နားရွက်တွင် ကပ်လိုက်ပြီး....

'မင်း ငါ့ကိုရန်တွေ့မယ်ဆိုယင်လဲ ကျယ်ကျယ်ပြောပါကွ'

သူ၏စကားကြောင့် ခြေကျိုးဆိုသူမှာ ပါးစပ်ပိတ်ကာ ငြိမ်သက်နေလိုက်ရလေတော့၏။

ခြေကျိုးက ပါးစပ်ပိတ်ထားလိုက်တော့မှ 'မျက်မမြင်'က လေသံတိုးတိုးဖြင့်....

'ဟေ့....ဒီနေရာမှာ ကျုပ်တို့ အပြင်လူတယောက်ရှိနေသေးတယ်ဆိုတာ မမေ့နဲ့အုံး'

ဟု သတိပေး ပြောဆိုလိုက်လေသည်။ ထိုသို့ သတိပေးယင်းမှလည်း ထိုင်နေသူ လူငယ်၏ဘက်သို့ မသိမသာ မေးငေါ့ပြလိုက်၏။

ထိုအခါကျမှ ခြေကျိုးနှင့် နားပင်းဆိုသူတို့က ပြတင်းပေါက်အနီးတွင် မလှုပ်မယှက် ထိုင်နေသော လူရွယ်ထံသို့ ပြိုင်တူလှည့်ကြည့်လိုက်ကြ၏။

လူရွယ်မှာ ခေါင်းပေါ်တွင် ကြီးမားသော ခမောက်တလုံးဆောင်းထားပြီး အပြာရောင်ဝတ်စုံ ဝတ်ဆင်ထားသော လူရွယ်တယောက်ဖြစ်သည်။



သူ၏ ဦးခေါင်းပေါ်မှ ခမောက်သည် အလွန်ကြီးမားနေသောကြောင့် သူ၏ မျက်နှာတဝက်အား ဖုံးအုပ်ထားသကဲ့သို့ ရှိနေ၏။

ခြေကျိုးက လူရွယ်အား မျက်မှောင်ကုပ်၍ ကြည့်လိုက်ပြီး....

'သူ ထွက်မသွားသေးပါလား'

နားပင်းက ခေါင်းညိတ်လိုက်ကာ....

'ဟုတ်တယ်'

သူတို့နှစ်ယောက်၏ စကားကြောင့် မျက်မမြင်က နှုတ်ခမ်းမဲ့လိုက်ပြီး....

'သူက ကျုပ်တို့နဲ့အတူတူ တချိန်လုံးရှိနေတာ မင်းတို့သတိမထားမိကြဘူးလား'

သူ၏စကားကြောင့် နားပင်းနှင့် ခြေကျိုးတို့၏ မျက်နှာပေါ်တွင် အံ့ဩသောအရိပ်အရောင်များ ဖြတ်သန်းသွားလေသည်။

ယခုတော့မှ နားပင်းဆိုသူမှာသာမန်လူထက်ပင် နားထောင်နိုင်စွမ်းရှိနေပုံရ၏။ သူသည် ခြေကျိုးနှင့် မျက်မမြင်တို့ ပြောလိုက်သည့် စကားများကို တလုံးမကျန် ကြားသိပြီးဟန်လည်း ရှိနေလေသည်။

အကယ်၍သာ မျက် စိလျှင်လျှင်ထား၍ နားပင်းဆိုသူအား စူးစမ်းကြည့်ရှုလိုက်မည် ဆိုပါက နားပင်းမှာ အခြားလူများ

ပြောသည့်စကားကို နားဖြင့် နားထောင်ခြင်းမဟုတ်ပဲ မျက်လုံးဖြင့် နားထောင်နေခြင်းဖြစ်ကြောင်း တွေ့မြင်ရမည် ဖြစ်၏။

အမှန်စင်စစ် ဤလောကတွင် အသံဟူသ၍ နားဖြင့်သာ နားထောင်၍ရပြီး မျက်လုံးဖြင့် နားထောင်၍ မရပါချေ။

သို့သော် ယခု နားပင်းက မျက်လုံးဖြင့် နားထောင်နေပြီဖြစ်လေသည်။ မျက်လုံးဖြင့် နားထောင်ခြင်းသည် အမှတ်တမဲ့ဆိုလျှင် အလွန်ထူးဆန်းသည်ဟု ထင်မှတ်ရမည် ဖြစ်သော်လည်း အမှန်မှာ ရိုးစင်းသော ဖြစ်ရပ်တခုပင် မဟုတ်ပါလော။

သူတပါး ပြောသည့်စကားများအား ထိုလူပါးစပ်လှုပ်သည်ကို ကြည့်လိုက်ရုံဖြင့် မည်သည့်အကြောင်း အရာများ ပြောဆိုသည်ကို သိရှိနိုင်ခြင်းမှာ အလေ့အကျင့် ပညာတခု ဖြစ်နေ၏။

နားပင်းက သူများပြောသည့် စကားများအား ပါးစပ်လှုပ်သည်ကို ကြည့်လိုက်ခြင်းဖြင့် သိရှိနိုင်သည့် အတတ်ပညာ တတ်မြောက်သွားလေသည်။

ထို့ကြောင့် သူက နားဖြင့် နားထောင်စရာမလိုပဲ မျက်လုံးဖြင့်ကြည့်လိုက်ရုံဖြင့် မည်သည့်စကားများ ပြောဆိုသည်ကို သိရှိနိုင်ခြင်း ဖြစ်နေသည် မဟုတ်ပါလော။

ထိုစဉ် ခြေကျိုးက မျက်မမြင်ဘက်သို့ လှည့်လိုက်ပြီး....

'ဒုက္ခိတ မင်းသားလေးသုံးပါးက တော်တော်ကြောက်စရာကောင်းတယ်မဟုတ်လား'

သူ၏ မေးခွန်းကြောင့် မျက်မမြင်က ခေါင်းကုပ်လိုက်၏။



ထို့နောက် ခြေကျိုးအား မျက်နှာမူလျက်....

'မင်း 'ခေါင်း'မှ ကောင်းသေးရဲ့လား'

'ကောင်းတာပေါ့'

'ဒါဖြင့် မင်းဘာတွေ လျှောက်ပြောနေတာလဲ'

ဟု ပိတ်ပြီး ဘုတောမေးမြန်းလိုက်လေသည်။

သို့သော် ခြေကျိုးက ပြုံးလိုက်ပြီး....

'ဒုက္ခိတမင်းသားလေးသုံးပါးက တော်တော်ကြောက်စရာကောင်းတယ်လို့ ပြောတာပါ'

သူသည် ပြောယင်း လူရှုယ်အား မသိမသာ အကဲခတ်ကြည့်ရှုလိုက်ကာ စကားဆက်လိုက်လေသည်။

'ဒုက္ခိတမင်းသားလေးသုံးပါး ရှိနေယင် ဘယ်သူမှ အနားမှာ မနေရဲဘူးကွ'

ခြေကျိုးသည် အထက်ပါစကားများအား လေးနက်စွာ ပြောဆိုလိုက်ခြင်း ဖြစ်၏။ သူ၏စကားကြောင့် နားပင်းကမျက်လုံး ပြူးကျယ်သွားပြီး—

'ကျုပ်တို့ရောက်လာတာနဲ့ သူများတွေ ထွက်သွားကြပြီမဟုတ်လား'

ခြေကျိုးက စကားတလုံးမျှ မပြောပဲ ပြတင်းပေါက်အနီး မလှုပ်မယှက် ထိုင်နေလျက်ရှိသော လူရှုယ်ဘက်သို့ လှမ်းကြည့်လိုက်လေသည်။

နားပင်းမှာ ခြေကျိုး၏ အပြုအမူအား သဘောပေါက်လိုက်သည့်အလား ပါးစပ်ပိတ်လိုက်၏။

ထို့ပြင်သူသည် ခြေကျိုးနည်းတူ လူရွယ်အား စိုက်ကြည့်လိုက်လေသည်။

တကယ်တော့ သူတို့ သုံးယောက်သည် သိုင်းလောကတွင် ဒုက္ခိတမင်းသားလေး သုံးပါးဟု လျှမ်းလျှမ်းတောက် ကျော်ကြားနေကြသူများ ဖြစ်ကြ၏။

ကျော်ကြားမှုဟူသည် အဓိပ္ပာယ်များစွာ ကျယ်ဝန်းနေသည့် အလျောက် အကျဉ်းအားဖြင့် အကောင်းဘက်တွင် နာမည်ကျော်ကြားခြင်းနှင့် အဆိုးဘက်တွင် နာမည်ကျော်ကြားခြင်း ဟူ၍ ခွဲခြားသတ်မှတ်ထားလေသည်။

အမှန်စင်စစ်မူဒုက္ခိတမင်းသားလေး သုံးပါးမှာ လျှမ်းလျှမ်းတောက် ကျော်ကြားနေသော သိုင်းသမားများ ဖြစ်ကြသော်လည်း သူတို့သည် ကြေးစားလူသတ်သမားများ ဖြစ်နေကြသောကြောင့် အနက်ရောင် သိုင်းလောကတွင် ထင်ရှားကျော်ကြားနေသူများ ဖြစ်လေသည်။

ဒုက္ခိတမင်းသားလေး သုံးပါးသည် အလွန်ရက်စက် ကြမ်းကြုတ်ပြီး သိုင်းပညာ ထက်မြက်လွန်းလှသောကြောင့် အဖြူရောင် သိုင်းလောကသားများသာမက အနက်ရောင် သိုင်းလောကသား အချင်းချင်းပင် ထိတ်လန့် ကြောက်ရွံ့စွာ ရှောင်ရှားသွားရမြဲ ဖြစ်၏။

ဒုက္ခိတ မင်းသားလေး သုံးပါးအား မည်သူကမျှ ရန်မရှာဝံ့ကြပဲ အဝေးမှသာ ရှောင်တိမ်းသွားကြသည့်အတွက် ဒုက္ခိတ



မင်းသားလေး သုံးပါး၏အမည်မှာ သိုင်းလောကတွင် ပို၍ထင်ရှား ကျော်ကြားလာလေသည်။

သူတို့ရောက်ရှိရာ နေရာတိုင်း၌လည်း အနီးသို့ ချဉ်းကပ်ဝံ့သူ မရှိသလောက် ဖြစ်နေ၏။

ယခုအခါတွင် ဒုက္ခိတမင်းသားလေး သုံးပါးမှာ 'ညသရဲ' စားသောက်ဆိုင်သို့ ရောက်ရှိနေကြပြီး ဖြစ်သည်။

အမည်မသိ လူရွယ်တယောက်ကလည်း ညသရဲ စားသောက်ဆိုင်အတွင်း၌ ရှိနေလေ၏။ ထို့ကြောင့် ဆယ်နှစ်တာ ကာလအတွင်း ဒုက္ခိတမင်းသားလေး သုံးပါးရောက်ရှိလာသော်လည်း ရှောင်တိမ်းသွားခြင်း မရှိသည့် လူရွယ်တယောက် ပထမဆုံးအကြိမ် ထွက်ပေါ်လာပြီဖြစ်သည်။

မျက်မမြင်က သက်ပြင်းတချက် ချလိုက်သည်။

သူသည် ခြေကျိုးဘက်သို့ မျက်နှာမူထားလျက်နှင့်ပင် လေသံမှန်မှန်ဖြင့်—

'ကျုပ်တို့ရောက်လာပေမယ့် ရှောင်မသွားသေးတဲ့ လူတယောက် ရှိနေတယ်မဟုတ်လား'

မျက်မမြင် မေးလိုက်ပုံမှာ အထူးအဆန်း ခံစားမှုတမျိုးအား ခံစားလိုက်ရသူ၏ မေးခွန်းမျိုးပင် ဖြစ်၏။ ခြေကျိုးက အဖြေမပေးပါချေ။

သို့သော် တိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းပင် မဟုတ်ပါလော။

ထိုစဉ် မျက်မမြင်က စကား ဆက်လိုက်သည်။

'ဒီလူက တော်တော်ကြောက်စရာ ကောင်းလားဗျ—'

'ခြေကျိုးကသက်ပြင်းတချက် ချလိုက်ပြီး—

'သူက လူရှယ်တယောက်ပါဗျာ'

ခြေကျိုး၏စကားကြောင့် မျက်မမြင်၏ မျက်နှာပေါ်တွင် အံ့ဩသည့် အရိပ်အရောင်များ ပိုမိုဖြစ်ပေါ် လာလေသည်။

'လူရှယ်တယောက်ဟုတ်လား'

ခြေကျိုးသည် ခေါင်းတချက်ညိတ်ကာ=

'ဟုတ်တယ် အလွန်ဆိုးရှိမှ အသက် နှစ်ဆယ်ကျော်လောက် ပဲရှိမယ်'

မျက်မမြင်က အနည်းငယ် စဉ်းစားလိုက်ပြီး—

'မင်း သူ့ကို တွေ့ဖူးသလား'

ခြေကျိုးက စဉ်းစားချင့်ချိန်သော လေသံဖြင့်—

'မတွေ့ဖူးပါဘူးဒါပေမယ့် သူ့ရဲ့ဓားက တော်တော်ထူးဆန်းနေတယ်ဗျ'

'ဘယ်လို ထူးဆန်းနေတာလဲ'

'သူ့ရဲ့ဓားက သုံးပေလောက် ရှိမယ်လို့ ထင်ရတယ်ဗျ ဒါပေမယ့် နှစ်ပေတောင် မပြည့်ဘူးဆိုတာ ကျုပ်ပြောရဲတယ်'

ခြေကျိုး၏ မှတ်ချက်ချပုံကိုက အထူးအဆန်းဖြစ်နေ၏။

တကယ်ဆိုတော့ သူတို့သည် လူရှယ်အား သက်ရှိလူသားတယောက်ဟုပင် အမှတ်ထားဟန် မရှိပဲ ဝေဖန် ပြောဆိုနေကြခြင်း ဖြစ်လေသည်။



မျက်မမြင်က—

'မင်းကဘာဖြစ်လို့ ဒီလိုပြောနိုင်ရတာလဲ'

'သူ့ရဲ့ဓားအိမ်က လက်ရာ သိပ်ညံ့နေလို့ပေါ့'

မျက်မမြင်က ထိုပဟေဠိဆန်သော သုံးသပ်ချက်အား နားမလည်နိုင်စွာဖြင့်....

'ဓားအိမ်ညံ့တာနဲ့ ဓားအရှည်အတိုနဲ့ ဘာဆိုင်သလဲ'

ခြေကျိုးက နှာခေါင်းတချက် ရှုံ့လိုက်ပြီး—

'ဓားအိမ်က အရင်းကြီးပြီး အဖျားရှူးသွားတော့ ဓားအိမ်ထဲမှာ ဓားပါးကလေးနှစ်လက် ထည့်ယင်ထည့်၊ ဒါမှမဟုတ် နှစ်ပေလောက်ရှိတဲ့ဓားပဲ ထည့်လို့ရမယ်လို့ ကျုပ်ပြောနိုင်တာပေါ့ဗျ'

သူ၏ စကားမှာသဘာဝကျနေသဖြင့် မျက်မမြင်ကစောဒကမတက်နိုင်တော့ပဲ ပါးစပ် ပိတ်ထားလိုက်ရလေသည်။

နားပင်းက ခြေကျိုးနှင့် မျက်မမြင်တို့ ပြောနေသည့်စကားများကို ဂရုတစိုက် နားထောင်နေရာမှ လက်ကာပြလိုက်ပြီး—

'ဘယ်သူမဆို ကျုပ်တို့ ရောက်လာယင် ကျုပ်တို့အနားက မြန်မြန် ရှောင်တိမ်းသွားရစေ့မယ်ဆိုတာ ကျုပ်တို့ဆောင်ပုဒ်မဟုတ်လား'

ခြေကျိုးက ခေါင်းညိတ်ပြလိုက်၏။

'ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ'

'ဒီတခါတော့ ကျုပ်တို့ ဆောင်ပုဒ်က ပျက်စီးသွားပြီထင်တယ်'

နားပင်း ပြောလိုက်ပုံက သူ့အဖော်များ၏ မခံချင်စိတ်ကို ဆွပေးလိုက်ခြင်းပင်ဖြစ်၏။ ခြေကျိုးက မဲ့ပြုံးပြုံးလိုက်ပြီး....

'မင်း သူ့ကို ထွက်သွားစေချင်လို့လား'

နားပင်းက ကပျာကယာ လက်ကာပြလိုက်ပြီး....

'မလုပ်ပါနဲ့ဗျာ၊ သူက ထွက်မသွားပဲ ကျုပ်တို့ကို မောင်းထုတ်လိုက်ယင် ခက်နေပါအုံးမယ်'

သူတို့က မည်သို့ပင် ပြောဆိုနေသော်လည်း လူရှယ်က စကားတလုံးမှ မကြားရသည့်အလား တံခါးပေါက်သို့သာ စိုက်ကြည့်မြဲကြည့်နေ၏။

မျက်မမြင်က သက်ပြင်းတချက် ချလိုက်သည်။

သူ့နှုတ်မှလည်း ဖြည်းလေးစွာဖြင့်....

'ဘာပဲဖြစ်ဖြစ် ကျုပ်တို့ ဆောင်ပုဒ် ပျက်စီးသွားတာနဲ့ ကျုပ်တို့ နာမည်လည်း အလိုလိုကျသွားနိုင်တယ် မဟုတ်လား'

သူသည် ယင်းသို့ အေးတိအေးစက် ပြောပြီးသည်နှင့် တပြိုင်နက် ထိုင်ရာမှ လေးကန်သော ခြေလှမ်းများဖြင့် မတ်တတ်ရပ်လိုက်လေသည်။

မျက်မမြင်က မတ်တတ်ရပ်လိုက်သည်ကို တွေ့မြင်လိုက်သည်နှင့် ခြေကျိုးက မျက်နှာကွက်ကနဲ ပျက်သွားလေသည်။



'မင်း သူ့ကို မောင်းထုတ်ပစ်မယ်ဟုတ်လား'

မျက်မမြင်က အရှပ်ဆိုးစွာပြုံး၍....

'စိတ်ချ၊ ကျုပ်တို့ သူ့ကို သတ်မပစ်ပါဘူး၊ သူထွက်သွားယင် တော်ပါပြီ'

ခြေကျိုးက မျက်မမြင်အား သတိပေးလိုဟန်ဖြင့်....

'လောကပေါ်မှာ နှစ်ပေလောက်သာရှိတဲ့ ဓားကိုင်တဲ့ ဓားသမားဟာ နှစ်လက်ပဲရှိတယ်ဆိုတာ မင်းသိတယ်မဟုတ်လား'

မျက်မမြင်က ခေါင်းညိတ်လိုက်ပြီး....

'နှစ်ပေလောက်သာရှိတဲ့ ဓားကိုင်တဲ့ လူနှစ်ယောက်ဟာ ရေခဲဓား 'ယန့်ဝူး'နဲ့ သူ့ရဲ့ညီ 'ယန့်လု' မဟုတ်လား'

'ဟုတ်တယ်'

'သူက ယန့်ဝူး၊ ဒါမှမဟုတ် ယန့်လု ဖြစ်နေလို့လား'

ခြေကျိုးက ပခုံးတချက်တွန့်၍....

'ယန့်ဝူးလဲ မဟုတ်ဘူး၊ ယန့်လုလဲ မဟုတ်ဘူး၊ သူက အသက်နှစ်ဆယ်ကျော် လူရွယ်တယောက်ပါ'

'ဒါဖြင့် မင်းက ဘာဖြစ်လို့ ဟန့်တားနေရတာလဲ'

မျက်မမြင်က ခြေကျိုးအား မကျေမနပ်ဖြင့် လှမ်းမေးလိုက်၏။

ခြေကျိုးက လေပူတချက် မှုတ်ထုတ်လိုက်ပြီး....

'သူက ယန့်ဝူး၊ ဒါမှမဟုတ်ယင် ယန့်လုတို့နဲ့ တနည်းတဖုံ ပတ်သက်နေလိမ့်မယ်လို့ ကျုပ်ယူဆထားလို့ပါ'

ထိုစကား ကြားလိုက်ရသောအခါ လူရွယ်၏ ခန္ဓာကိုယ်မှာ တချက် တုန်ခါသွားလေသည်။ မျက်မမြင်က အေးတိ အေးစက်ဖြင့်........

'ယန့်ဝူး၊ ယန့်လုတို့နဲ့ ပတ်သက်နေမဈဆိုယင်လဲ ကျုပ်က လက်လျှော့မှာ မဟုတ်ဘူးဗျ'

ခြေကျိုးက ခေါင်းညိတ်လိုက်ပြီး........

'ခင်ဗျားက ဆုံးဖြတ်ချက်ချပြီးယင် မဖြစ်မနေ လုပ်မယ် ဆိုတာ ကျုပ်သိပါတယ်ဗျာ၊ ဒါပေမယ့်........'

မျက်မမြင်သည် သူ၏ မမြင်ရသော မျက်လုံးများဖြင့် ခြေကျိုးအား စိုက်ကြည့်ကာ........

'ဒါပေမယ့် ဘာဖြစ်သလဲ'

'ဒါပေမယ့် ကျုပ်တို့က နေ့ည ရင်ဆိုင်ရမယ့်သူကိုလဲ ထည့်သွင်း စဉ်းစားရမယ် မဟုတ်လား'

သူ၏ စကားကို ကြားလိုက်ရသောအခါ မျက်မမြင်မှာ တွေဝေသွားဟန်ရှိလေသည်။ သူသည် အတန်ကြာ စဉ်းစား လိုက်ပြီးမှ........

'မင်းဆိုလိုတာက'

'ကျုပ်တို့ စောင့်နေတဲ့လူ ရောက်လာပြီးမှ အခြေအနေ ကြည့်လုပ်ယင် ကောင်းမယ်ထင်တယ်'

မျက်မမြင်က ပို၍သေချာစေရန် ထပ်မေးလိုက်ပြန်၏။



'ကျုပ်တို့ ကျင်းစွမ်းဖုန်းကို သတ်ပစ်ပြီးမှ သူ့ကို မောင်း ထုတ်ပစ်ရမယ်လို့ ခင်ဗျားဆိုတာလား'

ခြေကျိုးက ခေါင်းညိတ်လိုက်ကာ........

'ဟုတ်တယ်'

မျက်မမြင်က စကားတလုံးမျှ မပြောတော့ပဲ ပြန်၍ ထိုင်ချ လိုက်လေသည်။ မျက်မမြင်က ပြန်လည်ထိုင်ချလိုက်သည်နှင့် တပြိုင်နက် တချိန်လုံး မလှုပ်မယှက် ထိုင်နေသော လူရွယ်က မတ်တတ်ရပ်လိုက်လေသည်။

ဆိုင် အတွင်းပိုင်းသို့ လေပြင်းတချက် ဝူးကနဲ ဝှေ့ယမ်း တိုက်ခိုက်လိုက်လေသည်။

*    *    *

( ၅ )

လေပြည်လေညှင်း ကလေးသည် တချက်တချက် ဝှေ့ယမ်း တိုက်ခတ်နေရာမှ အဆက်မပြတ် တိုက်ခတ်လာ၏။

ထို့ကြောင့် ညသရဲ စားသောက်ဆိုင်အတွင်းရှိ မီးအိမ်များ မှာ ပို၍လှုပ်ရှား ယိမ်းထိုးလာကြတော့သည်။

မကြာမီ........

'ဖုတ်........'

ဟူသော မြည်သံနှင့်အတူ ထွန်းညှိထားသော မီးအိမ်ရှစ်လုံး အနက် နှစ်လုံးမှာ မီးငြိမ်းသွားလေသည်။ မီးအိမ် နှစ်လုံးက

မီးငြိမ်းသွားသောကြောင့် အလင်းရောင် လုံးလောက်စွာ မရဟု ထင်မှတ်နေရသော ညသရဲ စားသောက်ဆိုင် အတွင်း၌ ပို၍ မှေးမှိန်သွားသည်ဟု ထင်မှတ်လိုက်ရ၏။

မီးအိမ်နှစ်လုံး ငြိမ်းသွားသော်လည်း အလင်းရောင် မလိုအပ်သော မျက်မမြင်အတွက်မူ ထူးခြားခြင်းရှိဟန် မတူပါချေ။

ယခု မျက်မမြင်က ပြန်လည်ထိုင်ချလိုက်ပြီး ဖြစ်သည်။

မျက်မမြင်က ပြန်လည်ထိုင်ချလိုက်သည်နှင့်တပြိုင်နက် လူရွှယ်က ထိုင်ရာမှ ထလိုက်ကာ မျက်မမြင်တို့ သုံးယောက် အနီးသို့ လျှောက်လာ၏။

မီးအိမ်နှစ်လုံးငြိမ်းသွားသောကြောင့် အလင်းရောင်က မှေးမှိန်သွားသော်လည်း မျက်မမြင်ကမူ လူရွှယ် မတ်တတ်ထရပ်လိုက်သည်မှစ၍ သူတို့အနီးသို့ လျှောက်လာနေသည်ကို ချက်ချင်းပင် သိရှိလိုက်လေသည်။

အကြောင်းမှာ သူ၏နားသည် ပေါ့ပါးသွက်လက်စွာ လှုပ်ရှားလိုက်သော လူရွှယ်၏ လှုပ်ရှားသံနှင့် ခြေသံတို့အား လျှပ်တပြက် ကြားလိုက်ရသည် မဟုတ်ပါလား။

နားပင်းနှင့် ခြေကျိုးတို့မှာမူ လူရွှယ် မတ်တတ်ရပ်လိုက်သည်ကို မတွေ့လိုက်ကြရချေ။

လူရွှယ်က သူတို့အနီးသို့လျှောက်လာသောအခါကျမှ လူရွှယ်၏ လှုပ်ရှားမှုကို စတင်သတိပြုမိလိုက်ခြင်း ဖြစ်၏။



လူရွှယ်အား သတိပြုလိုက်သည်နှင့် တပြိုင်နက် လူရွှယ်မှာ ခြေလှမ်း လှမ်းလိုက်သည်ဟု မထင်မှတ်ရပဲ သူတို့အနီးသို့ ရောက်ရှိလာပြီး ဖြစ်လေသည်။

လူရွှယ်က အနီးသို့ ရောက်ရှိလာသည်နှင့်တပြိုင်နက် ထူးခြားပြီး အေးစက်သော အငွေ့အသက်တခုအား ခံစားလိုက်ကြရ၏။

ခြေကျိုးက နားပင်းအား မျက်ရိပ်တချက် ပြလိုက်သည်။

ထို့နောက် အေးတိအေးစက် ဟန်အမူအရာဖြင့် လူရွှယ်အား ပြုံးလိုက်၏။

ပြီးတော့ မေးခွန်းတခု မေးလိုက်သည်။

'မင်း ထွက်သွားတော့မလို့လား'

သူ၏စကားကြောင့် လူရွှယ်က မည်သို့မျှ ဖြစ်မသွားသော်လည်း မျက်မမြင်မှာ ခန္ဓာကိုယ် ဆတ်ကနဲ တုန်ခါသွားလေသည်။

လူရွှယ်က ခြေကျိုး၏ မျက်လုံးတည့်တည့်သို့ စိုက်ကြည့်လိုက်ပြီး ခြေကျိုး၏မေးခွန်းကို ပြန်မဖြေပဲ မေးခွန်းတခု ထပ်မေးလိုက်၏။

'ခင်ဗျားတို့က ကျင်းစွမ်းဖုန်းကို စောင့်နေကြတာဟုတ်လား'

သူ၏မေးခွန်းကြောင့် ခြေကျိုးက အံ့ဩသွားပြီး—

'ဟုတ်တယ်'

'ကျင်းစွမ်းဖုန်းက ဒီနေရာကို ရောက်လာလိမ့်မယ် မဟုတ်လား'

'ဟုတ်တယ်'

သူ၏စကားဆုံးသည်နှင့် လူရွှယ်က စကားတလုံးမျှ မပြောတော့ပဲ ချာကနဲလှည့်ကာ ပြတင်းပေါက်အနီးသို့ ပြန်လည်လျှောက်သွားပြီး ထိုင်ချလိုက်လေသည်။

လူရွှယ်၏ အမူအရာကလည်း ထူးဆန်းလှသည်။

ခြေကျိုးက ကြောင်အမ်းအမ်းဖြစ်သွား၏။

သူသည် လူရွှယ်အား နားမလည်နိုင်စွာဖြင့် လှမ်းကြည့်လိုက်ပြီး စကားစရန် ဟန်ပြင်လိုက်လေသည်။

နားပင်းက ပြုံးလိုက်ပြီး–

'ဒီလူက 'ယန့်' အမျိုးအနွယ်က ဆိုတာ သေချာ သွားပြီမဟုတ်လား'ဟု မှတ်ချက်ချယင်း လှမ်းမေးလိုက်လေသည်။

ခြေကျိုးက ခေါင်းညိတ်လိုက်သည်။

သိုင်းလောကတွင်ထူးခြားအေးစက်ပြီး ဓားဓါ်အငွေ့အသက်များ ထွက်ပေါ်နေသည့် ဓားကား ရှားပါးလှန်းလှသည်။ ထိုဓားအား အခြားသော မျိုးနွယ်စုမှ သိုင်းသမားများ မကိုင်ဆောင်ကြပါ။ ထိုဓားအား ကိုင်ဆောင်သည့် ဓားသမားများမှာ 'ယန့်' အမျိုးအနွယ်မှ ဆင်းသက်လာကြသူ များသာ ဖြစ်သည်မဟုတ်ပါလော။

'ဟုတ်တယ်'



'ဒီလူက ဘာမှမလှုပ်ရှားဘူးဆိုတော့ သူလဲ 'ကျင်းစွမ်းဖုန်း' ကို တွေ့ချင်တယ်နဲ့တူတယ်'

နားပင်းက မှတ်ချက်ချလိုက်ပြန်သည်။

ခြေကျိုးက အနည်းငယ် စဉ်းစားလိုက်ပြီးမှ နားပင်း၏စကားကို ထောက်ခံလိုက်လေသည်။

'မင်းပြောတာ ဖြစ်နိုင်တယ်'

နားပင်းက မဲ့ပြုံး ပြုံးလိုက်ကာ–

'ယန့်' အမျိုးအနွယ်တွေက တော်တော်မာနကြီးတာဗျ ဒီလူက ကျုပ်တို့စကားတွေကို သည်းခံနေပုံထောက်ယင် 'ကျင်းစွမ်းဖုန်း'ကို တွေ့ချင်လို့သာ စိတ်ရှည်ရှည်ထားနေတယ်ဆိုတာ သေချာတယ်မဟုတ်လား'

ခြေကျိုးက မျက်မှောင်ကုပ်လိုက်ပြီး........

'ဒီလူက ဘာဖြစ်လို့ ကျင်းစွမ်းဖုန်းကို တွေ့ချင်နေရတာလဲ'

နားပင်းက ပခုံးတချက်တွန့်ပြလိုက်၏။

'မင်းသွားမေးကြည့်ပါလား'

ခြေကျိုးက ပါးစပ်ပိတ်ထားလိုက်ရလေတော့သည်။

ခြေကျိုးနှင့် နားပင်းတို့၏ အပြန်အလှန် ပြောဆိုနေသည့် စကားများကို ငြိမ်သက်စွာ နားထောင်နေသော မျက်မမြင်က ရုတ်တရက်ကြားဖြတ် ပြောလိုက်၏။

'ယန့်' အမျိုးအနွယ်ရဲ့ ဓားသိုင်းက သိုင်းလောကမှာ ပြိုင်ဘက်ကင်းမဲ့တယ် မဟုတ်လား ဒီတော့ ကျင်းစွမ်းဖုန်းက

တကယ်ပဲအစွမ်းထက်သလားဆိုတာ သိချင်လို့ စမ်းကြည့်ချင်လို့ လာစောင့်နေတာ နေမှာပေါ့'

သူသည် ပြောယင်း လူရွယ်ဘက်သို့ မျက်နှာမူလိုက်ကာ.......

'သူကသာ ကျင်းစွမ်းဖုန်းကို သတ်ပစ်ချင်တယ်ဆိုယင် ကျုပ်တို့အတွက် ပိုပြီးအားရှိစရာပေါ့ဗျာ'

သူ၏စကားကြောင့် ခြေကျိုးက အံ့ဩသွားဟန်ဖြင့်........

'ကျုပ်တို့ သူနဲ့မိတ်ဆွေဖွဲ့သင့်တယ်လို့ ခင်ဗျားဆိုလိုတာလား'

မျက်မမြင်က ပြုံးလိုက်ပြီး........

'ကျုပ်တို့ ဒုက္ခိတ မင်းသားလေးသုံးပါးက နာမည်ကျော်ကြားနေတယ်ဆိုတာ မှန်ပေမယ့် ကျင်းစွမ်းဖုန်းကို အနိုင်ရမယ်မရဘူးဆိုတာ ကျိန်းသေမပြောနိုင်ဘူးဗျ........ဒါကြောင့် 'ယန့်' အမျိုးအနွယ်က လူတယောက်နဲ့ မိတ်ဆွေဖွဲ့လိုက် ယင်ပိုပြီး မကောင်းဘူးလား'

မျက်မမြင်၏ တင်ပြချက်မှာ စဉ်းစားစရာပင် ဖြစ်ဟန်ရှိ၏။

ခြေကျိုးတွေ ဝေသွားတော့သည်။

သူသည် အနည်းငယ် စဉ်းစားလိုက်ပြီးမှ လူရွယ်ဘက်သို့ တချက်လှမ်းကြည့်လိုက်ကာ ခေါင်းခါယမ်းလိုက်လေသည်။

'မဖြစ်နိုင်ဘူး'

ခြေကျိုး၏ငြင်းဆန်မှုကြောင့် မျက်မမြင်က ခြေကျိုးဘက်သို့ မျက်နှာမူလျက်........

'ဘာလဲ မင်း သဘောမတူဘူးလား'



ခြေကျိုးက သက်ပြင်းတချက် ချလိုက်သည်။

ထို့နောက် အလေးအနက်မရှိသော လေသံဖြင့်........

'တကယ်လို့သာ မင်းမျက်စိမြင်မယ်ဆိုယင်—မင်းရဲ့ စောစောက စကားကို မင်းပြန်ရုပ်သိမ်းသွားမှာပဲ'

သူ၏စကားကြောင့် မျက်မမြင်ကမျက်မှောင်ကုပ်သွားကာ—

'သူက ကျုပ်တို့နဲ့ မိတ်ဆွေမဖွဲ့ချင်ဘူးလို့ မင်းယူဆထားတယ် မဟုတ်လား'

'သူကို မင်းမြင်ရယင် ဒီလိုမေးမှာ မဟုတ်ဘူး'

မျက်မမြင်က နှုတ်ခမ်းမဲ့လျက်........

'ဒါဖြင့် သူက တော်တော်မာနကြီးနေတယ်ပေါ့'

ခြေကျိုးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်........အမှန်ပဲ'

ထို့နောက် သဘောကျစွာ ပြုံးလိုက်ပြီး........

'အမှန်ပြောရယင် သူ့ရဲ့ပုံသဏ္ဌာန်က 'ယန့်ဝူး' 'ယန့်လု'တို့ထက်တောင် မာနကြီးနေတဲ့ပုံပဲဗျ'

သူ၏စကားကြောင့် မျက်မမြင်မှာ ပါးစပ်ပိတ်ကာ ငြိမ်သက်သွားရလေတော့သည်။

သိုင်းလောကဥ္စ အလွန်မာနကြီးသည်ဟု ကျော်ကြားခဲ့သည့် 'ယန့်ဝူး'နှင့် 'ယန့်လု'တို့ထက်ပင် မာနကြီးဟန်ရှိနေသော လူရွယ်အား မိတ်ဆွေဖွဲ့ရန် အလွန်ခဲယဉ်းလိမ့်မည်ဟု သူကနားလည်သဘောပေါက်လိုက်လေပြီ ဖြစ်၏။

မျက်မမြင်ရော နားပင်းနေသူပါ ငြိမ်သက်နေကြချေပြီ။ ထိုစဉ် ခြေကျိုးက ပခုံးတချက်တွန့်လိုက်ပြီး........

'ဘာပဲဖြစ်ဖြစ် ကျုပ်တို့သာ ကျင်းစွမ်းဖုန်းကို အနိုင်ရခဲ့ပါစေ ဒီလူကိုကျုပ် တာဝန်ယူပါ့မယ်'

နားပင်းက မျက်လုံးပြူးကျယ်သွားပြီး........

'မင်း 'ယန့်'အမျိုးအနွယ်ရဲ့ နှစ်ပေလောက်ရှိတဲ့ ဓားကို မကြောက်ဘူးပေါ့'

ခြေကျိုးက မထီတရီပြုံး၍........

''ယန့်' အမျိုးအနွယ်ထဲမှာ ကြောက်စရာအကောင်းဆုံးလူက 'ယန့်ဝူး'နဲ့'ယန့်လု'ပါဗျာ တခြားလူကို ကျုပ်မမှုပါဘူး–

ထိုစကားကြောင့် နားပင်းက ပါးစပ် ပိတ်ထားလိုက်လေသည်။

အမှန်စင်စစ် သူတို့သုံးယောက်သည် ဒုက္ခိတ မင်းသားလေးသုံးပါး ဟူသော အမည်ဖြင့် သိုင်းလောကတွင် လျှမ်းလျှမ်းတောက် ကျော်ကြားနေသူများဖြစ်ကြသည့်အလျောက် သူတို့၏ သိုင်းပညာမှာလည်း ကြောက်မက်ဖွယ်ရာ ကောင်းအောင်ပင် အစွမ်းထက်မြက်နေကြလေသည်။

သတ်ဖြတ်သည့်ပညာရပ်နှင့် ပတ်သက်လာလျှင် သူတို့သည် မည်သူ့ကိုမျှ ဗိုလ်မထားလိုကြသူများဖြစ်၏။ ထို့အပြင် ကြေးစား လူသတ်သမားများဖြစ်နေသောကြောင့် သိုင်းလောကသားများက သူတို့သုံးယောက်အား ခပ်ဝေးဝေးမှပင် ရှောင်ရှားသွားကြ၏။



ယခု သူတို့သုံးယောက် ညသရဲ စားသောက်ဆိုင်သို့ ရောက်ရှိလာရခြင်းမှာ ထူးခြားသည့် အကြောင်းတချက် ရှိနေခြင်းကြောင့်ပင် ဖြစ်၏။

သူတို့၏ အဓိကရည်ရွယ်ချက်မှာ ကျင်းစွမ်းဖုန်းအား သုတ်သင်ပစ်ရန် ဖြစ်၏။

ဤသို့ဆိုလျှင် သူတို့က မည်သည့်အကြောင်းကြောင့် ကျင်းစွမ်းဖုန်းအား သတ်ပစ်လိုရပါသနည်း....။

ကျင်းစွမ်းဖုန်းအား သတ်ပစ်နိုင်လျှင် သိုင်းလောကတွင်ပို၍ နာမည်ကျော်ကြားလာနိုင်သည့် အရေးကို ကြိုတင် တွေးမြင်မိကြ၍ များလား။

မဖြစ်နိုင်ပါချေ။ သူတို့သုံးယောက်သည် ကြေးစား လူသတ်သမားများဖြစ်ကြသဖြင့် ကျင်းစွမ်းဖုန်းကဲ့သို့သောလူတယောက်အား အဓိပ္ပါယ်မဲ့ ရင်ဆိုင်ကြမည် မဟုတ်ပါ။

အကယ်၍သာ သူတို့အား ငွေကြေး အမြောက်အမြား စုပုံပေး၍ ငှားရမ်းလာမှသာ သူတို့က ကျင်းစွမ်းဖုန်းအား ရင်ဆိုင်ကြမည် ဖြစ်သည်။

ထို့ကြောင့် ဒုက္ခိတမင်းသားလေး သုံးပါးက ဘောင်ကြားမြို့ကလေးသို့ ကျင်းစွမ်းဖုန်းအား သုတ်သင်ပစ်ရန် ရောက်ရှိလာကြသောအခါ သူတို့ သုံးယောက်အား အခ ကြေးငွေ မြောက်မြားစွာ စုပုံပေးလျက် ငှားရမ်းထားသူ ရှိနေသည်မှာ သေချာနေပြီ မဟုတ်ပါလော။

ဤအတိုင်းသာ ဆိုလျှင် မေးစရာ မေးခွန်း တခု ရှိလာပြီ ဖြစ်၏။

ကျင်းစွမ်းဖုန်းအား သုတ်သင် ပစ်ရန် မည်သူက ဒုက္ခိတ မင်းသားလေး သုံးပါးအား ငှားရမ်းခဲ့ပါသနည်း။

မည်သည့်အကြောင်းကြောင့် ကျင်းစွမ်းဖုန်းအား သုတ်သင် ပစ်လိုပါသနည်း။

အမှန်စင်စစ်— 'လျှို့ဝှက်ငွေဆယ်သိန်း' လက်ခံ ရရှိလိုက်သောအခါ ဒုက္ခိတမင်းသားလေး သုံးပါးက ကျင်းစွမ်းဖုန်းအား သုတ်သင်ပစ်ရန် လက်ခံလိုက်ကြ၏။

ထို့နောက်တွင်မူ သူတို့သည် နည်းမျိုးစုံအသုံးပြုလျက် ကျင်းစွမ်းဖုန်းနှင့် ယှဉ်ပြိုင်တိုက်ခိုက်ရန် တောင်ကြား မြို့ကလေးသို့ ချိန်းဆိုလိုက်ခြင်းဖြစ်သည်။

ထို့ကြောင့် (၃)လပိုင်းအတွင်း ကျင်းစွမ်းဖုန်းက တောင်ကြားမြို့ကလေးသို့ ရောက်ရှိ လာမည်ဟူသော သတင်းများ သိုင်းလောကတွင် တမုဟုတ်ချင်း ပျံ့နှံ့ သွားလေသည်။ ကျင်းစွမ်းဖုန်းသည် ဒုက္ခိတမင်းသားလေး သုံးပါးထက် အမည်ပိုပြီး ကျော်ကြားနေသောကြောင့် ကျင်းစွမ်းဖုန်းအား ဒုက္ခိတမင်းသားလေး သုံးပါးက ချိန်းဆိုလိုက်သည် ဟူသောသတင်းကမွှေးမွှိန် သွားပြီး ကျင်းစွမ်းဖုန်းက တောင်ကြားမြို့ကလေးသို့ ရောက်ရှိလာလိမ့်မည်ဟူသော သတင်းများကသာ ထင်ရှားစွာ ထွက်ပေါ်လာခြင်း ဖြစ်၏။



ကျင်းစွမ်းဖုန်းဆိုကတ္တိကား ဤမျှပင်ကျော်ကြားသူတယောက် ဖြစ်၏။

ကျင်းစွမ်းဖုန်းတယောက် တောင်ကြား မြို့ကလေးသို့ရောက်ရှိလာလိမ့်မည်ဟူသော သတင်းများ ထွက်ပေါ် လာသည်နှင့်တပြိုင်နက် အနယ်နယ် အရပ်ရပ်ရှိ သိုင်းသမားများက တောင်ကြားမြို့ကလေးသို့ တဖွဲဖွဲ ရောက်ရှိလာကြ လေတော့သည်။

သို့သော် သိုင်းသမား အများစုမှာ ဘုမသိ ဘမသိဖြင့် ရောက်ရှိ လာကြသူများ ဖြစ်သည်။

သူတို့အနေဖြင့် တောင်ကြားမြို့ကလေးသို့ ရောက်ရှိလာသည်နှင့်တပြိုင်နက် ဒုက္ခိတမင်းသားလေး သုံးပါးကလည်း ရောက်ရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ဒုက္ခိတမင်းသားလေး သုံးပါးက တောင်ကြားမြို့မှနေ၍ ကျင်းစွမ်းဖုန်းအား စောင့်နေကြသည်ကို သိရှိလိုက်ရသည်နှင့် တပြိုင်နက် ရောက်ရှိလာကြသော သိုင်းသမားများက တောင်ကြားမြို့လေးမှ အလျှိုလျှို ပြန်လည် ထွက်ခွာသွားကြလေသည်။

သိုင်းသမား အများစုမှာ ကျင်းစွမ်းဖုန်းကိုရော၊ ဒုက္ခိတမင်းသားလေး သုံးပါးကိုပါ ကြောက်ရွံ့ကြသူများ ဖြစ်သည် မဟုတ်ပါလော။

နောက်ဆုံး အလွန်သတ္တိကောင်းပြီး သိုင်းပညာ ထိပ်တန်းအဆင့်သို့ ရောက်ရှိ နေကြသည့် သိုင်းသမား အနည်းငယ်မျှသာ တောင်ကြားမြို့ကလေး၌ ကျန်ရစ်ခဲ့လေတော့သည်။

သို့ရာတွင် (၃) လ (၁၅) ရက်သို့ ရောက်ရှိလာခဲ့ပြီ ဖြစ်သော်လည်း ကျင်းစွမ်းဖုန်း၏ အရိပ်အရောင်မျှပင် မတွေ့ရသေးပါချေ။

ဤသို့ဆိုလျှင် ကျင်းစွမ်းဖုန်းက မည်သည့်နေရာသို့ ရောက်ရှိနေပါသနည်း။

သူက တောင်ကြားမြို့ကလေးသို့ တိတ်တဆိတ် ရောက်ရှိနေပြီလော။

အချိန်သည် တရွေ့ရွေ့ ကုန်ဆုံးသွား၏။

ညသရဲ စားသောက်ဆိုင်အတွင်း ရှိနေကြသော မျက်မမြင်၊ ခြေကျိုးနှင့် နားပင်းတို့ကလည်း စိတ်ပျက်စ ပြုလာလေသည်။ သူတို့အနေဖြင့် ကျင်းစွမ်းဖုန်းအား ထိုင်စောင့်နေရသည်ကို စိတ်မရှည်နိုင်တော့လောက်အောင် ဖြစ်လာကြတော့၏။

သို့သော် ပြတင်းပေါက် အနီးတွင်ထိုင်နေသော လူရွယ်၏ မျက်နှာတွင်မူ ပကတိတည်ငြိမ်နေသည်။ မည်သည့် ခံစားချက်မျှ မရှိသည့်အလား အမူအရာ ကင်းမဲ့နေ၏။

သူ့အား အမျိုးမျိုး ရန်စ ပြောဆိုနေသော်လည်း သူက လုံးဝ ဂရုမစိုက်ပဲ ရှိနေ၏။ ထို့ကြောင့် သူ ဂရုစိုက်သည်မှာ တခုတည်းရှိကြောင်း သိသာနိုင်လေသည်။

မှန်ပါသည်။ လူရွယ်က ရောက်ရှိလာမည့် ကျင်းစွမ်းဖုန်းကိုသာ ဂရုတစိုက် စောင့်မျှော်နေသည် မဟုတ်ပါလော။



ထိုစဉ်မှာပင် ခြေကျိုးက မျက်မမြင်နှင့် နားပင်းတို့အား တချက်ကြည့်လိုက်ပြီး စကားဆက်လိုက်၏။

'ယန့်ဝူး'နဲ့ 'ယန့်လု' တို့လောက်သာ သူက အစွမ်းထက်မြက်မယ်ဆိုယင် ကျုပ်တို့ စော်ကားတာကို ဒီလောက် သည်းခံနေနိုင်မှာ မဟုတ်ပါဘူး'

ခြေကျိုး၏ စကားမှာ လူရွယ်အား များစွာ အထင်သေးဟန် လေသံပေါ်လွင်နေသည်။ သို့သော် သူ၏ ရယ်မောသံသည် တဝက်တပျက်ဖြင့် ရပ်တန့်သွားတော့၏။

ထို့နောက် သူ၏ မျက်လုံးအစုံမှာလည်း ပြူးကျယ်သွားပြီး တံခါးဝဘက်သို့ စိုက်ကြည့်လိုက်လေသည်။

နားပင်း၏ မျက်နှာမှာလည်း ကွက်ကနဲ ပျက်သွားသည်။

သူသည် ခြေကျိုး၏ မျက်နှာမှာ ဟန်မူရာ ပြောင်းလဲသွားသည်ကို တွေ့မြင်လိုက်ရသည်နှင့် တံခါးဝဘက်သို့ လျှပ်တပြက် လှမ်းကြည့်လိုက်ရာ တံခါးဝရှေ့၌ လူတယောက် မလှုပ်မယှက်ရှိနေသည်ကို တွေ့မြင်လိုက်ရ၏။

ထိုလူအား တွေ့မြင်လိုက် သည်နှင့် တပြိုင်နက် နားပင်း၏ မျက်လုံးများက အရောင်တဖိတ်ဖိတ် တောက်ပ လာလေတော့သည်။

ရောက်ရှိလာသူကား မည်သူနည်း........။

*   *   *

## ( ၆ )

လေသည် တစထက်တစ ပို၍ပြင်းထန်စွာ တိုက်ခတ်လာ၏။

ထို့ကြောင့် ညသရဲ စားသောက်ဆိုင်၏ ဖွင့်ထားသော တံခါးရွက်များ ပြတင်းပေါက်ရွက်များမှာ တဝုန်းဝုန်း တဒိုင်း ဒိုင်းဖြင့် ဝုန်းဒိုင်းကြဲနေ၏။

ထို့အပြင် စားသောက်ဆိုင်အတွင်းဘက်၌ တွဲလောင်းချိတ် ထားသည့် မီးအိမ်များမှာလည်း ဟိုမှသည် ယိမ်းယိုင်ကာ မီး ရောင် မှိတ်တုတ်မှိတ်တုတ် ဖြစ်နေလေသည်။

မငြိမ်သက် တိုက်ခတ်သောင်းကြမ်းနေသော လေနှင့် လှုပ် ရှားနေသော မီးတိုင်များကြောင့် ဆိုင်ပတ်ဝန်းကျင်ရှိ အရိပ် မည်းကြီးများ ဟိုသည် ယိမ်းထိုးနေသလို ဖြစ်နေလေသည်။

သို့သော် ညသရဲ စားသောက်ဆိုင် အတွင်းရှိ လူများမှာမူ လှုပ်ရှားခြင်း လုံးဝမရှိပဲ ကျောက်ရုပ်များပမာ ငြိမ်သက်နေ ကြ၏။

ခမောက်ဆောင်းထားသော လူရွယ်မှာ ပြတင်းပေါက်တခု အနီး၌ ငြိမ်သက်စွာထိုင်နေပြီး ဒုက္ခိတမင်းသားလေး သုံးပါး မှာမူ စားပွဲတခုအား ဝိုင်းဖွဲ့ထိုင်နေကြ၏။

သူတို့သည် ထိုင်စရာနေရာ ကွဲပြားခြားနားစွာ ထိုင်လျက် ရှိနေကြသော်လည်း သူတို့၏မျက်လုံးများမှာမူ စားသောက်ဆိုင် ၏ တံခါးဝသို့ စုပြုံ ရောက်ရှိနေကြလေသည်။



ယခုအခါတွင် မျက်မမြင်မှာလည်း တံခါးဝဘက်သို့ မျက်နှာ မူလိုက်ပြီး ဖြစ်၏။

သူက မျက်မမြင်တယောက် ဖြစ်သော်လည်း တံခါးဝတွင် လူတယောက်က ရောက်ရှိနေပြီး ဖြစ်၏။

ထိုလူမှာ အသံဗလံ လုံးဝမကြားရပဲ ရုတ်တရက် ရောက်ရှိ လာသောကြောင့် ညသရဲ စားသောက်ဆိုင်သို့ စားသောက်ရန် ရောက်ရှိလာသည့် တစ္ဆေသရဲတကောင်ပမာ ချောက်ချားဖွယ်ရာ ကိုယ်ဟန်ပြလိုက်သလို ဖြစ်နေလေသည်။

ဒုက္ခိတမင်းသားလေး သုံးပါးနှင့် လူရွယ်တို့က မျက်တောင် မခတ်တမ်း စိုက်ကြည့်နေစဉ်မှာပင် ထိုလူက ညသရဲ စားသောက် ဆိုင် အတွင်းသို့ တလှမ်းချင်း ဝင်ရောက်လာလေတော့သည်။

ထိုသူ မည်သူနည်း........။

*　　　*　　　*

လေသည် တဟူးဟူး တိုက်ခတ်နေ၏။

လေတိုက်ခတ်မှုသည် အရှိန်အဟုန် ပြင်းစွာ တိုက်ခတ်နေ သောကြောင့် ကြားရသူများအဖို့ နားထဲတွင် စူးရှသည့် လေ တိုးသံကိုပင် ကြားနေရသည်ဟု ထင်မှတ်ကြရလေသည်။

သို့သော် ညသရဲ စားသောက်ဆိုင် အတွင်းသို့ ရုတ်တရက် ရောက်ရှိလာသောလူက လှမ်းဝင်လာသည့်အခါ ထိုလူ၏ ခြေသံ

မှာ လေတိုက်ခတ်သံအကြားမှ ကျယ်လောင်စွာ ထွက်ပေါ်လာနေသည်ဟု ထင်မှတ်လိုက်ရ၏။

ထို့အပြင် စားသောက်ဆိုင်အတွင်းသို့ လှမ်းဝင်လာသူက ခြေလှမ်းတလှမ်း လှမ်းလိုက်တိုင်း ဆိုင်အတွင်းရှိ လူများမှာ မိမိတို့၏ ရင်ဘတ်ပေါ်သို့ သံမဏိတူဖြင့် တချက် ထုလိုက်သည်ဟု ထင်မှတ် ခံစားနေကြရလေသည်။

ထိုလူမှာ တကိုယ်လုံး အဖြူရောင်အဝတ်အစားများ ဝတ်ဆင်ထားသည့် လူတယောက်ဖြစ်ပြီး အသက်သုံးဆယ်ကျော်ခန့်ရှိမည်ဟု ခန့်မှန်းရ၏။

သူ၏မျက်နှာမှာ သူ၏အဝတ်အစားနှင့် အပြိုင် ဖြူဖပ် ဖြူရော် ဖြစ်နေပြီး နလံထကာစ လူမမာတယောက်နှင့် တူလှပေသည်။

ထို့အပြင် သူ၏ခန္ဓာကိုယ်မှာ သေးကွေး ပိန်လှီ နေသည်ဟု ထင်မှတ်ရလေသည်။ ထိုလူသည် လေပြင်းစွာတိုက်ခတ်နေသောကြောင့် လမ်းလျှောက်နေရာမှ ယိမ်းယိုင်နေပြီး အချိန်မရွေး လဲကျသွားနိုင်သည့် ပုံသဏ္ဌာန် ရှိနေလေသည်။

ထိုလူအားတိကျစွာဖော်ပြရလျှင် လူမမာရုပ်ပေါက်နေသော လူတယောက်ဟု တင်စားခေါ်ဝေါ်မှ ပြည့်စုံမည်ဖြစ်၏။

လူမမာနှင့်တူသောလူသည် စားသောက်ဆိုင်အတွင်းသို့ တလှမ်းချင်း လျှောက်ဝင်လာပြီး အတွင်းဘက်ကျကျ စားပွဲတလုံးတွင် ဝင်ရောက် ထိုင်ချလိုက်၏။



ထို့နောက် ကောင်တာဘက်သို့ လှမ်းကြည့်လိုက်သည်။ ပြီးတော့–

'အရက်တအိုး ပေးပါဗျို့'

ဟု လှမ်း၍ မှာကြားလိုက်လေသည်။

သူ၏အသံမှာ ခြောက်ကပ်ကပ်ဖြင့် မသဲမကွဲ ထွက်ပေါ်လာခြင်း ဖြစ်၏။

သူ၏အသံကို ကြားလိုက်ရသောအခါ ထမင်းခုနစ်ရက် မစားရသော လူတယောက်၏ အသံမျိုးကဲ့သို့ ဖြစ်နေသည်ဟု ထင်မှတ်ရလေသည်။

သို့သော် ထိုလူက အရက်မှာကြားလိုက်သော်လည်း အရက်ရောက်ရှိလာခြင်း မရှိပါချေ။ လူဝကြီး (ဝါ) ညသာရဲနှင့် ဆိုင်လုလင်တို့ နှစ်ယောက် ထွက်ပြေးသွားပြီးနောက် မည်သူမဆို ညသရဲ စားသောက်ဆိုင်သို့ ရောက်ရှိလာပါက အရက်နှင့် စားသောက်ဖွယ်ရာများ မှာကြားရရှိနိုင်မည် မဟုတ်တော့ပါချေ။

အတန်ကြာသည့်တိုင်အောင်ပင် ထိုလူမှာသော အရက်တအိုးမှာ ရောက်မလာပါ။ ဤတွင် လူမမာနှင့်တူသောလူက စိတ်ပျက်သွားပြီး–

'ဒီဆိုင်မှာ အရက်ရောင်းတဲ့လူလဲ မရှိပါလား'

ဟု တကိုယ်တည်းပြောသလိုဖြင့် ရေရွတ်ပြောဆိုလိုက်၏။

သူသည် ယင်းသို့ပြောပြီးသည်နှင့် ထိုင်ရာမှ ထလိုက်၏။

သူ ထလိုက်ပုံက တကယ့်ကို စိတ်ပျက်လက်ပျက်ဖြင့် ထွက်ခွာ သွားရန် ထလိုက်ပုံမျိုး ဖြစ်၏။

ထို့ကြောင့် ခမောက်ဆောင်းထားသော လူရွယ်နှင့် ဒုက္ခိတ မင်းသားလေး သုံးပါးမှာ ထိုလူက စားသောက်ဆိုင် အတွင်းမှ ထွက်ခွာသွားတော့မည်ဟု ထင်မှတ်လိုက်ကြ၏။

သို့သော် လူမမာနှင့်တူသောလူက စားသောက်ဆိုင်အတွင်းမှ ထွက်ခွာသွားခြင်း မရှိပါချေ။

သူသည် ထိုင်ရာမှထလိုက်ပြီး အခြားစားပွဲတခုသို့ လျှောက် သွားသည်ကို တွေ့မြင်လိုက်ရ၏။

ထိုလူ ဦးတည်လျှောက်သွားနေသောစားပွဲပေါ်တွင် အရက် နှင့် စားသောက်ဖွယ်ရာများ ရှိနေသေးသည်။ ယင်း အရက်နှင့် စားသောက်ဖွယ်ရာများမှာ ဒုက္ခိတမင်းသားလေးသုံးပါး ရောက် ရှိလာသည်ကို တွေ့မြင်လိုက်ရသဖြင့် တိမ်းရှောင်သွားကြသူများ ၏ ကျန်ရစ်ခဲ့သော ပစ္စည်းများပင် ဖြစ်၏။

လူမမာနှင့်တူသောလူမှာ ယင်းစားပွဲသို့ သွားရောက် ထိုင်ချ လိုက်၏။

'အင်း....ကျုပ် အရက်မှာတာ အမြီးကိုပါ အဆင်သင့် ဖြင် ထားတာကိုး'

ဟု အူကြောင်ကြောင် ပြောလိုက်ပြီး စားပွဲပေါ်တွင်အသင့် ရှိနေသည့် အရက်အိုးမှ အရက်တခွက်ကိုငှဲကာ သောက်ချလိုက် လေသည်။



လက်မရှိမင်းသားလေး သုံးပါးက အံ့သြသွားကြ၏။

လူမမာနှင့်တူသောလူသည် မည်ကဲ့သို့ လူစားမျိုး ဖြစ်နေပါ သနည်း။

ထိုလူသည် သူတို့နှင့် ချိန်းဆိုထားသော ကျင်းစွမ်းဖုန်း ဖြစ် နေသည်လော။

လက်မရှိမင်းသားလေး သုံးပါးကမနေနိုင်ကြပါတော့ချေ။

သူတို့သည် တယောက်မျက်နှာတယောက် ကြည့်လိုက်ကြပြီး ပြိုင်တူမတ်တတ်ရပ်လိုက်ကြလေတော့သည်။

ထိုအချိန်တွင် ခမောက်ဆောင်းထားသော လူရွယ်က ဦးခေါင်းပေါ်မှ ခမောက်ကို ချွတ်လိုက်ပြီးဖြစ်၏။

သူသည် လက်မရှိမင်းသားလေး သုံးပါးနှင့် လူမမာနှင့် တူသောလူအား တချက်စိုက်ကြည့်လိုက်ပြီး စိတ်ပျက်စွာ ခေါင်း ခါယမ်းလိုက်သည်။

ဟကယ်ဆိုတော့ လူမမာနှင့်တူသောလူမှာ ကျင်းစွမ်းဖုန်း မဖြစ်နိုင်ဟု သူကယူဆထားပြီး အကယ်၍သာ ကျင်းစွမ်းဖုမ်း ဖြစ်ခဲ့လျှင်လည်း လက်မရှိမင်းသားလေးသုံးပါး၏ လက်ချက် ဖြင့် သေဆုံးသွားမည်သာဖြစ်သည်ဟု သူက ယုံကြည်ထားသည် မဟုတ်ပါလော။

လက်မရှိမင်းသားလေး သုံးပါးက ထိုင်ရာမှ ထရပ်လိုက် သည်နှင့်တပြိုင်နက် လူရွယ်ကလည်း မတ်တတ်ရပ်လိုက်လေ သည်။

လက်မရှိမင်းသားလေး သုံးပါးသည် အလွန်ရက်စက် ကြမ်း
ကြုတ်သူများဖြစ်ကြ၏။

သူတို့သည် ယခုရောက်ရှိလာနေသော လူမမာနှင့်တူသည့်
လူအား တနည်းမဟုတ်တနည်း ရန်စကြတော့မည်ဖြစ်သည်။

ထိုသို့ရန်စပြီးနောက် ဤလူမမာနှင့်တူသောသူအား ရန်ပြု
ကြတော့မည်မှာလဲ မြေကြီးလက်ခတ်မလွဲပင်ဖြစ်၏။

ဤသို့ဆိုလျှင် ထိုပွဲမှာ ကြည့်မကောင်းဟု လူရွယ်က ထင်
မှတ်လိုက်၏။

သို့သော် လူမမာနှင့်တူသောလူဘက်မှ ဝင်ရောက်ကာကွယ်
ပေးရန် သူက စိုးစဉ်းမျှ စဉ်းစားခဲ့ခြင်း မရှိပါချေ။

တကယ်ဆိုတော့ လူမမာနှင့်တူသောလူအား အကာအကွယ်
ပေးခြင်းထက် အချိန်ရှိခိုက် တောင်ကြားမြို့ကလေးအတွင်း
ကျင်းစွမ်းဖုန်းဆိုသူ၏သတင်းကို လိုက်လံစုံစမ်းနိုင်သည်က ပို၍
ကောင်းမည်ဟု သူက ယူဆထားသည် မဟုတ်ပါလော။

လူရွယ်သည် ယင်းသို့တွေးမိလိုက်သည်နှင့် တပြိုင်နက် ဒုက္ခိတ
မင်းသားလေးသုံးပါးနှင့် လူမမာနှင့်တူသောလူတို့အား လှည့်၍
ပင် မကြည့်တော့ပဲ လျပ်တပြက် ပြတင်းပေါက်မှတဆင့် အပြင်
ဘက်သို့ ခုန်ထွက်သွားလေသည်။

သူ၏ကိုယ်ဖော့ပညာမှာထိပ်တန်းအဆင့်ထက်ပင် ကျော်လွန်
နေပြီဖြစ်သောကြောင့် သူ၏ခန္ဓာကိုယ်အား ရိပ်ကနဲသာ တွေ့



မြင်လိုက်ရပြီး အမှောင်ထုအတွင်းသို့ တိုးဝင်ပျောက်ကွယ်သွား
လေတော့သည်။

ကျင်းစွမ်းဖုန်းအား လာစောင့်နေသော လူတယောက်တော့
ဆိုင်အတွင်းမှ လျှော့သွားချေပြီတကား။

* * *

( ၇ )

လူရွယ်က ပြတင်းပေါက်မှခုန်ထွက်သွားပြီဖြစ်သည်။ ထိုအခါ
မျက်မမြင်က လူမမာနှင့်တူသော လူဘက်သို့ မျက်နှာမူထားရာမှ
ပြတင်းပေါက်ဘက်သို့ ဦးခေါင်း စောင်းငဲ့လိုက်ပြီး.......

'သူ ထွက်သွားပြီ ဟုတ်လား'

ဟု လေသံဘိုးတိုးဖြင့် မေးလိုက်လေသည်။

ခြေကျိုးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

'သူက ဘာဖြစ်လို့ ထွက်သွားရတာလဲ'

ခြေကျိုးက ပခုံးတချက် တွန့်လိုက်ပြီး—

'မင်း သိချင်ယင် သူ့ကိုသွားမေးပေါ့'

ဟု ဘုဆတ်ဆတ် ပြန်ဖြေပစ်လိုက်၏။

မျက်မမြင်က ပါးစပ်ပိတ်ထားလိုက်ရလေသည်။

သူတို့သည် တယောက်နှင့်တယောက် အပြန်အလှန်ပြောဆို နေကြသော်လည်း သူတို့၏ခြေလှမ်းများက လူမမာနှင့် တူသည့် လူအနီးသို့ တဖြည်းဖြည်း ချဉ်းကပ်သွားနေကြ၏။

မျက်မမြင်သည် လက်တဘက်ဖြင့် ရှေ့သို့ဆန့်ကာ ဟိုမှသည် လျှောက်ရှာစမ်းယင်း ကျန် လက် တ ဘက် က တောင်ဝှေး တချောင်းအား အားပြုကာ ရှေ့သို့ လျှောက်သွားနေခြင်း ဖြစ်သည်။

ခြေကျိုးမှာမူ ဝဲဘက်ခြေထောက်သည် ဒူးဆစ်အထိ ပြတ် နေပြီး ချိုင်းထောက်တချောင်းဖြင့် အားပြုလျှောက်လာခြင်း ဖြစ်သည်။

တကယ့် ဒုက္ခိတများပင်။ ခြေကျိုးရော၊ မျက်မမြင်ပါ ဒုက္ခိတများပမာ လျှောက်လှမ်းလာကြ၏။ သို့သော် မျက်မမြင် နှင့် ခြေကျိုးတို့၏ ခြေလှမ်းများသည် သာမန်လူများထက်ပင် ညီညီညာညာ ရှိနေပြီး လျင်မြန်နေ၏။

နားပင်းက လက်နှစ်ဘက် နောက်ပစ်လျက် စားသောက် ဆိုင်၏ အတွင်းကောင်တာမှ တဆင့် ကွေ့ပတ်လျှောက်သွား ကာ လူမမာနှင့်တူသောလူ၏ နောက်ကျောဘက်သို့ ဦးတည်သွား နေ၏။

ယခု သူ တို့သုံးယောက်သည် လူမမာနှင့်တူသော လူအား တြိဂံ ပုံသဏ္ဌာန် ဝိုင်းရံထားလိုက်ကြပြီးဖြစ်သည်။



သူတို့ အနေအထားမှာ လူမမာနှင့်တူသောလူအား အချိန် မရွေး အန္တရာယ် ပေးနိုင်သည့် အနေအထားပင်ဖြစ်၏။ သို့သော် လူမမာနှင့်တူသောလူက အရက်ကို အငမ်းမရ သောက်နေပြီး စားပွဲပေါ်မှ စားသောက်စရာများကိုလည်း အဆက်မပြတ် စား သောက်နေ၏။

သူ၏ လက်တဘက်သည် အရက်အိုးကို တင်းကျပ်စွာ ဆုပ် ကိုင်ထားပြီး ကျန်လက်တဘက်မှာမူ တူနှစ်ချောင်း ကိုင်ထား၏။

အရက်တငုံ သောက်လိုက်၊ အစားအသောက်တလုပ် စား လိုက်ဖြင့် အလုပ်ရှုပ်နေလေသည်။

အရက်နှင့် အစားအစာမှလွဲ၍ သူသည် ကမ္ဘာကြီးတခုလုံး ကို မေ့လျော့ထားသလို ဖြစ်နေ၏။

ဒုက္ခိတမင်းသားလေးသုံးပါးက သူ့ထံဝိုင်းရံလာနေကြသည် ကိုပင် သူသတိပြုမိဟန် မရှိပါချေ။

ထို့အပြင် လူမမာနှင့်တူသောလူသည် အရက်သောက်နေ ရာမှ အရက်မူးလာဟန်ဖြင့် တေးသီချင်းတပုဒ်အား မသဲမကွဲ သီဆိုနေသေး၏။

လူမမာနှင့် တူသောလူ၏ ပုံသဏ္ဌာန်ကား တကယ့်ကို အေး ဆေးလှသည်။

ခြေကျိုးက မဲ့ပြုံး ပြုံးလိုက်ပြီး—

'တယ်ကောင်းတဲ့ သီချင်းပါလား'

သူ၏ အသံသည် အလွန် ကျယ်လောင် နေသောကြောင့် လူမမာနှင့်တူသော လူငယ်သီဆိုနေသော တေးသီချင်းသံအား ဖုံးလွှမ်း၍ ထွက်ပေါ် လာလေသည်။

ခြေကျိုး၏အသံ ကြားလိုက်ရမှ လူမမာနှင့်တူသော လူ၏ ခန္ဓာကိုယ်မှာ ဆတ်ကနဲ တွန့်သွား၏။

ထို့နောက် ရုတ်တရက် ဖြစ်သွား သောကြောင့် အလန့်တကြားဖြစ်သွားဟန်ဖြင့် နောက်သို့ လှည့်လိုက်သည်။

ထို့အပြင် ယခုမှပင် ခြေကျိုးတို့ သုံးယောက်အား သတိပြုမိလိုက်ဟန်ဖြင့် မျက်လုံးပြူး မျက်ဆံပြူးဖြစ်သွား၏။

သို့သော် သူကချက်ချင်းပင် နှစ်လိုဖွယ် ပြုံးလိုက်၏။

ပြီးတော့—

'ကျုပ်ကို ချီးကျူးလိုက်တာလားဗျာ'

ဟု သဘော ကျဟန်ဖြင့် မေးလိုက်၏။

ခြေကျိုးက နှာခေါင်း ရှုံ့လိုက်သည်။

ထို့နောက် ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး—

'ဟုတ်ပါ့ဗျား........ဟုတ်ပါ့'

ခြေကျိုး၏ လေသံတွင် လှောင်ပြောင် သရော်လို ဟန်အပြည့် ပါနေ၏။

သို့သော် လူမမာနှင့်တူသောလူက သဘောကျသွားဟန်ဖြင့်

'မဆိုးဘူး .... ကျုပ်အသံကောင်းတယ်လို့ ချီးကျူးတဲ့လူက ရှိနေပါလား'



သူသည်ပြောယင်း ခြေကျိုးအား တချက်ကြည့်လိုက်၏။ ထို့နောက် ခပ်ပြုံးပြုံး မျက်နှာပေးဖြင့်—

ခင်ဗျားကျုပ်ကို ချီးကျူးတဲ့အတွက် နောက်ထပ် သီချင်းတပုဒ် ဆိုပြပါအုံးမယ်'

သူသည် ယင်းသို့ပြောပြီးသည်နှင့် နောက်ထပ်သီချင်းတပုဒ် ဆိုရန် ပါးစပ်ဟလိုက်လေသည်။

'နေအုံး'

ခြေကျိုးက ဟန့်တားလိုက်သည်။

ခြေကျိုး၏ ဟန့်တားသံက မာကျောသည်။ ပြတ်သားတင်းမာသည်။ တိုလည်းတိုတောင်း၏။ ထို့ကြောင့် လူမမာနှင့်တူသော လူက မျက်မှောင် ကုပ်သွားပြီး—

,ဘာဖြစ်လို့လဲ'

ခြေကျိုးက အေးတိအေးစက်ဖြင့်—

မင်းနာမည်က ကျင်းစွမ်းဖုန်း ဟုတ်လား'

ဟု သူမေးလိုရာကိုသာ ကောက်မေးလိုက်တော့သည်။

သူ၏ စကားကို ကြားလိုက်ရသောအခါ လူမမာမျက်နှာက ရုတ်ခြည်းပင် တည်ကြည်လေးနက် သွား၏။

သူသည် ခြေကျိုးအား မျက်တောင်မခတ် စိုက်ကြည့်လိုက်ပြီး—

'ကျုပ်က ကျင်းစွမ်းဖုန်းနဲ့ တူမနေလို့လားဗျ'

လူမမာနှင့် တူသူ၏ အဖြေက ဝေ့လည်လည် နိုင်လွန်းလှ၏။ ခြေကျိုးတူကြောင်ကြောင် ဖြစ်သွားတော့သည်။

သူသည် နားမလည်နိုင်သော မျက်လုံးများဖြင့် နားပင်းနှင့် မျက်မမြင်တို့ဘက်သို့ လှည့်ကြည့်လိုက်လေသည်။

နားပင်းက နှုတ်ခမ်းတွန့်ထားရာမှ–

'ကျုပ်တို့ ကျောင်းစွမ်းဖုန်းနဲ့ ဒီဆိုင်မှာ ချိန်းဆိုထားတာ၊ မင်းအခု ရောက်လာတာဆိုတော့ မင်းဟာ ကျောင်းစွမ်းဖုန်းပဲ ဖြစ်ရမှာပေါ့'

လူမမာနှင့်တူသောလူက သဘောကျစွာ ပြုံးလိုက်၏။

'ဒါဖြင့် စောစောက ထွက်သွားတဲ့ လူငယ်ကကော'

ထိုသူ၏ အမေးအား ခြေကျိုးက–

'သူဟာ 'ယန်' အမျိုးအနွယ်က လူတယောက်ပဲ ဒါကြောင့် ကျောင်းစွမ်းဖုန်းမဖြစ်နိုင်ဘူး'

'ခင်ဗျား ဒီလိုယူဆယင် မှားမှာပေါ့'

နားပင်းက မျက်ခုံးပင့်၍–

'ဘာဖြစ်လို့လဲ'

ကျောင်းစွမ်းဖုန်းက ယန်အမျိုးအနွယ်လူတယောက်အဖြစ် ရုပ်ဖျက်ထားတာကော မဖြစ်နိုင်ဘူးလား'

နားပင်း ပါးစပ်ပိတ်သွားလေတော့သည်။



ခြေကျိုးက ကြားဖြတ်ပြောလိုက်၏။

'ဘာပဲဖြစ်ဖြစ် ဒီလူက ကျောင်းစွမ်းဖုန်းမဟုတ်ဘူးဆိုတာ သေချာတယ်'

သူ၏စကားကြောင့် လူမမာနှင့်တူသော လူက အံ့ဩသွားဟန်ဖြင့် ခြေကျိုးဘက်သို့ လှည့်လိုက်ပြီး–

'ဘာဖြစ်လို့လဲ'

'သူက ကျောင်းစွမ်းဖုန်းကို သတ်ပစ်ဖို့ လိုက်ရှာနေတဲ့ လူတယောက် ဖြစ်နေလို့ပေါ့'

ခြေကျိုး၏စကား ကြားလိုက်ရသောအခါ လူမမာနှင့် တူသော လူမှာ ငြိမ်သက်နူတ်ဆိတ်သွားရလေတော့သည်။

ထိုစဉ် နားပင်းက လူမမာနှင့် တူသော လူအား ခြေဆုံးခေါင်းဆုံး အကဲခတ်သလို ကြည့်လိုက်ပြီး–

'ကျုပ်တို့ပေးလိုက်တဲ့စာကို ရတယ်မဟုတ်လားဗျ'

သူ၏စကားကြောင့် ခေါင်းငုံ့ထားသည့် လူမမာနှင့်တူသော လူက ခေါင်းမော့ကြည့်လိုက်၏။ ပြီးတော့ ဘာမျှနားမလည်နိုင်ဟန်ဖြင့်–

'ဘာစာလဲဗျ'

ဟု အူကြောင်ကြောင် ပြန်မေးလိုက်ပြန်လေသည်။

နားပင်းက အေးတိအေးစက်ဖြင့်–

'ခင်ဗျား တကယ်ပဲ ကျောင်းစွမ်းဖုန်း မဟုတ်ဖူးလား'

ဟု မေးလိုက်လေသည်။

ကျင်းစွမ်းဖုန်းက အဖြေ မပေးနိုင်စဉ်မှာပင် ခြေကျိုးက ကြားဖြတ် ပြောလိုက်၏။

'သူ ကျင်းစွမ်းဖုန်း မဟုတ်ဖူးဆိုယင်တော့ ကျုပ်တို့ သွားမှ ဖြစ်မယ်ဗျ'

နားပင်းက သက်ပြင်းတချက် ချလိုက်သည်။

ပြီးတော့ စိတ် မသက်မသာဟန်ဖြင့်–

'ဟုတ်တယ် ကျင်းစွမ်းဖုန်းက ကျုပ်တို့ရဲ့ကိစ္စကို စိတ်မဝင် စားဘူးဆိုယင် အချိန်ကုန်ခံနေလို့လဲ အလကားပါပဲဗျာ'

သူသည် ပြောပြီးသည်နှင့် ခြေကျိုးနှင့် မျက်မမြင်တို့အား တချက်ကြည့်လိုက်ပြီး ညသရဲ စားသောက်ဆိုင်အတွင်းမှ ထွက်ခွာသွားရန် ဟန်ပြင်လိုက်လေသည်။

လူမမာနှင့်တူသောလူက ခေါင်းတချက် ယမ်းခါလိုက်၏။

'ခင်ဗျားတို့ သွားကြတော့မလို့လားဗျ'

ခြေကျိုးက ပခုံးတချက် တွန့်လိုက်ပြီး–

'မင်းက ကျင်းစွမ်းဖုန်း မဟုတ်ဖူးဆိုယင်တော့ ငါတို့သွားရ တော့မှာပဲ ဘာဖြစ်လို့လဲဆိုတော့ ငါတို့ ကျင်းစွမ်းဖုန်းနဲ့ ချိန်း ဆိုထားတဲ့ရက်က ဒီနေ့နောက်ဆုံး ဖြစ်နေလို့ပါ'

ဤတွင် လူမမာနှင့်တူသောလူက မျက်မှောင်ကုပ်လိုက်ကာ–

'ခင်ဗျားတို့ ကျင်းစွမ်းဖုန်းနဲ့ ချိန်းဆိုထားတယ် ဟုတ်လား'

ခြေကျိုးက ခေါင်းညိတ်၍–

'ဟုတ်တယ်'

'ဘာကိစ္စလဲ'

'လျှို့ဝှက်တဲ့ကိစ္စတခုကြောင့် ကျုပ်တို့က ကျင်းစွမ်းဖုန်းကို အကူအညီတောင်းမလို့ပါ'

လူမမာနှင့်တူသည့်လူသည် သူတို့ သုံးယောက်အား သေချာ ကြည့်ကာ–

'ခင်ဗျားတို့က ဒုက္ခိတသိုင်းသမားသုံးယောက် ဟုတ်လား'

'ဟုတ်တယ်'

'ကျင်းစွမ်းဖုန်းက ခင်ဗျားတို့နဲ့ လာတွေ့မယ်လို့ ပြောခဲ့ လို့လား'

သူ မေးပုံကိုက စိတ်မရှည်စရာ ကောင်းလှသည်။

ခြေကျိုးက သက်ပြင်းတချက် ချလိုက်ပြီး–

'ဒါတော့ ကျုပ်တို့လဲ သေသေချာချာ မပြောတတ်ဖူးဗျ၊ ဒါပေမယ့် သူလာတွေ့မယ်လို့တော့ ထင်တာပဲ'

'ဘာဖြစ်လို့လဲ'

'သူ မလာယင် သူ့ရဲ့အမေက အသက်သေသွားနိုင်လို့ပါ'

ထိုစကားကြောင့် လူမမာနှင့်တူသောလူက မျက်လုံး ပြူး ကျယ်သွားပြီး....

'ဒါဖြင့် ခင်ဗျားတို့က ကျင်းစွမ်းဖုန်းရဲ့ အမေကို ဖမ်းထား ကြတယ်ပေါ့'

ခြေကျိုးက ခေါင်းကို ဆတ်ကနဲ ညိတ်ပြလိုက်သည်။

'ဟုတ်တယ်'

ယင်းသို့ပြောယင်း ခြေကျိုးက သဘောကျစွာဖြင့် ရယ်မောလိုက်ကာ–

'ဟား.... ဟား.... ဟား.... ဒီလောကကြီး ထဲမှာ ဘယ်သူမှ မတွေ့ဖူးသေးဘူး ဆိုတဲ့ ကျင်းစွမ်းဖုန်းရဲ့ အမေကို ကျုပ်တို့ ရအောင် ဖမ်းနိုင်တာ ခင်ဗျား မအံ့သြဘူးလား'

လူမမာနှင့်တူသောလူက ခေါင်းညိတ်လိုက်ပြီး—

'ဟုတ်တယ် ဒီကိစ္စက တော်တော်ကို ထူးဆန်းနေပါလား'

ဟူသော မှတ်ချက်ကို ဖြည်းညင်းစွာ ချလိုက်၏။

ခြေကျိုးက လက်ကာပြလိုက်ပြီး....

'မထူးဆန်းပါဘူးဗျာ၊ ရိုးရိုးရှင်းရှင်းကလေးပါ'

လူမမာနှင့်တူသူက မျက်ခုံးပင့်၍—

'ဘာဖြစ်လို့လဲ'

'ကျင်းစွမ်းဖုန်းက သိုင်းလောကမှာ ကိုယ်ပျောက် သိုင်းသမားလို ဖြစ်နေတယ် မဟုတ်လား'

'ဟုတ်တယ်လေ အဲဒါဘာဖြစ်သလဲ'

'ဒီတော့ သူ့ကိုရှာဖို့ကိစ္စ မလွယ်ဘူးပေါ့၊ ဒါပေမယ့် ကျုပ်တို့က သူသေသွားပြီဆိုပြီး သိုင်းလောကကို သတင်းလွှင့်လိုက်တယ်၊ ပြီးတော့ သူ့ရဲ့ အုတ်ဂူအတုတခု ပြုလုပ်ခဲ့တယ်ဗျ'

ခြေကျိုးသည် သူတို့၏ နည်းပရိယာယ် တစိတ် တဒေသကို ရှင်းပြလိုက်၏။

သူ၏စကားကြောင့် လူမမာနှင့် တူသော လူက ဆတ်ကနဲ ခေါင်းညိတ်လိုက်ပြီး....



'ဟုတ်ပြီ.... ကျင်းစွမ်းဖုန်း သေပြီဆိုတော့ သူ့အမေက မယုံလို့ လာကြည့်တယ်ပေါ့၊ အဲဒီတော့ ခင်ဗျားတို့က အသာကလေး ဖမ်းထားလိုက်တယ်ပေါ့'

ဟု မှတ်ချက် ချလိုက်လေ၏။

ခြေကျိုးက ပြုံးကာ....

'ဟုတ်တယ် ကျင်းစွမ်းဖုန်းက ဘယ်လောက်ပဲ နာမည်ကြီးပါစေ သူနဲ့ပတ်သက်နေတဲ့ လူတယောက်ယောက်တော့ရှိရမှာပဲ ဒါကြောင့် ကျုပ်တို့ အခုလို ကြံစည်လိုက်တာပါဗျာ'

ခြေကျိုး၏ စကားအဆုံးတွင် လူမမာနှင့်တူသူသည် ခပ်မဲ့မဲ့ ပြုံးလိုက်၍—

'ခင်ဗျားတို့ အကြံအစည် အောင်မြင်ခဲ့တယ် ဆိုပါတော့'

ခြေကျိုးက ခေါင်းညိတ်ပြလိုက်၏။

'ဟုတ်တယ် ကျုပ်တို့က ကျင်းစွမ်းဖုန်းရဲ့ အုတ်ဂူ အဖြစ် ဟန်ပြ အုတ်ဂူတလုံး တည်ဆောက်ပြီး အဲဒီ အုတ်ဂူကို လာပြီး အကဲခတ်တဲ့လူမှန်သမျှနောက်ကို လိုက်လံစုံစမ်းတော့တာပဲ'

ခြေကျိုးသည် သူတို့၏ လုပ်နည်းလုပ်ဟန် အသေးစိတ်ကိုပင် ပြောပြလိုက်သည်။ လူမမာနှင့် တူသောလူက သက်ပြင်းတချက် ချလိုက်ပြီး-

'ခင်ဗျားအကြံက တော်တော်ကောင်းပါတယ်ဗျာ'

သူသည် ပြောယင်း ခြေကျိုးအား အေးစက်စွာ စိုက်ကြည့်လိုက်ကာ—

'တကယ်လို့ ကျင်းစွမ်းဖုန်းကိုယ်တိုင် လာရောက် အကဲခတ်လိမ့်မယ် ဆိုယင်ကော....

ခြေကျိုးက အားရပါးရ ပြုံးလိုက်ပြီး....

'စိတ်ချ၊ ကျင်းစွမ်းဖုန်း ရောက်လာနိုင်တယ်ဆိုတာလဲ ကျုပ်တို့က တွက်ပြီးသားပါဗျာ၊ ဒါကြောင့် သူ့ရဲ့အမေကို ဖမ်းဆီးပြီးတာနဲ့ ဒီနေရာမှာ သုံးလဆယ့်ငါးရက်နေ့ နောက်ဆုံး လာတွေ့ရမယ်လို့ အုတ်ဂူမှာ စာရေးထားလိုက်တယ်'

လူမမာနှင့်တူသောလူက ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး-

'ဒါကြောင့် သိုင်းလောကမှာ ကျင်းစွမ်းဖုန်း သေသွားပြီလို့ သတင်းတွေ ထွက်ပေါ်လာပြီးမှတခါ ကျင်းစွမ်းဖုန်းက တကယ်မသေသေးပဲ တောင်ကြားမြို့ကို လာရောက်လိမ့်မယ် ဆိုတဲ့သတင်းတွေ ထွက်ပေါ်လာတာကိုး'

'ဟုတ်ပါတယ်ဗျာ၊ ဒါတွေဟာ ကျုပ်တို့လက်ချက်ပါ'

လူမမာနှင့် တူသူသည် ခြေကျိုးတို့အဖွဲ့အား အကဲခတ်သလို တချက်ကြည့်လိုက်ယင်း........

'ဒါထက် ခင်ဗျားတို့က ကျင်းစွန်းဖုန်းကို ဘာဖြစ်လို့ တွေ့ချင်နေရတာလဲ'

ခြေကျိုး၏ မျက်လုံးများသည်အရောင်တဖိတ်ဖိတ်တောက်ပလာပြီး....

'လျှို့ဝှက်တဲ့ကိစ္စတခုအတွက် သူ့ကို အကူအညီတောင်းချင်လို့ပါ'



လူမမာနှင့်တူသောလူက နှာခေါင်းရှုံ့လိုက်ပြီး....

'ခင်ဗျားတို့ အကူအညီတောင်းတာကလဲ သူ့အမေကိုဖမ်းပြီး အကြပ်ကိုင်သလို ဖြစ်နေပါလား'

လူမမာနှင့်တူသူ၏ လေသံက အနည်းငယ် အပြစ်တင်လိုဟန် ပါနေသည်။

ခြေကျိုးကတော့ ခပ်ပြုံးပြုံး ဖြင့်ပင်....

'ဒါကတော့ ကျုပ်တို့ အကူအညီတောင်းမယ့်ကိစ္စကို ကျင်းစွမ်းဖုန်းက လက်ခံမှာ မဟုတ်ဘူးဆိုတာ ကြိုတင်တွက်ထားမိလို့ပါဗျာ'

'သူ့ရဲ့အမေကို ဖမ်းထားလိုက်ယင်ကော ကျင်းစွမ်းဖုန်းက လက်ခံလိမ့်မယ်လို့ ခင်ဗျားထင်သလား'

လူမမာနှင့်တူသောလူ၏ မေးခွန်းက အဓိပ္ပာယ်တမျိုးဖြစ်ဖြစ်နေသည်။ ခြေကျိုးက မျက်နှာထား တင်းမာစွာဖြင့်.......

'သူက ကျုပ်တို့ခိုင်းတာ မလုပ်ချင်ပေမယ့် သူ့ရဲ့အမေကိုတော့ အသေခံမှာမဟုတ်ဘူး၊ ဒါကြောင့် တွေ့တဲ့နည်းနဲ့ ကျုပ်တို့ကို လာတွေ့လိမ့်မယ်ဆိုတာ ကျုပ်တို့ သုံးယောက်က ယုံကြည်ထားပါတယ်'

လူမမာနှင့်တူသောလူက ခြေကျိုး၏ မျက်နှာအား စေ့စေ့ကြည့်လိုက်၏။ ပြီးတော့ ခပ်တည်တည် မျက်နှာပေးဖြင့်....

'ဒါထက် ခင်ဗျားက ကျုပ်ကို ဒီအကြောင်းတွေ ဘာဖြစ်လို့ ပြောပြနေရတာလဲဗျ'

ခြေကျိုးက အေးတိအေးစက်ဖြင့်....

'ခင်ဗျားက ကျင်းစွမ်းဖုန်း ဖြစ်နေလိမ့်မယ်လို့ ကျုပ် မျှော်လင့်ထားလို့ပါဗျာ'

ဟု တလုံးချင်း ပြောချလိုက်လေတော့သည်။

* * *

( ၈ )

'တုံ......တုံ......တုံ'

အဝေးမှ အုံးမောင်းခေါက်သံ သုံးချက်တိတိ ထွက်ပေါ် လာ၏။ ညဥ့်သုံးချက်တီးပြီ ဖြစ်ပါသည်။

ညဥ့်နက်လွန်းလှပြီဖြစ်သော်လည်း လေတိုက်ခတ်မှု အရှိန်မှာ လျော့ကျသွားခြင်း မရှိသေးပါ။

လေသည် အရှိန်ပြင်းစွာဖြင့် 'ဝီ' ခေါ်ကာ တိုက်ခတ်နေ လျက်ပင် ရှိနေ၏။

ပတ်ဝန်းကျင် တဝိုက်၌ လေတိုက်ခတ်သံဖြင့် ဆူညံနေ သော်လည်း ညသရဲ စားသောက်ဆိုင်အတွင်း၌မူ လေတိုးသံမှ အပ ထူးခြားစွာတိတ်ဆိတ်နေလေသည်။

ဆိုင်အတွင်းမှ တိတ်ဆိတ်မှုကား ကြောက်စရာ ကောင်း လောက်အောင်ငြိမ်သက်လျက် သက်ရှိလူသားများပင်ရှိပါလေ၈ ဟု ထင်မှတ်မှားရလောက်ပေသည်။

သို့သော် ညသရဲ စားသောက်ဆိုင် အတွင်းဘက်၌ သက်ရှိ လူသား လေးယောက်တိတိရှိနေ၏။



ယင်းတို့မှာ ဒုက္ခိတမင်းသားလေး သုံးပါးနှင့် လူမမာနှင့်တူ သော လူတယောက်တို့ပင် ဖြစ်ပါသည်။

သူတို့သည် မလှုပ်မယှက် ကျောက်ရုပ်များပမာ ရှိနေပြီးမှ ခြေထောက်တချောင်း ပြတ်နေသူက တိတ်ဆိတ်မှုကို စတင် ဖြိုခွင်းလိုက်လေသည်။

ခြေကျိုးက အေးတိအေးစက်ဖြင့်—

'ကျုပ်တို့မျှော်လင့်ထားသလို ဖြစ်ပါစေလို့ ကျုပ်ဆုတောင်း ပါတယ်ဗျာ' ဟု ပြောလိုက်လေသည်။

လူမမာနှင့်တူသောလူက ဟာန်မူရာ ကင်းမဲ့စွာဖြင့်....

'တကယ်လို့ ကျုပ်က ကျင်းစွမ်းဖုန်း မဟုတ်ဘူးဆိုယင် ကော....'

ခြေကျိုးကတော့ ယတိပြတ် ဆုံးဖြတ်ချက် ချပြီးသား မျက်နှာပေးဖြင့်....

'ခင်ဗျားအတွက် မနက်ဖြန် မရှိတော့ဘူးပေါ့ဗျာ'

'ခင်ဗျားတို့က ကျုပ်ကို သတ်ပစ်လိုက်မယ်ပေါ့'

'ဟုတ်တယ်'

'ထိုအခါ လူမမာနှင့်တူသောလူက ကျောချမ်းသွားဟန်ဖြင့် ခန္ဓာကိုယ်ကို ကျုံ့လိုက်ပြီး....

'ကျုပ် မသေချင်သေးတာ ခက်တယ်ဗျ'

ခြေကျိုးက မျက်မှောင်ကုပ်လိုက်ပြီး....

'ခင်ဗျား ဘာပြောလိုက်တာလဲ'

လူမမာနှင့်တူသောလူက ပြုံးလိုက်ယင်း........

'ကျင်းစွမ်းဖုန်းဆိုယင် ခင်ဗျားတို့က ကျုပ်ကို မသတ်ဘူးမဟုတ်လား'

'ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်သလဲ'

'ဒါကြောင့် ကျုပ်က ကျင်းစွမ်းဖုန်းဖြစ်ယင် အသတ်မခံရဘူးပေါ့'

လူမမာနှင့်တူသောလူ၏ စကားမှာ ဝေ့လည်ကြောင်ပတ်နိုင်လွန်းလှသည်။ ခြေကျိုး စိတ်ပျက်သွား၏။

တအံ့တည်းမှာလည်း သူသည် အူကြောင်ကြောင်နိုင်လှသော လူတယောက်နှင့် တွေ့ဆုံနေရပြီဟုလည်း တွေးမိလိုက်လေသည်။

လူမမာနှင့်တူသောလူက သက်ပြင်းရှည်တချက်ချလိုက်သည်၊ ပြီးတော့–တည်တည်ငြိမ်ငြိမ်ဖြင့်....

'ကျုပ်ကို ကျင်းစွမ်းဖုန်းလို့ပဲ သဘောထားလိုက်ပေါ့ဗျာ'

ခြေကျိုးက မျက်မှောင်ကုပ်သွားပြီး၊

'မင်းက ကျင်စွမ်းဖုန်းအစစ် မဟုတ်ဖူးလား'

'ခင်ဗျားမယုံဘူးလား'

ခြေကျိုးက ခေါင်းခါယမ်းလိုက်သည်။

ထို့နောက် သူသည် အလွန်အမင်းစိတ်ပျက်နေသော လေသံဖြင့် စကားဆက်လိုက်ပြန်၏။

'ခင်ဗျားလို အူကြောင်ကြောင် နိုင်တဲ့ လူတယောက်က ကျင်းစွမ်းဖုန်း ဖြစ်နေတယ်ဆိုတာ မယုံကြည်စရာပဲ'



လူမမာနှင့်တူသောလူက ပြုံးလိုက်ပြီး....

'ကျင်းစွမ်းဖုန်းကို အူကြောင်ကြောင်မနိုင်ရဘူးလို့ ဘယ်သူက ပြောသလဲ'

သူ၏စကားကြောင့် ခြေကျိုးက ပါးစပ်ပိတ်သွားရပြန်လေတော့သည်။

လူမမာနှင့်တူသော လူငယ်မျက်နှာမှာ ရုတ်ခြည်းဆိုသလိုပင် ခက်ထန် တင်းမာလွန်းဟန် ပြောင်းလဲသွားသည်။

သူနှုတ်မှလည်း အလွန်တရာ ပီသကြည်မြသော လေသံဖြင့်....

'ကျင်းစွမ်းဖုန်း....'

မင်းအမေ အသက်ရှင်လျက်တွေ့ချင်ယင်(၃)လ (၁၅) ရက်နေ့ နောက်ဆုံးထားပြီးတောင်ကြားမြို့က ညသရဲ စားသောက်ဆိုင်ကို လာခဲ့ပါ....'

ဟု ရုတ်တရက် ရေရွတ်လိုက်၏။

လူငယ်စကားကို ကြားလိုက်ရသည်နှင့် ခြေကျိုးနားပင်းနှင့် မျက်မမြင်တို့ သုံးယောက်၏ မျက်နှာများမှာ ကွက်ကနဲ ပျက်သွားကြရလေတော့သည်။ မျက်နှာ ပျက်သွားရုံတင်မက သူတို့သည် လှုပ်လှုပ်ရှားရှားလည်း ဖြစ်သွားကြသည်။ အကြောင်းမှာ လူမမာနှင့်တူသောလူ ရေရွတ်လိုက်သည့် စကားလုံးများသည် ကျင်းစွမ်းဖုန်းအား တွေ့ဆုံရန် အုတ်ဂူ အတုပေါ်တွင် ချိန်းဆိုရေးသားထားခဲ့သည့် စာကြောင်းများ ဖြစ်နေသည် မဟုတ်ပါလော....

နောက်ဆုံးတွင်....

ခြေကျိုး ပါးစပ်ဟောင်းလောင်းဖြစ်သွားပြီး

'ကျင်းစွမ်းဖုန်း'

ဟု အထိတ်တလန့် ရေရွတ်လိုက်လေတော့သည်။

* * *

အခန်းငယ် အခြေအနေသည် ပြောင်းလဲသွားပြီဖြစ်သည်။

အခန်းတွင်း၌ ထိတ်လန့်ဖွယ် ကောင်းအောင်ပင် တိတ်ဆိတ်နေရာမှ ပြန်လည် အသက်ဝင် လှုပ်ရှားလာပြီဖြစ်၏။

ဒုက္ခိတမင်းသားလေး သုံးပါးမှာ သတိအနေအထားသို့ ရုတ်တရက် ပြောင်းလဲသွားကြပြီး ရန်သူအားအချိန်မရွေး တိုက်ခိုက်နိုင်ရန် အသင့် အနေအထားသို့လည်း ရောက်ရှိသွားလေသည်။

ပြောင်းလဲသွားသော ထိုသုံးယောက်၏ အခြေအနေကို လူမမာနှင့်တူသူက အကဲခတ်မိသည်။

ထို့ကြောင့် လူမမာနှင့်တူသောလူက ပြုံးလိုက်ပြီး

'ကျုပ်နာမည် ကျင်းစွမ်းဖုန်းဆိုတာ ခင်ဗျားတို့ လက်ခံကြပြီလားဗျာ'

ခြေကျိုးက ပင့်သက်တချက်ချကာ

'လက်ခံပါပြီဗျာ'

သူက ယင်းသို့ပြောလိုက်ရသော်လည်း ကျင်းစွမ်းဖုန်းဆိုသူမှာ အူကြောင်ကြောင် နိုင်သော လူတယောက်ဖြစ်ပြီး လူမမာတယောက်နှင့်တူနေသည်ကို သူက အံ့ဩနေမိသည်။



ထိုစဉ်—ကျင်းစွမ်းဖုန်းက စကားစလိုက်သည်။

'ခင်ဗျားတို့ကျုပ်ကိုတွေ့ချင်တယ်ဆိုလို့ ကျုပ်ရောက်လာပြီပဲ၊ ကျုပ်အမေကို ပြန်လွှတ်လိုက်ဖို့ သင့်ပြီထင်တယ်'

ခြေကျိုးက လူမမာနှင့်တူသော လူအား ခြေဆုံးခေါင်းဆုံး အကဲခတ်သလို ကြည့်လိုက်သည်။ ပြီးတော့ သေချာစေရန်လည်း ထပ်မေးလိုက်ပြန်၏။

'ခင်ဗျားက ကျင်းစွမ်းဖုန်းအစစ်နော်'

လူမမာနှင့်တူသောလူက တည်ကြည်လေးနက်သော မျက်နှာထားဖြင့်

'လောကပေါ်မှာ ကျင်းစွမ်းဖုန်းဆိုတာ တယောက်ပဲ ရှိပါတယ်ဗျာ'

ဟု အေးဆေးစွာ ပြန်ပြောလိုက်လေသည်။

ခြေကျိုး ငြိမ်သက်သွားရပြန်၏။

ထိုလူမမာနှင့်တူသောလူမှာ ကျင်းစွမ်းဖုန်းဖြစ်ကြောင်း သူက လက်ခံလိုက်ပြီ မဟုတ်ပါလော....။

ယခုအခါတွင်....သိုင်းလောက၌ နာမည်ကျော်ကြားနေသော အသည်းကွဲခြူသံပိုင်ရှင် ကျင်းစွမ်းဖုန်းက သူတို့ရှေ့သို့ ရောက်ရှိလာပြီ ဖြစ်ပါသည်။

ကျင်းစွမ်းဖုန်းက ခြေကျိုးအား ဦးတည်လိုက်ပြီး

'ဘယ်လိုလဲဗျာ၊ ကျုပ်အမေကိုလွှတ်လိုက်ဖို့သင့်ပြီထင်တယ်'

လူမမာနှင့်တူသော ကျင်းစွမ်းဖုန်းက တောင်းဆိုလိုက်၏။

ခြေကျိုးက ပြုံးလိုက်ပြီး....

'စိတ်ချ ကျုပ်တို့လွှတ်ပေးပါ့မယ်ဗျာ၊ ဒါပေမယ့် အခုတော့ မဟုတ်ဘူး'

ကျင်းစွမ်းဖုန်းက ပခုံးတချက်တွန့်လိုက်၏။

သူသည် ခြေကျိုးဆိုလိုသော အဓိပ္ပာယ်ကို နားလည်သကဲ့သို့ ရှိနေသော်လည်း တကယ်တမ်းနားလည်ခြင်း မရှိပါချေ။

ထို့ကြောင့်....

'ဘယ်တော့လွှတ်ပေးမှာလဲဗျ'

'ခင်ဗျား ကျုပ်တို့ခိုင်းတာ လုပ်ပေးပြီးတာနဲ့ လွှတ်ပေးလိုက်မှာပါဗျာ'

'ကျပ်က ဘာလုပ်ပေးရမလဲ'

သူ၏ စကားကြောင့် ခြေကျိုး၏ မျက်လုံးများက ဝင်းလက်သွား၏။

သူသည် ကျင်းစွမ်းဖုန်းအား မယုံကြည်နိုင်စွာဖြင့် ကြည့်လိုက်သည်။ ပြီးတော့မေးခွန်းတခုလည်း သံသယဖြစ်စွာမေးလိုက်၏။

'ခင်ဗျား ကျုပ်တို့ခိုင်းတာလုပ်ပေးဖို့ တကယ်ဆုံးဖြတ်လိုက်ပြီလား'

ကျင်းစွမ်းဖုန်းက ခေါင်းခါယမ်းပြလိုက်သည်။

တဆက်တည်းမှာလည်း........

သူသည် မျက်နှာထား တင်းမာစွာဖြင့် ခြေကျိုးအား စိုက်ကြည့်လိုက်သည်။



'ကျုပ်ကို ဘယ်လိုနည်းနဲ့မှ ခြိမ်းခြောက်လို့ မရဘူးဆိုတာ မှတ်ထားစမ်းပါဗျာ'

ခြေကျိုးက မျက်မှောင်ကုပ်သွားသည်။

သူ့နှုတ်မှလည်း အေးစက်စွာဖြင့်........

'ဘာလဲ ခင်ဗျားအမေကို အသေခံမယ်ပေါ့ ဟုတ်လား'

သူ၏ စကားကြောင့် ကျင်းစွမ်းဖုန်း၏ ခန္ဓာကိုယ်မှာ ဆတ်ကနဲ တုန်ခါသွားလေသည်။ သူ၏ မျက်နှာမှာလည်း တင်းမာနေသည့် အမူအရာမှရုတ်တရက် အခက်တွေ့ကြုံသွားဟန်ရှိပြီး ဖြူဖပ်ဖြူရော်ဖြစ်သွား၏။

ကျင်းစွမ်းဖုန်း၏ ပြောင်းလဲသွားသောအမူအရာကိုကြည့်ကာ ခြေကျိုးတို့လူသိုက်က သဘောကျသွား၏၊ ခြေကျိုးက ပြုံးလိုက်ကာ........

'ခင်ဗျား ကျုပ်တို့စကားကို နားထောင်မယ်ဆိုယင် ခင်ဗျားအမေ့ရဲ့အသက်ကို ကယ်တင်နိုင်တဲ့အပြင်၊ ငွေဆယ်သိန်းလောက် အလွယ်တကူ ရနိုင်ပါသေးတယ်ဗျာ'

ကျင်းစွမ်းဖုန်းက လေပူတချက် မှုတ်ထုတ်လိုက်ပြီး....

'ပြောပါ ကျုပ် ဘာလုပ်ပေးရမလဲ'

ခြေကျိုးက ဂုဏ်ယူဝင့်ကြွားစွာပြုံးလိုက်၏။

ထို့နောက် ရင်ကော့လိုက်ကာ–

'ခင်ဗျား ကျုပ်တို့စကားကို နားထောင်မယ်ပေါ့'

ဟု သေချာသထက် သေချာစေရန် ထပ်ဆင့် မေးမြန်းလိုက်၏။

ကျင်းစွမ်းဖုန်းက ခေါင်းတချက် ညိတ်ပြလိုက်ပြီး ပါးစပ်ပိတ်ထားလိုက်လေသည်။ ခြေကျိုးက နှားပင်းနှင့် မျက်မမြင်တို့အား တချက်လှမ်းကြည့်လိုက်၏။ နှားပင်းနှင့်မျက်မမြင်တို့၏ မျက်နှာများပေါ်တွင် ဝမ်းသာသော အရိပ်အရောင်များ ပေါ်လွင် နေသည်ကို တွေ့လိုက်ရလေသည်။

ထိုအခါမှ ခြေကျိုးကကျင်းစွမ်းဖုန်းဘက်သို့လှည့်လိုက်ပြီး—

'ဂူဝေဆိုတဲ့ လူတယောက်ကို ခင်ဗျားသိသလား'

ခြေကျိုး၏ ရုတ်တရက် ကောက်မေးလိုက်သော မေးခွန်းကြောင့် ကျင်းစွမ်းဖုန်း မျက်မှောင်ကုပ်သွား၏။

ထို့နောက် ခြေကျိုးအား အံ့သြစွာ စိုက်ကြည့်လိုက်ပြီး—

'ဂူဝေဆိုတဲ့လူဟာ ကျုပ်တို့ ဝေနိုင်ငံ အတွင်းဝန် မဟုတ်လား'

ခြေကျိုးကပြုံး၍ ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ဗျာ'

ကျင်းစွမ်းဖုန်းက နားမလည်နိုင်စွာဖြင့်—

'ဂူဝေက ကျုပ်နဲ့ ဘာများပတ်သက်ခဲ့လို့လဲ'

'ဘာမှ မပတ်သက်ခဲ့ပါဘူး၊ ဒါပေမယ့် ကျုပ်တို့ပေးတဲ့ တာဝန်ကို ခင်ဗျားလက်ခံလိုက်တာနဲ့ တပြိုင်နက် ဂူဝေနဲ့ ပတ်သက်လာတော့မှာမို့ပါ'



'ဘယ်လိုပတ်သက်မှာလဲ'

ခြေကျိုးက တည်ကြည်လေးနက်သော မျက်နှာထားဖြင့်—

ကျင်းစွမ်းဖုန်း ဆောင်ရွက်ရမည့် တာဝန်ကို ပြောပြလိုက်လေသည်။

'အတွင်းဝန် ဂူဝေကိုယ်တိုင် လက်မှတ်ရေးထိုးထားတဲ့ စာတစောင်ကို ခင်ဗျားက 'ကျင်း'နိုင်ငံရဲ့ ကိုယ်စားလှယ်ဆီ ရောက်အောင် ပို့ပေးရမယ်'

ကျင်းစွမ်းဖုန်းက အထိတ်တလန့်ဖြင့်—

'ကျင်းနိုင်ငံရဲ့ ကိုယ်စားလှယ်က အတွင်းဝန် ဂူဝေရဲ့ စာကို လက်ခံယူမယ် ဟုတ်လား'

'ဟုတ်တယ်'

ကျင်းစွမ်းဖုန်းမှာ ရင်ထဲ၌ ခဲများဆွဲထားသကဲ့သို့ လေးလံလာသည်ဟု ခံစားလိုက်ရလေသည်။

အကြောင်းမှာ အတွင်းဝန် ဂူဝေသည် တိုင်းပြည်အပေါ် သစ္စာဖောက်နေသော လူတယောက်အဖြစ် သတင်း သိုးသိုးသန့်သန့် ကြားသိခဲ့ရသည် မဟုတ်ပါလော....။ ထို့ပြင် ဝေနိုင်ငံ၏ အတွင်းရေးသတင်းများကို ကျင်း နိုင်ငံသို့ ရောင်းစားနေသော လူတယောက်အဖြစ်လည်း သဘင်းဆိုးထွက်နေ၏။

သို့သော် လက်ဆုပ်လက်ကိုင် မပြနိုင်ခဲ့သဖြင့် အတွင်းဝန် ဂူဝေအား မည်သို့မျှ အပြစ်ပေးနိုင်ခဲ့ခြင်း မရှိပါချေ။

ယခု အတွင်းဝန် ဂူဝေသည် သိုင်းလောကမှ ကိုယ်ကျိုးရှာလောဘသမားများ၊ ရာထူးအာဏာ ငမ်းငမ်းတက် မက်မောနေ

သည့် သိုင်းလောကသား များနှင့် ပူးပေါင်းကာ တိုင်းပြည်၏ အတွင်းရေးသတင်းများ ရောင်းစားနေခြင်း ဖြစ်ကြောင်း သိရှိလိုက်ရပြီ ဖြစ်၏။

ကျင်းစွမ်းဖုန်း၏ ရင်တွင်းမှ မကျေနပ်မှုများ၊ ခံပြင်းမှုများသည် မျက်နှာပေါ်သို့ ဟန်မဆောင်နိုင်ပဲ ထွက်ပေါ်လာကာ ဒေါသကြီးစွာဖြင့်—

'လက်စသတ်တော့ ခင်ဗျားတို့ တိုင်းပြည် ရောင်းစားတဲ့ ကိစ္စမှာ ကျုပ်ကိုပါ ဆွဲသွင်းနေတာကိုး....'

ကျင်းစွမ်းဖုန်းသည် ခြေကျိုးတို့အဖွဲ့အား တင်းမာပြတ်သားစွာ ပုတ်ခတ် စွပ်စွဲလိုက်သည်။

ခြေကျိုးက အေးတိအေးစက်ဖြင့်—

'ဘာပဲဖြစ်ဖြစ် အတွင်းဝန်ဂူဝေရှဲစာကို ကျင်းနိုင်ငံကိုယ်စားလှယ် လက်ထဲရောက်အောင် ပို့ပေးဖို့က ခင်ဗျားတာဝန်ပဲ'

ဤတွင် ကျင်းစွမ်းဖုန်းက အနီးရှိ ကုလားထိုင်တလုံးပေါ်သို့ စိတ်ပျက်လက်ပျက် ထိုင်ချလိုက်သည်။ ပြီးတော့ ခြေကျိုးတို့၏ မျက်နှာများအား မကြည့်တော့ပဲ လေးတွဲသော လေသံဖြင့်—

'ခင်ဗျားတို့နောက်မှာ ကြီးကျယ်တဲ့ အဖွဲ့အစည်းတခု ရှိနေမယ် ဆိုတာသေချာပါတယ်ဗျာ၊ ဒါကြောင့် အချိန်မရွေး အသုံးချနိုင်တဲ့ သိုင်းသမားတွေ အများကြီးပါ၊ ဘာဖြစ်လို့ ကျုပ်ကိုမှ ရွေးပြီး ခိုင်းချင်ရတာလဲ'

ခြေကျိုးက ခေါင်းညိတ်လိုက်သည်။



'ဟုတ်တယ်၊ ကျုပ်တို့ အဖွဲ့ထဲမှာ လူတော်တွေ အများကြီး ရှိနေပေမယ့် ခင်ဗျားကိုမှ ရွေးခိုင်းရတာ အကြောင်းတခု ရှိနေလို့ပဲ'

ခြေကျိုး၏ စကားက ထူးဆန်းလှသည်။

ကျင်းစွမ်းဖုန်းက အံ့သြသွားပြီး........

'ဘယ်လိုအကြောင်း ရှိနေလို့လဲဗျ'

ခြေကျိုးက အေးတိအေးစက်ဖြင့်........

'အရောင် ခုနစ်မျိုးကို ခင်ဗျား သိသလား'

ဟူသော မေးခွန်းတခုကို ဖြတ်ကနဲ ကောက်မေးလိုက်၏။

သူ၏စကား ကြားလိုက်ရသောအခါ ကျင်းစွမ်းဖုန်း၏ မျက်နှာမှာ လေးနက်တည်ကြည်သွားသည်။

သူသည် ခြေကျိုး၏မျက်နှာအား စူးရှစွာ တချက်ကြည့်လိုက်ပြီး........

'ရောင်စဉ်တန်းသိုင်းသမား ခုနစ်ယောက်ကို ပြောတာလားဗျ'

ခြေကျိုးက ခေါင်းကို ဆတ်ကနဲ ညိတ်ပြကာ........

'ဟုတ်တယ်'

ကျင်းစွမ်းဖုန်းက မျက်မှောင်ကုပ်လိုက်ပြီး....

'သူတို့က ဒီကိစ္စနဲ့ ဘယ်လိုပတ်သက်နေလို့လဲ'

ခြေကျိုး၏ မျက်နှာပေါ်တွင် စိုးရိမ်ပူပန်သည့်အရိပ်အရောင်များ ထွက်ပေါ်လာ၏။

'သူတို့ ဒီကိစ္စကို ရိပ်စားမိသွားကြတယ်ဗျ'

'အဲဒီတော့'

'ဒီတော့ သူတို့ ခုနစ်ယောက်က အတွင်းဝန် ဥုဝေ ရဲ့စာကို ကျင်းနိုင်ငံ ကိုယ်စားလှယ်လက်ထဲ မရောက်အောင် နည်းမျိုးစုံနဲ့ ဟန့်တားကြလိမ့်မယ်'

ခြေကျိုး ဆိုလိုသည့် အဓိပ္ပာယ်မှာ ဥုဝေနှင့် သူတို့၏ မကောင်းမှုလုပ်ရပ်အား ဖျက်ဆီးမည့်သူများရှိနေသည်ဟူသော အဓိပ္ပာယ်ပင်ဖြစ်၏။ ကျင်းစွမ်းဖုန်းကမူ ဝမ်းသာသွားလေသည်။

သိုင်းလောကတွင် တိုင်းပြည်နှင့် လူမျိုးအပေါ် သစ္စာ ဖောက်သည့် ကိုယ်ကျိုးရှာ သိုင်းသမားများ ရှိနေကြသကဲ့သို့ တိုင်းပြည်နှင့်လူမျိုးအတွက် အသက်စွန့်ကြိုးပမ်း ကာကွယ်လို သည့် အဖြူရောင် သိုင်းသမားများကလည်း ရှိနေသေးသည် မဟုတ်ပါလော။

ခြေကျိုးက စကားဆက်လိုက်သည်။

'ရောင်စဉ်တန်းသိုင်းသမား ခုနစ်ယောက်ကိုယှဉ်ပြိုင်နိုင်တဲ့သူ ဆိုလို့ သိုင်းလောကမှာ ခင်ဗျားတယောက်ကိုပဲ ကျုပ်တို့မြင် တယ်၊ ဒါကြောင့် ခင်ဗျားကိုရအောင် ဖြစ်တဲ့နည်းနဲ့ ကြိုးစား လိုက်ရတာပါဗျာ'

ခြေကျိုးကတော့ အပိုင်ပင်တွက်ဆပြီး တိကျစွာ ပြောဆို နေလေပြီ။



ကျင်းစွမ်းဖုန်းက သက်ပြင်းတချက် ချလိုက်ပြီး........

'တကယ်လို့ ကျုပ်က သူတို့ကို လွတ်အောင်မရှောင်နိုင်ခဲ့ယင် ကော'

ခြေကျိုးကမည်သည့်ခံစားချက်မျှမရှိသောမျက်နှာပေးဖြင့်–

'ခင်ဗျားရဲ့ အမေကို ဘယ်တော့မှ တွေ့နိုင်တော့မှာ မဟုတ် ပါဘူးဗျာ'

ထိုစကားကြောင့် ကျင်းစွမ်းဖုန်းက ပါးစပ်ပိတ်သွားရလေ တော့သည်။ ခြေကျိုးက ကျင်းစွမ်းဖုန်းအား တချက်အကဲခတ် ကြည့်လိုက်သည်။

ပြီးတော့....

'ခင်ဗျား သဘောတူပြီလား'

ကျင်းစွမ်းဖုန်းက ပခုံးတချက်တွန့်လိုက်သည်။

သူ့ နှုတ်မှလည်း မသက်မသာဖြင့်....

'ကျုပ်က သဘောမတူဘူးဆိုယင်လည်း ခင်ဗျားတို့က ကျုပ်ကို ခွင့်လွှတ်နိုင်မှာမှ မဟုတ်ပဲ'

ခြေကျိုးက သဘောကျစွာ ပြုံးလိုက်ပြီး....

'ခင်ဗျား လက်ခံလိုက်ပြီပေါ့'

ကျင်းစွမ်းဖုန်းက ဒုတိယအကြိမ် ပါးစပ်ပိတ်ထားလိုက်လေ သည်။

ခြေကျိုးက နားပင်းနှင့် မျက်မမြင်တို့အား တချက်ဝေ့ ကြည့်လိုက်၏။

ပြီးတော့ သူ၏ ထင်မြင်ချက်ကို ထုတ်ဖော်ပြောဆိုလိုက်၏။

'ဒီတခါလောက် လွယ်ကူတဲ့အလုပ် ကျုပ်တို့ တခါမှ လက်မခံခဲ့ဖူးသေးဘူးဗျ'

နားပင်းက ပြုံးလိုက်သည်။

'ဘာပဲဖြစ်ဖြစ် သူလက်ခံလိုက်တဲ့အတွက်ကျုပ်တို့အများကြီး သက်သာသွားပြီပေါ့ဗျာ'

သူသည် ယင်းသို့ ပြောပြီးသည်နှင့် ကျင်းစွမ်းဖုန်းဘက်သို့ လှည့်လိုက်သည်။

ပြီးတော့ ညွှန်ကြားချက် ပေးလိုက်၏။

'မြို့ရဲ့ တောင်ဘက် တံခါးပေါက်အနီးမှာရှိတဲ့ သူတော်ကောင်း ဘုံကျောင်းကိုသွားပါ၊ အဲဒီမှာ လူတယောက်က ခင်ဗျားကို စောင့်နေပါလိမ့်မယ်'

ကျင်းစွမ်းဖုန်းက မျက်မှောင်ကုပ်သွားပြီး....

'ဒီလူကို ကျုပ် ဘာဖြစ်လို့ သွားတွေ့ရမှာလဲ'

နားပင်းက ကျင်းစွမ်းဖုန်း၏မျက်နှာကိုစေ့စေ့ကြည့်ကာ-

'သူက ခင်ဗျားကို အတွင်းဝန် ဂူဝေနဲ့ စာပေးလိုက်ပါလိမ့်မယ်၊ နောက်ပြီး ကျင်းနိုင်ငံ ကိုယ်စားလှယ်နဲ့ ဘယ်မှာသွားပြီး ဆက်သွယ်ရမယ်ဆိုတာလဲ ပြောပြပါလိမ့်မယ်'

ကျင်းစွမ်းဖုန်းကား တွေဝေသွားဟန်ဖြင့်........

'ခင်ဗျားတို့ ကျုပ်ကို လိုက်မပို့ကြဘူးလား'

ခြေကျိုးက ခေါင်းခါယမ်းပြလိုက်သည်။

'ကျုပ်တို့ တာဝန်က ပြီးဆုံးသွားပါပြီ'



ကျင်းစွမ်းဖုန်းက စိတ်ညစ်ဟန်ဖြင့် မျက်နှာရှုံ့မဲ့သွားတော့သည်။

နားပင်းက သဘောကျစွာ ပြုံးလိုက်ပြီး....

'ကျုပ်တို့ကို ခင်ဗျားနဲ့ ဆွေးနွေးဖို့ငှားရမ်းထားတာပါဗျာ၊ ခင်ဗျားက လက်ခံလိုက်တာနဲ့ ကျုပ်တို့တာဝန် ပြီးဆုံးသွားပါပြီ'

သူသည်ပြောယင်း ခြေကျိုးဘက်သို့လှည့်လိုက်ကာ....

'ကျုပ်တို့အတွက်ရတဲ့ငွေကို တနေရာမှာသွားပြီး သုံးဖြုန်းရအုံးမယ်ဗျ၊ ဒါကြောင့် ခင်ဗျားကို လိုက်မပို့နိုင်တာ ဝမ်းနည်းပါတယ်ဗျာ'

သူသည် ပြောပြီးသည်နှင့် သဘောကျစွာ ရယ်မောလိုက်လေသည်။

'ဟား........ဟား........ဟား'

သူနည်းတူပင် ခြေကျိုးကလည်း သဘောကျစွာဖြင့် ရယ်မောလိုက်၏။

ကျင်းစွမ်းဖုန်းက မဲ့ပြုံးပြုံးလိုက်ပြီး........

'ခင်ဗျားတို့ကို ခေတ္တခဏသာ ငှားရမ်းအသုံးပြုတာ ဟုတ်လား'

ခြေကျိုးက ခေါင်းညိတ်ပြလိုက်၏။

'ဟုတ်တယ်'

'တကယ်လို့သာ ကျုပ်က ဒီကိစ္စကို လက်မခံခဲ့ဘူးဆိုယင်ကော'

ခြေကျိုးက ရယ်မောရာမှ ရပ်တန့်လိုက်ပြီး အေးစက်စက် ဖြင့်........

'ကျုပ်တို့ တာဝန်က ခင်ဗျား လက်ခံယင်တော့ အေးအေး ချမ်းချမ်းနဲ့ ပြီးဆုံးသွားမှာပေါ့ဗျာ ခင်ဗျားကသာ လက် မခံယင်...'

သူသည် စကားကို ပိုပြီး လေးနက်စေလိုဟန်ဖြင့် ဖြတ်ထား လိုက်သည်။ ပြီးတော့ ကျင်းစွမ်းဖုန်းအား စူးရှစွာ ကြည့်လိုက် ပြီး........

'ခင်ဗျားကို နှုတ်ပိတ် ပစ်လိုက်ရုံပေါ့ဗျာ'

'ဟား–ဟား–ဟား'

ထိုရယ်သံမှာ ခြေကျိုးတို့ထံမှထွက်ပေါ်လာခြင်းမဟုတ်ပါ။ ယခုတကြိမ် ကျင်းစွမ်းဖုန်းက သဘောကျစွာ ရယ်မောလိုက် ခြင်း ဖြစ်လေသည်။

ကျင်းစွမ်းဖုန်း၏ ရယ်သံက သဘောကျဟန် တဝက် လှောင် ပြောင် သရော်လိုဟန်တဝက် ရောစွက်ပါဝင်နေ၏။

ခြေကျိုးက မျက်မှောင်ကုပ်သွားပြီး........

'ခင်ဗျား ဘာရယ်တာလဲ'

ဟု မကျေမနပ် လှမ်းမေးလိုက်၏။

ကျင်းစွမ်းဖုန်းက အားရပါးရ ရယ်မောလျက်........

'ကျုပ်သဘောကျလို့ပါဗျာ'

ခြေကျိုးမှာ မည်သို့မျှ မပြောတတ်တော့ပဲ ပါးစပ်ပိတ်ထား လိုက်ရ၏။



ကျင်းစွမ်းဖုန်းက စကားဆက်လိုက်ပြန်၏။

'ခင်ဗျားတို့တာဝန် ပြီးဆုံးသွားပြီဆိုတော့ ဒီကိစ္စနဲ့ဘယ်လိုမှ မပတ်သက်တော့ဘူးပေါ့'

ခြေကျိုးက ခေါင်းညိတ်လိုက်ပြီး........

'ဟုတ်တယ်'

ကျင်းစွမ်းဖုန်းက ရုတ်တရက်ရယ်မောရာမှရပ်တန့်လိုက်ကာ–

'ဒီတော့ ခင်ဗျားတို့ကို ကျုပ် သတ်ပစ်လိုက်မယ် ဆိုယင်လဲ ခင်ဗျားတို့ အလုပ်ရှင်က ကျုပ်ကို အပြစ်တင်မှာ မဟုတ်ဘူး ထင်တယ်'

သူ၏စကား ကြားလိုက်ရသောအခါ ခြေကျိုး၊ နားပင်းနှင့် မျက်မမြင်တို့မှာ မျက်နှာများ ကွက်ကနဲ ပျက်သွားကြလေသည်။

ခြေကျိုးက ကျင်းစွမ်းဖုန်းအား စိုက်ကြည့်လိုက်ပြီး ခံပြင်း သော လေသံဖြင့်–

'ခင်ဗျားက အတွင်းဝန် ဂူဝေရဲ့စာကို ပို့ပေးဖို့ လက်ခံ လိုက်ပြီဆိုယင် ကျုပ်တို့ကို သတ်ပစ်လိုက်လည်း အကြောင်း တော့ပါဘူးဗျာ၊ ဒါပေမယ့်–'

ခြေကျိုး၏ စကား မဆုံးခင်မှာပင် ကျင်းစွမ်းဖုန်းကဖြတ် မေးလိုက်ပြန်၏။

'ခင်ဗျားတို့ကို ကျုပ် မသတ်ပစ်နိုင်ဘူးလို့ ထင်နေသလား'

ခြေကျိုးက ဒေါသကြီးစွာဖြင့်–

'ကျုပ်တို့ကို လွယ်လွယ်နဲ့သတ်လို့ ရမယ်ထင်ယင် ခင်ဗျား မှားသွားမှာပေါ့'

ဟု ပြန်လည်အော်ဟစ် ပြောဆိုလိုက်၏။

ကျင်းစွမ်းဖုန်းက အေးတိအေးစက်ဖြင့်-

'စိတ်ချ ခင်ဗျားတို့ကသာ ကျုပ်ရဲ့ အသည်းကွဲဓါးကို မြ
လိုက်ရယင် ဒီလိုပြောနိုင်တော့မှာ မဟုတ်ပါဘူးဗျာ'
ဟု တလုံးချင်း ပြောချလိုက်လေတော့သည်။

ခြေကျိုးနှင့်သူ့အဖွဲ့သားနှစ်ယောက်မှာမူ တဦးမျက်နှာတဦး
လှမ်းကြည့်ကာ သက်ပြင်းကိုယ်စီ ချလိုက်မိကြလေတော့၏။

* * *

( ၉ )

တဟူးဟူး အော်သံမြည်လျက် အရှိန်ပြင်းစွာ တိုက်ခတ်နေ
သော လေက ရုတ်တရက် ရပ်တန့်သွား၏။

ကြောက်မက်ဖွယ် ကောင်းအောင်ပင် ရုတ်ခြည်း ရပ်တန်
သွားခြင်း ဖြစ်လေသည်။ ပတ်ဝန်းကျင်တခုလုံး တစပြင်လို ဖြ
လာတော့သည်။ အရှိန်ပြင်းစွာတိုက်ခတ်နေသော လေပြင်းမျာ
က ရုတ်တရက် ငြိမ်ကျသွားသည်နှင့်တပြိုင်နက် ဝန်းကျင်တခုလုံ
မှာ ချောက်ချားဖွယ် တိတ်ဆိတ်ငြိမ်သက်သွား၏။ ကြော
စရာ ငြိမ်သက်တိတ်ဆိတ်မှုသည် ပတ်ဝန်းကျင်တဝိုက်အား ကျ
ပြန့်စွာ ခြိမ်းခြောက်နေသည်။ လေပြင်း တိုက်ခတ်မှုများ ရု
တရက် ရပ်ဆိုင်းသွားပြီး ဝန်းကျင်တခုလုံး တိတ်ဆိတ်ငြိမ်သ
သွားသည့် အခိုက်အတန့်မှာပင်....



'ချလွင်.......'

ရုတ်တရက် ညသရဲ စားသောက်ဆိုင် အတွင်းဘက်မှ ခြူသံ
တချက် ခပ်လွင်လွင် ကြားလိုက်ရ၏။

သို့သော် ခြူသံမှာ ကျယ်လောင်ခြင်း မရှိပါ။

တိတ်ဆိတ်နေသော ညဥ့်ယံအတွင်း ရုတ်တရက် ထွက်ပေါ်
လာခြင်း ဖြစ်သည့်အတွက် ကြားလိုက်ရသူများ အဖို့ ကြက်သီး
ထသွားစေလောက်ပေသည်။

ပါးလျားသော သတ္တုပြားတခု လေတိုးသံကြောင့် ထွက်
ပေါ်လာသည်နှင့် ခပ်ဆင်ဆင် တူနေသော ခြူသံမှာ ပထမ
အကြိမ် ထွက်ပေါ်လာပြီး မရှေးမနှောင်းမှာပင်—

'ချလွင်— ချလွင်........'

ဟု ထပ်မံ ထွက်ပေါ်လာပြန်၏။

ထို့နောက် ည၏အမှောင်ထုအောက်၌ ညသရဲစားသောက်
ဆိုင်မှ မည်သည့်အသံဗလံမျှ ထွက်ပေါ်မလာတော့ပဲ တိတ်ဆိတ်
သွားလေသည်။

အချိန်အတန်ကြာသွားသည်အထိ ပြန်လည် တိတ်ဆိတ်သွား
ခြင်း ဖြစ်၏။

ခြူသံထွက်ပေါ်လာပြီးနောက် အတန်ကြာ တိတ်ဆိတ်သွား
ပြီးမှ လေက အရှေ့ဘက်ထောင့်မှစတင်၍ ဖြည်းဖြည်း ပြန်လည်
တိုက်ခတ်လာသည်။ လေတိုက်ခတ်မှုသည် ပထမ နွေးထွေးနေ
သော်လည်း နောက်ပိုင်း တစထက်တစ လျင်မြန်လာကာ တဝီဝီ
အော်မြည်လာလေသည်။

နောက်ဆုံး ဝန်းကျင်တခုလုံး၏တိတ်ဆိတ်မှုများ ရုတ်တရက် ပျောက်သွားကာ လေပြင်းတိုက်ခတ်သံများက ဝန်းကျင်တခုလုံးသို့ လွှမ်းခြုံသွားလေတော့သည်။

ညသည်–ဝုန်းဒိုင်းကျဲမျှ ပြင်းထန်စွာ တိုက်ခတ်လိုက်သော လေသံနှင့်အတူ အရုပ်ဆိုး အကျည်းတန်နေလေသည်။

* * *

# အ ရှုး

## ( ၁ )

အရူး........

အရူးဆိုသော စကားမှာ စကားလုံးနှစ်လုံးမျှသာ ရှိနေသော်လည်း အဓိပ္ပာယ်အား ဖွင့်ဆို၍ မကုန်နိုင်လောက်အောင်ပင် များပြားလှပေသည်။

အချို့က မိမိ၏ ချမ်းသာကြွယ်ဝသော ဓနဥစ္စာပစ္စည်းများ ကုန်ဆုံး လျော့ပါးသွားမည့်အရေးနှင့် ခိုးသူ၊ ဒမြများ၏ ရန်မှ ကာကွယ်နိုင်ရန်အတွက် နေ့စဉ်နှင့်အမျှ စိုးရိမ် ပူပန် နေကြရသည်မှာလည်း အရူးတမျိုး ဖြစ်၏။ အချို့က ရာထူးအာဏာအတွက်သော် လည်းကောင်း၊ အချို့က ကျော်ကြားမှု အတွက်သော် လည်းကောင်း စသည်စသည်ဖြင့် အမှန်တကယ် ဦးနှောက်ပျက်စီး မမှန် ရူးသွပ်နေကြခြင်း မဟုတ်ပဲ ရူးနေကြသူများလည်း ရှိနေ၏။

ဆိုရလျှင် လူတိုင်းလိုလိုသည် တနည်းမဟုတ်တနည်း ရူးသွပ်နေ သည်သာ မဟုတ်ပါလော။ မည်သို့ဆိုစေ လူတို့၏ စိတ်သည်

ပုံမှန်အနေအထားမှလွန်ကဲသောစိတ်ဆန္ဒများဖြစ်ပေါ်လာသော အခါ ရူးနေသကဲ့သို့ ဖြစ်ပေါ်ခံစားနေကြရသည်ဟု သတ်မှတ် နိုင်သည် မဟုတ်ပါလော....။

ထိုနည်းတူ လူတယောက်သည် မိမိတတ်မြောက်ထားသည့် သိုင်းပညာ၏ အစွမ်းထက်မြက်မှုကို သိလိုသောကြောင့် သိုင်း လောကမှ နာမည်ကျော်ကြားလျက်ရှိသော သိုင်းပညာရှင်များ အား တယောက်ပြီးတယောက် စိန်ခေါ်တိုက်ခိုက်နေသည်ဟု ဆိုလျှင် ထိုလူအားလည်း ရူးသွပ်နေသော လူတယောက်အဖြစ် သတ်မှတ်သင့်သည်ထင်၏။ ထိုကဲ့သို့ လူစားမျိုးအား အရူး တယောက်အဖြစ် သတ်မှတ်မည်ဆိုလျှင် 'ယန့်' အမျိုးအနွယ်မှ ယန့်ကျဲ့မုမှာလည်း အရူးတယောက်ပင် ဖြစ်ရပေမည်။

အကြောင်းမှာ ယန့်ကျဲ့မု သည် သုံးနှစ်တာကာလအတွင်း သိုင်းလောကမှ ထိပ်သီးသိုင်းသမား ဆယ့်နှစ်ယောက်တိတိအား ယှဉ်ပြိုင် တိုက်ခိုက်ခဲ့သည် မဟုတ်ပါလော—။

တကယ်ဆိုတော့–ယင်းထိပ်သီးသိုင်းသမား ဆယ့်နှစ်ယောက် သည် တရုတ်ပြည် နေရာအနှံ့အပြားမှ ကိုယ့်နယ်နှင့်ကိုယ် အထင်ကရ ကျော်ကြားနေကြသော သိုင်းသမားများဖြစ်ကြ၏။

သို့သော် အရူးနှင့်တူသော ယန့်ကျဲ့မုက တယောက်ပြီး တယောက် လိုက်လံရှာဖွေကာ သိုင်းပညာယှဉ်ပြိုင် အနိုင်ယူခဲ့၏။

ထို့ကြောင့် အချို့မှာ ဒဏ်ရာပြင်းထန်စွာ ရရှိသွားပြီး အချို့မှာ သိုင်းများ အသုံးပြု၍ မရလောက်အောင်ပင် ဖြစ် သွားကြ၏။



ထိုထက်ပို၍ ဆိုးရွားသည်မှာ အချို့ထိပ်သီးသိုင်းပညာရှင် များမှာ ယန့်ကျဲ့မုနှင့် သိုင်းပညာ ယှဉ်ပြိုင် တိုက်ခိုက်ယင်း သေဆုံးသွားကြခြင်းပင်ဖြစ်၏။

ဤသို့ဖြင့် သိုင်းလောကမှ ထိပ်သီးသိုင်းပညာရှင် ဆယ့် နှစ်ယောက်သည် အမည်ဂုဏ်သိက္ခာများ ကျဆင်းသွားသည် နှင့်အမျှ ယန့်ကျဲ့မု၏ အမည်မှာ သိုင်းလောကတွင် ဟိုးလေး တကျော်ဖြစ်ခဲ့ရလေသည်။

သို့သော် ထူးဆန်းစွာပင်........

ယန့်ကျဲ့မုသည် သိုင်းလောက၏ထိပ်သီး သိုင်းသမား တယောက်ဘဝသို့ ခံယူခြင်း မရှိပါ။

ထို့အပြင် ဂုဏ်သိက္ခာ အမည်ကျော်ကြားခြင်းကိုလည်း စိုးစဉ်းမျှပင် စိတ်ဝင်စားခြင်း မရှိပါချေ။ ယန့်ကျဲ့မု စိတ် ဝင်စားသည်မှာ လောကပေါ်တွင် တခုတည်းသာ ရှိနေ၏။

ယင်းမှာ အစွမ်းထက်မြက်ပြီး ပြိုင်ဘက်ကင်းသော သိုင်း ပညာသာ ဖြစ်ပါသည်။

ထို့ကြောင့် ယန့်ကျဲ့မုသည် ခြေသလုံးအိမ်တိုင် လူ တယောက်အဖြစ် သိုင်းလောကသို့ လှည့်လည်သွားလာကာ သိုင်းပညာထိပ်တန်းအဆင့်သို့ ရောက်ရှိနေသူများနှင့် တယောက် ပြီး တယောက် ထပ်မံစိန်ခေါ်ကာ ယှဉ်ပြိုင်ခဲ့လေသည်။

ယန့်ကျဲ့မု၏ စိန်ခေါ်ခြင်းကို ခံလိုက်ရသော သိုင်းသမား တယောက်သည် ကြမ္မာဆိုးနှင့် ရင်ဆိုင်ကြုံတွေ့လိုက်ရသူကဲ့သို့ ဖြစ်သွားရမည်မှာ သေချာလှသည်။

အကြောင်းမှာ ယန့်ကျဲ့မု ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ကြသည့် သိုင်းသမားများမှာ ယန့်ကျဲ့မုအား မည်သို့မျှ မယှဉ်ပြိုင်နိုင်ပဲ တယောက်မကျန် ရှုံးနိမ့်သွားကြခြင်းပင် ဖြစ်ပါသည်။

သို့သော် ယန့်ကျဲ့မုက စိတ်ကျေနပ်မှု မရှိသေးပါချေ။

သူအား အနိုင်ယူနိုင်သည့် သိုင်းပညာရှင်နှင့် မတွေ့မချင်း လိုက်လံ၍ သိုင်းပညာများ ယှဉ်ပြိုင်နေဦးမည်သာ ဖြစ်ပါသည်။

သုံးနှစ်........

သုံးနှစ်ဆိုသော အချိန်ကာလမှာ ရှည်လျားလွန်းသည်ဟု မဆိုသာသလို တိုလွန်းသည်ဟုလည်း မပြောနိုင်ပါ။

သို့သော် သုံးနှစ်ဆိုသော အချိန်ကာလသို့ ရောက်ရှိလာသောအခါ ယန့်ကျဲ့မုနှင့် သိုင်းပညာယှဉ်ပြိုင်ရန် သိုင်းလောကဠ် ထိပ်သီးသိုင်းသမား လက်တဆုပ်စာမျှသာ ကျန်ရစ်ခဲ့လေတော့သည်။

ထိုလက်တဆုပ်စာ လူစုများအနက် အသည်းကွဲခေါင်းပိုင်ရှင် ကျင်းစွမ်းဖုန်း၏ အမည်မှာ ထိပ်ဆုံးမှ ပါဝင်နေ၏။

ထို့ကြောင့် ယန့်ကျဲ့မုက ကျင်းစွမ်းဖုန်းနှင့် သိုင်းပညာ ယှဉ်ပြိုင်တိုက်ခိုက်ရန် တောင်ကြားမြို့ကလေးသို့ ရောက်ရှိလာပြီ ဖြစ်သည်။

ဤယန့်ကျဲ့မုနှင့် ကျင်းစွမ်းဖုန်းတို့ ယှဉ်ပြိုင် တိုက်ခိုက်လျှင် မည်သူက အသာရရှိပါမည်နည်း။

ယင်းမေးခွန်းအတွက် အဖြေမှာ မှန်းဆရုံဖြင့် လုံလောက်မည် မဟုတ်ပါချေ။ အဘယ်ကြောင့်ဆိုသော်–



ယန့်ကျဲ့မု၏ ဓားပညာသည် ကြောက်မက်ဖွယ် ကောင်းလောက်အောင်ပင် အစွမ်းထက်မြက်နေသကဲ့သို့ ကျင်းစွမ်းဖုန်း၏ အသည်းကွဲဓား မှာလည်း ယနေ့တိုင် ပြိုင်ဘက်ကင်းမဲ့နေခဲ့သည် မဟုတ်ပါလော။

မည်သို့ဆိုစေ....ယန့်ကျဲ့မုနှင့် ကျင်းစွမ်းဖုန်းတို့၏ ယှဉ်ပြိုင်တိုက်ပွဲသည် ပွဲကြီးပွဲကောင်းတခု ဖြစ်လာလိမ့်မည်ဟု သိုင်းလောကသားများက ယုံကြည်ထားကြလေသည်။

သို့သော် ကြုံတောင့်ကြုံခဲထိပ်သီး သိုင်းပညာယှဉ်ပြိုင်ပွဲအား မည်သူကမျှ လာရောက်ကြည့်ရှုရန် မဝံ့ရဲကြပါချေ။

အကြောင်းမှာ ကျင်းစွမ်းဖုန်းနှင့် ယန့်ကျဲ့တို့ နှစ်ယောက်မှာ အလွန်ကြောက်စရာကောင်းသည့်လူများ ဖြစ်နေကြခြင်းကြောင့်ပင် ဖြစ်၏။

ယခု ယန့်ကျဲ့မုက ကျင်းစွမ်းဖုန်းအား ရှာဖွေရန် တောင်ကြားမြို့ကလေးသို့ ရောက်ရှိလာပြီဖြစ်သည်။

ကျင်းစွမ်းဖုန်းက မည်သည့်နေရာသို့ ရောက်ရှိနေပါသနည်း။

ယကျဲန့်မုမှာ တောင်ကြားမြို့ကလေးအတွင်း မြေလှန်ရှာဖွေနေပြီ ဖြစ်ပါသည်။

ကျင်းစွမ်းဖုန်း........ဘယ်မှာလဲ။

* * *

( ၂ )

လေသည် တဟူးဟူး တိုက်ခတ်နေ၏။

လေတိုက်သံမှတပါး အရာအားလုံးမှာ တိတ်ဆိတ်ငြိမ်
သက်လျက်....။

တောင်ကြားမြို့တမြို့လုံးမှာ တိတ်ဆိတ်နေပြီး လမ်းမပေါ်
တွင် လေလွင့်နေသော ခွေးများပင် မတွေ့ရပါချေ။

လေပြင်းနှင့်အတူ အမှိုက်သရိုက်များ၊ သဲမှုန်များမှာလည်း
ပလူပျံအောင်ပင် လွင့်ပါနေကြ၏။

လေပြင်းနှင့်အတူ ပါလာသော သဲမှုန်များက မျက်နှာ
ပေါ်သို့ ကျရောက်လာသောအခါ မျက်စိများပင် ကျိန်းစပ်
သွားပြီး မျက်နှာတခုလုံး ပူစပ်ပူလောင် ဖြစ်လာသည်ဟုခံစား
လိုက်ရ၏။

ပြင်းထန်သောလေ၏ . သယ်ဆောင်မှုဖြင့် အရှိန်ပြင်းစွာ
လွင့်စင်လာသော သဲမှုန်များ၏ဒဏ်ကို မျက်စိများ မှေးစင်းပြီ
ခေါင်းငိုက်စိုက်ချကာ ကာကွယ်နေရမည်ဖြစ်သည်။

ထို့အပြင် ညဉ့်နက်လာသည်နှင့်အမျှ အရိုးကွဲအောင် ချမ်
စိမ့်သည့် အအေးဒဏ်ကလည်း နှိပ်စက်လာလေသည်။

ထို့ကြောင့် တောင်ကြား မြို့သူမြို့သားများမှာ လမ်းမပေါ်
တွင် လမ်းလျှောက်ဖို့ မဆိုထားနှင့် အိပ်ရာထက်မှပင် ထကြမည်
မဟုတ်ပါချေ။



သို့ရာတွင်.... အရှိန်ပြင်းစွာ တိုက်ခတ်နေသော လေပြင်း
အကြား မသဲမကွဲ ည အမှောင်ထုအောက်တွင် လူတယောက်
အအေးဒဏ်ကို ကြံ့ကြံ့ခံကာ မင်းလမ်းမအတိုင်း လျှောက်လာ
နေ၏။ ထိုလူသည် မျက်နှာပေါ်သို့ သဲမှုန်များလာရောက် ထိမှန်
သည့် အန္တရာယ်မှ ကာကွယ်နိုင်ရန် ခမောက်ကို ခပ်ငိုက်ငိုက်
ဆောင်းထားပြီးခေါင်းငုံ့ကာ လျှောက်လာနေခြင်း ဖြစ်သည်။
သို့သော် ခြေလှမ်းတချက်တလေမျှ မှားယွင်းသွားခြင်း မရှိပဲ
ကျောက်တောင်ကြီး တခုပမာ ကြံ့ကြံ့ခံ လျှောက်လှမ်းနေ
လေသည်။
ယခု ညသရဲ စားသောက်ဆိုင်သည် အဝေး၌ ကျန်ရစ်ခဲ့ပြီ
ဖြစ်သည်။
ညသရဲ စားသောက်ဆိုင်မှ ထွန်းညှိထားသော မီးရောင်များ
ပင် မတွေ့မြင်ရပါတော့ချေ။
အမှန်တော့– ခမောက်ဆောင်းထားသော ဤသူမှာ ညသရဲ
စားသောက်ဆိုင်မှ ထွက်လာခဲ့သော လူရွယ်ဖြစ်၏။
အမှန်စင်စစ်– ထိုသူမှာ 'အရှူး' ဟု သိုင်းလောကသားများက
သတ်မှတ်ထားသည့်ယန့်ကျဲ့မု ဖြစ်နေလေသည်။
ယန့်ကျဲ့မုက ညသရဲ စားသောက်ဆိုင်မှ ထွက်ခွာလာခဲ့ပြီး
တောင်ကြားမြို့ကလေးအတွင်း ဦးတည်ရာမဲ့ လျှောက်လှမ်းသွား
နေ၏။

သူက ကျင်းစွမ်းဖုန်း တောင်ကြားမြို့ကလေးသို့ ရောက်လာ
လိမ့်မည်ကို သိထားပြီး ဖြစ်သောကြောင့် တွေ့လိုတွေ့ငြား မရေ
ရာသော ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ လိုက်ရှာနေခြင်းဖြစ်သည်။

သူ ယခုကဲ့သို့ ပြုမူနေသည်မှာ အလွန်ပင် အဓိပ္ပာယ် ကင်းမဲ့နေကြောင်းကို သူက သတိပြုမိထားလေသည်။

သို့သော် ညသရဲ စားသောက်ဆိုင်သို့ လူမမာနှင့်တူသော လူက ရောက်ရှိလာသောအခါ သူသည် ညသရဲ စားသောက်ဆိုင်အတွင်း ဆက်လက်နေလိုသော ဆန္ဒ မရှိတော့ပါချေ။ အကြောင်းမှာ လူခပ်များများ ရှိနေသည့်နေရာသို့ကျင်းစွမ်းဖုန်းက လာရောက်လိမ့်မည် မဟုတ်ဟု သူကယူဆထားသည် မဟုတ်ပါလော....။

ကျင်းစွမ်းဖုန်းအား ယခုအချိန်ထိမြင် တွေ့ဖူးသူ တယောက်တလေမျှမရှိသေးသောကြောင့် ကျင်းစွမ်းဖုန်းက လူခပ်များများရှိသောနေရာသို့ သူ၏မျက်နှာကို ဖော်ပြရန် လာရောက်လိမ့်မည် မဟုတ်ဟု ဆိုသော သူ၏ ယူဆချက်မှာ မှန်ကန် နေသည်ဟု သူ့ကိုယ်သူ ယုံကြည်လျက်ရှိ၏။

ကြိမ်ဖန်များစွာပင် သူ၏ ယုံကြည်ယူဆချက်များမှာ မှန်ကန်နေတတ်၏။ သို့သော် ယခုတကြိမ်တွင်မူ သူက အတွက်မှားသွားပြီ ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် သူ လုံး၀ မမျှော်လင့် ထားသည့် ကျင်းစွမ်းဖုန်းသည် ညသရဲ စားသောက်ဆိုင်သို့ ရောက်ရှိလာပြီ ဖြစ်သည်။

အကယ်၍သာ ကျင်းစွမ်းဖုန်းက ညသရဲစားသောက်ဆိုင်သို့ ရောက်ရှိနေသည်ကို သိရှိလိုက်ရပါမူ ယန့်ကျဲ့မုက ယခုကဲ့သို့ လမ်းလျှောက်နေနိုင်တော့မည် မဟုတ်ချေ။



သူသည် ညသရဲ စားသောက်ဆိုင်သို့ ဒုန်းစိုင်းပြန်ပြေးသွားမည်မှာ သေချာနေ၏။ ရုတ်တရက် ယန့်ကျဲ့မု၏ မျက်လုံးအစုံတွင် ထူးဆန်းသော အရိပ်အရောင်များ ထွက်ပေါ်လာ၏။

သူ၏ ခန္ဓာကိုယ်မှာလည်း ဆတ်ကနဲ တုန်ခါသွားသည်ဟု ထင်မှတ်လိုက်ရလေသည်။

ထို့နောက် သူသည် လျှောက်လှမ်းနေရာမှ ခြေအစုံကို တုံ့ကနဲ ရပ်ကာ နားစွင့်လိုက်သည်။

အကြောင်းမှာ.... တဟူးဟူးတိုက်ခတ်နေသော လေပြင်းများက ရုတ်တရက် ငြိမ်ကျသွား၏။

ဝန်းကျင်တခုလုံးမှာ တဒင်္ဂအချိန်အတွင်း ကြောက်မက်ဖွယ်ကောင်းအောင်ပင် တိတ်ဆိတ်သွားလေသည်။

ထိုအခိုက်အတန့်ကလေးမှာပင်—

'ချလွင်........ချလွင်........ချလွင်........'

ခပ်ဝေးဝေးဆီမှ မသဲမကွဲ ထွက်ပေါ်လာသော ခြူသံများအား ကြားလိုက်ရလေသည်။ ယန့်ကျဲ့မု၏ မျက်နှာပေါ်တွင် ထူးဆန်းသော အရိပ်အရောင်များ ဖြတ်သန်းထွက်ပေါ်လာ၏။

သို့သော် တဒင်္ဂမျှသာ ဖြစ်ပါသည်။

သူ၏မျက်နှာသည် သွေးရောင်ပင်မရှိသော လူသေတယောက်၏ မျက်နှာပမာ ဖြူဖပ်ဖြူရော် ပြန်ဖြစ်သွားကာ ခန္ဓာကိုယ်နောက်သို့ ချာကနဲလှည့်လိုက်ပြီး ပြေးလွှား ထွက်ခွာသွားလေသည်။

သူ ပြေးလွှားသွားနေသောလမ်းကလေး၏ အဆုံး၌ ညသရဲ စားသောက်ဆိုင်က ရှိနေ၏။

ယခုအခါတွင်.... အရူး(ဝါ) ယန့်ကျဲ့မုသည် ညသရဲ စားသောက်ဆိုင်သို့ ဦးတည်ပြေးလွှားသွားပြီ ဖြစ်ပါသည်။

အရူး(ဝါ) ယန့်ကျဲ့မုနှင့် ထူးဆန်းသော ဓားသိုင်းသမား ကျင်းစွမ်းဖုန်းတို့ ညသရဲ စားသောက်ဆိုင်၌ တွေ့ဆုံ သွားကြမည်လော....သို့မဟုတ်.....

ရှုတ်တရက်ငြိမ်ကျသွားသောလောက တဖြည်းဖြည်း ပြန်လည်တိုက်ခတ်လာလေတော့သည်။

* * *

( ၃ )

ညသရဲ စားသောက်ဆိုင်မှ မီးရောင်များသည် တံခါးပေါက်များ၊ ပြတင်းပေါက်များမှတဆင့် အပြင်ဘက်သို့ ထိုးကျနေ၏။ လေပြင်း တိုက်ခတ်မှုသည် စားသောက်ဆိုင် အတွင်းဘက်သို့ပင် ကျူးကျော်ဝင်ရောက်လျက်ရှိသောကြောင့် မီးအိမ်များမှ ဟိုမှ သည် ယိမ်းနွဲ့နေကြပြီး တံခါးဝတွင်ရပ်လျက်ရှိသော သူ၏အရိပ်မှာ ရှည်မျောမျောဖြစ်နေသည်ဟု ယန့်ကျဲ့မုက ထင်မှတ်လိုက်လေသည်။

ယခု သူက ညသရဲစားသောက်ဆိုင်သို့ ရောက်ရှိလာပြီ ဖြစ်သည်။



ညသရဲ စားသောက်ဆိုင်သို့ ရောက်ရှိလာသည်နှင့်တပြိုင်နက် အမှတ်မထင် ကြားခဲ့ရသော ခြူသံများမှာလည်း ပျောက်ကွယ်သွားပြီဖြစ်ကြောင်း သိရှိလိုက်ရလေသည်။ ခြူသံများ ပျောက်ကွယ် သွားပြီးမှ ယန့်ကျဲ့မုက ညသရဲ စားသောက်ဆိုင်သို့ ရောက်ရှိလာခဲ့သော်လည်း ခြူသံများကို ယခုတိုင် ကြားနေရသေးသည်ဟု ယန့်ကျဲ့မု၏ စိတ်ထဲ၌ ထင်မှတ်ထား၏။

သူကြားခဲ့ရသော ခြူသံသည် ကျင်းစွမ်းဖုန်း၏ကျော်ကြားလှသော အသည်းကွဲဓားမှ ခြူသံပင် ဖြစ်လေသည်။

ကျင်းစွမ်းဖုန်း၏ ဓားမှ ခြူသံကို ကြားလိုက်ရသော်လည်း ယန့်ကျဲ့မုမှာ ယခုအချိန်ထိတိုင် တစုံတရာ အန္တရာယ် တွေ့ကြုံရခြင်း မရှိသေးချေ။

သို့သော်.... ညသရဲ စားသောက်ဆိုင်ထဲသို့ ယန့်ကျဲ့မု ဝင်ရောက်လာသည့်အခါ လက်မရှည်မင်းသားလေးသုံးပါးမှာ ရင်ဝ၌ ဓားဒဏ်ရာဖြင့် လဲကျသေဆုံးနေသည်ကို တွေ့လိုက်ရလေသည်။

ယန့်ကျဲ့မုသည် လက်မရှည် မင်းသားလေး သုံးပါး အနီးသို့ လျှောက်သွားကာ ဒဏ်ရာကို စစ်ဆေးကြည့်လိုက်သည်။ ဒဏ်ရာမှာ ရင်ဝတည့်တည့်၌ရှိနေကြသည်။ ကျင်းစွမ်းဖုန်း၏လက်ချက်ဖြစ်ကြောင်း သံသယဖြစ်ဖွယ်မရှိချေ။ ဤမျှ တိကျသော ဓားချက်ကို သိုင်းလောက၌ ကျင်းစွမ်းဖုန်းတဦးတည်းသာ ထုတ်သုံးနိုင်သည်။ ထို့ကြောင့်လည်း ကျင်းစွမ်းဖုန်း၏ ဓားကို သိုင်းလောကသားက အသည်းကွဲ ဓားဟု တင်စားခေါ်ဝေါ်ကြခြင်းပင် ဖြစ်လေသည်။

ဒဏ်ရာမှ သွေးများသည် စိုထိုင်းနေဆဲဖြစ်၏။ မကြာသေးမီ ကမှ လုပ်ကြံခံရခြင်း ဖြစ်ကြောင်း ယန့်ကျဲ့မု နားလည် လိုက် သည်။

ယန့်ကျဲ့မု အံကိုတင်းတင်းကြိတ်လိုက်၏။

'မင်း ပြေးလို့လွတ်မယ်ထင်သလား'

ယန့်ကျဲ့မုသည် မကျေမနပ်ဖြင့် တကိုယ်တည်း ရေရွတ်လိုက် လေသည်။

* * *

ညသ၏ စားသောက်ဆိုင်တခုလုံးမှာ တိတ်ဆိတ်ခြင်းမက တိတ်ဆိတ်နေ၏။

စားပွဲကုလားထိုင်များ၊ ချိတ်ဆွဲထားသည့် မီးအိမ်များနှင့် လက်မရှိမင်းသားလေးသုံးပါး ရောက်ရှိလာသောကြောင့် မှာ ကြားထားပြီး အစားအသောက်များကို မစားနိုင်ပဲ ထွက်ခွာ သွားကြသဖြင့် ဤအတိုင်း ကျန်ရစ်ခဲ့သော အရက်အိုးများ၊ စားသောက်ဖွယ်ရာများမှာ နေရာမယွင်းပဲ သူ့နေရာနှင့်သူရှိနေ ကြလေသည်။

သို့သော် ယန့်ကျဲ့မု ထွက်ခွာသွားစဉ်က သက်ရှိထင်ရှားကျန် ရစ်ခဲ့ကြသော လက်မရှိမင်းသားလေး သုံးပါးမှာမူ အသွင် ပြောင်းလဲသွားကာ သေဆုံးသွားကြပြီ ဖြစ်ပါသည်။

သူတို့အား သတ်ဖြတ်ပစ်လိုက်သည့် လက်သည် တရားခံကား အသည်းကွဲဓားပိုင်ရှင် ကျင်းစွမ်းဖုန်းပင် ဖြစ်ပါ၏။



တကယ်ဆိုတော့.... ဒုက္ခိတ မင်းသားလေး သုံးပါးမှာ လူတိုင်းအော့ကြောလန်နေကြသော လူသုံးယောက်ဖြစ်သည်။

ထို့ကြောင့် ဒုက္ခိတမင်းသားလေး သုံးပါးအား သုတ်သင် ရှင်းလင်းပစ်လိုက်သည့် ကျင်းစွမ်းဖုန်းအား လူအများက ချီး ကျူးကျေးဇူးတင်ကြမည် ဖြစ်၏။

မည်သို့ဆိုစေ ကျင်းစွမ်းဖုန်းက သိုင်းလောကတွင် နာမည် ကျော်ကြားလျက် ရှိနေသော ဒုစရိုက်သမား လက်မရှိမင်းသား လေးသုံးပါးအား သုတ်သင်ရှင်းလင်း ပစ်လိုက်သောကြောင့် ယန့်ကျဲ့မုမှာ ကျင်းစွမ်းဖုန်းနှင့် သိုင်းပညာယှဉ်ပြိုင်တိုက်ခိုက်ရန် ပို၍ စိတ်ဝင်စားလာလေတော့သည်။ ထို့အပြင် ယန့်ကျဲ့မု အတွက် ကျင်းစွမ်းဖုန်း၏ဓားပညာအား တနည်းတဖုံ လေ့လာ နိုင်မည်မဟုတ်ပါလော....။

တကယ်ဆိုလျှင်.... ယန့်ကျဲ့မုသည် ခေသောလူတယောက် မဟုတ်ပါ။

ထို့ကြောင့် ကျင်းစွမ်းဖုန်းမှာ လက်မရှိမင်းသားလေးသုံး ပါးအား သတ်ပစ်လိုက်မိသည်မှာ အမှားတခုအား ကျူးလွန် လိုက်သကဲ့သို့ ရှိနေ၏။

တဘက်လူ၏ လူသတ်သောအခါ အသုံးပြုသည့် သိုင်းပညာ အား ရိပ်စားမိသွားပါက ထိုလူနှင့်ယှဉ်ပြိုင်တိုက်ခိုက်ရာတွင် မိမိ က တပန်းသာနေနိုင်သည် မဟုတ်ပါလော....။

သို့ဖြင့်....ယန့်ကျဲ့မုသည် ခြေကျိုး၊ မျက်မမြင်နှင့် နားပင်းတို့ သုံးယောက်အား တယောက်ချင်း သေချာစွာ အကဲခတ်ကြည့်ရှု လိုက်လေသည်။

ခြေကျိုးသည် ကြမ်းပြင်ပေါ်သို့ ပက်လက်လန် လဲကျနေပြီး ရင်ဝမှ ဓားဒဏ်ရာတချက်သာ ရှိနေ၏။

ထို့ကြောင့် ခြေကျိုးမှာ ကျင်းစွမ်းဖုန်း၏ ဓားချက်တချက်တည်းဖြင့် ကိစ္စတုံးသွားကြောင်း သိလာနိုင်ခဲ့လေသည်။

နားပင်းမှာမူ အရှောင်းကောင်တာပေါ်တွင် မှောက်လျက် လဲကျနေသည်။

ယန့်ကျဲ့မုသည် နားပင်း၏ ဦးခေါင်းအား မ၍ သေချာစွာ ကြည့်ရှုလိုက်သည်။ ဦးခေါင်းတွင် ဒဏ်ရာမရှိပါ။ သို့သော် ခြေကျိုးကဲ့သို့ပင် ရင်ဝတွင် ဓားဒဏ်ရာတချက်ရှိနေပြီး သွေးများ ကစီးကျနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ယန့်ကျဲ့မု မျက်မှောင်ကုပ်သွား၏။

သူသည် မည်သို့မျှ စဉ်းစားတွေးခေါ်၍ မရသည့်ဟန်ဖြင့် မျက်မမြင်ထံသို့ လျှောက်သွားပြန်လေသည်။

မျက်မမြင်မှာ ခြေကျိုးနှင့် မလှမ်းမကမ်းတွင် လဲကျနေ၏။

သူ၏ရင်ဝတွင်လည်း ဓားဒဏ်ရာတချက် ရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထူးဆန်းလှန်းပေစွ၊ လူသုံးယောက်စလုံးအား တချိန်တည်းတွင် တနေရာတည်း၌ ဓားချက်တချက်တည်းဖြင့် အသေသတ်ဖြတ်တိုက်ခိုက်သွားခြင်းများလား။

ယန့်ကျဲ့မုက မည်သို့မျှ စဉ်းစားမရသဖြင့် ဦးခေါင်းများပင် မူးနောက်လာသည်ဟု ထင်မှတ်လိုက်ရလေသည်။



ကျင်းစွမ်းဖုန်း မည်မျှပင် သိုင်းပညာ ထက်မြက်ပါစေ လက်မရှိ မင်းသားလေးသုံးပါးအား ဓားတချက်စီဖြင့် တပြိုင်နက် သုတ်သင်ပစ်ရန်မှာ မလွယ်ကူပါချေ။ ဒုက္ခိတမင်းသားလေးများမှာ အဆင့်မြင့်သိုင်းသမားဖြစ်ကြပြီး လက်မရှိ ဒုစရိုက်သမားများလည်းဖြစ်၏။ သူတို့အား လွယ်လွယ်ဖြင့် လုပ်ကြံနိုင်ရန် မဖြစ်နိုင်ချေ။

ကျင်းစွမ်းဖုန်းမှာ လက်နှစ်ဘက်ဖြင့် ဓားနှစ်ချောင်းကိုင်ကာ လူနှစ်ယောက်ထံသို့ တပြိုင်နက် တိုက်ခိုက်နိုင်သော်လည်း လူသုံးယောက်အတွက်မှာမူ မဖြစ်နိုင်ပါချေ။

ဤသို့ဆိုလျှင် ကျင်းစွမ်းဖုန်းသည် ဓားပျံကဲ့သို့ လက်နက်ပုန်းအား အသုံးချတတ်သည့် သိုင်းသမားတယောက် ဖြစ်နေခြင်းကြောင့်ပေလော။ ယန့်ကျဲ့မုအတွက် စဉ်းစားစရာများမှာ တပုံတပင်ကြီး ဖြစ်လာလေတော့၏။

မည်သို့ဆိုစေ ကျင်းစွမ်းဖုန်းနှင့် ယှဉ်ပြိုင်တိုက်ခိုက်မည်ဆိုလျှင် ကျင်းစွမ်းဖုန်းမှာ လျှပ်တပြက်အချိန်အတွင်း တပြိုင်နက်ဆိုသလို ဓားသုံးချောင်းထက်မနည်း အသုံးပြုနိုင်ကြောင်း သတိထားရမည်ဖြစ်လေသည်။

ဒုက္ခိတမင်းသားလေးသုံးပါး သေဆုံးသွားသည်ကို ကြည့်ရခြင်းဖြင့် သူတို့ မလှုပ်ရှားနိုင်မီမှာပင် ကျင်းစွမ်းဖုန်းက သူတို့အား သတ်ပစ်လိုက်ကြောင်း သိသာနိုင်၏။

ဒုက္ခိတမင်းသားလေး သုံးပါးမှာလည်း အသက်နှင့်ရင်းကာ ကျင်းစွမ်းဖုန်း၏ လျှို့ဝှက်ချက်တခုအား ဖော်ထုတ်ပြသွားသကဲ့သို့ ဖြစ်နေလေသည်။

မည်သို့ဆိုစေ ဒုက္ခိတမင်းသားလေးသုံးပါး သေဆုံးသွား
သော်လည်း သူ့အတွက် အမြတ်ထွက်လာသကဲ့သို့ ရှိနေသည်ဟု
ယန့်ကဲ့မှုက ထင်မှတ်ထား၏။

ယန့်ကဲ့မှုသည် သူ၏ တွေ့မြင်ချက်နှင့် ယူဆချက်များ
အပေါ် အကျေနပ်ကြီး ကျေနပ်ကာ ခေါင်းတညိတ်ညိတ်ဖြစ်
နေလေ၏။ သို့သော် ဒုက္ခိတမင်းသားလေးသုံးပါး သေဆုံး
သွားခြင်းနှင့်ပတ်သက်၍ သူ့အပေါ် အမှုပတ်လာပြီး မမျှော်
လင့်သောကိစ္စရပ်များနှင့် ရင်ဆိုင်တွေ့ကြုံလာရမည် ဖြစ်သည်ကို
သာသူက ကြိုတင်သိရှိထားပါက ယခုကဲ့သို့ ယူဆနိုင်မည် မဟုတ်
ပါချေ။

ဤသို့ဆိုလျှင် ယန့်ကဲ့မှုအပေါ် မည်သို့ ရှုပ်ထွေးသော
ကိစ္စရပ်များက ပတ်သက်လာမည်နည်း....။

ရှုပ်ထွေးသော ကိစ္စများကို ကြိုတင် မစဉ်းစားမိသော
ယန့်ကဲ့မှုသူသည် သူ၏ စုံစမ်းထောက်လှမ်းမှုများအား ပြီးဆုံး
ပြီဖြစ်ကြောင်း အထိမ်းအမှတ်အဖြစ် သက်ပြင်းတချက်ချလိုက်
သည်။

ထို့ပြင် ဒုက္ခိတမင်းသားလေးသုံးပါး သေဆုံးသွားသော
အချိန်မှာ မကြာသေးကြောင်း သူက သိရှိထား၏။

ထို့ကြောင့် ကျင်းစွမ်းဖုန်းမှာလည်း ဝေးဝေးလံလံသို့
ရှောင်တိမ်းသွားနိုင်သေးခြင်း မရှိကြောင်း ရိပ်စားမိလိုက်လေ
သည်။

ကျင်းစွမ်းဖုန်းသာ တောင်ကြားမြို့ကလေးထဲမှ ထွက်ခွာ
သွားနိုင်ခြင်း မရှိသေးပါက သူက တွေ့အောင်ရှာနိုင်လိမ့်မည်



ဟုလည်း ယန့်ကဲ့မှုက မျှော်လင့်ထားလေသည်။ ယင်းကဲ့သို့ အတွေးမျိုး ဖြစ်ပေါ်လာသောအခါ ယန့်ကဲ့မှု၏ မျက်လုံးများမှာ အရောင်တဖိတ်ဖိတ် တောက်ပလာပြီး ညသရဲ စားသောက်ဆိုင် အတွင်းမှ ထွက်ခွာသွားရန် ခြေလှမ်းပြင်လိုက်လေသည်။

သို့သော်.......သူက ထွက်ခွာသွားရန်မဖြစ်နိုင်တော့ပါချေ။

အကြောင်းမှာ ဒုက္ခိတမင်းသားလေး သုံးပါးနှင့် ဆက်နွယ်နေသော ကိစ္စရပ်များက သူ့အားပတ်သက်လာသောကြောင့်ပင် ဖြစ်ပါသည်။

ယန့်ကဲ့မှုက ညသရဲ စားသောက်ဆိုင်ကလေးမှ ထွက်ခွာသွားရန် ခြေလှမ်းပြင်လိုက်သည်နှင့် တပြိုင်နက် တိတ်ဆိတ်နေသော ညဥ့်ယံအတွင်း ဆူညံစွာ ထွက်ပေါ်လာသော မြင်းခွာသံများကို ရုတ်တရက် ကြားလိုက်ရလေသည်။

တိတ်ဆိတ်သော ညဥ့်ယံအား ဆူညံစွာ ထွင်းဖောက် ထွက်ပေါ်လာသည့် မြင်းခွာသံများ........။

ထို့အပြင် မြင်းသည်တော်တစုသည် မင်းလမ်းမအတိုင်း အရှိန်ပြင်းစွာ ပြေးလွှားလာကြပြီး ညသရဲ စားသောက်ဆိုင်ရှေ့သို့ လာရောက်ရပ်တန့်လိုက်ကြသည်ကို တွေ့မြင်လိုက်ရလေတော့၏။

ယခုယန့်ကဲ့မှုမှာ ဘုမသိ ဘမသိဖြင့် လျှို့ဝှက်ပြဿနာတခု အတွင်းသို့ ပါဝင်ပတ်သက်သွားပြီဖြစ်ပါသည်။

ယန့်ကျဲ့မုက မြင်းခွာသံများ ကြားလိုက်ရပြီး ညသရဲ စားသောက်ဆိုင်ရှေ့သို့ လာရောက် ရပ်တန့်လိုက်သည်နှင့် တပြိုင်နက် ညသရဲစားသောက်ဆိုင်အတွင်းမှ ချက်ချင်း ထွက်ခွာသွားရန် ဆုံးဖြတ်လိုက်၏။

သို့သော် သူ ရှောင်တိမ်းမသွားနိုင်မီမှာပင် ညသရဲ စားသောက်ဆိုင်အတွင်းသို့ ထိုလူတစုက ဝင်ရောက်လာကြလေတော့သည်။

ထိုသူများမှာ........

* * *

## ( ၄ )

အချိန်သည် တရွေ့ရွေ့ ကုန်ဆုံးသွား၏။

တညလုံး ပြင်းထန်စွာ တိုက်ခတ်နေသော လေပြင်းများကလည်း ရပ်တန့်သွားပြီး ဖြစ်ပါသည်။ လေပြင်းများ ရပ်တန့်သွားသည်နှင့် အချိန်အခါမဟုတ် မြူနှင်းများက ပိန်းပိတ်အောင် ကျရောက်လာလေတော့သည်။

ထို့ကြောင့် တောင်ကြားမြို့ကလေး တမြို့လုံးမှာ ဆီးနှင်းမြူခိုးများ အောက်တွင် ဒဏ္ဍာရီထဲမှ မြို့ကလေးတမြို့အလား ရှိနေလေသည်။

အမှောင်ထုမှာ နက်ရှိုင်းစွာ ပိတ်မှောင်လျက်ရှိရာမှ မျက်လုံ့ဆန်စွာ ရုတ်ခြည်း ပျောက်ကွယ်သွားပြီဖြစ်သည်။



ကောင်းကင်ပြင်ပေါ်တွင် အနက်ရောင်အစား အနီရောင်က စိုးမိုး နေရာယူလာချေပြီ။ တညတာ ကုန်ဆုံးလုပြီဖြစ်သောကြောင့် နေ့ဘက်အရုဏ်ဦးရောင်ခြည်များက မကြာမီဝင်ရောက်လာကြတော့မည်ဖြစ်ပါသည်။

မကြာမီ မိုးစင်စင်လင်းတော့မည်ဖြစ်၏။

မိုးလင်းလုလု အချိန်ထူထပ်စွာကျဆင်းလျက်ရှိသောဆီးနှင်းများအောက်၌ ဝိညာဉ်များပမာ လူရိပ်ခုနစ်ခုက 'ဘွား' ကနဲ ထွက်ပေါ်လာသည်ကို ယန့်ကျဲ့မုက တွေ့မြင်လိုက်ရလေတော့သည်။

ထိုလူခုနစ်ယောက်မှာ........

* * *

ဆီးနှင်းမြူခိုးများ ထူထပ်စွာကျနေ၏။

ဆီးနှင်းမြူခိုးများမှာ အဖြူရောင်မဟုတ်ပါ။

မီးခိုးရောင်လည်း မဟုတ်ပါချေ။

အမှတ်တမဲ့ကြည့်လိုက်လျှင် မည်းကဲ့သို့အရောင်ဖြစ်နေသည်ကို ပြောရန်ခက်ခဲလိမ့်မည် ဖြစ်သော်လည်း သေချာစွာ ဂရုစိုက်ကြည့်လိုက်ပါက ပြာလဲ့လဲ့အရောင် တောက်ပနေသည်ကို တွေ့မြင်ရမည်ဖြစ်လေသည်။

ဆီးနှင်းမြူခိုးများ ထူထပ်စွာ ကျနေသဖြင့် အအေးဓာတ်ကလည်း ပိုကဲလာသည်ဟု ထင်မှတ်လိုက်ရ၏။

သို့သော်—အအေးဓာတ် လွန်ကဲလာခြင်းမရှိပါ။

ဆီးနှင်းမြူခိုးများအကြား ငိုးတဝါး အလင်းရောင်အောက်၌ ရုတ်တရက် ထွက်ပေါ်လာသော ဝိညာဉ်သဖွယ် လူရိပ်များကို တွေ့မြင်လိုက်ရသောကြောင့် ယန်ကျဲ့မုက ကျောချမ်းလာသည်ဟု ထင်မှတ်လိုက်ရပြီး လက်ဖျားခြေဖျားများပင် အေးစက်လာသည်ဟု ခံစားလိုက်ရလေသည်။

ဝိညာဉ်သဖွယ် လူခုနစ်ယောက်၊ သူတို့သည် မမျှော်လင့်ပဲ ဘွားကနဲ ထွက်ပေါ်လာခြင်း ဖြစ်သည်၊ ယန်ကျဲ့မုက ညသရဲ စားသောက်ဆိုင်အတွင်းမှ ထွက်ခွာသွားခြင်း မရှိတော့ပါချေ။

ထွက်ခွာသွားရမည့်အစား မေ့လျော့နေသူတယောက်ပမာ နေရာမှာတင် မလှုပ်မယှက် ရပ်တန့်နေမိ၏။

သူ၏ ခြေထောက်နှစ်ချောင်းသည် နေရာတွင်ပင် မလှုပ်မယှက် အမြစ်တွယ်နေသကဲ့သို့ ရပ်နေ၏။

သူ၏ မျက်လုံးအစုံမှာလည်း တရွေ့ရွေ့ ချဉ်းကပ်လာနေသော လူရိပ်များအား မျက်တောင်မခတ်တမ်း စိုက်ကြည့်နေမိလေသည်။

ထိုစဉ်မှာပင် ဆီးနှင်းမြူခိုးများအကြားမှ လူခုနစ်ယောက်က ထွက်ပေါ်လာနေသည်ကိုပီပီပြင်ပြင်ဖြင့်တွေ့မြင်လိုက်ရပြီး ထိုလူခုနစ်ယောက်မှာ သူ၏ရှေ့သို့ ရောက်ရှိလာကာ ခြေလှမ်းရပ်တန့်လိုက်ကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

မျက်နှာချင်းဆိုင် ပိတ်ဆို့ ရပ်တန့်လိုက်သူ ခုနစ်ယောက် ထိုသူများကို စိုက်ကြည့်ယင်းမှ ယန်ကျဲ့မုက သက်ပြင်းတချက် ချလိုက်သည်။



ယခုအချိန်တွင် သူက ထိုလူခုနစ်ယောက်အား မတွေ့လိုပါ

အမှန်စင်စစ်—ထိုသူများသာမက တခြားမည်သူကိုမျှလည်း သူမတွေ့လိုပါ။

သူ တွေ့လိုသူမှာ....ကျင်းစွမ်းဖုန်းသာ ဖြစ်၏။

ထိုလူခုနစ်ယောက်က သူ၏ ရှေ့သို့ရောက်ရှိ ရပ်တန့်လိုက်သည်နှင့်တပြိုင်နက် ယန်ကျဲ့မုက ထွက်ခွာသွားဟန် ခြေလှမ်းပြင်လိုက်လေသည်။

သို့သော် သူက ထွက်ခွာသွားရန် မဖြစ်နိုင်ပါတော့ချေ။

အကြောင်းမှာ ထိုလူခုနစ်ယောက်က သူ့အား ဝိုင်းရံထားလိုက်ကြပြီး မဟုတ်ပါလော။

ယန်ကျဲ့မုက ပြုံးလိုက်သည်။

တကယ်ဆိုတော့–ယန်ကျဲ့မု၏ အပြုံးမှာ နှစ်လိုဖွယ်ရာ အဓိပ္ပာယ်ကို ဆောင်မနေပါ။

သူ၏ အပြုံးသည် လျှို့ဝှက်သော အဓိပ္ပာယ်ရှိနေပြီးထူးဆန်းနေသည်ဟု ထင်မှတ်ရ၏။

ယန်ကျဲ့မုက ယင်းသို့ပြုံးလိုက်ပြီး လေပူတချက် မှုတ်ထုတ်လိုက်၏။

'ကျုပ် မင်းတို့ကိုသက်ညှာနေတယ်ဆိုတာ မင်းတို့ သဘောပေါက်ဖို့ ကောင်းတယ်'

ဟု ပြောလိုက်၏။

သူသည် ယင်းသို့ ပြောလိုက်ပြီး နောက်လူ ခုနစ်ယောက် အနက် အလယ်တွင် ရှိနေသောသူအား စေ့စေ့ ကြည့်လိုက်သည်။

ထို့နောက် သူသည် အလွန်တရာတည်ကြည်လေးနက်သော လေသံဖြင့်—

'မင်းတို့ ခုနစ်ယောက်ရဲ့ သိုင်းပညာက ဘယ်လောက်ပဲ တော်နေပါစေ၊ ကျုပ်က ယှဉ်ပြိုင်တိုက်ခိုက်မှာ မဟုတ်ဘူး'

သူသည် စကားကို တပိုင်းတစနှင့် ရပ်တန့်ထားလိုက်ပြီးမှ အနိမ့်အမြင့်မရှိသော လေသံဖြင့်—

'ဘာဖြစ်လို့လဲဆိုယင် မင်းတို့က မိန်းကလေးတွေ ဖြစ်နေလို့ပဲ'

ဟု တလုံးချင်း ပြောချလိုက်လေတော့သည်။

တကယ်ဆိုတော့ ထိုလူ ခုနစ်ယောက်မှာ........

*　　*　　*

ရုံး ၂၁၄၅၅

# ရောင်စဉ်တန်း သိုင်းသမား

## ( ၁ )

ရောင်စဉ်တန်း သိုင်းသမား....

ရောင်စဉ်ဆိုသည်မှာ အရောင်မျိုးစုံကို ဆိုလိုခြင်းဖြစ်သည်။ လောကပေါ်တွင် ရှိရှိသမျှအရောင်မျိုးစုံအား ခွဲခြမ်း စိတ်ဖြာမည်ဆိုပါက အရောင်ပေါင်းများစွာရှိနေကြောင်းသိနိုင်မည်ဖြစ်လေသည်။

သို့သော် မည်မျှပင် အရောင်မျိုးစုံ ကွဲပြား ခြားနားနေသော်လည်း အမှန်တကယ်တမ်းကျတော့ ရောင်စဉ်ခုနစ်ခုမှသာ ဆင်းသက် လာကြခြင်း ဖြစ်၏။

အဓိကကျသောအရောင်မှာ ခုနစ်မျိုးသာ ရှိလေသည်။

ထို့ကြောင့် ရောင်စဉ်တန်းသိုင်းသမားဟု ဆိုလာသောအခါ လူတယောက်တည်း မဖြစ်နိုင်ပါတော့ချေ။

မှန်ပါသည် ရောင်စဉ်တန်းသိုင်းသမား ဆိုသည်မှာ လူ ခုနစ်ယောက်ကို ဆိုလိုခြင်း ဖြစ်သည်။ ရောင်စဉ်တန်းတွင် အဓိက

'သော အရောင်ခုနစ်မျိုးရှိနေသကဲ့သို့ ရောင်စဉ်တန်း သိုင်းလော[illegible]ားတွင် အဖြူ၊ အမည်း၊ အညို၊ အပြာ၊ အဝါ၊ အနီ၊ အစိမ်း၍ ခုနစ်ယောက် ပါဝင်လေသည်။

၄၊ ရောင်စဉ်တန်းသိုင်းသမားများအား အချို့က 'သက်တန့်သိုင်းသမား ခုနစ်ယောက်' ဟူ၍လည်း ခေါ်ဆိုကြလေသည်။

အမှန်စင်စစ်—

ရောင်စဉ်တန်းသိုင်းသမား(ဝါ) သက်တန့်သိုင်းသမား ခုနစ်ယောက်သည် သိုင်းလောကတွင် ဟိုးလေးတကျော် ထင်ရှားကျော်ကြားလျက် ရှိနေကြသော အဖြူရောင် သိုင်းသမားများဖြစ်ကြ၏။

ထို့အပြင်—

ယင်း သိုင်းသမားတို့သည် အသက်ငယ်ရွယ်ပြီး အလွန် ချောမော လှပသည့် မိန်းကလေးများ ဖြစ်နေကြသည် မဟုတ်ပါလော........။

အသက်ငယ်ရွယ်ပြီး ချောမောလှပသည့် မိန်းကလေး ခုနစ်ယောက်အား အထင်အမြင် သေးမိကြသော သိုင်းသမားများသည် ၎င်းတို့ခုနစ်ယောက်၏ လက်ချက်ဖြင့် သေဆုံးသွားကြရသည်သာ ဖြစ်၏။

ထို့အပြင် သိုင်းလောကတခုလုံး ခေါင်းကိုက်နေကြရသော 'နဂါးပျံ' အဖွဲ့ ခေါင်းဆောင် 'ဝေ့ထင်းခုံး' မှာ ရောင်စဉ်တန်းသိုင်းသမား(ဝါ) သက်တန့်သိုင်းသမားခုနစ်ယောက်အား သိုင်းလောကတွင် ယှဉ်ပြိုင်ဝံ့သူ မရှိသလောက် ဖြစ်သွားရလေသည်။



ရောင်စဉ်တန်းသိုင်းသမားများ နာမည်ကျော်ကြားလာသည်နှင့်အမျှ သိုင်းလောကတခုလုံးက သူတို့အတွက် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လာကြ၏။

သိုင်းလောကသားများ အနေဖြင့် ထိုသို့ စိုးရိမ်ခြင်း မှာ အဓိပ္ပာယ်မဲ့သက်သက် ပူပန်စိုးရိမ်ခြင်းတော့ မဟုတ်ပါချေ။

အကြောင်းမှာ သိုင်းလောကတွင် ထိပ်သီးသိုင်းသမားများကိုသာ ရွေးချယ်၍ ယှဉ်ပြိုင်အနိုင်ယူတတ်သည့် အရူး(ဝါ)ယန့်ကဲ့မု ဆိုသော သိုင်းသမားတယောက်က ရှိနေသည် မဟုတ်ပါလော........။

ထို့ကြောင့်လည်း—

ရောင်စဉ်တန်းသိုင်းသမား(ဝါ)သက်တန့်သိုင်းသမား ခုနစ်ယောက်နှင့်အရူး (ဝါ)ယန့်ကျဲ့မုတို့ ရင်ဆိုင်တိုက်ပွဲမဖြစ်ပွားနိုင်စေရန် သိုင်းလောကမှ တရားမျှတမှုကို မြတ်နိုးကြသော အဖြူရောင် သိုင်းသမားများက ကြိတ်၍ ဆုတောင်းခဲ့ကြ၏။

ရောင်စဉ်တန်းသိုင်းသမားများနှင့် အရူး(ဝါ) ယန့်ကျဲ့မုတို့ ရင်ဆိုင်တိုက်ပွဲ ဖြစ်ပွားပါက မည်သူနိုင်မည်၊ မည်သူရှုံးမည် ဆိုသည်ကိုသေချာစွာ မည်သူမျှ အတိအကျသိရှိနိုင်မည်မဟုတ်ပါ။

သို့သော် နှစ်ဘက်စလုံး အထိနာကြမည်သာ ဖြစ်၏။

ယင်းအချက်ကတော့ မြေကြီး လက်ခတ်မလွဲ သေချာလှသည်။

တကယ်ဆိုတော့−

အရှူး(၀၁)ယန္တရားကျဲ့မှု သေဆုံးသွားလျှင် အကြောင်းမဟုတ် သော်လည်း ရောင်စဉ်တန်းသိုင်းသမားများ သေဆုံးသွားပါက သိုင်းလောကမှ အဖြူရောင် သိုင်းသမားများ အတွက် နစ်နာဆုံးရှုံးနိုင်သည် မဟုတ်ပါလော........။

ထိုကဲ့သို့ လိပ်ခဲတည်းလည်း ဖြစ်နေစဉ်မှာပင် သိုင်းလောကတခုလုံး အံ့ဩသွားစေလောက်သည့် သတင်းတခုက ထွက်ပေါ်လာ၏။

ထိုသတင်းမှာ အရှူး(၀၁)ယန္တရားကျဲ့မှုက ရောင်စဉ်တန်း သိုင်းသမားများနှင့်ရင်ဆိုင်တိုက်ခိုက်ခြင်းမပြုပဲ အမြဲတစေရှောင်တိမ်းသွားတတ်သည်ဆိုသော သတင်းပင် ဖြစ်လေသည်။

ဤသို့ဆိုလျှင် ယန္တရားကျဲ့မှုက ရောင်စဉ်တန်း သိုင်းသမားများအား ရင်မဆိုင်ဝံ့၍လော........။

မဟုတ်ပါ။

ယန္တရားကျဲ့မှုသိုင်းပညာသည် ရောင်စဉ်တန်းသိုင်းသမား ခုနစ်ယောက်ပေါင်း သိုင်းပညာနှင့် မတိမ်းမယိမ်းရှိနေပြီး ယန္တရားကျဲ့မှုကပင် အနည်းငယ်သာနိုင်ကြောင်း သိုင်းလောကသားအားလုံးက သဘောပေါက်ထားကြ၏။

ထို့ကြောင့် သိုင်းလောကသားများက ယန္တရားကျဲ့မှုအား နားမလည်နိုင်ပဲ ဖြစ်နေကြ လေသည်။

သို့သော် ယန္တရားကျဲ့မှုက ရောင်စဉ်တန်း သိုင်းသမား များမှာ မိန်းကလေးများ ဖြစ်နေသောကြောင့် ခြွင်းချက်အဖြစ် ထားခဲ့သည်ဟုသာ သတ်မှတ်နိုင်ခဲ့ကြ၏။



ယခု ရောင်စဉ်တန်း သိုင်းသမားများ (၀၁) သက်တန့်သိုင်းသမား ခုနစ်ယောက်နှင့် ယန္တရားကျဲ့မှုတို့ မလွဲမရှောင်သာ ထိပ်တိုက် ရင်ဆိုင် တွေ့ဆုံနေကြရပြီ ဖြစ်လေသည်။

ထို့အပြင် ယန္တရားကျဲ့မှုက ရှောင်တိမ်းသွားနိုင်စွမ်း မရှိတော့ပါချေ။

ဤသို့ဆိုလျှင် နှစ်ဦးနှစ်ဘက် ပြင်းထန်သော တိုက်ပွဲများ ဖြစ်လာနိုင်သည် မဟုတ်ပါလေ။

ပိန်းပိတ်အောင် ထူထပ်စွာကျဆင်းနေသော ပြာလဲ့လဲ့ မြူခိုးများသည်၊ လေတချက်အဝှေ့တွင် ရုတ်တရက် လွင့်ပါး ပျောက်ကွယ်သွားလေတော့သည်။

*　　　*　　　*

## (၂)

ယခုအခါတွင်........

မြူခိုးများသည် တစထက်တစ လွင့်ပါး ပျောက်ကွယ်သွားပြီဖြစ်သည်။

မြူခိုးများ လွင့်ပါးသည်နှင့် ဝန်းကျင် တခုလုံးအား ပီပီပြင်ပြင် တွေ့မြင်လိုက်ရ၏။

ယခု ပြာလဲ့လဲ့ မြူခိုးများ ပျောက်ကွယ်သွားပြီးနောက် အရောင် ခုနစ်မျိုး ရောယှက်နေသည့် သက်တန့်ရောင်တခုသာ ညသရဲ စားသောက်ဆိုင်ရှေ့တွင် ရှိနေပြီဖြစ်ပါသည်။

လူခုနစ်ယောက်သည် အသွေးအရောင် ကွဲပြား ခြားနားစွာ ဝတ်ဆင်ထားကြပြီး ရင်ဘောင်တန်း ရပ်နေလိုက်သောအခါ သက်တန့်ရောင် တခုပမာ ဖြစ်နေသည် မဟုတ်ပါလော။

ရောင်စဉ်တန်း သိုင်းသမားများ (ဝါ) သက်တန့်ရောင် သိုင်းသမား ခုနစ်ယောက်သည် ညသရဲ စားသောက်ဆိုင် ရှေ့သို့ ရောက်ရှိလာပြီ ဖြစ်ပါသည်။

ထိုခုနစ်ယောက်သည် အဝတ်အစားများ၊ အရောင်အသွေး ကွဲပြားစွာ ဝတ်ဆင်ထားကြပြီး၊ မိမိတို့ ဝတ်ဆင်ထားသည့် အဝတ်အစားများနှင့် မိမိတို့ ကိုယ်စားပြုထားကြသော အရောင် ပေါ်၌အထူးပင် အလေးထားဟန် ရှိလေသည်။

ဥပမာ–အဖြူရောင် ဝတ်ဆင်ထားသည့် မိန်းကလေးသည် တကိုယ်လုံး အဖြူရောင် အဝတ်အစားများ ဝတ်ဆင် ထားပြီး ဖိနပ်၊ ခါးစည်းကြိုးများမှာလည်း အဖြူရောင်ဖြစ်နေ၏။

ထို့အပြင် ခါးမှ ချိတ်ဆွဲထားသည့် ဓားအိမ်များမှာလည်း ဆင်စွယ်ဖြူဖြင့် ပြုလုပ်ထားသဖြင့် အဖြူရောင် တောက်ပနေပြီး ဓားရိုးပင် ဖြူဆွပ်သော အရောင်ဖြစ်အောင် ရွေးချယ်ထား၏။

တကယ်ဆိုတော့–

ငယ်ရွယ်ပြီး ချောမောလှပသည့်မိန်းကလေးခုနစ်ယောက်က အရောင်အသွေး ကွဲပြားခြားနားစွာ ဝတ်ဆင်ထားကြပြီး စီတန်း ရပ်နေသောအခါ မြင်တွေ့ရသူများအဖို့ တမျိုးတမည် ထူး ဆန်းနေမည် ဖြစ်ပါသည်။



သို့သော် ထိုမိန်းကလေးခုနစ်ယောက်အား တွေ့မြင်လိုက်ရသော်လည်း 'ယန့်ကျဲ့မု' က မည်သို့မျှ ပြောင်းလဲသွားဟန် မရှိပါချေ။

သူ၏ မျက်နှာပေါ်တွင် စိတ်ပျက်သွားသည့် အရိပ်အရောင်များကသာ ရုတ်တရက် ထွက်ပေါ်လာပြီး စားသောက်ဆိုင် အတွင်းဘက်သို့ မျက်နှာလှည့်သွားသောကြောင့် စိတ်ပျက်သည့် အမူအရာကိုပင် ကြာရှည်စွာ တွေ့မြင်လိုက်ရခြင်း မရှိပါချေ။

ယန့်ကျဲ့မုက ကျောခိုင်းလိုက်သောအခါ မိန်းကလေး ခုနစ်ယောက်အနက်မှ တကိုယ်လုံး ဆွတ်ဆွတ်ဖြူဖွေးသော အဝတ်အစားများ ဝတ်ဆင်ထားသည့် မိန်းကလေးက–

'ရှင် ဒီလိုထွက်သွားလို့ ဘယ်ရမလဲ.......'

သူမသည် ယင်းသို့ ကြုံးဝါးလိုက်ပြီး ခန္ဓာကိုယ်တချက် လှုပ်ရှားလိုက်ရာ သူမ၏ခန္ဓာကိုယ်သည် ယန့်ကျဲ့မု၏ရှေ့သို့ရုတ်တရက် ရောက်ရှိသွားကာ လမ်းပိတ်ဆို့ထားလိုက်လေသည်။

အဖြူရောင် မိန်းကလေးကား သွက်လက် ဖျတ်လတ်လွန်းလှ၏။

ယန့်ကျဲ့မုက မျက်မှောင် ကုပ်သွား၏။

သူက တကိုယ်လုံး ဆွတ်ဆွတ် ဖြူဖွေးနေသည့် မိန်းကလေးအား စိုက်ကြည့်လိုက်ပြီး–

'ကျုပ်ကို မရမနေ ဟန့်တားမယ်မဟုတ်လား'

ဆွတ်ဆွတ်ဖြူနေသည့် ကောင်မလေးက ဆတ်ကနဲ ခေါင်း ညိတ်လိုက်၏။

'ဟုတ်တယ်....'

'ဘာဖြစ်လို့လဲ'

'ရှင်က ဒုက္ခိတမင်းသားလေး သုံးပါးကို သတ်ပစ်လိုက်လို့ပေါ့– ဒီအတွက် ရှင့်မှာ အပြစ်ရှိနေတယ်'

ဆွတ်ဆွတ်ဖြူနေသည့် မိန်းကလေးက အပြတ်စွတ်စွဲလိုက်၏။

သူမ၏ စကားကြောင့် ယန့်ကျဲ့မု၏ မျက်နှာက ရုတ်တရက် တင်းမာသွားလေသည်။

သူသည် ဒေါသကြီးစွာဖြင့် အဖြူရောင် မိန်းကလေးအား စိုက်ကြည့်လိုက်ပြီး ကြိမ်းမောင်းပြောဆိုရန် ဟန်ပြင်လိုက်သည်၊

သို့သော် သူက ပြောမထွက်ခဲ့ပါချေ။

စကားလုံးများသည် လည်ချောင်းတွင် တစ်ဆို့ပျောက်ကွယ်သွားပြီး ပါးစပ်မှ အသံမထွက်နိုင်ပဲ ဖြစ်နေ၏။

သူသည် စကားပြောရမည့်အစား၊ အာစေးထည့် ခံထားရသူလို ဖြစ်သွား၏။

အကြောင်းမှာ အဖြူရောင်မိန်းကလေး၏ ရှန်းလက်တောက်ပသော မျက်လုံး အစုံအား အမှတ်မထင် တွေ့မြင်လိုက်ရခြင်းကြောင့်ပင် ဖြစ်ပါ၏။

အဖြူရောင်မိန်းကလေး မျက်လုံးအစုံသည် ဝိုင်းစက်နေပြီး မျက်တောင်များ ကော့ညွှတ်နေ၏။

မျက်ခုံးမွေးအစုံမှာ ကွေးကွေးကလေးရှိနေပြီး ပါးနှစ်ဘက်မှာ ပန်းရောင်သွေး ပြေးလျက် ရှိနေလေသည်။

ထို့အပြင် နှုတ်ခမ်း ကလေးများ မှာလည်း နီနီ ထွေးထွေးရှိနေပြီး၊ အလွန် ချောမောလှပသည့် မိန်းကလေးတယောက်ဖြစ်ကြောင်း တွေ့မြင်လိုက်ရလေသည်။



ယန့်ကျဲ့မုမှာ ထို မိန်းကလေး၏ အလှအား ငေးမကြည့်ပဲ မနေနိုင်တော့လောက်အောင် ဖြစ်သွား၏။

ယန့်ကျဲ့မုက ကြက်သေ သေသွားပြီး မျက်တောင် မခတ် စိုက်ကြည့်နေသည်ကို တွေ့မြင်လိုက်ရသောကြောင့် အဖြူရောင် မိန်းကလေး၏ မျက်နှာမှာ ရှက်သွေးဖြင့် နီရဲသွားလေသည်။

သူမသည် ယန့်ကျဲ့မုအား မျက်နှာ တင်းတင်းဖြင့် ကြည့်လိုက်သည်။

ပြီးတော့–တင်းမာသော လေသံဖြင့်–

'ရှင် ဘာငြင်းချင်သေးသလဲ'

ဟု ခပ်မာမာ လှမ်းမေးလိုက်၏။

ယန့်ကျဲ့မုက သဘောကျစွာ ပြုံးလိုက်ပြီး ပါးစပ် ပိတ်ထားလိုက်၏။

ယခုတော့–

အမြဲတစေ အေးစက်စက်နိုင်လှသော သူ၏မျက်နှာပေါ်တွင် အပြုံးရိပ်များ ဖြစ်ပေါ်လာနေလေသည်။

ထို့အပြင် သူ၏ရင်ထဲ၌ အမျိုးအမည်မသိသော ခံစားချက်များ ဖြစ်ပေါ် ခံစားနေရပြီး ဝမ်းသာ ပျော်ရွှင်လာသကဲ့သို့ ဖြစ်နေသည် မဟုတ်ပါလော။

ယန့်ကျဲ့မုက ပြုံးလိုက်သောကြောင့် အဖြူရောင်မိန်းကလေး၏ မျက်နှာက ပိုမိုတင်းမာသွားသည်။

သူမ၏ နှုတ်မှလည်း အေးစက်စွာဖြင့်–

'ကျွန်မတို့က ရှင့်ကို မသတ်ချင်ပေမယ့် ရှင်က ဒိုက္ခိတ မင်းသားလေး သုံးပါးကို သတ်ပစ်လိုက်ပြီးတဲ့နောက် ဘယ်လိုမှ ရှောင်လွဲသွားလို့ရမှာ မဟုတ်တော့ပါဘူးရှင်....'

ယန်ကျဲ့မုက ယခုမှပင် သတိဝင်လာကာ—

'နေပါအုံး- မင်း ဘာတွေလျှောက်ပြောနေတာလဲ'

အဖြူရောင်မိန်းကလေးက အဖြေမပေးပါချေ။

သူမသည် ယန်ကျဲ့မုအား တချက် စိုက်ကြည့်လိုက်သည်။ ပြီးတော့၊ သူမ၏စွပ်စွဲချက်ကိုလည်း တဆက်တည်း ပြောဆိုလိုက်၏။

'ဘာပဲဖြစ်ဖြစ် ရှင်ဟာ ကျင်းစွမ်းဖုန်းနဲ့ တကြိတ်တည်း တညက်တည်း ဖြစ်ရမယ်'

သူမ၏စကားကြောင့် ယန်ကျဲ့မုက ခေါင်းရှုပ် သွားလေသည်။

သူသည် အဖြူရောင်မိန်းကလေးအား ငေးကြည့်လိုက်ပြီး-

'ခင်ဗျား ဘာတွေလျှောက်ပြောနေတာလဲဗျ'

အဖြူရောင်မိန်းကလေးက သူ့အား စူးရှစွာကြည့်ကာ-

'ဒိုက္ခိတမင်းသားလေး သုံးပါးက ကျင်းမြို့စားကြီး အပေါ် သစ္စာဖောက်မှာစိုးရိမ်လို့ ရှင် သုတ်သင်ပစ်လိုက်တာမဟုတ်လား'

သူမ၏စကားကြောင့် ယန်ကျဲ့မု မျက်မှောင်ကုပ်လိုက်ပြီး-

'ကျင်းမြို့စား ဟုတ်လား'

'ဟုတ်တယ်'



ယန်ကျဲ့မုက မည်သို့မျှနားမလည်စွာဖြင့်—

'ကျင်းမြို့စားဆိုတာ ဘယ်သူလဲ'

ဟု ပြန်မေးလိုက်မိလေသည်။

ယခုတကြိမ် အဖြူရောင်မိန်းကလေးမှာ ကြောင်အမ်းအမ်း ဖြစ်သွားရလေတော့၏။

သူမသည် ယန်ကျဲ့မုအား မျက်လုံးပြူး၍ ကြည့်လိုက်ပြီး—

'ကျင်းမြို့စားကို ရှင်မသိဘူး ဟုတ်လား'

'ဟုတ်တယ်'

ယန်ကျဲ့မုက ပြတ်သားတိကျစွာ ဖြေဆိုလိုက်၏။

အဖြူရောင်မိန်းကလေး တွေဝေသွားသည်။

သို့သော် ချက်ချင်းဆိုသလိုပင် ခေါင်းကို တွင်တွင်ခါရမ်းလိုက်ပြီး—

'မဖြစ်နိုင်ဘူး၊ ရှင် လိမ်ပြောတာပဲ ဖြစ်ရမယ်'

ယန်ကျဲ့မုက ပခုံးတချက် တွန့်လိုက်ကာ—

'မင်း မယုံလဲ ကျုပ် မတတ်နိုင်ဘူး'

ဤတွင်—

အဖြူရောင်မိန်းကလေးက ကြမ်းပြင်ပေါ်တွင် လဲကျသေဆုံးနေသော လက်မရှိ မင်းသားလေး သုံးပါးအား လက်ညှိုးညွှန်ပြလိုက်ပြီး—

'သူတို့ သုံးယောက်ကို ကျင်းမြို့စားက ငှားရမ်းထားတယ် ဆိုတာကော ရှင် မသိဘူးပေါ့'

ယန်ကျဲ့မုက ခေါင်းခါယမ်းပြလိုက်ပြန်သည်။

'ကျုပ် ဘာမှ မသိဘူးဗျ'

မိန်းကလေးက မျက်မှောင်ကုပ်၍....

'ဒါဖြင့် ရှင် ဘာဖြစ်လို့ သူတို့သုံးယောက်ကိုသတ်ပစ်လိုက်ရတာလဲ'

ယန့်ကျဲ့မုက သက်ပြင်းတချက် ချလိုက်သည်။

ထို့နောက် တည်ကြည်လေးနက်စွာ ဖြေရှင်းချက် ပေးလိုက်၏။

'အမှန်ပြောရယင် ကျုပ် သူတို့ကို မသတ်ရပါဘူးဗျာ၊ ကျုပ် သူတို့နဲ့ လမ်းခွဲခဲ့တဲ့အချိန်မှာ သူတို့က အသက်ရှင်လျက်ရှိနေသေးပေမယ့် အခုတော့....'

သူသည် မည်သို့ ဆက်ပြောရမှန်းမသိ၊ စကားတဝက်တပျက်ဖြင့် ရပ်တန့်ထားလိုက်၏။

အဖြူရောင် မိန်းကလေးက မဲ့ပြုံးပြုံးလိုက်သည်။

'သူတို့က ဘယ်သူသတ်သွားမှန် မသိဘူးပေါ့ ဟုတ်လား'

'ဟုတ်တယ်'

အဖြူရောင်မိန်းကလေးက အေးတိအေးစက်ဖြင့်....

'သူတို့ကိုသတ်တာ ရှင်ပဲဖြစ်ရမယ်'

ဟု သူ့အား တပ်အပ်စွပ်စွဲပြောဆိုလိုက်ပြန်၏။

ယန့်ကျဲ့မုက စိတ်ပျက်စွာဖြင့်....

'ခင်ဗျား မယုံယင်လဲ ကျုပ် မဘတ်နိုင်ဘူး'

'ရှင် မသတ်ဘူးဆိုယင်လည်း အနည်းဆုံး ဘယ်သူသတ်သွားတယ်ဆိုတာ ရှင် ပြောနိုင်ရမှာပေါ့၊ ဘာဖြစ်လို့လဲဆိုယင် သူတို့ကို အသက်ရှင်လျက် နောက်ဆုံးတွေ့တဲ့သူဟာ ရှင်ပဲမဟုတ်လား



မိန်းကလေးက ကျီးကြောင်း ဆီလျော်စွာ ထောက်ပြလိုက်ခြင်းဖြစ်သည်။

သူမ၏စကား ကြားလိုက်ရသောအခါ ယန့်ကျဲ့မု၏မျက်လုံးများက ဝင်းလက်သွားလေသည်။

ညသရဲ စားသောက်ဆိုင်အတွင်းမှ သူ ထွက်ခွာမသွားမီ လူမမာနှင့်တူသည့် လူတယောက်က ညသရဲ စားသောက်ဆိုင်အတွင်းသို့ ဝင်ရောက်လာခဲ့သည်ကို အမှတ်ရရှိလာလေတော့သည်။

လူမမာနှင့်တူသောလူမှာ ကျင်းစွမ်းဖုန်းသာ ဖြစ်ရမည်။ ထို့ပြင် ဒုက္ခိတမင်းသားလေး သုံးပါးအား သတ်သွားသူမှာလည်း ထိုသူသာဖြစ်ရမည်။စသည့်အချက်များကို ဆက်စပ်တွေးခေါ်ယင်း သူသဘောပေါက်မိလေတော့သည်။

ယန့်ကျဲ့မုက ယင်းသို့ တွေးမိလိုက်သော်လည်း ပါးစပ်တင်းတင်းစေ့ကာ ပိတ်ထားလိုက်၏။

ကျင်းစွမ်းဖုန်းသည်လျှို့ဝှက်သောကိစ္စတခုနှင့်ပတ်သက်နေပြီး ထိုလျှို့ဝှက်ကိစ္စသည် သေရေးရှင်ရေးတမျှ အရေးကြီးနေသောကြောင့် သိုင်းလောကမှ အဖြူရောင် သိုင်းသမားများက စိတ်ဝင်စားနေကြသည်ဟုလည်း သူက သဘောပေါက်လာလေသည်။

ထို့ကြောင့် သူသည် သူ၏ ထင်မြင်ချက်အား မည်သို့မျှ ထုတ်ဖော်ပြောဆိုမနေတော့ပဲ ရေငုံနှုတ်ပိတ်ကာ တိတ်ဆိတ်နေခြင်းဖြစ်၏။

အဖြူရောင် မိန်းကလေးက ယန်ကျဲ့မု တိတ်ဆိတ်နေသည်ကို တွေ့မြင်လိုက်ရသောအခါ သက်ပြင်းတချက်ချလိုက်ပြီး……

'ရှင် သူတို့သုံးယောက်ကို သတ်ပင်လိုက်တယ်ဆိုယင် ကျင်းစွမ်းဖုန်းကကော….'

မိန်းကလေးကတော့ သူမ သိလိုသောအရာကိုခိုင်မာစွာ စွပ်စွဲ မေးမြန်းနေလေသည်။

သူမ၏ စကားကြောင့် ယန်ကျဲ့မုက ရင်ထိတ်သွား၏။

သူသည် အဖြူရောင်မိန်းကလေးအား အံ့သြစွာ ကြည့်လိုက်သည်။

သူ့နှုတ်မှလည်း မေးခွန်းတခု ထွက်ပေါ်လာတော့၏။

'ကျင်းစွမ်းဖုန်းက ဒီနေရာကို ရောက်လာလိမ့်မယ်ဟုတ်လား'

'ဟုတ်တယ်'

'ခင်ဗျား ဘယ်လိုလုပ်သိသလဲ'

'ကျွန်မတို့က သတင်းတခု ရခဲ့လို့ပေါ့ရှင့်'

'ဘယ်လိုသတင်းလဲ'

အဖြူရောင်မိန်းကလေး၏မျက်နှာမှာ လေးနက်တည်ကြည် သွားလေသည်။

သူမသည် ယန်ကျဲ့မုအား တချက်ကြည့်လိုက်ပြီး ဒုက္ခိတ မင်းသားလေးသုံးပါးဘက်သို့ လှည့်ကြည့်လိုက်သည်။

ပြီးတော့—သူမတို့ကြားသိခဲ့ရသောသတင်းကို ပြန်လည်ပြော ပြလိုက်၏။



'သူတို့သုံးယောက်က ဒီနေရာမှာ ကျင်းစွမ်းဖုန်းနဲ့ အရေးကြီးတဲ့ကိစ္စတခု တိုင်ပင်ကြလိမ့်မယ်ဆိုတဲ့ သတင်းပါပဲ'

ယန်ကျဲ့မုက မျက်မှောင်ကုပ်လိုက်ပြီး……

'ဒုက္ခိတမင်းသားလေးသုံးပါးက အနက်ရောင် သိုင်းသမားတွေပဲ၊ သူတို့နဲ့ ကျင်းစွမ်းဖုန်း သိကျွမ်းနေတယ်ဆိုယင် ကျင်းစွမ်းဖုန်းကို ဘယ်လိုလူစားမျိုး သတ်မှတ်ရမှာလဲဗျ'

အဖြူရောင်မိန်းကလေးက သဘောကျစွာပြုံးလျက်……

'ကျင်းစွမ်းဖုန်းက ရှင့်လိုလူစားမျိုးပါပဲရှင်'

သူမ၏စကားကြောင့် ယန်ကျဲ့မုက ပါးစပ်ပိတ်ထားလိုက်ရလေသည်။

ယန်ကျဲ့မုနှင့် ကျင်းစွမ်းဖုန်းတို့သည် အနက်မကျ အဖြူရောင်မကျသော သိုင်းသမားများဖြစ်သည်ဟု အဖြူရောင်မိန်းကလေးက သွယ်ဝိုက်သောနည်းဖြင့် ပြောဆိုလိုက်ခြင်း ဖြစ်သည်ကို သူက သဘောပေါက်လိုက်လေသည်။

ထို့အပြင် အဖြူရောင်မိန်းကလေးမှာ သူ့အပေါ်တွင် ရန်မူလိုသော သဘောထားများမရှိကြောင်း သူက ရိပ်စားမိလိုက်သည် မဟုတ်ပါလော……။

ယန်ကျဲ့မုက အတန်ကြာ တိတ်ဆိတ်စွာ စဉ်းစားနေ၏။

ထို့နောက် မိန်းကလေးအား တချက်ကြည့်ကာ……

'သူတို့ ဘယ်လိုကိစ္စ တိုင်ပင်ကြတယ်ဆိုတာ ခင်ဗျား သိသလား'

အဖြူရောင်မိန်းကလေးက ခေါင်းညိတ်ပြလိုက်၏။

'သူတို့ လျှို့ဝှက်စာတစောင်အကြောင်း တိုင်ပင်ကြတာပါ'

ယန့်ကျဲ့မုက မျက်ခုံးပင့်၍........

'လျှို့ဝှက်စာ ဟုတ်လား'

'ဟုတ်တယ်'

'လျှို့ဝှက်စာက တော်တော် အရေးကြီးနေလို့လားဗျ'

အဖြူရောင်မိန်းကလေး သက်ပြင်းတချက်ချလိုက်သည်။

'ဝေ' နိုင်ငံကို 'ကျင်း' နိုင်ငံက ကျူးကျော် သိမ်းပိုက်မယ့် လက္ခဏာတွေ ရှိနေတယ်ဆိုတာ ရှင် သိတယ်မဟုတ်လား....'

မိန်းကလေး၏ အမေးကြောင့် ယန့်ကျဲမုက မည်သို့မျှ မထူးခြားဟန်ဖြင့် ပြုံး၍–

'ဒါလူတိုင်းသိတဲ့ ကိစ္စပဲဗျ'

'ဒါပေမယ့် ကျင်းနိုင်ငံက ဘာဖြစ်လို့ မကျူးကျော်ရဲတာလဲ ဆိုတာကော ရှင်သိသလား........'

ဤတွင်–ယန့်ကျဲ့မုက သူ၏ ထင်မြင်ချက်ကို ပြောပြလိုက်တော့၏။

'ဝေနိုင်ငံရဲ့ ကာကွယ်ရေးအစီအစဉ်တွေဟာ အဘက်ဘက်က တောင့်တင်း ခိုင်မာနေပြီး လုံခြုံရေးကလည်းစိတ်ချရတယ်မဟုတ်လား၊ ဒါကြောင့် 'ကျင်း' နိုင်ငံက ကျူးကျော် ဝင်ရောက်သာတယ်ဆိုယင် သူတို့ အထိနာမှာပဲ'

အဖြူရောင်မိန်းကလေးက လျှို့ဝှက်စွာ ပြုံးလိုက်ပြီး........



'တကယ်လို့သာ ဝေနိုင်ငံရဲ့ လုံခြုံရေး အစီအစဉ် လျှို့ဝှက်ချက်တွေ 'ကျင်း' နိုင်ငံ ရရှိသွားမယ်ဆိုယင်ကော–

သူမ၏စကားကို ကြားလိုက်ရသောအခါ ယန့်ကျဲ့မုမှာ ထိတ်လန့်တုန်လှုပ်သွားပြီး........

'ဒီအတိုင်းသာဖြစ်မယ်ဆိုယင် 'ဝေ' နိုင်ငံဟာ 'ကျင်း' နိုင်ငံ လက်အောက်ကို ဧကန်မုချရောက်သွားမှာပေါ့'

သူသည် ယင်းသို့ပြောလိုက်ပြီး အဖြူရောင် မိန်းကလေး၏ မျက်နှာ ပေါ်သို့ အဓိပ္ပာယ် ရှာဖွေသည့် အနေဖြင့် စိုက်ကြည့်လိုက်သည်။

ပြီးတော့–သူသိလိုသောမေးခွန်းတခုကိုကောက်မေးလိုက်၏။

'ခင်ဗျားပြောတဲ့လျှို့ဝှက်ချက်စာဟာ 'ဝေ' နိုင်ငံရဲ့လုံခြုံရေး အစီအစဉ်နဲ့ ပတ်သက်နေသလား'

'ဟုတ်တယ် 'ဝေ'နိုင်ငံရဲ့လုံခြုံရေးအစီအစဉ်ကို အသေးစိတ် ရေးသား ဖော်ပြထားတဲ့ စာတစောင်ပဲ'

ယန့်ကျဲမုမှာ အံ့သြလွန်းသဖြင့် ပါးစပ်ဟောင်းလောင်း ဖြစ်သွားရလေသည်။

ထိုစဉ်........

အဖြူရောင်မိန်းကလေးက စကားဆက်လိုက်သည်။

'ဒီစာကို 'ဝေ' နိုင်ငံရဲ့ အတွင်းဝန် 'ဝူဝေ'က 'ကျင်း' မြို့စားဆီမှာ ရောင်းစားလိုက်တာပဲ'

ယန့်ကျဲ့မုသည် စိတ်ဝင်စားမှုအား ချုပ်ထိန်း မထားနိုင်တော့ပဲ........

'ကျောင်းမြို့စားက ဒီစာကို လက်ခံရရှိသွားပြီ ဟုတ်လား'

'ဟုတ်တယ်'

'ဒါဖြင့် သူက 'ကျောင်း' နိုင်ငံကို ယူသွားပြီပေါ့'

ယန့်ကျဲ့မုက အထိတ်တလန့်ဖြင့် မေးလိုက်သည်။

သို့သော်– အဖြူရောင်မိန်းကလေးက ခေါင်းခါ ယမ်းပြလိုက်သည်။

'သူက ကျောင်းနိုင်ငံကို ယူထားမလို့ပါပဲရှင်၊ ဒါပေမယ့် အတွင်းဝန် ငူဝေရဲ့ လက်အောက်က သစ္စာရှိ အမှုထမ်း တချို့ဟာ ဒီကိစ္စကိုသိသွားပြီး နည်းမျိုးစုံနဲ့ ဟန့်တားနေတဲ့ အတွက် ကျောင်းနိုင်ငံကို ယူသွားဖို့ မလွယ်ကူပဲ ဖြစ်နေတယ်'

'ဒါကြောင့် ကျောင်းစွမ်းဖုန်းကို အကူအညီတောင်းလိုက်တယ် ဆိုပါတော့'

'ဟုတ်တယ်'

ယန့်ကျဲ့မုက သိချင်စိတ် ပြင်းပြစွာဖြင့်........

'ကျောင်းစွမ်းဖုန်းက လက်ခံလိုက်သလား'

အဖြူရောင်မိန်းကလေးက ခေါင်းခါယမ်းလိုက်ပြီး........

'ကျွန်မလဲ ဒီကိစ္စကို သိချင်လို့ အမြန်ဆုံး လိုက်လာခဲ့တာရှင့်'

မိန်းကလေးသိသမျှ ဤတွင်အဆုံးသတ်နေပြီဖြစ်၏။

ယန့်ကျဲ့မုမည်သို့ဆက်ပြောရမှန်းမသိပဲ ဖြစ်သွားရလေသည်။

အမှန်စင်စစ်........



ကျောင်းစွမ်းဖုန်းသည် ဝေနိုင်ငံအတွက် သေရေး ရှင်ရေးတမျှ အရေးကြီးသောလျှို့ဝှက်စာကို လက်ခံပို့ဆောင်ပေးခဲ့ပါမူကျောင်းစွမ်းဖုန်းအား နေရာမရွေး သုတ်သင်ပစ်လိုသူများဒုနှင့်ဒေး ရှိလာမည်ဖြစ်သည်။

ဤသို့ဖြစ်လာလျှင် ကျောင်းစွမ်းဖုန်း၏ နာမည်မှာ အဘယ်မှာ ကျော်ကြား နေပါစေ၊ ကျိန်းသေ ကျဆုံး သွားတော့မည် ဖြစ်လေသည်။

ထိုအချက်ကို ယန့်ကျဲ့မုကလည်း စဉ်းစားမိ၏။

သူသည် သက်ပြင်းတချက်ချလိုက်ပြီး........

'တကယ်လို့သာ ကျောင်းစွမ်းဖုန်း လက်ခံလိုက်မယ် ဆိုယင် သူ့လည်ပင်းသူ ကြိုးကွင်းစွပ်သလို ဖြစ်နေမှာပဲ'

မိန်းကလေးက ခေါင်းညိတ်၍....

'ဟုတ်တယ်၊ သူက ဒီလိုသဘောပေါက်ထားမယ် ဆိုတာ သေချာပါတယ်၊ ဒါပေမယ့်....'

အဖြူရောင် မိန်းကလေးက စကားကို ရပ်ထားလိုက်သည်။

ယန့်ကျဲ့မုကအဖြူရောင်မိန်းကလေးအားစိုက်ကြည့်လိုက်၏။

အဖြူရောင် မိန်းကလေးမှာ တစုံတခုအား ပြောလိုသည့် လက္ခဏာများ ရှိနေပြီး အပြောခက်နေသည်ကို သဘောပေါက်လိုက်သောကြောင့်........

'ဒါပေမယ့် ဘာဖြစ်သလဲ ဆက်ပြောလေ'

အဖြူရောင် မိန်းကလေးမှာ ခပ်တွေတွေ မျက်နှာပေးဖြင့် တစုံတခုကို ချင့်ချိန် စဉ်းစားနေဟန် ဖြစ်ပေါ်နေ၏။

သူမသည် ယန့်ကျဲ့မုအား ခြေဆုံးခေါင်းဆုံးအကဲခတ်ကြည့်လိုက်ပြီး သူမ၏ မျက်နှာတွင် ထူးခြားသည့် အရိပ်အရောင်များ ပေါ်လွင်လာလေသည်။

သို့သော် သူမက ချက်ချင်းဆိုသလိုပင် ခေါင်းငုံ့ ပစ်လိုက်သောကြောင့် မည်သို့ အဓိပ္ပာယ်ရှိမှန်း ယန့်ကျဲ့မုက ဝေခွဲမရဖြစ်သွား၏။

အတန်ကြာသောအခါ....

အဖြူရောင်မိန်းကလေးက ခေါင်းငုံ့ထားရာမှ........

'လူတယောက်ဟာ အကြပ်ကိုင်ခံလာရတဲ့အခါမှာ မှားတယ် မှန်တယ်ဆုံးဖြတ်ဖို့ အခွင့်အရေးမရှိတော့ဘူး မဟုတ်လား'

ဟုဖြည်းညင်းစွာ ပြောဆိုလိုက်၏။

ယန့်ကျဲ့မုက မျက်မှောင်ကုပ်သွားပြီး—

'ကျင်းစွမ်းဖုန်းကို ကျင်းမြို့စားကြီးက အကြပ်ကိုင်ပြီးခိုင်းလိမ့်မယ်လို့ မင်းဆိုလိုတာလား....'

'ဟုတ်တယ် ကျွန်မလိုပဲ ယူဆထားတယ်'

'ဘာဖြစ်လို့လဲ'

'အင်းစွမ်းဖုန်းရဲ့မိခင်ကို လူတစုက ဖမ်းသွားတယ် ဆိုတဲ့သတင်းကို ကျွန်မတို့ မမျှော်လင့်ပဲကြားခဲ့ရတယ်ရှင့်၊ ဒါကြောင့် ကျင်းမြို့စားက ကျင်းစွမ်းဖုန်းကို အကြပ်ကိုင်ဖို့ ဖမ်းသွားတာပဲဖြစ်နိုင်တယ်မဟုတ်လား'

မိန်းကလေးက ထပ်ဆင့်ရှင်းပြလိုက်ပြန်၏။

သူမ၏စကားကြောင့် ယန့်ကျဲ့မုက အံ့ဩသွားရလေသည်။



ထို့နောက် သူသည် ခေါင်းကိုလေးတွဲစွာ ညိတ်ကာ—

'အင်း ကျင်းစွမ်းဖုန်းဟာ သိုင်းလောကမှာ လျှို့ဝှက်တဲ့လူတယောက်ပဲ သူ့ရဲ့အမေကို ရအောင်ရှာဖွေပြီး ဖမ်းထားနိုင်တယ်ဆိုတာ ကျင်းမြို့စားဟာ တော်တော် ကြောက်စရာကောင်းတဲ့လူတယောက် ဖြစ်မယ်ဆိုတာ သေချာတယ်ဗျ'

ဟု မှတ်ချက်ချလိုက်လေသည်။

အဖြူရောင်မိန်းကလေးက ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ် ကျွန်မတို့က ဒီကိစ္စကို အချိန်မီ ဟန့်တားနိုင်းမှ ဖြစ်မယ်'

ယန့်ကျဲ့မုက အဖြူရောင်မိန်းကလေး၏ မျက်နှာအား ငေး၍ ကြည့်လိုက်ပြီး—

'ဒါထက် ဘာဖြစ်လို့ ဒီကိစ္စတွေကို ကျုပ်ကို ပြောပြနေရတာလဲ'

သူ၏စကား ကြားလိုက်ရသောအခါအဖြူရောင်မိန်းကလေး ခန္ဓာကိုယ်မှာ တချက်တုန်ခါသွား၏။ ပြီးတော့ မိန်းကလေးမှာ ခေါင်းငုံ့သွားပြန်လေသည်၊ အတန်ကြာမျှပင် ခေါင်းငုံ့ထားရာမှ ရုတ်တရက် ခေါင်းမော့လိုက်ပြီး—ယန့်ကျဲ့မုအား စိုက်ကြည့်လိုက်သည်။

သူမ၏ မျက်လုံးများသည် အရောင်တဖိတ်ဖိတ် တောက်ပနေပြီး၊ ယန့်ကျဲ့မုအား ရွှန်းရွှန်းစားစား ကြည့်လိုက်ခြင်း ဖြစ်သည်။

သူမ၏နှုတ်မှလည်း သိချင်စိတ်ပြင်းပြစွာဖြင့်—

'ရှင် ဒီကိစ္စကို စိတ်မဝင်စားဘူးလား'

အဖြူရောင်ဝတ် မိန်းကလေး၏ မေးဟန်များမှာ သူ့အား ဖိတ်ခေါ်သံ ရောစွက်ပါဝင်နေ၏။

သို့သော်-ယန့်ကျဲ့မုက ခေါင်းခါယမ်းလိုက်ပြီး—

'ဒီကိစ္စဟာ ကျုပ်နဲ့မဆိုင်ပါဘူးဗျာ....'

ဟု ပြောချလိုက်သည်။

'ရှင်'

သူ၏စကားကြောင့် အဖြူရောင်မိန်းကလေးက ပါးစပ် ဟောင်းလောင်း ဖြစ်သွားလေသည်။

သူမသည် ယန့်ကျဲ့မုအား နားမလည်နိုင်စွာဖြင့် စိုက်ကြည့်မိသည်။

သူမ၏ နှုတ်မှလည်း မယုံကြည်နိုင်စွာဖြင့်—

'ရှင် ဘယ်လိုပြောလိုက်တာလဲ'

ယန့်ကျဲ့မုက သက်ပြင်းတချက် ချလိုက်သည်။

ပြီးတော့— ဤမြို့သို့လာရောက်ရသော သူ့ရည်ရွယ်ချက်ကို ပြောလိုက်၏။

'ကျုပ် ဒီမြို့ကို ရောက်လာတာဟာ ကျင်းစွမ်းဖုန်းနဲ့ သိုင်းပညာယှဉ်ပြိုင်ဖို့ပဲ ဒီကိစ္စကလွဲယင် တခြားဘာမှ ကျုပ်စိတ်မဝင်စားဘူးဗျ'

ထိုစကားကို ကြားသောအခါ—

အဖြူရောင်မိန်းကလေး၏ မျက်နှာ ကွက်ကနဲပျက်သွားလေသည်။



ထို့နောက်တွင်မူ-

သူမသည် ခေါင်းတချက် ရှုံ့လိုက်ပြီး—

'ရှင်ဟာ တော်တော်တကိုယ်ကောင်းဆန်တဲ့ လူတယောက်ပဲ'

မိန်းကလေးက သူ့အား အထင်သေးစွာ မှတ်ချက်ချလိုက်၏။

ယန့်ကျဲ့မုက ပခုံးတချက်တွန့်လိုက်ပြီး—

'ခင်ဗျားကို ကျုပ်ခွင့်လွှတ်လိုက်ပြီးသားပါဗျာ၊ ခင်ဗျား ဘယ်လောက်ပဲ ဆူဆူဆဲဆဲ ကျုပ်စိတ်မဆိုးပါဘူး'

သူသည် ယင်းသို့ပြောလိုက်ပြီး တချိန်လုံး ကျောက်ရုပ်များပမာ ငြိမ်သက်စွာရှိနေကြသည့် မိန်းကလေးများဘက်သို့တချက် ဝေ့ကြည့်လိုက်သည်။

'ခင်ဗျားတို့ ကျုပ်ကို ရန်တွေ့နေမယ့်အစား ကျင်းစွမ်းဖုန်းကို လိုက်ရှာကြယင် ကောင်းမယ်ဗျာ'

ယန့်ကျဲ့မုက မိန်းကလေးများအား သတိပေး ပြောဆိုလိုက်၏။

အဖြူရောင် မိန်းကလေး၏ မျက်နှာပေါ်တွင် ဝမ်းနည်းကြေကွဲသော အရိပ်အရောင်များ ပေါ်လွင်လာလေသည်။

သူမသည် ယန့်ကျဲ့မုအား စိုက်ကြည့်လိုက်သည်။

'ယန့်ကျဲ့မုရယ် ရှင်က ဒီလောက်တောင်ပဲ ခေါင်းမာရသလား၊ ဘာဖြစ်လို့ ကျွန်မနဲ့ လက်မတွဲနိုင်တာလဲ'

ဟု ရေရွတ်လိုက်၏။

သို့သော် အသံအဖြစ်မှု နှုတ်ခမ်းများမှ ထွက်ပေါ်လာခြင်း မရှိပါ။

ယင်းစကားစုများမှာ သူမ၏ရင်တွင်း၌သာ ဖြစ်ပေါ်လာပြီး လည်ချောင်းတွင် တစ်ဆို့ ပျောက်ကွယ်သွားလေသည်။

သူမ၏ နှုတ်ခမ်းမှ အမှန်တကယ် အပြင်သို့ ရောက်ရှိလာသော စကားများမှာမူ-

'ကျောင်းစွမ်းဖုန်းကို လိုက်ရှာရမယ်ဟုတ်လား'

'ဟုတ်တယ်'

သူမ ယန့်ကျဲ့မုအား မျက်လုံးလေးဝင့်ကြည့်ကာ–

'ဘယ်နေရာမှာ သွားရှာရမှာလဲ'

မိန်းကလေး၏ လျှပ်တပြက် မေးခွန်းကြောင့်—

ယန့်ကျဲ့မုက ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

သို့သော် ချက်ချင်းပင် ခေါင်းခါယမ်းလိုက်ပြီး—

'ဒါတော့ကျုပ်လဲမသိဘူးဗျ၊ ဒါပေမယ့်ဒုက္ခိတ မင်းသားလေးသုံးပါးနဲ့ သူနဲ့ တွေ့ဆုံခဲ့တယ်ဆိုတော့....'

သူ၏စကားမဆုံးမီမှာပင် အဖြူရောင်မိန်းကလေးက ကြားဖြတ် ပြောလိုက်သည်။

'ဒုက္ခိတ မင်းသားလေး သုံးပါးက သေသွားကြပြီပဲရှင့်'

'ဟုတ်ဘယ်လေ၊ ဒါပေမယ့် သူတို့က တနေရာရာမှာ တွေ့ဆုံချိန်းဆိုသွားနိုင်တယ် မဟုတ်လား'

အဖြူရောင် မိန်းကလေးက စိတ်ဝင်စားစွာဖြင့်—



'ဘယ်နေရာမှာ တွေ့မှာလဲ'

ယန့်ကျဲ့မုက ခေါင်းခါယမ်းပြလိုက်ကာ–

'ဒါတော့ ကျုပ်လဲ မသိဘူး'

'ဘယ်သူနဲ့တွေ့မှာလဲရှင်'

ယန့်ကျဲ့မုက အနည်းငယ် စဉ်းစားလိုက်သည်။

ပြီးတော့....သူ၏ ထင်မြင်ချက်ကို ထုတ်ဖော်ပြောဆိုလိုက်၏။

'ကျောင်းမြို့စားကြီးက ဒုက္ခိတမင်းသားလေး သုံးပါးကို လွှတ်လိုက်ပေမယ့် လျှို့ဝှက်စာကိုတော့ တပါတည်း ထည့်ပေးလိုက်မှာမဟုတ်ဘူး'

အဖြူရောင် မိန်းကလေးက ခေါင်းညိတ်လိုက်ပြီး....

ယန့်ကျဲ့မု၏ စကားကို ထောက်ခံလိုက်၏။

'ဟုတ်တယ် ဒုက္ခိတမင်းသားလေးသုံးပါးကို ကျောင်းစွမ်းဖုန်းနဲ့ ဆက်သွယ်ပေးဖို့အတွက်သာ ငှားရမ်းထားတာဖြစ်ရမယ်'

ယန့်ကျဲ့မုက စကားဆက်လိုက်သည်။

'ဒုက္ခိတမင်းသားလေး သုံးပါးကို ကျောင်းစွမ်းဖုန်းက သတ်ပစ်လိုက်ပြီဆိုတော့ သူ ကျောင်းမြို့စားနဲ့ ဘယ်နေရာမှာ ဆက်သွယ်ရမယ်ဆိုတာ သိသွားပြီနဲ့တူတယ်'

ယန့်ကျဲ့မုက သူ၏ ထင်မြင်ယူဆချက်ကိုပြောပြလိုက်၏။

အဖြူရောင် မိန်းကလေးက.......

'ဟုတ်တယ် ရှင်ပြောတာဖြစ်နိုင်တယ်'

အဖြူရောင် မိန်းကလေးက ထောက်ခံလိုက်သည်။

ယန့်ကျဲ့မုကအဖြူရောင် မိန်းကလေးအား တချက် ကြည့်လိုက်ပြီး သဘောကျစွာပြုံးလိုက်ကာ....

'ဒီတော့ သူတို့ ဘယ်နေရာမှာတွေ့ဆုံကြမလဲ ဆိုတာကိုသာ စဉ်းစားပြီး လိုက်ရှာကြတော့ပေါ့၊ မဟုတ်ဘူးလား'

သူ၏ စကားဆုံးသွားသည်နှင့် အဖြူရောင် မိန်းကလေး၏ မျက်နှာမှာ လေးနက်တည်ကြည်စွာဖြင့်.......

'ဟုတ်ပြီ–ဒါပဲဖြစ်ရမယ်'

လွတ်ကနဲ ပြောလိုက်၏။

မိန်းကလေး၏ပုံစံမှာ တစုံတခုအား တွေးမိဟန်ဖြင့် တက်ကြွနေ၏။

ယန့်ကျဲ့မုက မည်သည့်အကြောင်းအား အဖြူရောင် မိန်းကလေး တွေးမိလိုက်သည်ကို မမေးမိရန် ပါးစပ်ပိတ်ထားလိုက်ရလေသည်။

တကယ်ဆိုတော့—

သူကသာဂျကိစ္စတွင် စိတ်ဝင်စားသည့်ပုံဟန် ဖော်ပြလိုက်ပါက အဖြူရောင်မိန်းကလေးက သူ့အား လက်လွှတ် ခံမည် မဟုတ်ပါချေ။

သူမတို့လူစုနှင့်အတူ ပူးပေါင်းကာ ကျင်းမြို့စားတို့ လူစုအား သုတ်သင်ပစ်ရန် အကူအညီတောင်းလိမ့်မည် မဟုတ်ပါလော။

ထိုစဉ်မှာပင် အဖြူရောင်မိန်းကလေးကယန့်ကျဲ့မုအား ကြည့်လိုက်ပြီး........

'ကျောက်စိမ်း 'မြွေ'ကို ရှင်သိသလား'

ဟု ရုတ်တရက် မေးချလိုက်လေသည်။



ထိုစကားကိုကြားလိုက်ရသောအခါ ယန့်ကျဲ့မု၏မျက်နှာမှာ ကွက်ကနဲ ပျက်သွားလေသည်။

သို့သော် သူ၏ မျက်နှာပေါ်တွင် ချက်ချင်း ဆိုသလိုပင် လူသတ်လိုသော အရိပ်အရောင်များက ထွက်ပေါ်လာ၏။

သူ၏ မျက်လုံးအစုံမှာလည်း အေးစက် မာကျောသွားကာ ရန်သူတယောက်နှင့် သူသေ ကိုယ်သေ ယှဉ်ပြိုင်တိုက်ခိုက်တော့မည်ဟန် ဖြစ်လာလေသည်။

လျပ်တပျက် ဖြတ်ကနဲ ပြောင်းလဲ သွားသော ယန့်ကျဲ့မု၏ အမူအရာကြောင့် အဖြူရောင် မိန်းကလေးက မျက်မှောင်ကုပ်သွားပြီး—

'ရှင် ဘာဖြစ်သွားတာလဲ'

ဟု လှမ်းမေးလိုက်လေသည်။

ထိုစကားကို ကြားလိုက်ရမှ ယန့်ကျဲ့မုက ပြန်လည် သတိဝင်လာဟန်ဖြင့်—

'ကျုပ်....ကျုပ် ဘာမှ မဖြစ်ပါဘူး'

'ကျွန်မမေးတာကို ရှင်ကြားရဲ့လား'

'ကြားပါတယ်ဗျာ'

ဤတွင်-မိန်းကလေးကပထမမေးခွန်းကိုထပ်မေးလိုက်ပြန်၏။

'ဒါဖြင့် 'ကျောက်စိမ်းမြွေ'ကို ရှင်သိတယ်ပေါ့'

ယန့်ကျဲ့မုက ခေါင်းညိတ်ပြလိုက်ပြီး ပါးစပ်ပိတ်ထားလိုက်လေသည်။

အဖြူရောင် မိန်းကလေးက သက်ပြင်းတချက်ချလိုက်ပြီး–
'ကျောက်စိမ်းမြေကလည်း ဒီကိစ္စမှာ ပါဝင်ပတ်သက်နေလိမ့်မယ်ဆိုတာ ကျွန်မယုံကြည်တယ်'

ယန့်ကျဲ့မုက မိန်းကလေးအား စိုက်ကြည့်လိုက်သည်။

'မင်းက ဘာဖြစ်လို့ ဒီလိုယူဆထားတာလဲ'

အဖြူရောင်မိန်းကလေးက အသာအယာပြုံးလိုက်ပြီး–

'ကျောက်စိမ်းမြေ ဒီမြို့မှာရောက်နေတာကို ကျွန်မတို့ တွေ့ခဲ့ပြီးလို့ပါရှင်'

'ကျောက်စိမ်းမြေ ဒီမြို့ကိုရောက်လာတယ် ဟုတ်လား'

ယန့်ကျဲ့မုက သေချာစေရန် ထပ်မေးလိုက်၏။

မိန်းကလေးက ခေါင်းညိတ်၍........

'ဟုတ်တယ်'

'သူ ဘာလာလုပ်တာလဲ'

'ဒုက္ခိတမင်းသားလေး သုံးပါးက နာမည်ကျော် ကြေးစားတွေဆိုတာ ရှင်သိတယ်မဟုတ်လား'

'ဟုတ်တယ်လေ အဲဒါဘာဖြစ်သလဲ'

'ကျောက်စိမ်းမြေကလည်း နာမည်ကျော်ကြေးစား လူသတ်သမားတယောက်ပဲရှင့်....'

ဤတွင်–

ယန့်ကျဲ့မုက မျက်မှောင်ကုပ်လိုက်ပြီး....

'ကျင်းမြို့စားကြီးက ဒုက္ခိတမင်းသားလေး သုံးပါးကို ငှားရမ်းခဲ့သလို ကျောက်စိမ်းမြေကိုလည်း ငှားရမ်းလိမ့်မယ်လို့ မင်းယူဆထားသလား'



အဖြူရောင် မိန်းကလေးက ခေါင်းကို ဘွက်လက်စွာညိတ်ကာ....

'ဟုတ်တယ်'

သူမသည် ယန့်ကျဲ့မုအား ပြုံးကြည့်လိုက်ပြီး စကားဆက်လိုက်၏။

'ဒုက္ခိတမင်းသားလေး သုံးပါးက ကျင်းစွမ်းဖုန်းကို လက်ခံတွေ့ဆုံပြီး ကျောက်စိမ်းမြေကတော့ ကျင်းစွမ်းဖုန်းကိုအမိန့်ပေးလိမ့်မယ်ထင်တယ်'

အဖြူရောင်မိန်းကလေးက သူမ၏ထင်မြင်ချက်ကို ပြောဆိုလိုက်၏။

'ဒါဖြင့် ဒုက္ခိတ မင်းသားသုံးပါးက ကျောက်စိမ်းမြေနဲ့ ဘယ်နေရာမှာ သွားတွေ့ရမယ်ဆိုတာ ကျင်းစွမ်းဖုန်းကို ပြောပြဖို့ သက်သက် ဒီမှာလာစောင့်နေကြတာပေါ့'

ယန့်ကျဲ့မုက မေးလိုက်၏။

အဖြူရောင်မိန်းကလေးက ခေါင်းညိတ်လိုက်ပြီး–

'ဒီလိုယူဆယင် တဝက်ပဲ မှန်လိမ့်မယ်ရှင့်'

'ဘာဖြစ်လို့လဲ'

'တကယ်လို့များ ကျင်းစွမ်းဖုန်းက ကျင်းမြို့စားရဲ့အမိန့်ကို မနာခံဘူးဆိုယင် ဒုက္ခိတမင်းသားလေးသုံးပါးက သူ့ကိုသတ်ပစ်ဖို့ တာဝန်ယူထားကြရမယ်ဆိုတာ တွေးကြည့်ရုံနဲ့ သိနိုင်ပါတယ်ရှင်'

မိန်းကလေး၏ယူဆချက်မှာ မဆိုးပါ၊ အမှန်နှင့် အများကြီး နီးစပ်နေသည်။

ယန်ကျဲ့မှုက သဘောကျစွာဖြင့် ပြုံးလိုက်ပြီး—

'အခုသူတို့ ကျင်းစွမ်းဖုန်းကိုတော့ ဘာမှမတတ်နိုင်ခဲ့ဘူး မဟုတ်လား'

'ဟုတ်တယ် ဒါကြောင့်လဲ ကျင်းစွမ်းဖုန်းက ကျောက်စိမ်းမြေဆီကို ရောက်သွားလောက်ပြီရှင့်'

သူမ၏စကားကြောင့် ယန်ကျဲ့မှု၏မျက်နှာမှာ လေးနက်တည်ကြည်သွားပြီး—

'ကျောက်စိမ်းမြေ ဘယ်မှာရှိသလဲဆိုတာ မင်းသိသလား'

အဖြူရောင်မိန်းကလေးက သက်ပြင်းတချက် ချလိုက်သည်။

ပြီးတော့....ပြည်းလေးစွာဖြင့်........

'ကျောက်စိမ်းမြေက မြို့တောင်ဘက်ဇရပ်တခုမှာ ရောက်နေတာ ကျွန်မတို့ မမျှော်လင့်ပဲ တွေ့ခဲ့ရတယ်ရှင့်'

ယန်ကျဲ့မှုက စိတ်ဝင်စားသွားပြီး........

'မြို့တောင်ဘက်ကဇရပ်မှာ ကျောက်စိမ်းမြေရှိနေတာ သေချာတယ်နော်........'

'သေချာပါတယ်ရှင်'

'ဒါထက် ဇရပ်နာမည်က ဘာတဲ့လဲ'

ယန်ကျဲ့မှုက သိချင်စိတ်ပြင်းပြစွာ ထပ်မေးလိုက်၏။

အဖြူရောင်မိန်းကလေးက အနည်းငယ် စဉ်းစားလိုက်ပြီးမှ

'သူတော်ကောင်းဇရပ် ဖြစ်မယ်ထင်တာပဲ'

သူမသည် ယင်းသို့ ပြောလိုက်ပြီး ယန်ကျဲ့မှုအားစိုက်ကြည့်လိုက်၏။



'ရှင့် ဒီကိစ္စကို စိတ်ဝင်စားသွားပြီလား'

ဟု ခပ်ပြုံးပြုံး လှမ်းမေးလိုက်၏။

ယန်ကျဲ့မှုက ပြုံးလိုက်သည်။

ထို့နောက် အေးတိအေးစက်ဖြင့်........

'ကျုပ်ဘယ်တော့မှ စိတ်ဝင်စားမှာ မဟုတ်ပါဘူးဗျာ'

ယန်ကျဲ့မှု၏ပါးစပ်မှ ထွက်ပေါ်လာသော စကားစုမှာ မိန်းကလေးမျှော်လင့်ထားသလို မဟုတ်ပါ။

ထို့ကြောင့် အဖြူရောင်မိန်းကလေးမှာ မျက်နှာတချက်ပျက်သွားပြီး........

'ဒါဖြင့် ရှင်သူတော်ကောင်းဇရပ်ကို လိုက်မသွားဘူးပေါ့'

ယန်ကျဲ့မှုက ပါးစပ်ပိတ်ထားလိုက်လေသည်။

သူ့အနေဖြင့် ထိုမေးခွန်းကိုမဖြေချင်၊ မဖြေလို၊ ဖြေရန်မလိုအပ်ဟု သူယူဆသည်။

အဖြူရောင်မိန်းကလေးက ဒေါသထွက်သွားပြီး........

'ရှင် စိတ်မဝင်စားယင်ဘာဖြစ်လို့လျှောက်မေးနေရတာလဲ'

ယန်ကျဲ့မှုက ပြုံးလိုက်ပြီး....

'မင်းတို့ ကျင်းစွမ်းဖုန်းကို အချိန်မီ လိုက်ရှာနိုင်အောင် ကျုပ်က နည်းလမ်းတွေ ရွေးချယ်ပေးဖို့ စဉ်းစားနေတာ'

သူ၏စကားကြောင့် အဖြူရောင်မိန်းကလေးမှာ ပါးစပ်ဟောင်းလောင်း ဖြစ်သွားရ၏။

ထို့နောက်တွင်....

ယန့်ကျဲ့မုက အဖြူရောင် မိန်းကလေးအား ကျောခိုင်း လိုက်ပြီး....

'အခုအတိုင်းဆိုယင် ကျင်းစွမ်းဖုန်းဟာ သူတော်ကောင်း ဇရပ်မှာ ရှိနေမှာ သေချာတယ်ဗျ၊ ခင်ဗျားတို့အခု လိုက်သွား ယင် မီကောင်းမီနိုင်မယ်'

အဖြူရောင်မိန်းကလေးက မဲ့ပြုံးပြုံးလိုက်ပြီး....

'တ.ဘယ်လို့ ကျင်းစွမ်းဖုန်းသာ ကျောက်စိမ်းမြွေလက်ချက်နဲ့ သေသွားယင်ကော....'

မိန်းကလေးက ယန့်ကျဲ့မု၏ ထင်မြင်ချက်ကို တောင်းဆိုမေး မြန်းလိုက်ပြန်သည်။

ယန့်ကျဲ့မုက ပခုံးတချက်တွန့်လိုက်ပြီး....

'ကျုပ်အတွက် ယှဉ်ပြိုင်ဘက်တယောက် လျော့သွားတာ ပေါ့ဗျာ.......'

အဖြူရောင်မိန်းကလေးက ဒေါသအမျက် ချောင်းချောင်း ထွက်သွားလေသည်။

သူမသည် ယန့်ကျဲ့မုအား အကြီးအကျယ် ရန်တွေ့ဟန် ပြင်လိုက်၏။

သို့သော်သူမသည်၊ စကားတခွန်းမျှ မပြောခဲ့တော့ပါချေ။



မသည် စိတ်ကိုအတတ်နိုင်ဆုံး ထိန်းချုပ်ဟန်ဖြင့် နှုတ်ခမ်း ကိုက်ထားလိုက်သည်။ ပြီးတော့၊ အခြေအနေကို စောင့်ကြည့် နေကြသော သူမ၏အဖော် မိန်းကလေးများဘက်သို့ လက်တ ချက်ဝှေ့ယမ်းပြလိုက်ပြီး မြင်းပေါ်သို့ လွှားကနဲ ခုန်တက်လိုက် ကာ ညသရဲစားသောက်ဆိုင်ရှေ့မှ အရှိန်ပြင်းစွာ ဒုန်းစိုင်းထွက် ခွာသွားလေသည်။ ကျန်မိန်းကလေး ခြောက်ယောက်ကလည်း မြင်းကိုယ်စီဖြင့် အဖြူရောင်မိန်းကလေးနောက်သို့ ပြေးလွှား လိုက်ပါသွားကြ၏။

ယခုအခါတွင်မူ....

ညသရဲစားသောက်ဆိုင်ရှေ့တွင် ယန့်ကျဲ့မုတယောက်သာ ကျန်ရစ်ခဲ့တော့၏။ မိန်းကလေးခုနစ်ယောက် မြင်းကို ဒုန်းစိုင်း လျက် ထွက်ခွာသွားကြပြီး မြင်းကွင်းမှ ပျောက်ကွယ်သွားတော့မှ ယန့်ကျဲ့မုက သက်ပြင်းတချက်ချလိုက်သည်။

သူ့နှုတ်မှလည်း ဖြည်းညင်းစွာဖြင့်....

'သူတော်ကောင်းဇရပ်က ထောင်ချောက်တခု ဖြစ်နေတယ် ဆိုယင် မခက်ပါလား'

ဟု တီးတိုးရေရွတ်လိုက်ပါလေသည်။

ထိုသို့ရေရွတ်ယင်းမှလည်း ပခုံးနှစ်ဘက်ကို ဟန်ပါပါ တွန့် ပစ်လိုက်သေးသည်။

ထို့နောက် ညသရဲစားသောက်ဆိုင်အား တချက်လှည့်ကြည့်လိုက်ပြီး မင်းလမ်းအတိုင်း ခြေလှမ်းကျဲကျဲဖြင့် လျှောက်ထွက်ခွာသွား၏။

ထိုအချိန်တွင် အရှေ့ဘက်ဆီမှ အရုဏ်ကျင်း၍ မသဲမကွဲအလင်းရောင်က ထွက်ပေါ်လာနေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

မိုးလင်းလုချေပြီ။

*　　　*　　　*

၂၁၇၄၄

## သူတော်ကောင်း ဇရပ်

## ( ၁ )

ကောင်းကင်သည် နက်ပြာရောင် ရှိနေရာမှ တဖြည်းဖြည်းကြည်ပြာရောင်ဖြစ်လာ၏။ ပြာလဲ့လဲ့မှုန်ခိုးများ လွင့်ပါးပျောက်ကွယ်သွားပြီးနောက် ဝန်းကျင်တခုလုံးမှာ ကြည်ကြည်လင်လင်ဖြစ်နေပြီး စိုးတဝါး အမှောင်ထုကလည်း တပ်လန့်စ ပြုနေပြီးဖြစ်ပါသည်။

တဖြည်းဖြည်း နောက်ဆုတ် သွားသော အမှောင်ထုများနေရာသို့—

အရုဏ်ဦး၏ ရောင်ခြည်များက တစထက်တစ ချည်းနှင်းဝင်ရောက်လာနေပြီ၊ မကြာမီ မိုးလင်းတော့မည် ဖြစ်၏။

ထွက်ပြူစပြုလာသောနေမင်း၏အလင်းတန်းများနှင့်အတူ—

တောင်ကြားမြို့ကလေးမှာလည်း ည၏အမှောင်ထု အောက်၌ မလှုပ်မယှက်ငြိမ်သက်နေရာမှ တဖြည်းဖြည်း လှုပ်ရှားသက်ဝင်လာပြီ ဖြစ်ပါသည်။

မြို့ကလေးမှာ လွန့်လူးနိုးထစ ပြုလာပြီ ဖြစ်၏။

နံနက် မိုးသောက်အရုဏ်တွင် လုပ်ငန်းခွင်သို့ ကိုယ်စီဝင်ရန် ဟန်ပြင်နေကြသော အလုပ်သမားများ၊ တနေ့တာ အရောင်းအဝယ် အတွက် ဖွင့်လှစ်ရောင်းချတော့မည့် ဈေးဆိုင်များ၊ ခရီးထွက်ရပ် ဟန်ပြင်နေကြသော အာမခံဌာနမှ မြင်းလှည်းတန်းများဖြင့် ဆူဆူညံညံ ဖြစ်လာလေသည်။

သို့သော် တောင်ကြားမြို့ကလေး၏ ယနေ့ နံနက်ခင်းသည် အခြားနေ့များနှင့် မတူပဲ ရှိနေသည်ဟု ဆိုရပေမည်။

အကြောင်းမှာ ယနေ့နံနက်ခင်းတွင် လှုပ်ရှားသွားလာနေသူမှန်သမျှ သံပတ်ပေး စက်ရုပ်များသဖွယ် မိမိတာဝန်ကို မလုပ်မဖြစ် လုပ်ဆောင်နေရသကဲ့သို့ ဖြစ်နေ၏။ သံပတ်ပေး စက်ရုပ်ဆိုလျှင် ရင်တွင်း၌ ခံစားချက် ကင်းမဲ့နေမည် မဟုတ်ပါလေ။

ထိုနည်းတူ တောင်ကြား မြို့သူမြို့သားများလည်း မလုပ်မဖြစ်၍သာ မိမိတို့၏ လုပ်ငန်းခွင်သို့ ဝင်နေကြရသော်လည်း သူတို့၏ ရင်ထဲ၌မူ အိမ်ထဲမှ အိမ်ပြင်သို့ ထွက်လိုစိတ် အလျဉ်း မရှိဟန် အထင်းသား ပေါ်လွင်နေ၏။

အကြောင်းမှာ ညသရဲ စားသောက်ဆိုင် ပိုင်ရှင် လူဝကြီး (ဝါ) ညသရဲ၏ သတင်းဖြန့်မှုကြောင့် တောင်ကြား မြို့ကလေး အတွင်း ပြင်းထန်သောတိုက်ပွဲများ ဖြစ်ပွားလာနိုင်စရာ ရှိနေသည်ကို တောင်ကြားမြို့သူမြို့သား အတော်များများက သိရှိထားကြပြီး မဟုတ်ပါလော....။



လူဝကြီး(ဝါ) ညသရဲမှာ သူ၏ စားသောက်ဆိုင်မှ ထွက်ပြေး တိမ်းရှောင်သွားပြီးနောက် တိတ်တဆိတ် နောက်ထပ်တခေါက်ပြန်သွားကာ အခြေအနေကို အကဲခတ် ကြည့်ရှုခဲ့၏။

သူသည် စားသောက်ဆိုင်သို့ ရောက်ရှိသွားသောအခါ ဒုက္ခိတမင်းသားလေးသုံးပါး၏ အလောင်းများကို တွေ့မြင်လိုက်ရလေသည်။

ထို့အပြင် လူသူ တစုံတယောက်မျှ မရှိတော့သော်လည်း မကြာသေးမီအချိန်က လူအတော်များများ စားသောက်ဆိုင်သို့ ရောက်ရှိလာခဲ့ကြောင်း သူက သတိပြုမိလိုက်သည်။

နောက်ဆုံး လူဝကြီး(ဝါ)ညသရဲမှာ(ဒုက္ခိတမင်းသားလေးသုံးပါး၏အလောင်းကို ဖယ်ရှားလိုက်ပြီး) ညသရဲစားသောက်ဆိုင်အား ပိတ်လိုက်ရလေသည်။

သူ့အနေဖြင့်—ညကကဲ့သို့ ဆိုင်အားရှောင်တခင် စွန့်ခွာပိတ်ပစ်ခြင်းမဟုတ်ပါ။

ယခုတကြိမ် သူက အပြီးတိုင် ပိတ်ပစ်လိုက်ခြင်းဖြစ်၏။

လူဝကြီး၏ ညသရဲ စားသောက်ဆိုင်ကြီးက အပြီးတိုင် ပိတ်ပစ်လိုက်ပြီဖြစ်သော်လည်း တောင်ကြားမြို့ကလေးအတွင်း ဆက်လက်ဖြစ်ပေါ်လာမည့် တိုက်ပွဲများမှာ ဆုံးခန်းတိုင်စရာ အကြောင်း မရှိသေးပါချေ။

ထို့ကြောင့် လူဝကြီးက နီးစပ်ရာ လူတိုင်းသို့ သတင်းပေးခြင်းဖြင့် တောင်ကြားမြို့ကလေးအတွင်း တိုက်ပွဲများ ဆက်လက်

ဖြစ်ပွားလာလိမ့်မည်စိုးသည့်ဆိုသော သတင်းမှာ တမြို့လုံးသို့ ဝယက်ရိုက်ခတ်သွားလေသည်။

လူဝကြီး၏ ယူဆချက်မှာ သေွးထွက်အောင်ပင် မှန်ကန်နေ သည်ကို မကြာမီဖြစ်ပေါ်လာမည့် အဖြစ်အပျက်များ**က** သက် သေပြလိမ့်မည်ဖြစ်၏။

အကြောင်းမှာ **အသည်းကွဲဓားပိုင်ရှင်** ကျင်းစွမ်းဖုန်းက တိုက်ပွဲရှိရာသို့ ဦးတည်သွားနေပြီ မဟုတ်ပါလော........။

* * *

(၂)

'သူတော်ကောင်း ဇရပ်....'

ယင်းဇရပ်မှာ—ရွှေရောင်စာလုံးများဖြင့် ရေးခြယ်ထားပြီး အလွန်ကြီးမားသော ဆိုင်းဘုတ်တခုဖြစ်၏။

ထို့ကြောင့် သူတော်ကောင်းဇရပ်၏ ဆိုင်းဘုတ်အား အဝေးမှပင် မြင်တွေ့နိုင်လေသည်။ သို့သော် ရွှေရောင်စာလုံး များမှာ မှေးမှိန်ပျက်ပြယ်နေပြီ ဖြစ်လေသည်။

သူတော်ကောင်းဇရပ်တွင် ခန့်ညားထယ်ဝါခြင်းဟူသည့် အသွင်အပြင်မှာ ဆိုင်းဘုတ်တခုတည်းတွင်သာ ကျန်ရစ်ခဲ့လေ တော့၏။

အမှန်စင်စစ်....ဤဇရပ်မှာ – ကျောက်ဖြူများဖြင့် အခိုင် အမာ တည်ဆောက်ထားသည့် ဇရပ်တခုဖြစ်သော်လည်း အသုံး မပြုသည်မှာ အချိန်ကာလ ကြာမြင့်နေပြီ ဖြစ်သောကြောင့် ပျက်စီးယိုယွင်းနေပြီဖြစ်လေသည်။

အမိုးအကာများသည် ကျိုးတိုးကဲ့တဲ့ဖြင့် ဟိုတဝက် သည်တဝက်ရှိနေပြီး ကြယ်မြင် လမြင် ဖြစ်နေ၏။

အခိုင်အမာ တည်ဆောက်ထားသော ဇရပ်မှ ကျောက်တိုင် များ၊ နံရံများမှလွဲ၍ အချို့နေရာများတွင် ကျောက်သားများ သည် မြေပေါ်သို့ပင် စုပုံကျနေပြီဖြစ်လေသည်။

ထို့ကြောင့်လွန်ခဲ့သည့်နှစ်ပေါင်းများစွာကသူတော်ကောင်း ဇရပ်သည် အလွန်ပင် ကြီးကျယ်ခန်းနားခဲ့မည် ဖြစ်သော်လည်း ယခု ပျက်စီးယိုယွင်းနေပြီဖြစ်သော ဇရပ်ပျက်တခု ဘဝသို့ ပြောင်းလဲသွားပြီဖြစ်ကြောင်း သိသာနိုင်၏။

အမှောင်ထုများ လွှင့်ပါးပျောက်ကွယ်စ........

နံနက်ခင်း၏ နွေးထွေးတောက်ပသည့် နေရောင်ခြည်များ ထွက်ပေါ်လာစပြုသည့် အချိန်တွင် ကျင်းစွမ်းဖုန်းက သူတော် ကောင်းဇရပ်သို့ ရောက်ရှိလာလေတော့သည်။

ဤဇရပ်ပျက်အတွင်းသို့ ကျင်းစွမ်းဖုန်း မည်သည့်ရည်ရွယ် ချက်ဖြင့် ရောက်ရှိလာခဲ့ပါသနည်း။

* * *

အေးမြသောလေတချက်က တိုက်ခတ်လာ၏။

ထိုအခါ ခါးတဝက်မျှအထိရှည်လျားစွာ ပေါက်နေသော မြက်ပင်ရှည်များမှာ လေအဝှေ့တွင် ယိမ်းနွဲ့သွားကြလေသည်။

သူတော်ကောင်းဇရပ်သည် မြို့တောင်ဘက်အစွန် သချိုင်းဟောင်းတခုပေါ်တွင် ရှိနေပြီး အလေ့ကျ ပေါက်ရောက်နေသော မြက်ပင်ရှည်များ၊ သစ်ပင်ငယ်များဖြင့် ဖုန်းဆိုးမြေရိုင်းသဖွယ် ဖြစ်နေလေသည်။

တညလုံး အိပ်ရေးပျက်လာခဲ့သော ကျင်းစွမ်းဖုန်းမှာ နံနက်ခင်း၏ အေးမြသော လေပြည်လေညင်းကြောင့် လန်းလန်းဆန်းဆန်း ဖြစ်လာသည်ဟု ခံစားလိုက်ရ၏။

သူ၏ ခန္ဓာကိုယ်တွင်လည်း အားသစ်များ ဖြစ်ပေါ်လာသည်ဟု ခံစားလိုက်ရပြီး ရှေ့သို့ ခြေလှမ်းကျဲကျဲဖြင့် ဆက်၍ လျှောက်သွားလေသည်။

ယခု သူသည် သူတော်ကောင်းဇရပ်နှင့် မနီးမဝေးသို့ရောက်ရှိလာပြီဖြစ်သည်။

ရှည်လျားသော မြက်ပင်ရှည်များအကြား တိုးဝှေ့လျှောက်လှမ်းသွားယင်း သူတော်ကောင်းဇရပ်နှင့် တစထက်တစ နီးကပ်လာလေသည်။

ရုတ်တရက်........

'ဂစ်........'

ကနဲ အော်မြည်သံနှင့်အတူ မြက်ပင်ရှည်များအကြားမှ ငှက်တကောင် အလန့်တကြား ထ၍ပျံသန်းသွား၏။

ကျင်းစွမ်းဖုန်းက ခြေလှမ်း တုံ့ကနဲ ရပ်တန့်လိုက်သည်။



သူသည် တဖျပ်ဖျပ်နှင့် တောင်ပံခတ်လျက် ပျံသန်းသွားသောငှက်အား စိုက်ကြည့်လိုက်ယင်း အန္တရာယ် အငွေ့အသက်များအား ခံစားလိုက်ရလေသည်။

မည်သို့ပင်ဖြစ်စေ ဤဇရပ်ပျက်ထဲသို့ ရောက်လာပြီဆိုသည်နှင့် အချိန်တိုင်း အချိန်တိုင်းတွင် အန္တရာယ်က နီးကပ်စွာရှိနေကြောင်း ကျင်းစွမ်းဖုန်းက သဘောပေါက်ထားပြီးဖြစ်၏။

ထို့ကြောင့် သူက တွေဝေမနေတော့ပဲ သူတော်ကောင်းဇရပ်ရှိရာသို့ ခြေလှမ်းသုတ်သုတ်ဖြင့် ဆက်၍ လျှောက်သွားလေသည်။

နောက်ဆုံး သူတော်ကောင်းဇရပ်ရှေ့ မြေကွက်လပ်သို့ရောက်ရှိလာတော့မှ ခြေလှမ်းများကို ရပ်တန့်ပစ်လိုက်တော့၏။

ယခု ကျင်းစွမ်းဖုန်းက သူတော်ကောင်းဇရပ်သို့ ရောက်ရှိလာပြီ ဖြစ်ပါသည်။

ဤသို့ဆိုလျှင် သူတော်ကောင်း ဇရပ်တွင် စောင့်ဆိုင်းနေမည့် ကျောက်စိမ်းမြွေက မည်သည့်နေရာတွင်ရောက်ရှိနေပါသနည်း။

သူတော်ကောင်း ဇရပ်ရှေ့၌ ကျင်းစွမ်းဖုန်းက ခြေလှမ်းရပ်တန့်လိုက်သည်နှင့်တပြိုင်တည်း ရှည်လျားသော မြက်ပင်များအကြားမှ အစိမ်းရောင်မြွေတကောင်က 'လျှော'ကနဲ ထိုးထွက်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

လျှောကနဲ ထိုးထွက်လာသော အစိမ်းရောင် မြွေတကောင်–

*   *   *

(၃)

အသာအယာတိုက်ခတ်နေသောလေသည် စိတ်ရှုးပေါက်လာသည့်အလား ခပ်ပြင်းပြင်း ဝေ့ယမ်းတိုက်ခတ်လိုက်သည်။

ထို့ကြောင့် မြက်ပင်ရှည်များကလည်း ဟိုမှသည် ယိမ်းထိုးလှုပ်ရှားသွားကြ၏။

မြက်ပင်ရှည်များအကြားမှ ထိုးထွက်လာသည့် အစိမ်းရောင်မြွေကလည်း လေတိုက်ခတ်မှုကြောင့် လူးလူးလွန့်လွန့် ဖြစ်သွားလေသည်။

အစိမ်းရောင်မြွေက လူးလူးလွန့်လွန့် ဖြစ်သွားသည်နှင့်တပြိုင်နက် သူ့အနီးသို့ ပို၍နီးကပ်လာသည်ဟု ကျင်းစွမ်းဖုန်းက နားလည် လိုက်၏။

အမှန်မှာ– အစိမ်းရောင်မြွေက လှုပ်ရှား လိုက်သော အခါ လျှင်မြန်လွန်းလှသဖြင့် လူးလွန့်လိုက်သည်ဟုသာ တွေ့မြင်လိုက်ရသည် မဟုတ်ပါလော။

ကျင်းစွမ်းဖုန်းက အစိမ်းရောင်မြွေကလေးအား မျက်တောင်မခတ်ပဲ စိုက်ကြည့်လိုက်သည်။

အစိမ်းရောင် မြွေကလေးသည် တကိုယ်လုံး အစိမ်းရောင်တောက်ပနေသော်လည်း မျက်လုံး နှစ်လုံးမှာမူ နီရဲ တောက်ပနေကာ ရဲရဲတောက်နေသည့် မီးကျည်ခဲများပမာ ရှိနေ၏။

အစိမ်းရောင် မြွေကလေးသည် ကျင်းစွမ်းဖုန်းနှင့် ခြေသုံးလှမ်းစာမျှ အကွာအထိသို့ တိုးကပ်လာပြီးမှ ရပ်တန့်လိုက်ကာ ဦးခေါင်း ထောင်လိုက်လေသည်။



ပုံသဏ္ဍာန်မှာ ကျင်းစွမ်းဖုန်းအား အချိန်မရွေးတိုက်ခိုက်ရန် အသင့်ပြင်ထားသကဲ့သို့ ဖြစ်နေ၏။

ကျင်းစွမ်းဖုန်းက ရယ်ချင်သော်လည်း မရယ်နိုင်ပါချေ။

တကယ်ဆိုတော့– ဤအစိမ်းရောင်မြွေကလေးသည် အလွန်အဆိပ်ပြင်းပြီး အကိုက်ခံရလျှင် ဖြေဆေး မရှိကြောင်း သူက သိရှိထားသည် မဟုတ်ပါလော။

ထို့ပြင် အစိမ်းမြွေကလေးသည် တရုတ်ပြည်၌ အလွန်ရှားပါးသော မြွေမျိုးဖြစ်၏။

ယင်းအား တိဗက်နယ်ခြား၌သာ တွေ့ရှိရတတ်ကြောင်း သူက သိရှိထား၏။

ဤသို့ဆိုလျှင် အစိမ်းရောင် မြွေကလေးက အဘယ်ကြောင့် သူတော်ကောင်းဇရပ်ရှေ့သို့ ရောက်ရှိလာရပါသနည်း။

ထိုအတွေးနှင့် တဆက်တည်းမှာပင်– ကျင်းစွမ်းဖုန်းက လူတယောက်အား သတိရလာလေသည်။

ထိုလူသည် မြွေဆိပ် အလွန်ကျွမ်းကျင်ပြီး အစိမ်းရောင်မြွေကဲ့သို့ အဆိပ်အလွန်ပြင်းသည့်မြွေများကို လက်နက်အဖြစ် အသုံးပြုကာ ရန်သူအား ရင်ဆိုင်တိုက်ခိုက်တတ်သည့် လူတယောက်ဖြစ်၏။

ကျင်းစွမ်းဖုန်းက ထိုလူအား သတိရလာစဉ်မှာပင် သူတော်ကောင်း ဇရပ်အတွင်းမှ လူတယောက် လှမ်းထွက်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

* * *

ကျင်းစွမ်းဖုန်းက သက်ပြင်းတချက် ချလိုက်၏။

သူနှင့် မလှမ်းကမ်းတွင်ရှိနေသော မြေစိမ်းကလေးက ချက်ချင်း ဆိုသလိုပင် အလွန်ကြီးမားသော မြေစိမ်းတကောင် ဖြစ်သွားသည်ဟုလည်း ထင်မှတ်လိုက်လေသည်။

အမှန်မှာ မြေစိမ်းကလေးက ဦးခေါင်းထောင်လျက် မလှုပ်မယှက် ရှိနေရုံသာရှိနေပြီး ကြီးထွားလာခြင်း မရှိပါချေ။

တကယ်တော့ သူတော်ကောင်းဇရပ်ပျက်အတွင်းမှ အလွန်ကြီးမားသော မြေစိမ်းတကောင်က လမ်းလျှောက် ထွက်လာသောကြောင့် ကျင်းစွမ်းဖုန်းက ယခုကဲ့သို့ ထင်မှတ်မိလိုက်ခြင်း ဖြစ်ပါသည်။

အမှန်စင်စစ်မူ ဇရပ်ပျက်အဲတွင်းမှ လမ်းလျှောက်ထွက်လာသည်မှာလည်း မြေစိမ်းတကောင် မဟုတ်ပါ။

တကိုယ်လုံး အစိမ်းရောင်ဝတ်ဆင်ထားသော လူတယောက်သာ ဖြစ်ပါသည်။

ထိုလူသည် ခန္ဓာကိုယ်ပိန်ပိန်ပါးပါးရှိနေပြီး လေတိုက်ခတ်မှုကြောင့် လဲပြိုသွားမယောင် ရှိနေ၏။



သို့သော် ထိုလူ၏ မီးကျည်ခဲများပမာ နီရဲနေသော မျက်လုံးများအား ရင်ဆိုင်လိုက်ရပါမူ ထိုလူသည် လေတိုက်ခတ်မှု မဆိုထားနှင့် မုန်တိုင်းတိုက်ခတ်ခံရလျှင် ပင် လုံးဝ ဖြိုမည့်ဟန် မရှိပဲ ကျောက်ဆောင်ကြီးပမာ မားမားမတ်မတ် ရပ်တည်နိုင်မည့်သူ ဖြစ်ကြောင်း မှတ်ထင်ယုံကြည်သွားရမည် ဖြစ်လေသည်။

ယခု....ထိုလူသည် အစိမ်းရောင် အဝတ်အစားများ နီရဲသော မျက်လုံးများဖြင့် လေကိုဆန်ကာ ဇရပ်ပျက်အတွင်းမှ ထွက်လာနေ၏။

သူ၏ ခြေထောက်များသည် အတွင်းဘက်သို့ အနည်းငယ်ခွင်နေသောကြောင့် ထိုလူ လမ်းလျှောက်လိုက်သောအခါ မြွေတကောင် လူးလွန့်နေသကဲ့သို့ ရှိနေလေသည်။ ထိုလူအား တွေ့မြင်လိုက်ရသည်နှင့် ကျင်းစွမ်းဖုန်းက ရင်ထဲ၌ လေးလံလာသည်ဟု ခံစားလိုက်ရ၏။

ထို့အပြင် သူ၏ ခန္ဓာကိုယ်အား မြွေတကောင်က ဖြိုချလိုက်သည့်အလား ထင်မှတ်လိုက်ရလေတော့သည်။

* * *

နေဝန်းနီသည် အရှေ့ဘက်မှထွက်ပေါ်လာပြီး ဖြစ်၏။

နေဝန်းနီထွက်ပေါ်လာပြီး နေရောင်ခြည်များ ကမ္ဘာမြေပေါ်သို့ ကျရောက်လာသည်နှင့် တပြိုင်နက် ဝန်းကျင် တခုလုံးမှာ လင်းလင်းချင်းချင်း ဖြစ်လာလေသည်။

သူတော်ကောင်း ဇရပ်တဝိုက်တွင် မြက်ပင်ရှည်များမှ လွဲ၍ကြီးမားသော သစ်ပင်ဟူ၍ မရှိပါ။

ထို့ကြောင့် ဖုန်းဆိုးမြေတခုပမာ ဖြစ်နေလေသည်။

အလင်းရောင် ထွက်ပေါ်လာပြီ ဖြစ်သောကြောင့် သူတော်ကောင်းဇရပ်မှ ထွက်လာသူအား သေချာစွာတွေ့မြင်လိုက်ရ၏။

ကျင်းစွမ်းဖုန်းမှာ ကျောချမ်းလာသည်ဟုခံစားလိုက်ရသော်လည်း နောက်တွန့်သွားခြင်း မရှိပါချေ။

အကြောင်းမှာ သူက နောက်ဆုတ်ရန် နည်းလမ်းမရှိတော့ကြောင်း နားလည်သဘောပေါက်ထားသောကြောင့် ဖြစ်သည်။

တကယ်တော့....

သူအား အတင်းအကြပ် စေခိုင်းလာသည့် 'ကျင်း' မျိုးစားတို့လူစုသည် အလွန်ကောက်ကျစ်စဉ်းလဲပြီး ညဏ်များသူများ ဖြစ်နေကြ၏။

အမှန်စင်စစ်—

ကျင်းစွန်းဖုန်းက လျှို့ဝှက်စာအားကျင်းနိုင်ငံ ကိုယ်စားလှယ်လက်သို့ တာဝန်ကျ ပို့ဆောင်ပေးသည်ဖြစ်စေ၊ ကျင်းစွမ်းဖုန်းကငြင်းဆန်ခဲ့သည်ဖြစ်စေ ကျင်းစွမ်းဖုန်းအတွက် အသက်ရှင်သန်ရန်အခွင့်အလမ်း အလွန်နည်းပါးနေ၏။

ထိုအချက်ကို ကျင်းစွမ်းဖုန်း မတွက်ဆမိ၍ မဟုတ်ပါ။ တွက်ဆမိပါသည်။

ကျင်းစွမ်းဖုန်းသည် အဖြူရောင် သိုင်းသမားများနှင့် ကျင်းမျိုးစား ငှားရမ်းထားသော လက်ရွေးစင် ကြေးစား လူသတ်သမားအကြား ညှပ်ပူးညှပ်ပိတ်မိကာ မလွတ်တမ်း သုတ်သင်ခံရမည်သာဖြစ်လေသည်။

ထိုအချက်ကို ကျင်းစွမ်းဖုန်း ကိုယ်တိုင်ကလည်း သဘောပေါက်ထား၏။

ထို့ကြောင့် သူက နောက်ဆုတ်ရန် လုံးဝ မစဉ်းစားတော့ပဲ ရှေ့သို့သာ တိုးသည်ထက် တိုးသွားပြီးနောက် ကျင်းမျိုးစားတို့လူစုအား ဖော်ထုတ် သုတ်သင်ပစ်ရန် ဆုံးဖြတ်ထားလေသည်။

ကျင်းစွမ်းဖုန်းက ယင်းသို့ တွေးဝေ စဉ်းစားနေစဉ်မှာပင် သူတော်ကောင်း ဇရပ်အတွင်းမှ ထွက်လာသည့် အစိမ်းရောင် ဝတ်ဆင်ထားသူက မြေကွက်လပ်ရှေ့သို့ ရောက်ရှိလာပြီး ခြေလှမ်း ရပ်တန့်လိုက်လေတော့သည်။

*　　*　　*

( ၄ )

လေသည် တဖြည်းဖြည်းနှင့် မှန်မှန်တိုက်ခတ်နေ၏။

ထို့ကြောင့် မြက်ပင်ရှည်များအကြား ဇရပ်ပျက်ရှေ့ မြေကွက်လပ်ပေါ်တွင် ရပ်လျက်ရှိနေသော အစိမ်းရောင် ဝတ်ဆင်ထားသူ၏ အင်္ကျီ အဝတ်စများမှာ တဖျပ်ဖျပ် လူးလွန့်နေလေသည်။

အစိမ်းရောင် ဝတ်ဆင်ထားသူက မလှုပ်မယှက်ရပ်လျက်ရှိနေသော်လည်း အဝတ်အစားများ လူးလွန့်နေသောကြောင့် မြေ

စိမ်းတကောင် လူးလွန့်လှုပ်ရှားနေသည်နှင့်ပင် ခပ်ဆင်ဆင် တူနေ၏။

မြေ၏ ကိုယ်လုံးနှင့်တူသော ထိုလူထံမှမြေ၏ အငွေ့အသက်များပင် ထွက်ပေါ်လာသလား ထင်ရ၏။

ကျင်းစွမ်းဖုန်းက အစိမ်းရောင်ဝတ်ဆင်ထားသူအား ခြေဆုံးအကဲခတ်ကြည့်လိုက်ပြီး....

'မင်းက 'ကျောက်စိမ်းမြွေ' မဟုတ်လား'

ဟု မေးလိုက်၏။

သူ၏ အသံသည် ခြောက်ကပ်ကပ်ဖြစ်နေပြီး မိမိနှုတ်မှထွက်ပေါ်လာသော စကားသံမှ ဟုတ်ပါလေစဟု ကျင်းစွမ်းဖုန်းက သံသယဖြစ်နေလေသည်။

ထိုစဉ် အစိမ်းရောင်ဝတ်ဆင်ထားသောလူက ပြုံးလိုက်သည်။

သူက ပြုံးလိုက်သောအခါ မြေစိမ်းတကောင်နှင့် ပို၍ တူလာသည်ဟု ကျင်းစွမ်းဖုန်းက ခံစားလိုက်ရ၏။

ထို့အပြင် အစိမ်းရောင်ဝတ်ဆင်ထားသူ၏နှုတ်မှ စကားသံထွက်ပေါ်လာသောအခါတွင်လည်း မြွေတွန်သံကဲ့သို့ ရှိနေလေသည်။

'မင်းက 'ကျင်းစွမ်းဖုန်း' ဟုတ်လား'

အစိမ်းရောင် ဝတ်ဆင်ထားသူက အဖြေမပေးပဲ ပြန်မေးလိုက်ခြင်းဖြစ်သည်။

ကျင်းစွမ်းဖုန်းက အေးတိအေးစက်ဖြင့်....

'ဟုတ်တယ်....'



'ဒါဖြင့် မင်းက အသည်းကွဲဓားပိုင်ရှင်ပေါ့'

ကျင်းစွမ်းဖုန်းက ခေါင်း ကိုဆတ်ကနဲ ညိတ်လိုက်၏။

'ဟုတ်တယ်'

ကျင်းစွမ်းဖုန်းက အစိမ်းရောင်ဝတ်ဆင်ထားသူအား တချက်စိုက်ကြည့်လိုက်ပြီး စကားဆက်လိုက်သည်။

ဘာလဲ မင်းက အသည်းကွဲဓားရဲ့ အရသာကိုမြည်းကြည့်ချင်လို့လား'

သူ၏စကားကြောင့် အစိမ်းရောင် ဝတ်ဆင်ထားသူ၏ မျက်နှာမှာ အစိမ်းရောင်အဖြစ်သို့ ကူးပြောင်းသွားလေသည်။

သူသည် ကျင်းစွမ်းဖုန်းအား မထိလေးစားကြည့်လိုက်ပြီး....

'မင်းရဲ့ အသည်းကွဲဓားက တော်တော် အစွမ်းထက်တယ်ဟုတ်လား'

သူမေးခွန်းသံတွင် သရော်သံတဝက် ရောစွက်ပါဝင်နေ၏။

ကျင်းစွမ်းဖုန်းက သက်ပြင်းတချက်ချလိုက်ပြီး........

'ဟုတ်တယ် မင်းမယုံလို့လား........'

သူသည် အစိမ်းရောင် မြွေကလေးအား လှမ်းကြည့်လိုက်ပြီးမှ....

'ဒုက္ခိဘမင်းသားလေး သုံးပါးကလဲ မယုံဘူးလို့ ပြောတာပဲ၊ ဒါပေမယ့်....'

အစိမ်းရောင် ဝတ်ဆင်ထားသူက မျက်မှောင်ကုပ်၍....

'ဒါပေမယ့် ဘာဖြစ်သလဲ'

အစိမ်းရောင် ဝတ်ဆင်ထားသူ၏ လေသံသည် စိတ်လှုပ်ရှား နေဟန် သက်ရောက်နေလေသည်။

ကျင်းစွမ်းဖုန်းက အေးတိအေးစက်ဖြင့်........

'အခုတော့ သူတို့ယုံကြည်သွားပြီ'

အစိမ်းရောင် ဝတ်ဆင်ထားသူက မျက်တောင် တဖျပ်ဖျပ် ခတ်လိုက်ပြီး....

'မင်း ဘာကို ဆိုလိုတာလဲ'

'သူတို့က ငါ့ရဲ့ အသည်းကွဲဓားကို မြင်သွားကြတယ်လေ၊ ဒါပေမယ့် သက်ဆိုးမရှည်ပါဘူး'

'ဒါဖြင့်....မင်းဆိုလိုတာက သူတို့ သေသွားကြပြီ ဆိုပါတော့....'

'ဟုတ်တယ်'

အစိမ်းရောင် ဝတ်ဆင်ထားသူက ပါးစပ် ပိတ်ထားလိုက်လေသည်။

ကျင်းစွမ်းဖုန်းကလည်း တိတ်ဆိတ်ငြိမ်သက်နေ၏။

ထို့ကြောင့် ဝန်းကျင်တခုလုံးမှာ လေတိုက်ခတ်သံမှအပ တိတ်ဆိတ်သွားလေသည်။

သို့သော် တိတ်ဆိတ်သွားခြင်းသည် တဒင်္ဂမျှသာ ဖြစ်ပါသည်။

အတန်ကြာ တိတ်ဆိတ်သွားပြီးမှ အစိမ်းရောင် ဝတ်ဆင်ထားသူက စကား စလိုက်သည်။

'ကျုပ်နာမည် 'ချာယို့လန်' လို့ ခေါ်ပါတယ်'



ကျင်းစွမ်းဖုန်းက ခေါင်းညိတ်လိုက်သည်။

တကယ်ဆိုတော့ ထိုသူ့အနေဖြင့် သူ့အမည်ကို ထုတ်ဖော်ပြောပြရန်ပင် လိုမည်မထင်ပါ။

'ကျောက်စိမ်းမြွေ' ဆိုသော သူ၏ အခြားအမည်တခုမှာ တိဘက်နယ်ခြားမှ သိုင်းသမား 'ချာယို့လန်' ဖြစ်သည်ကို သူက သိရှိထားပြီး မဟုတ်ပါလော။

'ဒုက္ခိတမင်းသားလေး သုံးပါးကို ငါသတ်ပစ်လိုက်တာ မင်း မအံ့သြကြဘူးလား'

ချာယို့လန်က ခေါင်းခါယမ်းပြလိုက်၏။

'မအံ့သြပါဘူးကွာ၊ သူတို့ကို မင်းသတ်ပစ်ချင် သတ်ပစ်လိမ့်မယ်ဆိုတာ ငါတို့ တွက်ထားပြီးသားပါ'

သူ့လေသံမှာ တည်ငြိမ်လှသည်။

သူ၏စကားကြောင့် ကျင်းစွမ်းဖုန်းက မျက်လုံးပြူးသွားပြီး–

'ဒါဖြင့် ငါ့ကို အပြစ်မတင်ဘူးပေါ့'

'မတင်ပါဘူး'

ချာယို့လန်က ပြောယင်း ကျင်းစွမ်းဖုန်းအား ခြေဆုံးခေါင်းဆုံး စိုက်ကြည့်လိုက်သည်။

ထိုနောက် သက်ပြင်းတချက် ချလိုက်ပြီး........

'မင်း သူတို့ကို သတ်ပစ်လိမ့်မယ်ဆိုတာ ငါတွေးမိပေမယ့် သတ်ပစ်နိုင်လိမ့်မယ်လို့ ငါမထင်ခဲ့ဘူး'

ကျင်းစွမ်းဖုန်းက ပခုံးတချက် တွန့်လိုက်ကာ–

'ဒါပေမယ့်....သူတို့ကတော့ သေသွားကြပြီ'

ချာယို့လန်က ခေါင်းညိတ်လိုက်၏။

'သူတို့ညံ့လို့သေသွားတာ ကျုပ်ဝမ်းမနည်းပါဘူး၊ ဒါပေမယ့် သူတို့ကမင်းကို ရှင်းမပစ်နိုင်တော့ ငါ့အတွက် အလုပ်ပိုလာတာပေါ့'

သူ၏ စကားကြောင့် ကျင်းစွမ်းဖုန်းက မျက်မှောင်ကုပ်သွားပြီး........

'ဘာလဲ ခင်ဗျား ကျုပ်ကို သတ်ပစ်မယ်ဟုတ်လား'

ချာယို့လန်က အေးတိအေးစက်ဖြင့်........

'မင်း ငါ့စကားကို နားထောင်မယ်ဆိုယင်တော့ ငါ မင်းကို သတ်ပစ်ချင်တာတောင် သတ်ပစ်နိုင်မှာ မဟုတ်ဘူး'

ကျင်းစွမ်းဖုန်းက အနည်းငယ် စဉ်းစားလိုက်သည်။

ပြီးတော့ သူ့ထင်မြင်ချက်ကို အမှန်ဟု ယုံကြည်စွာဖြင့်......

'ကျုပ်ကို ခင်ဗျားသတ်ပစ်လိုက်ယင်တော့ ကျင်းမြို့စားက ကြိုက်မှာမဟုတ်ဘူးဆိုတာ သေချာပါတယ်ဗျာ'

သူ၏ စကားကြောင့် ချာယို့လန်၏မျက်နှာမှာ မည်းမှောင်သွားလေသည်။

သူသည် နီရဲသော မျက်လုံးများဖြင့် ကျင်းစွမ်းဖုန်းအား မကျေမနပ် ကြည့်လိုက်ကာ........

'မင်း 'ကျင်း'မြို့စား ခိုင်းတဲ့အတိုင်းလုပ်ပေးလို့ကော သူက မင်းအမေကို ပြန်လွှတ်လိုက်မယ်ထင်နေသလား'

ဟု လှမ်းမေးလိုက်၏။



ကျင်းစွမ်းဖုန်းက ရင်ထိတ်သွားပြီး........

'အို........ဘာပဲဖြစ်ဖြစ် ကျုပ်တာဝန် ကျေပွန်ယင် ကျုပ်အမေကို အသက်ချမ်းသာပေးလိမ့်မယ်ဆိုတာ ကျုပ် ယုံကြည်တယ်ဗျ'

သူ၏စကား ဆုံးသွားသောအခါ ချာယို့လန်က သဘောကျစွာဖြင့် တဟားဟား ရယ်မောလိုက်လေသည်။

သူ၏ ရယ်မောသံသည် မြွေဆိုးတွန်သံကဲ့သို့ပင် နားထဲတွင် စူးရှပြီး အခံရခက်နေသော်လည်း ကျင်းစွမ်းဖုန်းက မည်သို့မျှ ဓောဒက မတက်ပဲ ပါးစပ်ပိတ်ထားလိုက်၏။

ချာယို့လန်က အတန်ကြာ ရယ်မောလိုက်ပြီးမှ ရယ်မောရာမှ ရပ်တန့်လိုက်ကာ........

'ကောင်းပြီ၊ ကျင်းမြို့စားရဲ့ ပေးအပ်တဲ့တာဝန် ကျေပွန်အောင် လုပ်မယ်ဆိုယင် ကျင်းမြို့စားက စိတ်ထားပြောင်းချင် ပြောင်းသွားနိုင်တယ်'

ကျင်းစွမ်းဖုန်းက မျက်မှောင်ကုပ်လိုက်ပြီး........

'ဘာလဲ၊ ကျုပ် ဒီတာဝန်ကို လက်ခံမှာ မဟုတ်ဘူးလို့ ခင်ဗျားတို့က ယူဆထားတယ်ဟုတ်လား'

ချာယို့လန်က ခေါင်းညိတ်လိုက်သည်။

သူသည် တည်ကြည်လေးနက်သော မျက်နှာထားဖြင့်....

'ဟုတ်တယ်၊ မင်းအမေရဲ့အသက်ကို မငဲ့ကွက်ပဲ ဒီစာချုပ်ကို ဖျက်ဆီးပစ်လိုက်မယ်ဆိုယင် ကျုပ်တို့အတွက် အခက်ကြုံသွားနိုင်တယ် မဟုတ်လား'

သူသည်ပြောယင်း ကျင်းစွမ်းဖုန်းအား သဘောကျစွာ ကြည့်လိုက်ကာ....

'အခုတော့ မင်းကို ကျုပ်တို့ ယုံကြည် စိတ်ချသွားပါပြီကွာ'

ဟု အေးဆေးစွာ ပြောလိုက်လေသည်။

ကျင်းစွမ်းဖုန်းက မျက်မှောင်ကုပ်လိုက်ပြီး........

'ကျုပ်ကို စိတ်ချသွားပြီ ဟုတ်လား'

'ဟုတ်တယ်'

'ဘာဖြစ်လို့လဲ'

'မင်းက........မင်းရဲ့အမေကို ပစ်ပြီး ရှောင်တိမ်းသွားမယ့်လူမှ မဟုတ်ပဲ'

ချာယို့လန်က ပိုင်နိုင်စွာတွက်ဆပြောပြလိုက်၏။

ကျင်းစွမ်းဖုန်းက ခေါင်းညိတ်လိုက်ကာ....

'စိတ်ချပါဗျာ.... ကျုပ်အမေရဲ့အသက်ကို ကျုပ်အသက်ထက် တန်ဖိုးထားပါတယ်၊ ခင်ဗျားတို့ခိုင်းတဲ့ကိစ္စကိုလဲ ကျုပ်က တာဝန် ကျေအောင် လုပ်ပါ့မယ်'

သူ၏စကားကြောင့် ချာယို့လန်က အုံ့ဩ ဝမ်းသာ သွားလေသည်။

တကယ်ဆိုတော့.... ကျင်းစွမ်းဖုန်းအား လွယ်လွယ်နှင့် ချုပ်ကိုင်၍ ရနိုင်မည်မဟုတ်ကြောင်းသူက သဘောပေါက်ထား၏။



ထို့ကြောင့် ကျင်းစွမ်းဖုန်း၏ မိခင်အား ထောင်ချောက်ဆင် ဖမ်းနိုင်ရန် သူကိုယ်တိုင် ကျင်းမြို့စားအား အကြံ ပေးခဲ့ခြင်း ဖြစ်လေသည်။

ထို့အပြင် ကျင်းစွမ်းဖုန်းအား နည်းမျိုးစုံဖြင့် စမ်းသပ် စစ်ဆေးပြီးမှ လျှို့ဝှက်စာအား ကျင်းနိုင်ငံ ကိုယ်စားလှယ်ထံသို့ ပို့ဆောင်ပေးရန် တာဝန်ပေးမည်ဖြစ်သည်။

အကယ်၍သာ ကျင်းစွမ်းဖုန်း၏ လက်တွင်းသို့ လျှို့ဝှက်စာ အပ်လိုက်ပြီးမှ ကျင်းစွမ်းဖုန်းက သစ္စာဖောက်သွားလျှင် ကြီးမားသော အခက်အခဲနှင့် ရင်ဆိုင်တွေ့ကြုံရမည် ဖြစ်လေသည်။

ယခု ကျင်းစွမ်းဖုန်းမှာ သဘောထား ပျော့ပျောင်းနေပြီး သူ၏မိခင်အတွက် ကျင်းမြို့စားပေးအပ်လိုက်သည့် တာဝန်အား လက်ခံရန် အသင့်ရှိနေပြီဖြစ်သည်။

ချာယို့လန်က သဘောကျစွာ ပြုံးလိုက်သည်။

ပြီးတော့ ကျင်းစွမ်းဖုန်းအား ပိုင်နိုင်စွာ လှမ်းမေးလိုက်၏။

'မင်း တကယ်လက်ခံဖို့ ဆုံးဖြတ်လိုက်ပြီလား'

ကျင်းစွမ်းဖုန်းက ခေါင်းညိတ်လိုက်ပြီး–

'တကယ်လား- ခင်ဗျားတို့ရဲ့ လျှို့ဝှက်စာကို ကျင်းနိုင်ငံ ကိုယ်စားလှယ် လက်ထဲ ရောက်အောင် ပို့ပေးဖို့ ကျုပ် တာဝန်ယူပါတယ်'

ကျင်းစွမ်းဖုန်းက တည်ငြိမ် အေးဆေးစွာ၊ ပြန်ပြော လိုက်သည်။

ချာယို့လန်က ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်း လိုက်သည်။

ထို့နောက် ကျင်းစွမ်းဖုန်းအား စိုက်ကြည့်လိုက်ကာ—

'မင်းကိုယ်တိုင် သွားပို့ပေးဖို့ မလိုပါဘူး'

သူ၏စကားကြောင့် ကျင်းစွမ်းဖုန်းက မျက်လုံး ပြူးကျယ်သွားပြီး—

'ဗျာ....ကျုပ်သွားပို့ဖို့ မလိုဘူး ဟုတ်လား'

'ဟုတ်တယ်....'

'ဒါဖြင့်.... ကျုပ်ကို ဘာဖြစ်လို့ ခိုင်းတာလဲ'

ချာယို့လန် ပြုံးလိုက်ပြီး....

'မင်းက ကျုပ်တို့နဲ့ အဖော်အဖြစ် လိုက်ခဲ့ရုံသာ လိုက်ခဲ့ဖို့ပါ'

ထိုစကားကို ကြားလိုက်ရသောအခါ ကျင်းစွမ်းဖုန်းမှာ တကိုယ်လုံး အင်အားများ ကုန်ခန်းသွား သကဲ့သို့ ခံစားလိုက်ရလေသည်။

တကယ်တန်းကျတော့ သူ မျှော်လင့် ထားသလို ဖြစ်မလာပါချေ တကား....။

ဝေနိုင်ငံ၏ လုံခြုံရေးတွင် အရေးပါလှသည့် လျှို့ဝှက်စာ သူ့လက်ထဲသို့ ရောက်ရှိလာပါက ကျင်းမြို့စားအား ပြန်လည် အကြပ်ကိုင်ရန် သူက ဆုံးဖြတ်ထားခဲ့၏။

သို့သော် လျှို့ဝှက်စာသည် သူ့လက်ထဲသို့ ရောက်ရှိမလာသည့်အပြင် မြင်ရုံပင် မမြင်တွေ့ရပါချေ။



ထို့ကြောင့် လျှို့ဝှက်စာဖြင့် ကျင်းမြို့စားအား အကြပ်ကိုင်ပြီး သူ၏မိခင်အားကယ်တင်ရန် အကြံမှာ လေနှင့်အတူ လွင့်ပါးပျောက်ကွယ်သွားရပြီ ဖြစ်လေသည်။

ကျင်းစွမ်းဖုန်းက ငေးငိုင်နေသည်ကို တွေ့မြင်လိုက်ရသောအခါ ချာယို့လန်က မျက်မှောင်ကုပ်သွားသည်။

သူသည် ကျင်းစွမ်းဖုန်းအား စူးရှစွာကြည့်ကာ—

'ဘာလဲ မင်း မလိုက်ချင်ဘူးဟုတ်လား....'

ကျင်းစွမ်းဖုန်းက ရင်ထိတ်သွားပြီး ကပျာကယာ လက်ကာပြလိုက်ကာ—

'မ....မဟုတ်ပါဘူးဗျာ........'

သူသည် ကမန်းကတန်း ဟန့်တားပြောဆိုလိုက်ပြီး၊ ချာယို့လန်အား ပြုံးပြလိုက်ကာ—

'ဒီစာကို ကျုပ်တယောက်တည်း သွားပို့ပေးရမယ်လို့ ဒုက္ခိတ မင်းသားလေး သုံးပါးက ပြောပြခဲ့လို့ပါ'

ဟု အလိုက်သင့် ရှင်းပြလိုက်၏။

သူ၏စကားကြောင့် ချာယို့လန်က ဟက်ကနဲ တချက် ရယ်မောလိုက်၏။

ထို့နောက် ကျင်းစွမ်းဖုန်းအား အေးစက်စွာကြည့်လိုက်ပြီး—

'ပထမတော့ မင်းကို တယောက်တည်း လွှတ်လိုက်ဖို့ပါပဲ၊ ဒါပေမယ့် မင်းစိတ်ထား ပြောင်းလဲသွားမယ်ဆိုယင် မခက်ပါလား၊ ဒါကြောင့် ကျုပ်တို စိတ်ချရအောင် အခုလို အစီအစဉ် ပြောင်းလိုက်တာပါ'

ချာယို့လန်တို့၏ အကြံအစည်ကား အကွက်စေ့လှ၏။ ကျင်းစွမ်းဖုန်းက ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

ချာယို့လန်က ဝန်းကျင်အား တချက်ဝေ့ကြည့်လိုက်ပြီး–

'ကဲ– ကျုပ်တို့သွားကြစို့....'

သူ၏စကားကြောင့် ကျင်းစွမ်းဖုန်းက မျက်မှောင်ကုပ်သွားကာ–

'ဘယ်ကိုသွားကြမှာလဲဗျ'

'ကျင်း မြို့စားဆီကိုပေါ့'

ချာယို့လန်က ကျင်းစွမ်းဖုန်းအား ခင်မင်ရင်းနှီးစွာ ကြည့်လိုက်ပြီး–

'မင်းအနေနဲ့ ကျင်းမြို့စားရဲ့တာဝန်ကို လက်ခံလိုက်ပြီဆိုယင် ကျင်းမြို့စားနဲ့တွေ့ဖို့ လိုအပ်လာပြီမဟုတ်လား'

ကျင်းစွမ်းဖုန်းက ခေါင်းကို သွက်လက်စွာညိတ်ကာ–

'ဟုတ်တယ် ကျုပ်လဲ ကျင်းမြို့စားကို တွေ့ချင်ပါတယ်ဗျာ'

သူ၏လေသံသည် လျှို့ဝှက်သောလေသံမျိုးဖြစ်ပြီး အဓိပ္ပာယ်များစွာ ပါဝင်နေလေသည်။

ချာယို့လန်က ခေါင်းညိတ်လိုက်ပြီး–

'ကျင်းမြို့စားကိုတွေ့ပြီးတဲ့နောက် သူ့ရဲ့အလုပ်ကို လက်ခံမိတာ ကံကောင်းတယ်ဆိုတာ မင်းသဘောပေါက်လာမှာပါကွာ'

သူသည် ယင်းသို့ပြောပြီးသည်နှင့် လေတချက် ချွန်လိုက်၏။



'ရှီ....'ကနဲ လေချွန်သံထွက်ပေါ်လာသည်နှင့် အစိမ်းရောင် မြွေကလေးမှာ လူးလွန့်လာပြီး မြက်ပင်ရှည်များ အကြားသို့ ဝင်ရောက် ပျောက်ကွယ်သွားလေတော့သည်။

ထို့နောက် ချာယို့လန်က သူ့ကိုယ်သူ ယုံကြည်သူတဦး၏ ပုံဟန်အပြည့်ဖြင့် ကျင်းစွမ်းဖုန်းအား ပြုံးပြလိုက်ပြီး–

'တကယ်ဆို မင်း ကျုပ်နဲ့ မိတ်ဆွေဖြစ်လာနိုင်တာ ပိုကောင်းတယ်ကွ၊ ဒါမှမဟုတ်ယင်....'

သူသည် စကားကို တပိုင်းတစဖြင့် ရပ်တန့်လိုက်ပြီး ကျင်းစွမ်းဖုန်းအား အေးစက်စွာ စိုက်ကြည့်လိုက်လေသည်။

ထိုအကြည့်ထဲတွင် အဓိပ္ပာယ်များစွာ သက်ဝင်ပါရှိနေ၏။

ကျင်းစွမ်းဖုန်းက သက်ပြင်းတချက်ချလိုက်သည်။

'ကဲ....ကျုပ်တို့ သွားကြစို့........'

သူ၏စကား ဆုံးသွားသည်နှင့် တပြိုင်တည်း ချာယို့လန်က ခန္ဓာကိုယ် ချာကနဲလှည့်ကာ မြက်ပင်ရှည်များ အကြားမှ ဦးဆောင်၍ လျှောက်သွားလေသည်။

ယခုအခါတွင် သူ၏ ခြေလှမ်းများသည် တောင်ကြားမြို့ကလေးသို့ ဦးတည်သွားနေခြင်း ဖြစ်၏။

ကျင်းစွမ်းဖုန်းက အံ့ဩသွားသော်လည်း မည်သို့မျှ မပြောတော့ပဲ ချာယို့လန်နောက်သို့ ခြေလှမ်းလေးကန်စွာဖြင့် လိုက်ပါသွားလေတော့သည်။

*  *  *

( ၅ )

လေသည် တဖြည်းဖြည်းနှင့် မှုန်မှုန်တိုက်ခတ်နေ၏။

နေရောင်ခြည်များသည် ကမ္ဘာမြေ တခုလုံးအား လွှမ်းခြုံထားလိုက်ပြီ ဖြစ်သော်လည်း စူးရှ တောက်ပခြင်း မရှိသေးပါချေ။

ထို့အပြင် နေ၏အပူရှိန်ကလည်း လွှမ်းမိုးလာခြင်း မရှိသေးပါချေ။

ထို့ကြောင့် ဝန်းကျင်တခုလုံးမှာ သာသာယာယာရှိနေပြီး အေးချမ်းသည့်သဏ္ဌာန်များ ဖြစ်ပေါ်နေ၏။

ယခုအခါတွင်—

သူတော်ကောင်းဇရပ်ပျက်ရှေ့၌… နံနက်စောစောက ဖြစ်ပျက်ခဲ့သည့် တင်းမာသည့်အသွင်ကိုဆောင်သော ပဋိပက္ခများမှာလည်း ကင်းရှင်းသွားပြီ ဖြစ်သည်။

ကျင်းစွမ်းဖုန်းသည် ချာယို့လန်၏နောက်မှ- လေးကန်သောခြေလှမ်းများဖြင့် လိုက်ပါသွားယင်း မြက်ပင်ရှည်များအကြားတိုးဝင်ပျောက်ကွယ်သွားပြီး ဖြစ်လေသည်။

သို့သော် ကျင်းစွမ်းဖုန်းနှင့်ချာယို့လန်တို့က သူတော်ကောင်းဇရပ်ရှေ့မှ ထွက်ခွာသွားကြပြီး မရှေးမနှောင်းမှာပင် လူတစုထပ်မံရောက်ရှိလာကြလေသည်။



ထိုလူစုသည် သူတော်ကောင်းဇရပ်ရှေ့သို့ ရောက်ရှိလာသည်နှင့် တပြိုင်တည်း အေးချမ်းသာယာသော အတိတ်နိမိတ်များမှာ ရုတ်ခြည်း ပျောက်ကွယ်သွားလေတော့သည်။

နောက်ထပ်ရောက်ရှိလာသူများကား……

* * *

အဖြူရောင်မိန်းကလေး၏ မျက်လုံးသည် အရောင်တဖိတ်ဖိတ်တောက်ပနေသည်။

သူမသည် မြက်ပင်ရှည်များ အကြား ၎ပ်လျက် 'သူတော်ကောင်း'ဇရပ်အား မျက်တောင် မခတ်ပဲ စိုက်ကြည့်နေခြင်းဖြစ်လေသည်။

ယခု 'သူတော်ကောင်း'ဇရပ် ရှေ့သို့ ရောင်စဉ်တန်း သိုင်းသမားများ (၀၅) သက်တန့် သိုင်းသမား ခုနစ်ယောက်ကရောက်ရှိလာပြီးဖြစ်၏။

သူမတို့ လူစုသည် ကျင်းစွမ်းဖုန်းနှင့် ကျောက်စိမ်းမြေ(၀၅) ချာယို့လွန်တို့အား အချိန်မီ ဟန့်တားနိုင်ရန် ရောက်ရှိလာခြင်းဖြစ်သည်။

သို့သော် -သူမတို့ လူစုသူတော်ကောင်းဇရပ်ရှေ့သို့ ရောက်ရှိလာသည်နှင့် တပြိုင်နက်တည်း သူမတို့မှာ နောက်ကျသွားပြီဖြစ်ကြောင်း အဖြူရောင်မိန်းကလေးက နားလည်လိုက်လေသည်။

အကြောင်းမှာ သူတော်ကောင်းဇရပ်တဝိုက် လေတိုက်၍ယိမ်းနွဲ့နေကြသော မြက်ပင်ရှည်များမှအပ သက်ရှိလူသားတို့၏လှုပ်ရှားမှုအရိပ်အရောင်မျှပင်မတွေ့ရတော့သောကြောင့် ဖြစ်၏။

သို့သော် အဖြူရောင်မိန်းကလေးမှာ လွယ်လွယ်နှင့်စိတ်ပျက်တတ်သူတယောက် မဟုတ်ပါ........

သူမသည် ကျင်းစွမ်းဖုန်းနှင့် ချာယို့လန်တို့အား မိုးအဆုံး မြေအဆုံး လိုက်လံရှာဖွေကာ ဟန့်တားမည်သာ ဖြစ်ပါသည်။

ထို့ကြောင့် ယခုလောလောဆယ်တွင် သူတော်ကောင်းဇရပ်မှ ကျင်းစွမ်းဖုန်းတို့က ထွက်ခွာသွားပြီးဖြစ်သည်ဟု ယူဆရသော်လည်း နောက်ဆုံးမျှော်လင့်ချက်ဖြင့်....

'ဟိတ်........ဇရပ်ထဲမှာ ဘယ်သူရှိသလဲ၊ ထွက်လာခဲ့စမ်း'

ဟု ကျယ်လောင်စွာ အော်ဟစ်လိုက်လေသည်။

သူမ၏ အသံသည် အလွန်ကျယ်လောင်နေသဖြင့် ဝန်းကျင်တခုလုံးသို့ ပဲ့တင်ထပ်သွား၏။

သို့သော်-သူမ၏အသံ ပျောက်ကွယ်သွားသည်အထိ သူတော်ကောင်းဇရပ်အတွင်းမှ တုံ့ပြန်သံဟူ၍ ထွက်ပေါ်လာခြင်း မရှိပါချေ။

အဖြူရောင်မိန်းကလေးက မဲ့ပြုံးပြုံးလိုက်ပြီး........

'ရှင်တို့ ပုန်းနေလို့ကော လွတ်မယ်ထင်သလား'

ဟု ထပ်မံအော်ဟစ်လိုက်ပြန်၏။

သူမသည် ယင်းသို့ ကျယ်လောင်စွာ အော်ပြောလိုက်ပြီး လက်တချက် ဝှေ့ယမ်းပြလိုက်လေသည်။

အကယ်၍သာကျင်းစွမ်းဖုန်းနှင့် ချာယို့လန်တို့က သူတော်ကောင်းဇရပ်မှ ထွက်ခွာသွားခြင်းမရှိသေးပဲ ပုန်းအောင်းနေ



ပါလျှင် သူမတို့လက်မှ လွတ်ထွက်မသွားနိုင်စေရန် ယခုကဲ့သို့ စီစဉ်လိုက်ခြင်းဖြစ်၏။

အဖြူရောင်မိန်းကလေးက လက်ဝှေ့ယမ်း ပြလိုက်သည်နှင့် တပြိုင်နက် အသင့်ရှိနေကြသော မိန်းကလေးခြောက်ယောက်မှာ နှစ်ယောက်တတွဲဖြင့် သူတော်ကောင်းဇရပ်အတွင်းသို့ ပြေးဝင်သွားကြလေသည်။

သူမတို့သည် သူတော်ကောင်းဇရပ် ပတ်လည်တွင် ကြိုတင် နေရာယူထားပြီး သုံးနေရာခွဲကာ ပြေးဝင်သွားကြခြင်းဖြစ်၏။

ထို့အပြင် အဖြူရောင်မိန်းကလေးမှာ သူတော်ကောင်းဇရပ် ရှေ့မျက်နှာတွင် တယောက်တည်း မားမားမတ်မတ် ရပ်လျက် ရှိနေလေသည်။

အဖြူရောင်ဝတ်မိန်းကလေးနှင့် သူမ၏ အဖွဲ့သားများ၏ နေရာယူပုံမှာ စနစ်ကျနလှ၏။

သူတော်ကောင်းဇရပ်အား လေးဘက်လေးတန်မှ ဝိုင်းပတ်ပိတ်ဆို့ထားလိုက်သကဲ့သို့ဖြစ်နေလေတော့၏။

အကယ်၍ ကျင်းစွမ်းဖုန်းနှင့် ချာယို့လန်တို့က သူတော်ကောင်းဇရပ်အတွင်း ပုန်းအောင်းနေခဲ့လျှင် မည်သည့်နည်းနှင့်မျှ ပြေးမလွတ်နိုင်ဟု အဖြူရောင်မိန်းကလေးက ယူဆထားလေသည်။

အဖြူရောင်မိန်းကလေးက သူတော်ကောင်းဇရပ် ရှေ့မျက်နှာစာ၌ရပ်လျက် အတွင်းဘက်သို့ မျက်တောင် မခတ်စတမ်း

စိုက်ကြည့်နေစဉ်မှာပင် ကျန်မိန်းကလေး ခြောက်ယောက်မှာ သူတော်ကောင်းဇရပ် အတွင်းဘက်သို့ ဝင်ရောက်သွားကြပြီး ဖြစ်လေသည်။

ဇရပ်ပျက် အတွင်းပိုင်း၌မူ…

( ၆ )

မိန်းကလေး ခြောက်ယောက်သည် သူတော်ကောင်းဇရပ် အတွင်းဘက်သို့ ဝင်ရောက်ပျောက်ကွယ်သွားကြပြီး ဖြစ်သည်။

သို့သော် အဖြူရောင်မိန်းကလေးက ဇရပ်ရှေ့၌မလှုပ်မယှက် ရပ်လျက်ပင် ရှိနေ၏။

သူမ၏ ပုံဟန်မှာ တစုံတယောက်သောသူက သူတော်ကောင်းဇရပ်အတွင်းဘက်မှ ထွက်လာမည်ကိုမျှော်လင့်ထားဟန် ရှိလေသည်။

သို့သော် အချိန် အတန်ကြာသည်အထိ ဇရပ်အတွင်းမှ မည်သူမျှထွက်ပေါ်လာခြင်း မရှိပါချေ။

ထို့အပြင် ဇရပ်အတွင်းသို့ ဝင်ရောက်သွားကြသည့် မိန်းကလေးခြောက်ယောက်၏ အသံဗလံများကိုလည်း မကြားရသေးပါချေ။

ဝန်းကျင်တခုလုံးမှာ လေတဟူးဟူးတိုက်ခတ်နေသည်မှအပ ကြောက်မက်ဖွယ်ကောင်းအောင်ပင် တိတ်ဆိတ်နေလေသည်။



ဝန်းကျင်၏ ထူးခြားစွာ တိတ်ဆိတ်နေမှုကြောင့် အဖြူရောင်မိန်းကလေးက မျက်မှောင်ကုပ်သွား၏။

သူမသည် ကြာရှည်စွာ သည်းမခံနိုင်တော့သည့်အလား ဇရပ်အတွင်းဘက်သို့ ဝင်သွားရန် ခြေလှမ်းပြင်လိုက်လေသည်။

ထိုစဉ်မှာပင်….ဇရပ်အတွင်းဘက်မှ ဝူးဝူးဝါးဝါး အော်ဟစ်လိုက်သော အသံများနှင့် ပြင်းထန်စွာ တိုက်ခိုက်လိုက်ကြသည့် အသံများက ရုတ်တရက် ထွက်ပေါ်လာတော့၏။

မမျှော်လင့်သော အဖြစ်အပျက်ကြောင့် အဖြူရောင် မိန်းကလေးက ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

သို့သော် သူမသည် ချက်ချင်းဆိုသလို သတိဝင်လာပြီး ခါးမှဓားကို ဆွဲထုတ်လိုက်ကာ ဇရပ်အတွင်းဘက်သို့ ပြေးဝင်သွားရန် ခြေလှမ်းပြင်လိုက်လေသည်။

ယခု သူတော်ကောင်းဇရပ်အတွင်းသို့ ဝင်ရောက်သွားကြသည့် မိန်းကလေးခြောက်ယောက်မှာ ရန်သူနှင့် ရင်ဆိုင်နေပြီ မဟုတ်ပါလော။

အဖြူရောင်မိန်းကလေးက ဇရပ်အတွင်းသို့ ဝင်သွားရန် ခြေလှမ်း သုံးလေးလှမ်းမျှ လှမ်းလိုက်ပြီးသည်နှင့် တဖန် ခြေလှမ်းများကို ရပ်တန့်ပစ်လိုက်ရလေသည်။

ဘယ်ကြောင့်သွားရန် ဟန်ပြင်နေသော ခြေလှမ်းများကို ရပ်တန့်ပစ်လိုက်ရပါသနည်း။

သူမသည် ဇရပ်အတွင်း ရန်သူနှင့် ရင်ဆိုင်နေရသော မိန်းကလေး ခြောက်ယောက်အား အကူအညီပေးရန် မလိုအပ်ဟု ယူဆထားပါသလော။

မဟုတ်ပါချေ။ ဇရပ်အတွင်း ရန်သူနှင့် ရင်ဆိုင်နေရသော မိန်းကလေးခြောက်ယောက်နည်းတူ သူမကိုယ်တိုင်လည်း ရန်သူနှင့် ရင်ဆိုင်လိုက်ရသောကြောင့် ဖြစ်ပါသည်။

အဖြူရောင်မိန်းကလေးက ခြေလှမ်း ရပ်တန့်လိုက်သည်နှင့် တပြိုင်နက် လေတိုက်ခတ်မှုကြောင့် ယိမ်းနွဲ့နေသောမြက်ပင်ရှည်များအကြားမှ လူသုံးယောက်က ဘွားကနဲ ထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

ထွက်ပေါ်လာကြသော လူသုံးယောက်ကား....

* * *

လေတဟူးဟူး တိုက်ခတ်နေ၏။

မလှုပ်မယှက် ရပ်တန့်နေသော အဖြူရောင် မိန်းကလေး၏ ရှည်လျားသော ဆံပင်များသည် လေတိုက်ခတ်မှုကြောင့် ဝေ့ကာဝိုက်ကာ ဖွာကျနေကြ၏။

ထို့အပြင် တိုက်ခတ်လာသောလေနှင့်အတူ တိုက်ပွဲဖြစ်ပွားနေသည့် အသံများမှာလည်း တစထက်တစ ပို၍ ကျယ်လောင်လာသည်ဟု ကြားလိုက်ရလေသည်။



ယခု အဖြူရောင်မိန်းကလေး၏ ဖြူဖွေးသော မျက်နှာမှာ မည်းမှောင်နေပြီဖြစ်သည်။

သူမ၏ ရင်တွင်း၌လည်း ခံပြင်း ဒေါသထွက်သော စိတ်များဖြင့် ပြည့်လျှံနေ၏။

သို့သော် သူမအားဟန့်တားလာသည့် လူသုံးယောက်အား အလျင်စလို တိုက်ခိုက်ခြင်းမပြုပဲ မလှုပ်မယှက် ခြေလှမ်း ရပ်တန့်လိုက်သည်။

ဒေါသကြီးသောလူသည် အမှားများနှင့်တွေ့ကြုံရတတ်သည် မဟုတ်ပါလော။

သာမန်အချိန်တွင် အရေးမကြီးသော်လည်း ယခုအချိန်တွင် အမှားတခုခုလုပ်မိပါက အသက်ဆုံးရှုံးသွားနိုင်ကြောင်း အဖြူရောင်မိန်းကလေးက သဘောပေါက်ထား၏။ မှန်ပါသည်။ သူမအား ဟန့်တားလိုက်သော လူသုံးယောက်သည် အမှားမခံတတ်သော လူစားမျိုးများ ဖြစ်ကြသည်။

တချက်ကလေး သတိလစ်ဟင်းသွားပြီး အမှားကျူးလွန်မိလိုက်သည်နှင့် ထိုလူသုံးယောက်၏ လက်ချက်ဖြင့် သေဆုံးသွားကြရသော သိုင်းသမားများမှာ ဒုနှင့် ဒေးပင်....။

ထို့ကြောင့် အဖြူရောင်မိန်းကလေးက မလှုပ်မယှက်ရပ်တန့်လိုက်ပြီး ထိုလူသုံးယောက်အား စိုက်ကြည့်နေခြင်းဖြစ်၏။

သူမကမလှုပ်မယှက်ရပ်တန့်လိုက်သောအခါ ထိုလူသုံးယောက်က စတင် လှုပ်ရှားလာလေတော့သည်။

* * *

မြက်ပင်ရှည်များသည် ယိမ်းနွဲ့လှုပ်ရှားနေကြ၏။

မြက်ပင်ရှည်များမှာ လူတရပ်ခန့်ရှိပြီး ထူထပ်စွာ ပေါက်ရောက်နေသောကြောင့် မြက်ပင်ရှည်များအကြား ပုန်းကွယ်နေလျှင် အလွယ်တကူတော့ မြင်နိုင်ရန် မလွယ်ကူပါချေ။

ထို့ကြောင့် မြက်ပင်ရှည်များအကြား လူသုံးယောက် ပုန်းအောင်းနေသည်ကို အဖြူရောင်မိန်းကလေးက သတိမပြုမိလိုက်ခြင်း ဖြစ်သည်။

မည်သို့ဆိုစေ ထိုလူသုံးယောက်ကမြက်ပင်ရှည်များအကြားမှ ထွက်ပေါ်လာကြပြီး ဖြစ်၏။

ထို့အပြင် အဖြူရောင်မိန်းကလေးနှင့် မျက်နှာချင်းဆိုင် ရပ်တန့်လိုက်ကြပြီးလည်း ဖြစ်လေသည်။

ထိုလူသုံးယောက်က ခြေ လေးငါးလှမ်း အကွာ၌ ခြေလှမ်းရပ်တန့်လိုက်ကြသည်နှင့် အဖြူရောင် မိန်းကလေးက မဲ့ပြုံးပြုံးလိုက်ပြီး—

'လက်စသတ်တော့ ရှင်တို့ကလဲ ဒီကိစ္စထဲမှာ ပါဝင်နေကြတာကိုး' ဟု အေးစက်စွာ ပြောဆိုလိုက်၏။

ရင်ဘောင်တန်းလျက်ရပ်နေကြသောလူသုံးယောက်အနက်မှ အလယ်လူက........

'ဟုတ်ပါ့ဗျာ—ကျုပ်တို့ ပါဝင်နေကြမယ်လို့ မင်း မထင်ဘူး မဟုတ်လား'

ထိုလူသည် တကိုယ်လုံး ငွေရောင် တောက်ပစွာ ဝတ်ဆင်ထားပြီး အသက်သုံးဆယ်ဝန်းကျင်ခန့် လူတယောက်ဖြစ်သည်။



ခါးတွင် အနီရောင် ခါးစည်းကြိုး ရှိနေပြီး လက်ထဲတွင် ယပ်တောင်တချောင်း ကိုင်ဆောင်ထားလေသည်။

အဖြူရောင်မိန်းကလေးက ထိုလူအား မုန်းတီး ရွံရှာသော ဟန်ဖြင့်........

'ရှင့်လို သိုင်းလောကမှာ လျှမ်းလျှမ်းတောက် ကျော်ကြားနေတဲ့ လူတယောက်က သစ္စာဖောက် တယောက် ဖြစ်နေတာ အံ့ဩဖို့ တော်တော်ကောင်းနေတာပဲ'

ငွေရောင် ဝတ်ဆင်ထားသူက လက်ထဲမှ ယပ်တောင်အား တဖျပ်ဖျပ်ခတ်လိုက်ပြီး....

'ဘိုင်ကျပြီး နာမည်ကြီးတာထက်စာယင် ငွေရှင်နေတာက ပိုကောင်းတယ်'

ဟူသော စကားအား အေးဆေးစွာ ပြောလိုက်သည်။

သူသည် ယင်းသို့ ပြောလိုက်ပြီး သဘောကျစွာဖြင့် တဟားဟား ရယ်မောလိုက်လေသည်။

ထိုစဉ်မှာပင် ဝဲဘက်၌ ရှိနေသူက—

'နောင်ကြီး 'ငွေဗျိုင်း' အချိန်ကုန် ခံမနေပါနဲ့ဗျာ'

ဟု သတိပေး ပြောဆိုလိုက်လေသည်။

ထိုလူငယ်စကားကိုကြားလိုက်ရမှ အဖြူရောင်မိန်းကလေးက ထိုလူအား သတိပြုလိုက်မိ၏။

ထိုလူသည် မီးခိုးရောင် အဝတ်အစားများ ဝတ်ဆင်ထားပြီး ခန္ဓာကိုယ် အလွန်သေးကွေး ပိန်လှီနေသော လူတယောက် ဖြစ်၏။

ထို့ကြောင့် သူ၏ အဝတ်အစားများမှာ ပွယောင်းယောင်း ဖြစ်နေသည့်အပြင် ပုံပျက် ပန်းပျက် ဖြစ်နေသည်ကိုတွေ့မြင်လိုက်ရလေသည်။

ထိုလူငယ်၏ ပုံဟန်မှာ စာခြောက်ရုပ်အားအဝတ်အစားဝတ်ပေးထားသကဲ့သို့ ရယ်ရွှင်ဖွယ်ပုံဟန် သက်ရောက်နေသော်လည်း အဖြူရောင်မိန်းကလေးက မရယ်ဝံ့ပါချေ။

ရယ်ဖို့နေနေသာသာ ထိုသူအား မြင်သည်နှင့် ပိုပြီး သတိထားကာ အခြေအနေကို အလစ်မပေးရဲပဲ အကဲခတ်နေရ၏။

အကြောင်းမှာ ထိုလူ၏ပွယောင်းယောင်းအဝတ်အစားများအတွင်း အလွန် အဆိပ်ပြင်းထန်သည့် လက်နက်ပုန်း (၁၀)မျိုးကျော်ကျော် အသင့်ရှိနေကြောင်း သူမက သိရှိထားသည်မဟုတ်ပါလော။

အဖြူရောင် မိန်းကလေးက မဲ့ပြုံး ပြုံးလိုက်ပြီး....

'ဩော်–'ရှက်ကြွေ သိုင်းသမား ပါထင်းစု'လဲ ပါလာတာကိုး'

သူမသည် ယင်းသို့ပြောယင်း ယာဘက်မှရပ်နေသောလူအားမျက်မှောင်ကုပ်၍ ကြည့်လိုက်ကာ........

'သူကတော့ ပါထင်းချီ မဟုတ်လား....'

ဟု အကဲခတ်သလို လှမ်းမေးလိုက်၏။

မီးခိုးရောင် ဝတ်ဆင်ထားသူမှာ ရှက်ကြွေ သိုင်းသမား 'ပါထင်းစု' ဆိုသူ ဖြစ်ပါသည်။



ပါထင်းစုသည် သူ၏ အဆိပ် လက်နက်ပုန်းများအား သစ်ပင်မှ သစ်ရွက်များ ကြွေကျသကဲ့သို့ အဆက်မပြတ် ပစ်လွှတ်နိုင်သောကြောင့် သိုင်းလောကသားများက သူ့အား 'ရှက်ကြွေသိုင်းသမားဟု' ခေါ်ဆိုကြလေသည်။

ရှက်ကြွေသိုင်းသမား ပါထင်းစုနှင့် ပါထင်းချီတို့မှာ ညီအစ်ကိုများဖြစ်ကြပြီး အနက်ရောင် သိုင်းသမားများ ဖြစ်ကြသည်။ မတရားမှု၌ ထာဝစဉ် မွေ့လျော်သူများ ဖြစ်ကြ၏။

သူတို့ ညီအစ်ကိုနှစ်ယောက်သည် အတူလက်တွဲ၍ သိုင်းလောကအတွင်း ကျင်လည်ကျက်စားနေကြကာ မည်သည့်တိုက်ပွဲတွင်မဆို နှစ်ယောက်လက်တွဲ၍ တိုက်ခိုက်တတ်ကြသည်။

ထို့ကြောင့် အဖြူရောင်မိန်းကလေးက ရှက်ကြွေသိုင်းသမား ပါထင်းစုအား တွေ့မြင်လိုက်ရသည်နှင့် ပါထင်းချီပါ ရောက်ရှိနေမည် ဖြစ်သည်ကို ရိပ်မိလိုက်သောကြောင့် ယခုကဲ့သို့ မေးလိုက်ခြင်း ဖြစ်လေသည်။

ထိုစဉ်–ပါထင်းစုက ပြုံးလိုက်ပြီး–

'ကျုပ်ညီ ပါထင်းချီက မင်းရဲ့လူတွေကို ရှင်းပစ်နေရလို့ မအားသေးဘူးဗျ........ ဒါပေမယ့် တော်ကြာရောက်လာမှာသေချာပါတယ်ဗျာ'

သူ၏စကားကြားလိုက်ရသောအခါ အဖြူရောင်မိန်းကလေးက ရင်ထိတ်သွားလေသည်။

ပါထင်းချီသည် ဇရပ်အတွင်းသို့ ဝင်ရောက် သွားကြသည့် မိန်းကလေးခြောက်ယောက်အား တိုက်ခိုက်လျက် ရှိနေသည်ဟု သိရှိလိုက်ရပြီ မဟုတ်ပါလော။

သို့သော် ပါထင်းချီ၏ သိုင်းပညာမှာ မည်မျှပင် ထက်မြက်ပါစေ မိန်းကလေး ခြောက်ယောက်အား အနိုင်ရရှိနိုင်မည် မဟုတ်ဟု သိရှိထားသောကြောင့် အဖြူရောင် မိန်းကလေးက ပြုံးလိုက်ကာ—

'ပါထင်းချီက ကျွန်မရဲ့လူတွေကို အနိုင်ရမယ်လို့ ရှင်ယူဆယင် မှားသွားမှာပေါ့ရှင်....'

ပါထင်းစုက ခေါင်းညိတ်လိုက်ပြီး....

'ဟုတ်ပါတယ်ဗျာ.... မင်းရဲ့ လူတွေကို သူတယောက်တည်း အနိုင်ရဖို့ မလွယ်ဘူးဆိုတာသိလို့ ကြေးစားလူသတ်သမား ငါး ယောက်ကိုပါ ခေါ်သွားတယ်လေ....'

ပါထင်းစုက သူတို့၏ ပိုင်နိုင်သော အစီအစဉ်ကို ပြောဆိုလိုက်၏။

ယခုတကြိမ် အဖြူရောင် မိန်းကလေးက ပါးစပ်ပိတ်ထား လိုက်ရလေသည်။

သူမ၏ရင်ထဲတွင် အဖော်များအတွက် အမှန်တကယ်ပင် စိုးထိတ်နေမိသည်။ ပါထင်းစုကပြုံးလျက် ယာဘက်တွင် ရပ်နေသူအား ညွှန်ပြလိုက်ကာ—

'သူ့ကိုတော့ မင်း မသိဘူး မဟုတ်လား'

အဖြူရောင်မိန်းကလေးက ပါးစပ်ပိတ်ထား၏။



ပါထင်းစုက အေးတိအေးစက်ဖြင့်—

'မင်းမသေခင် သူ ဘယ်သူလဲဆိုတာ သိသွား နိုင်အောင် ကျုပ်က သူ့နာမည် ပြောပါ့မယ်၊ သူ့နာမည်က........'

သူ၏စကားမဆုံးမီမှာပင် ယာဘက်မှ ရပ်နေသောသူက–

'ကျုပ်နာမည်ကို ဘယ်သူကမှ ကြားဝင်ပြောပြစရာ မလိုပါဘူးဗျာ'

သူသည် ယင်းသို့ပြောလိုက်ပြီး အဖြူရောင် မိန်းကလေး အား လက်နှစ်ဘက်ဆုပ်၍ ဦးညွှတ်လိုက်ကာ....

'ကျုပ်....နာမည်က 'ဝူးလီ'လို့ခေါ်ပါတယ်ဗျာ....'

ထိုလူက အေးဆေးစွာပြောဆိုလိုက်၏။ သို့သော်.... 'ဝူးလ်' ဟူသော အမည်ကို ကြားလိုက်ရသည်နှင့် အဖြူရောင်မိန်းကလေး ၏ ခန္ဓာကိုယ်မှာ ဆတ်ကနဲတုန်ခါသွားပြီး........

'ရှင်....ရှင်က ဝူးလီ ဟုတ်လား'

ဝူးလီက ခေါင်းညိတ်ပြလိုက်ပြီး ပါးစပ်ပိတ်ထားလိုက်လေ သည်။

အဖြူရောင်မိန်းကလေးက သက်ပြင်းတချက် ချလိုက်သည်။

သိုင်းသမား ဝူးလီသည် လွန်ခဲ့သည့် နှစ်ပေါင်း နှစ်ဆယ် ကျော်က သိုင်းလောကတွင် အလွန် ကျော်ကြားခဲ့သော လူ တယောက် ဖြစ်၏။

သို့သော် သူက သိုင်းလောကမှ ဇာတ်မြှုပ်ပျောက်ကွယ်သွား သည်မှာ အချိန်ကြာမြင့်လှပြီ ဖြစ်သည်။

မည်သို့ဆိုစေ သိုင်းလောကဘွင် လျှမ်းလျှမ်းတောက် ကျော်ကြား နေသည့် ရွက်ကြွေသိုင်းသမား ပါထင်းစု၊ ငွေဗျိုင်းနှင့် ဝူးသီတို့က ရောက်ရှိလာပြီဖြစ်ပါသည်။

ဤသို့ဆိုလျှင် အဖြူရောင်မိန်းကလေးနှင့် ကျန် မိန်းကလေးခြောက်ယောက်မှာ သူတော်ကောင်းဇရပ်မှ အသက်ရှင်လျက် ထွက်ခွာသွားနိုင်ကြပါမည်လော........

အဖြူရောင်မိန်းကလေးသည် ရင်ထဲမှာလေးလံလာပြီး သက်ပြင်း တချက်ကိုသာ မသက်မသာ မှုတ်ထုတ် လိုက်မိ လေတော့သည်။

ငွေဗျိုင်းက အသာအယာ ပြုံးလိုက်ပြီး ...

'ဖြူဖြူ.... မင်းပြေးလို့ မလွတ်တော့ဘူး ဆိုတာ သဘောပေါက်ပြီလား'

ငွေဗျိုင်းအသံက အောင်မြင်စွာ ထွက်ပေါ်လာ၏။

အဖြူရောင်မိန်းကလေးက ပါးစပ် ပိတ်ထားလိုက်၏။

သူမ၏အမည်မှာ 'ဖြူဖြူ'ဖြစ်ပြီး ရောင်စဉ်တန်းသိုင်းသမားခုနစ်ယောက်၏ ခေါင်းဆောင် ဖြစ်လေသည်။

သို့သော် သူမအား 'ဖြူဖြူ'ဟု ခေါ်ဝံ့သူ မရှိသလောက်ဖြစ်နေ၏။

ယခုငွေဗျိုင်းက ဖြူဖြူဟု ခေါ်ဝေါ်လိုက်ပြီ ဖြစ်သည်။

ဤသို့ဆိုလျှင် ငွေဗျိုင်းက ဖြူဖြူတို့လူစုအား ကျိန်းသေပေါက် အနိုင်ရရှိမည်ဟု ယူဆထားသည်ကို သိသာ နိုင်သည် မဟုတ်ပါလော........



ဖြူဖြူက အံတင်းတင်းကြိတ်ထားပြီးသည်နှင့်တပြိုင်နက် လက်ထဲတွင် ပြီးတော့ တင်းမာစွာဖြင့် ဂါင်းထံသို့ လျှပ်တပြက် တိုက်ခိုက် 'ကျွန်မ ထွက်ပြေးမယ်လို့ ရှင်တိုက်ခိုက်လိုက်သည်နှင့် တပြိုင် ငွေဗျိုင်းက အေးတိအေးစက်ဥြနာက်ဆုတ်သွားရ၏။

'မင်း ထွက်မပြေးပဲ ခုခံတိုက်ခိုက်မပြီး ချက်ချင်းဆိုသလိုပင် အသက်သေဆုံးသွားမှာပဲ....' ဟု ဖြူဖြူအား ပြန်

သူသည် ဖြူဖြူ၏ တကိုယ်လုံးသို့ ခြုံကြည့်လိုက်ကာ–

'ဒီတော့ ကျုပ်တို့ဆီမှာ လက်နက်ချ အညံ့ခံလိုက်မယ်ဆိုယင် မင်းတို့ အသက်ချမ်းသာရဖို့ ကျုပ်တာဝန်ယူပါတယ်'

သူ၏စကားကြောင့် ဖြူဖြူမှာ ဒေါသပြင်းစွာ ထွက်သွားလေသည်။

တကယ်ဆိုတော့–ငွေဗျိုင်းသည်အလွန်ရက်စက်ကြမ်းကြုတ်ပြီး မိန်းမပွေသော လူဘယောက်ဖြစ်ကြောင်း သူမ သိရှိထားသည် မဟုတ်ပါလော........

ဤသူ့ထံမှာ လက်နက်ချလိုက်လျှင် ဘာဖြစ်သွားမည်နည်း။ ဖြူဖြူသည် စက်ဆုတ်စွာ ငွေဗျိုင်းအား ကြည့်လိုက်သည်။ ကြည့်ယင်းမှလည်း ခပ်မဲ့မဲ့ပြုံး၍–

'ရှင် ကျွန်မကို ဦးသုံးကြိမ်ချမယ်ဆိုယင်တောင်မှ ရှင်ပြောတဲ့ စကားကို လက်ခံဖို့ စဉ်းစားရအုံးမယ်ရှင့်'

ဟု ခပ်တည်တည် ပြောချပစ်လိုက်လေတော့၏။

ငွေဗျိုင်း၏မျက်နှာက ကွက်ကနဲ ပျက်သွား၏။

မည်သို့ဆိုစေ သိုင်းလောကတွင်သွဲ့လိုက်သည်။
ကြားနေသည့် ရွက်ကြေသိုင်းဖြင့်—
ဦးလီတို့က ရောက်ရှိလာပြီဖြစ်၊ကဲ အခွင့်အရေး ပေးထားတာ
ဤသို့ဆိုလျှင် အဖြူ၊ဇော
ခြောက်ယောက်မှာ ၂၁ပင် ဇရပ် အတွင်းဘက်မှ စူးရှသော
ထွက်ခွာသွားနိုင်၊ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ
သည်။

ယင်းအသံအား ကြားလိုက်ရသည်နှင့် ဖြူဖြူမှာ မျက်နှာ
ကွက်ကနဲ ပျက်သွားပြီး ဘကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်လာ
လေသည်။

အကြောင်းမှာ စူးရှစွာ အော်ဟစ်လိုက်သော အသံသည်
မိန်းကလေးတယောက်၏ နာကျင်စွာ အော်ဟစ်လိုက်သောအသံ
ဖြစ်နေသည် မဟုတ်ပါလော။

ဖြူဖြူမှာ ဒေါသထွက်လွန်းသဖြင့် အသားများပင် တဆတ်
ဆတ် တုန်လာပြီး........

'ကျွန်မရဲ့လူတွေသာ တခုခုဖြစ်ယင် ရှင်တို့အားလုံးကို သတ်
ပစ်မယ်ရှင့်'

ဟု ကြိမ်းဝါး ပြောဆိုလိုက်၏။

ငွေဗျိုင်းက မဲ့ပြုံးပြုံးလိုက်ပြီး—

'မင်း သတ်ပစ်နိုင်မယ် ထင်လို့လား'

'ရှင် မယုံဘူးလား'



ဖြူဖြူသည် ယင်းသို့ပြောပြီးသည်နှင့်တပြိုင်နက် လက်ထဲတွင်
အသင့်ရှိနေသောဓားဖြင့် ငွေဗျိုင်းထံသို့ လျပ်တပြက် တိုက်ခိုက်
လိုက်လေသည်။ ဖြူဖြူက စတင်တိုက်ခိုက်လိုက်သည်နှင့် တပြိုင်
နက် ငွေဗျိုင်းမှာ ကပျာကယာ နောက်ဆုတ်သွားရ၏။

သို့သော် သူက နောက်ဆုတ်သွားပြီး ချက်ချင်းဆိုသလိုပင်
လက်ထဲမှ ယပ်တောင်အား စုစည်းလိုက်ကာ ဖြူဖြူအား ပြန်
လည် တိုက်ခိုက်လိုက်လေသည်။

ဖြူဖြူနှင့် ငွေဗျိုင်းတို့ တိုက်ခိုက်ကြသည်နှင့် တပြိုင်နက်
ရွက်ကြေသိုင်းသမား ပါထင်းစုကလည်း တိုက်ပွဲအတွင်းသို့ ဝင်
ရောက်လာလေသည်။

ယခု သူတော်ကောင်းဇရပ် အတွင်းဘက်နှင့် အပြင်ဘက်
နှစ်နေရာစလုံးတွင် ပြင်းထန်သော တိုက်ပွဲများ ဖြစ်ပေါ်လာပြီး
ဖြစ်ပါသည်။

ဇရပ်ပျက် တဝိုက်တွင် တိုက်ပွဲသံ ညံစီနေချေပြီတကား။

* * *

( ၇ )

'ထောက်........'

မသဲမကွဲ အသံတချက်ထွက်ပေါ်လာပြီး အနက်ရောင် မြား
ကလေးတစင်းက အရှိန်ပြင်းစွာ ပစ်လွှင့်လာ၏။

ဖြူဖြူ ရင်ထိတ်သွားသည်။

သူမ၏ဓားသည် မြွေတကောင်ပမာ ငွေဗျိုင်းထံသို့ တိုးဝင်တိုက်ခိုက်လျက် ရှိနေစဉ်မှာပင် 'ပါထင်းစု'က အလစ်ဝင်ရောက်တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

ပါထင်းစုမှာ ဖြူဖြူနှင့် ခြေသုံးလေးလှမ်းမျှ အကွာအဝေးမျှသာ ရှိနေပြီး ဖြူဖြူက ငွေဗျိုင်းထံသို့ ဓားဖြင့် ထိုးသွင်းလိုက်စဉ် အခွင့်ကောင်းယူလျက် အဆိပ်မြားပစ်လွှတ်လိုက်သောကြောင့် ဖြူဖြူမှာ မည်သို့မျှ မတတ်နိုင်တော့ပဲ နောက်ဆုတ်သွားရလေသည်။

ယခုတကြိမ်ဆိုလျှင် ပါထင်းစုက အလစ်တိုက်ခိုက်လိုက်သည်မှာ သုံးကြိမ်ရှိပြီဖြစ်သည်။

ဖြူဖြူ၏ ဓားပညာသည် အလွန်ပင် ထက်မြက်နေသောကြောင့်ငွေဗျိုင်းမှာ အခြေအနေမဟန်ပဲ နောက်သို့သာ ဆုတ်နေရ၏။

ထို့အပြင် ဖြူဖြူ၏ ဓားဦးက သူ၏ရင်ဝသို့ ထိုးစိုက်မိရန် သုံးလေးကြိမ်မျှ တွေ့ကြုံခဲ့ရပြီး ပါထင်းစုကသာ အချိန်မီ အဆိပ်မြားဖြင့် မပစ်နိုင်လျှင် မုချမသွေ ထိခိုက်ဒဏ်ရာရရှိသွားနိုင်လေသည်။

သို့သော်–ဖြူဖြူက ဖိ၍ တိုက်ခိုက်လိုက်သည်နှင့် တပြိုင်နက် ပါထင်းစုက အဆိပ်မြား ပစ်လွှတ်လိုက်သောကြောင့် ဖြူဖြူမှာ မည်သို့မျှ မတတ်နိုင်ပဲ နောက်သို့သာ ဆုတ်ပေးနေရလေသည်။

ထို့ကြောင့် ငွေဗျိုင်းက အားတက်သွား၏။



ဖြူဖြူ၏ ဓားပညာ သူ့ထက်အနည်းငယ် သာနေသည်မှာ မှန်သော်လည်းပါထင်းစု၏ အဆိပ်မြားအားကိုးဖြင့် ငွေဗျိုင်းက ရှေ့သို့ခြေလှမ်းတိုးလိုက်ပြီး ဖြူဖြူ့ထံသို့ တဟုန်ထိုး တိုက်ခိုက်လိုက်လေသည်။

သူ၏ ယပ်တောင်သည် စုသွားလိုက်၊ ပြန်ကားလာလိုက်ဖြင့် ပုံသဏ္ဍာန်မှာ အမျိုးမျိုး ပြောင်းလဲသွားကာ ဖြူဖြူ့ထံသို့ တိုက်ခိုက်လိုက်ခြင်း ဖြစ်၏။

ဖြူဖြူက မဲ့ပြုံးပြုံးလိုက်သည်။

သူမသည် သိုင်းကွက် ဆယ်ကွက်ကျော်ကျော်မျှ တိုက်ခိုက်လိုက်သည်နှင့်တပြိုင်နက် ငွေဗျိုင်းအား အနိုင် ရရှိနိုင်ကြောင်း သဘောပေါက်ထား၏။

သို့သော်–ပါထင်းစုက တချက်တချက် အလစ်ဝင်ရောက်တိုက်ခိုက်သောကြောင့် သူမမှာ အခက်ကြုံတွေ့နေရလေသည်။

ထို့ကြောင့် ပါထင်းစုအား ရှေးဦးစွာ ပစ်လိုက်နိုင်မှသာလျှင် ငွေဗျိုင်းအား တိုက်ခိုက်နိုင်မည်ဖြစ်ကြောင်း သဘောပေါက်လေ၏။

မည်သို့ဆိုစေ....သူမက ပါထင်းစုအား တိုက်ခိုက်ရန် မဝံ့ရဲပါချေ။

အကြောင်းမှာ ပါထင်းစုမှာ လက်နက်ပုန်း ကျွမ်းကျင်သူတယောက်ဖြစ်သောကြောင့် လက်နက်ပုန်းမျိုးစုံဖြင့် ပစ်ခတ်၍ ပြန်လည်တိုက်ခိုက်လာနိုင်ခြင်းကြောင့်ပင် ဖြစ်၏။

ထို့အပြင်........

ငွေဗျိုင်းကလည်း ပါထင်းစုအား တိုက်ခိုက်ရန် အခွင့်အရေး ပေးလိမ့်မည် မဟုတ်ပါချေ။

ထို့အပြင် 'ပါထင်းစု' အနီး၌ တချိန်လုံး တိုက်ပွဲအခြေအနေ စောင့်ကြည့်နေသည့် 'ဝူးလီ'က ရှိနေသေးသည် မဟုတ်ပါလော။

ဖြူဖြူမှာ ငွေဗျိုင်းနှင့် တိုက်ခိုက်ယင်း ပါထင်းစု၏အဆိပ် မြားကို ရှောင်တိမ်းနေရသောကြောင့် အချိန်ကြာမြင့်လာသည်နှင့်အမျှ အခက်ကြုံတွေ့လာရ၏။

ထိုစဉ်မှာပင် တချိန်လုံး ငြိမ်သက်စွာ အကဲခတ်ကြည့်ရှုနေသော ဝူးလီက တိုက်ပွဲအတွင်းသို့ ဝင်ရောက်လာလေတော့၏။

* * *

တိုက်ပွဲ၏ အခြေအနေမှာ ပြောင်းလဲသွားပြီဖြစ်သည်။

ပထမပိုင်းတွင် ဖြူဖြူက ငွေဗျိုင်းအား ဖိ၍ တိုက်ခိုက်နိုင်ခဲ့သော်လည်း ဝူးလီက တိုက်ပွဲအတွင်းသို့ ဝင်ရောက်လာသောအခါ ဖြူဖြူမှာနောက်သို့တစထက်တစ ဆုတ်သွားရလေသည်။

ယခု ငွေဗျိုင်းတို့လူစုက အသာရရှိသွားပြီးဖြစ်ပါသည်။

ငွေဗျိုင်းတို့လူစု အသာရရှိသွားသည်နှင့်တပြိုင်နက် ဖြူဖြူမှာ အသက်သေဆုံးရန်အချိန် နီးကပ်လာပြီ မဟုတ်ပါလော။



သို့သော် ဖြူဖြူက သေဆုံးသွားခြင်း မရှိသေးပါချေ။

သူမသည် အံကိုတင်းတင်းကြိတ်လျက် ဝူးလီနှင့် ငွေဗျိုင်းတို့အား အစွမ်းကုန် ခုခံတိုက်ခိုက်နေ၏။

သူမ၏ ဓားသည် ဓားရိပ်ပေါင်းများစွာအဖြစ် လျှပ်တပြက် ပြောင်းလဲသွားပြီး ဝူးလီနှင့် ငွေဗျိုင်းတို့အား ပြန်လည်တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

သူမက ဓားစကြာပမာ ဝှေ့ယမ်း တိုက်ခိုက်လိုက်သော်လည်း အခြေအနေကမူ သူမအတွက် အကောင်းဘက်သို့ ပြောင်းလဲမလာသေးပါချေ။

ဝူးလီ၏ ဓားရှည်နှင့် ငွေဗျိုင်း၏ သံယပ်တောင်တို့က သူမ၏ ဓားကွက်များကို ချေဖျက်လိုက်စဉ်မှာပင် ပါထင်းစု၏ အနက်ရောင် မြားကလေးတစင်းက ဖြူဖြူ့ထံသို့ ပစ်လွှင့်လာပြန်လေတော့သည်။

ဖြူဖြူ ရင်ထိတ်သွား၏။

ဝူးလီက ဓားဖြင့်ပြင်းထန်စွာ ရိုက်ချလိုက်သော်လည်း သူမက လက်ထဲမှဓား လွှတ်မကျစေရန် အားကုန် ဆုပ်ကိုင်ထားပြီး နောက်သို့ လျှပ်တပြက် ခုန်ဆုတ်လိုက်၏။

ထိုစဉ်မှာပင် ငွေဗျိုင်း၏ ယပ်တောင်က သူမ၏ ပခုံးပေါ်ရှိ သွေးကြောတနေရာသို့ ထောက်ချလိုက်လေသည်။

ဖြူဖြူက ထိတ်လန့်တုန်လှုပ်သွားပြီး အသက်ရှူပင် ရပ်ဆိုင်းသွားသည်ဟု ခံစားလိုက်ရ၏။

အကြောင်းမှာ ပါထင်းစု၏ အနက်ရောင် မြားကလေးကလည်း တပြိုင်နက်ဆိုသလိုပင် သူမ၏ ရင်ဝသို့ ပစ်လွှင့်လာနေလေသည် မဟုတ်ပါလား။

ဖြူဖြူမှာ မည်သို့မျှ ရှောင်တိမ်း၍ မရတော့မှန်း သိလိုက်သဖြင့် မျက်လုံးစုံမှိတ်ထားလိုက်လေသည်။

ထိုစဉ်မှာပင်........

'ဖျပ်........'

ကနဲ အသံတချက် ထွက်ပေါ်လာပြီး ငွေဗျိုင်း၏ ယပ်တောင်ကိုင်ထားသောလက် အပေါ်သို့ လှန်လိုက်ရာ ယပ်တောင်မှာ ဖြတ်ကနဲ ပွင့်သွားပြီး အနက်ရောင် မြားကလေးအား ခတ်ထုတ်လိုက်ပြီးသား ဖြစ်သွား၏။

တဆက်တည်းဆိုသလိုမှာပင် ပွင့်ကားသွားသောယပ်တောင်မှာ ပြန်စုသွားပြီး ယပ်တောင်ထိပ်ဖျားဖြင့် ဖြူဖြူ၏ ပခုံးပေါ်ရှိ သွေးကြောသို့ ထောက်မိလိုက်လေသည်။ အဖြစ်အပျက်သည် အလွန်လျင်မြန်လှသောကြောင့် ဖြူဖြူမှာ သွေးကြောပိတ်ခံလိုက်ရကာ မလှုပ်နိုင် မရှားနိုင်ပဲ ဖြစ်သွားလေတော့သည်။

ပါထင်းစုက မျက်မှောင်ကုပ်သွားပြီး....

'ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ'

ဟု ငွေဗျိုင်းအား မကျေမနပ် လှမ်းမေးလိုက်၏။

ငွေဗျိုင်းက ပြုံးလိုက်သည်။

သူသည် ကျောက်ရုပ်ပမာ မလှုပ်မယှက် ဖြစ်နေသောဖြူဖြူအား တပ်မက်စွာ စိုက်ကြည့်လိုက်၏။



'သူက ငယ်ငယ်ရွယ်ရွယ်နဲ့ သေသွားယင် နှမြောစရာကောင်းမှာပဲ'

ပါထင်းစုက နှာခေါင်းရှုံ့လိုက်ကာ........

'သူ့အ အရှင်ထားယင် ကျုပ်တို့ တနေ့ ဒုက္ခတွေ့နိုင်တယ်ဗျ'

သူ၏ စကားကို ကြားလိုက်ရသောအခါ ငွေဗျိုင်းကသဘောကျစွာ တဟားဟား ရယ်မောလိုက်ပြီး........

:ဟား........ဟား........ဟား........ဟား၊ သူက ကျုပ်တို့ လက်ခုတ်ထဲကရေ ဖြစ်နေပါပြီဗျာ၊ ဘယ်လိုလုပ်ပြီး ကျုပ်တို့ကို ဒုက္ခပေးနိုင်တော့မှာလဲ........'

ဟု အေးဆေးစွာ ပြောဆိုလိုက်သည်။

ပါထင်းစုက ခေါင်းခါယမ်းလိုက်ကာ....

'ဘာပဲဖြစ်ဖြစ် သူ့ကို သတ်ပစ်လိုက်ယင် ပိုပြီးစိတ်ချရမယ်ဗျ'

ပါထင်းစုက ခိုင်မာစွာ ပြောဆိုလိုက်၏။

ရုတ်တရက် ငွေဗျိုင်း၏ မျက်နှာက ခက်ထန်တင်းမာသွား၏။

သူသည် ပါထင်းစုအား စူးရှစွာ စိုက်ကြည့်လိုက်သည်။

'ခင်ဗျား သူ့ကို သတ်ပစ်ချင်တယ် မဟုတ်လား'

သူ့လေသံမှာ တင်းမာခက်ထန်နေ၏။

ပါထင်းစု မျက်မှောင်ကုပ်သွား၏။

ငွေဗျိုင်း၏ အမူအရာ ပြောင်းလဲသွားသည်ကိုလည်း သတိပြုမိလိုက်လေသည်။

ထို့ကြောင့် မျက်မှောင်ကုပ်လိုက်ပြီး....
'ခင်ဗျား သဘောမတူဘူးလား'
'ဟုတ်တယ်'
'ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ'
ငွေဗျိုင်းက အေးတိအေးစက်ဖြင့်....
'သူ့ကို ကျုပ်ခေါ်သွားမယ်'

သူ၏ စကားကို ကြားလိုက်ရသောအခါ ပါထင်းစု၏ မျက်နှာမှာ ကွက်ကနဲပျက်သွားလေသည်။

ငွေဗျိုင်းက ဖြူဖြူအား ခေါ်သွားလိုသည်မှာ ဖြူဖြူအတွက် ကျင်းမြှုပ်စားက ထုတ်ပေးထားသည့်ဆုငွေကို တယောက်တည်း အပိုင်စီးလိုသည့်သဘော သက်ရောက်နေသည် မဟုတ်ပါလော........။

ပါထင်းစုသည် မကျေမနပ်ဖြင့်....
'ခင်ဗျား ခေါ်သွားမယ် ဟုတ်လား'
'ဟုတ်တယ်....'
'ဒါဖြင့် ခင်ဗျားသဘောက........

ပါထင်းစုက စကားကို တပိုင်းတစဖြင့် ရပ်တန့်ထားလိုက်ပြီး လက်နှစ်ဘက်အား အင်္ကျီအိတ်ထဲသို့နှိုက်ကာ ငွေဗျိုင်းအား တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်လေသည်။

ငွေဗျိုင်း၏ မျက်လုံးများမှာ အရောင်တဖိတ်ဖိတ် တောက်ပသွားပြီး သူ၏မျက်နှာပေါ်တွင် ကောက်ကျစ်စဉ်းလဲသည့်အရိပ်အရောင်များ ထွက်ပေါ်လာလေသည်။ သူသည် တိုက်ခိုက်ရန်



အသင့်ပြင်ထားသော ပါထင်းစုအား အေးတိအေးစက်ဖြင့် စိုက်ကြည့်လိုက်ပြီး....

'မင်း သေလိုက်ပေါ့'
ဟု တင်းမာစွာ ပြောဆိုလိုက်လေသည်။

သူ၏စကား ကြားလိုက်ရသောအခါ ပါထင်းစု၏မျက်နှာမှာ မည်းမှောင်သွား၏။

ထို့အပြင် ဒေါသပြင်းစွာ ထွက်သွားပြီး....
'ခင်ဗျား သစ္စာဖောက်ပဲ'
ငွေဗျိုင်းက ပခုံးတချက်တွန့်လိုက်ပြီး....
'ထင်ချင်သလို ထင်နိုင်ပါတယ်၊ ကျုပ်အဖို့တော့ ဖြူဖြူကို ရဖို့ အဓိကပါပဲ'
ပါထင်းစုက ခံပြင်းသော လေသံဖြင့်........

'ခင်ဗျား သဘောကို ကျုပ် မသိဘူး မှတ်နေသလား၊ ခင်ဗျားက ဖြူဖြူကို ကျင်းမြှုပ်စားလက်ထဲအပ်ပြီး ဆုငွေတွေ အပိုင်စီးမလို့ မဟုတ်လား'

ငွေဗျိုင်းက မထိတရီပြုံး၍....
'ခင်ဗျား သိထားပြီးယင်လဲ ဘာဖြစ်လို့ စကားရှည်နေရတာလဲဗျာ'
ပါထင်းစုသည် အံကို တင်းကြပ်စွာကြိတ်ကာ........
'ကောင်းပြီ၊ ခင်ဗျားကပဲ ဖြူဖြူကို ရမလား၊ ကျုပ်ကပဲ ရမလားဆိုတာ ကြည့်ကြသေးတာပေါ့'

သူသည် ယင်းသို့ ပြောပြီးသည်နှင့် တပြိုင်နက် အင်္ကျီအိတ်အတွင်း လက်လျှိုထားသော လက်နှစ်ဘက်အား လျှပ်တပြက်ထုတ်လိုက်ပြီး ငွေဗျိုင်းထံသို့ ဝှေ့ယမ်းလိုက်လေတော့သည်။

ထိုအခါ........

အနက်ရောင် မြားကလေးများ ကြာစေ့သဏ္ဌာန် သံသူးလက်နက်ပုန်းများ၊ ဓားပါးကလေးများ ငွေဗျိုင်းထံသို့ အရှိန်ပြင်းစွာ လွင့်ပျံသွားလေတော့သည်။

ယင်းသို့ ပါထင်းစုက လျှပ်တပြက် လှုပ်ရှားလိုက်သော်လည်း ငွေဗျိုင်းက ပြုံးလျက် နေရာမှာပင် မလှုပ်မယှက် ရပ်နေ၏။ သို့သော် သူသည်လက်နက်ပုန်းများကိုလျင်မြန်စွာ ရှောင်တိမ်းလိုက်ပြီး ဖြစ်နေလေသည်။

သူ၏ ရှောင်တိမ်းမှုမှာ လွန်စွာလျင်မြန်လှပြီး ပွတ်ကာသီကာရှောင်တိမ်းလိုက်ခြင်းဖြစ်၏။

ထို့ကြောင့် သူ၏ ပုံဟန်မှာ ပါထင်းစု တိုက်ခိုက်လာသည်ကိုလုံးဝ မမြင်မတွေ့ရသည့်အလား ရှိနေလေသည်။

ဖြူဖြူက မျက်မှောင်ကုပ်သွား၏။

ပါထင်းစု၏ လက်နက်ပုန်းများအား ရှောင်တိမ်းခြင်း မပြုပါက ငွေဗျိုင်းမှာ လဲကျသေဆုံးသွားနိုင်သည် မဟုတ်ပါလော။

ထိုစဉ်မှာပင် ငွေဗျိုင်းအနီး ရပ်လျက်ရှိသော ဝူးလီက လျှပ်တပြက် လှုပ်ရှားလိုက်လေသည်။

သူသည် ပါထင်းစုက ငွေဗျိုင်းအားသတိထားနေစဉ်မှာပင်



'ယား........'

ဟု ကျယ်လောင်စွာ အသံပေးလိုက်ပြီး ပါထင်းစုထံသို့ ခုန်ဝင်သွားကာ ဓားဖြင့် ခုတ်ချလိုက်လေသည်။

ပါထင်းစု မည်သို့မျှ မျှော်လင့်မထားမိသော တိုက်ကွက်ပင်ဖြစ်သည်။

ဝူးလီက ရုတ်တရက်တိုက်ခိုက်လာမည်ကို မမျှော်လင့်ထားသဖြင့် သူသည် မည်သို့မျှ ရှောင်တိမ်းနိုင်စွမ်း မရှိခဲ့ချေ။

'အား........'

ပါထင်းစုမှာ ကျယ်လောင်စွာအော်ဟစ်လိုက်ပြီး မြေပေါ်သို့ အရုပ်ကြိုးပြတ် လဲကျသွား၏။

သူသည် မြေပေါ်မှ ပြန်လည် လူးလိမ့်ထရန် ကြိုးစားလိုက်သော်လည်း မည်သို့မျှ မဟန်နိုင်တော့ပါချေ။

ဆတ်ကနဲ တချက် လူးလွန့်လိုက်ပြီးနောက် ထာဝရငြိမ်သက်သွားလေတော့သည်။

ပါထင်းစုတယောက် အမိုက်ဇာတ်သိမ်းသွားချေပြီ တကား။

ပါထင်းစု သေဆုံးသွားသည်ကို တွေ့လိုက်ရသောအခါ ငွေဗျိုင်းနှင့် ဝူးလီတို့မှာ သဘောကျစွာဖြင့် ပြိုင်တူ ရယ်မောလိုက်ကြ၏။

'ဟား........ဟား........ဟား'

သူတို့၏ ရယ်မောသံ များသည် ပတ်ဝန်းကျင် တခုလုံးသို့ ပျံ့နှံ့သွားလေတော့သည်။

*　　*　　*

## ( ၈ )

လေသည် မှန်မှန်ပင် တိုက်ခတ်နေ၏။

လေတိုက်ခတ်မှု ပြောင်းလဲသွားခြင်းမရှိသော်လည်းသူတော်ကောင်းဇရပ်ရှေ့ရှိ အဖြစ်အပျက်များမှာ ပြောင်းလဲသွားပြီဖြစ်လေသည်။

ပါထင်းစုသည် မြေပေါ်တွင် မလှုပ်မယှက် လဲကျသေဆုံးနေပြီး ဖြူဖြူမှာမူသွေးကြောပိတ်ခံထားရပြီးရန်သူလက်တွင်းသို့ ကျရောက်နေပြီဖြစ်၏။ ယခုတကြိမ် အောင်ပွဲခံလိုက်ရသူများမှာ ဝူးလီနှင့် ငွေဗျိုင်းတို့ဖြစ်ကြ၏။

တကယ်ဆိုတော့ သူတို့အားလုံးသည် ကျင်းမြို့စား အလိုရှိနေသော ဖြူဖြူတို့လူစုအား သုတ်သင်ပစ်ရန်နှင့် ကျင်းစွမ်းဖုန်းနောက်သို့ မည်သူကမျှ ခြေရာခံ လိုက်ပါလာနိုင်စွမ်း မရှိစေရန် ဟန့်တားရမည့် တာဝန် ယူထားကြသူများ ဖြစ်လေသည်။ ထို့ကြောင့် ကျင်းစွမ်းဖုန်းက ကျောက်စိမ်းမြွေ(ဝါ) ချာယို့လန်နှင့် သူတော်ကောင်းဇရပ်တွင် တွေ့ဆုံပြီး ကျင်းစွမ်းဖုန်း ချာယို့လန်နောက်သို့ လိုက်သွားသည့် အချိန်တွင် သူတို့လူစုမှာ



သူတော်ကောင်း ဇရပ်အနီးတဝိုက်၌ အခြေအနေ စောင့်ကြည့်နေကြခြင်း ဖြစ်လေသည်။

အကယ်၍ ကျင်းစွမ်းဖုန်းနောက်သို့ ခြေရာခံ လိုက်ပါလာသူရှိခဲ့လျှင် သူတော်ကောင်းဇရပ်သို့ ကျိန်းသေ ရောက်ရှိလာရမည် မဟုတ်ပါလော။

သူတို့တွက်ကိန်း မှန်ခဲ့လေသည်။

သူတို့ ကြိုတင် တွေးတောထားသည့် အတိုင်းပင် ဖြူဖြူတို့လူစုက သူတော်ကောင်းဇရပ်သို့ ရောက်ရှိလာခဲ့၏။

ငွေဗျိုင်းမှာမိန်းမပွေသူတယောက်ဖြစ်သောကြောင့် ဖြူဖြူတို့လူစု ရောက်ရှိလာသည်နှင့် ဖြူဖြူအား သဘောကျသွားကာ အရှင်ဖမ်းရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

ထို့အပြင် ဝူးလီနှင့် ကြိုတင်တိုင်ပင်ထားကြပြီး ပါထင်းစုနှင့် အခြားလူများကို ရှင်းပစ်ကာ ဖြူဖြူအတွက် ကျင်းမြို့စားထုတ်ထားသော ဆုငွေများအား အပိုင်စီးရန်လည်း ကြံစည်ထားသူ ဖြစ်လေသည်။

ဝူးလီကလည်း လောဘသားပီပီသူ၏အကြံအစည်ကိုသဘောတူခဲ့သည်။

ယခု သူတို့၏ အကြံအစည်များသည် ကွက်တိအောင် မြင်လာပြီ ဖြစ်ပါသည်။

ငွေဗျိုင်းက မြေပေါ်တွင်လဲကျသေဆုံးနေသော ပါထင်းစုကိုကြည့်ကာ သဘောကျစွာဖြင့်—

'သူ့ရဲ့ လက်နက်ပုန်းက ကျုပ်ကို ထိတယ် မထိဘူးဆိုတာကို တောင်မှ သူ သိမသွားရတာ ဝမ်းနည်းစရာပဲ'

ဟု ပြောလိုက်သည်။

ဦးလီက ခေါင်းညိတ်လိုက်ပြီး—

'ဟုတ်တယ် ခင်ဗျားရဲ့ သိုင်းပညာက လက်နက် ပုန်းကို လွယ်လွယ်ကူကူနဲ့ ရှောင်တိမ်းနိုင်တယ်ဆိုတာ သူမသိသွားတော့ စိတ်မကောင်းစရာပေါ့'

ဟု ထောက်ခံ ပြောဆိုလိုက်လေသည်။

ငွေဗျိုင်းက ဦးလီအား တချက်ကြည့်လိုက်သည်။

သူ၏ မျက်နှာမှာလည်း လေးနက်တည်ကြည်သွားပြီး။

ကျုပ်ရဲ့ သိုင်းပညာက ခင်ဗျားရဲ့ ဓားပညာကိုမှီပါ့မလားဗျ'

ထိုစကားကို ကြားလိုက်ရသောအခါ ဦးလီမှာ မျက်နှာ ကွက်ကနဲ ပျက်သွားလေသည်။

အမှန်စင်စစ် ငွေဗျိုင်း၏ သိုင်းပညာသည် သူတို့သုံးယောက် အနက် အထက်မြက်ဆုံးဖြစ်ပြီး၊ ဖြူဖြူနှင့်တိုက်ခိုက်စဉ်က ပညာ လျှို့ထားမှုန်း သူက သဘောပေါက်ထားလေသည်။ ထို့ကြောင့် လည်း ငွေဗျိုင်းက ပါထင်းစုအားစိမ်ခေါ်လိုက်သည့်အခါ သူက ငွေဗျိုင်းဘက်မှ ပါဝင်ကူညီလိုက်ခြင်းဖြစ်လေသည်။

သို့သော် ငွေဗျိုင်းသည် အလွန် ကောက်ကျစ် စဉ်းလဲသူ တယောက်ဖြစ်ကြောင်း သူ ကောင်းစွာ သဘောပေါက်ထား သည်။



ပါထင်းစုအလှည့်ပြီးလျှင် မိမိအလှည့်သာကျန်တော့သည်ဟု ဦးလီက အလိုလို နားလည်လာလေတော့သည်။

ဖြူဖြူသည် ငွေဗျိုင်း၏ ကောက်ကျစ်စဉ်းလဲပုံကို တွေ့မြင် လိုက်ရသောအခါ ရင်ထဲ၌ လေးလံလာလေသည်။

သူမသည် သေးကြောပိတ်ထားခြင်း ခံရ၍ မလှုပ်ရှားနိုင်ပဲ ဖြစ်နေသော်လည်း ဖြစ်ပျက်သမျှကို တွေ့မြင် ကြားသိနေရ၏။

ထို့ကြောင့် ပါထင်းစု၏လက်နက်ပုန်းများအား ငွေဗျိုင်းက အသာအယာ ရှောင်တိမ်း သွားသည်ကို တွေ့မြင်လိုက်ရသည်နှင့် တပြိုင်နက် ငွေဗျိုင်းမှာ ပညာလျှို့ထားသူတယောက် ဖြစ်ပြီး အလွန် ကြောက်မက်ဖွယ်ကောင်းသည့် သိုင်းသမားတယောက် ဖြစ်ကြောင်း သဘောပေါက်လိုက်လေသည်။

ထိုစဉ်မှာပင် ငွေဗျိုင်း၏ အသံကို ကြားလိုက်ရပြန်လေ သည်။

ငွေဗျိုင်းက အေးစက်စက် တချက်ရယ်မောလိုက်ပြီး....

'ပါထင်းစုကို ခင်ဗျားက ဓားကွက်တကွက်တည်းနဲ့ နိုင်လိုက် တယ်မဟုတ်လား'

ငွေဗျိုင်း၏စကားသံတွင် အန္တရာယ်၏ အငွေ့အသက်များ ပါရှိနေ၏။

ဦးလီက ပါးစပ်ပိတ်ထားလိုက်သည်။

အမှန်တော့—

သူသည် တချိန်က သိုင်းလောကတွင် လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သူတယောက် ဖြစ်သော်လည်း ယခု အချိန်တွင် အသက်ကြီးရင့်လာပြီဖြစ်သဖြင့် စွမ်းရည်များ ကုန်ခန်းစပြုနေပြီ ဖြစ်သည်။

ထို့ကြောင့် သူက ငွေဗျိုင်းနှင့် ယှဉ်ပြိုင် တိုက်ခိုက်လျှင် သိုင်းကွက်သုံးရာ ကျော်သွားသည်နှင့် အမောမခံနိုင်တော့ပဲ ရှုံးနိမ့်သွားမည်ဖြစ်ကြောင်း သဘောပေါက်ထားလေသည်။

ထိုစဉ် ငွေဗျိုင်းက စကားဆက်လိုက်ပြန်သည်။

'ပါထင်းစုက ခင်ဗျားကို သတိပြုနေမယ်ဆိုယင် ဓားကွက် တကွက်တည်းနဲ့ အနိုင်ရနိုင်ပါ့မလားဗျ'

ဝူးလီက ပါးစပ်ပိတ်ထားမြဲ ပိတ်ထားလျက်။

ဝူးလီထံမှ ဖြေသံ ထွက်မလာပါ။

ငွေဗျိုင်းက သဘောကျစွာ ပြုံးလိုက်ပြီး—

'ခင်ဗျားက ပါထင်းစုကိုတောင် အနိုင်ရဖို့မလွယ်ယင်....'

သူသည် စကားကို တပိုင်းတစဖြင့် ရပ်ဘန့်ထားလိုက်ပြီး ဝူးလီအား အေးစက်စွာ စိုက်ကြည့်လိုက်လေသည်။

သူ မဆက်ပဲထားသော စကားနှင့် သူ့အကြည့်မှာ များစွာ အဓိပ္ပာယ်ရှိနေလေသည်။

ဝူးလီ၏ ခန္ဓာကိုယ်မှာ ဆတ်ကနဲ တုန်ခါသွား၏။



သူသည် ငွေဗျိုင်း၏ ကောက်ကျစ်စဉ်းလဲမှုကို သိလိုက်ရပြီ ဖြစ်သော်လည်း နောက်ကျသွားပြီ ဖြစ်သည်။

ထို့ကြောင့် ပါထင်းစုအား မဆင်မခြင် သတ်မိလိုက်သည့် အတွက် နောင်တ ရလာလေသည်။

အကယ်၍သာ သူနှင့်ပါထင်းစုတို့ ပူးပေါင်း၍ ငွေဗျိုင်းအား တိုက်ခိုက်လျှင် အလွယ်တကူ ရှုံးနိမ့်သွားမည် မဟုတ်ကြောင်း ကိုလည်း တွေးမိလိုက်လေသည်။

ဝူးလီမှာ ထိတ်လန့်တုန်လှုပ်နေပြီး တွေဝေဝေးငိုင် နေသည် ကို တွေ့လိုက်ရသောအခါ ငွေဗျိုင်းက သက်ပြင်းတချက် ချ လိုက်ပြီး.......

'ခင်ဗျားကို ကျုပ်မသတ်ချင်ပါဘူးဗျာ၊ ဒါကြောင့်....'

သူ၏စကား မဆုံးမီမှာပင် ဝူးလီက လှုပ်လှုပ် ရှားရှား ဖြစ် သွားပြီး........၊

'ခင်ဗျား ကျုပ်ကိုလွှတ်လိုက်မယ် ဟုတ်လား'

သူ မျှော်လင့်ချက်ကြီးစွာ ပြန်မေးလိုက်၏။

ငွေဗျိုင်းက မျက်ဧမှာင်ကုပ်လိုက်ပြီး—

'ကျုပ် ဒီလိုပြောခဲ့လို့လားဗျ.......'

ဝူးလီ ပါးစပ်ပိတ်ထားလိုက်ရလေသည်။

ငွေဗျိုင်းက ပြုံးလိုက်သည်။

ပြီးတော့ အေးစက်စွာဖြင့်—

'ခင်ဗျားကို ကျုပ် သတ်မပစ်ချင်ဘူး၊ ဒါကြောင့် ခင်ဗျား ကိုယ် ခင်ဗျား အဆုံးစီရင်လိုက်တာ အကောင်းဆုံးပဲ'

ဟု တလုံးချင်း ပြောချလိုက်လေတော့၏။

သူ၏စကား ဆုံးသွားသည်နှင့် ဝူးလီက ဒေါ်သကို မထိန်းချုပ်နိုင်တော့ပဲ—

'ယား.......'

ဟု ညာသံတချက်ပေးလိုက်ပြီး ငွေဗျိုင်းအား ခုန်အုပ်တိုက်ခိုက်လိုက်လေတော့သည်။

ယခု ဝူးလီက ပါထင်းစုအား ရှင်းပစ်လိုက်သည့် ဓားကွက်ကိုပင် အသုံးပြုကာ ငွေဗျိုင်းအား တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

သူသည် ပါထင်းစုအား အောင်မြင်စွာ ရှင်းပစ်နိုင်ခဲ့သောကြောင့် ငွေဗျိုင်းကိုလည်း ရှင်းပစ်နိုင်လိမ့်မည် ဟူသော မျှော်လင့်ချက်ဖြင့် ယင်းကဲ့သို့ တိုက်ခိုက်လိုက်ခြင်းဖြစ်၏။

သို့သော် ငွေဗျိုင်းမှာ ပါထင်းစု မဟုတ်ပါချေ။

ထို့ကြောင့် ငွေဗျိုင်းက ဝူးလီတိုက်ခိုက်လာသည်နှင့် တပြိုင်နက် အသာအယာ ရှောင်တိမ်းပေးလိုက်ကာ လျှို့ဝှက် ဆောင်ထားသော ဓားပါးကို လျှပ်တပြက် ထုတ်ယူပြီး ပစ်လွှင့်လိုက်လေသည်။

သူ အသုံးပြုလိုက်သော တိုက်ကွက်မှာ ရိုးရိုးစင်းစင်းကလေးပင် ဖြစ်သော်ငြားလည်း ဟာကွက် များစွာ ဖြစ်ပေါ်နေသည့် ဝူးလီမှာ ရှောင်တိမ်းနိုင်စွမ်း မရှိခဲ့ပါချေ။

ငွေဗျိုင်း၏ ဓားပါးလေးသည် ဝူးလီ၏ရင်ဝသို့ တည့်မတ်စွာ ထိမှန်သွားပြီး စူးနစ်သွား၏။

'အား.......'



ဝူးလီမှာ နာကျင်စွာ တချက်အော်ဟစ်လိုက်ပြီး နောက်သို့ ဒယီးဒယိုင်ဖြင့် ဆုတ်သွားရလေသည်။

ထို့နောက် နောက်သို့ ခြေသုံးလေးလှမ်းမျှ ဆုတ်သွားပြီးမှ ရပ်တန့်နိုင်လိုက်ကာ၊ ငွေဗျိုင်းအား အာခံမကျေသော မျက်လုံးများဖြင့် ကြည့်လိုက်ပြီး........

'ကျုပ်ကို မင်း အနိုင်ရခဲ့ပေမယ့် မင်းကိုနိုင်တဲ့လူ ပေါ်လာအုံးမှာ........'

ဝူးလီမှာ စကားဆုံးအောင်ပင် မပြောနိုင်တော့ပါ။

သူ၏စကား မဆုံးသေးမီမှာပင် ငွေဗျိုင်း၏ ခန္ဓာကိုယ်သည် ခြေတန်ရှည် ဗျိုင်းတကောင်ပမာ လေထဲသို့ ခုန်တက်လိုက်ပြီး ဝူးလီ၏ ရင်ဝသို့ ကန်ချလိုက်လေသည်။

ဝူးလီမှာ ဒဏ်ရာပြင်းထန်စွာ ရရှိထားပြီး ဖြစ်သောကြောင့် ရှောင်တိမ်းနိုင်စွမ်း မရှိတော့ပါချေ။

ငွေဗျိုင်း၏ခြေထောက်သည် ဝူးလီ၏ရင်ဝကို အရှိန်ပြင်းစွာ ထိမှန်သွားလေ၏။

'ဝုန်း........'

ကျယ်လောင်သောအသံတချက်ထွက်ပေါ်လာပြီး အဝေးသို့ လွင့်စင်သွားလေတော့သည်။

ဝူးလီ အဝေးသို့ လွင့်စင်သွားပြီး မြေပေါ်သို့ လဲကျသွားသည်နှင့် ငွေဗျိုင်းမှာ မြေပေါ်သို့ ပြန်လည် ခြေချလိုက်ပြီး ဖြစ်၏။

သူသည် မြေပေါ်သို့ ခြေချမိလိုက်သည်နှင့် ဝူးလီအား လှည့်ပင် မကြည့်တော့ပဲ ဖြူဖြူထံသို့ဦးတည် လျှောက်လာလေတော့သည်။

ငွေဗျိုင်း၏မျက်လုံးများကား ရာဂအခိုးအငွေ့များရစ်သိုင်းလျက် ရှိနေလေသည်။

* * *

ဖြူဖြူ၏မျက်လုံးများမှာ အရုပ်ဆိုးသွားလောက်အောင်ပင် ပြူးကျယ်သွား၏။

တသုန်သုန် တိုက်ခတ်နေသော လေပြေလေညင်းကလေးကလည်း အေးမြမှုကို မပေးစွမ်းနိုင်တော့သည့်အလား သူမ၏ တကိုယ်လုံးတွင် ချွေးများဖြင့် စိုရွှဲနေလေသည်။

ဖြူဖြူ တုန်တုန်ယင်ယင် ဖြစ်နေသည်။ လှုပ်လှုပ် ရှားရှား ဖြစ်နေလေပြီ။

ငွေဗျိုင်းက ပြုံးလိုက်၏။

သူသည် ထိတ်လန့်ကြောက်ရွံ့နေသည့် ဖြူဖြူအား စိုက်ကြည့်လိုက်ပြီး အလိုလိုရယ်ချင်စိတ်များ ပေါက်လာ၏။

တကယ်ဆိုတော့....အကြံအစည်များ ထမြောက်အောင်မြင်သွားပြီး မိမိ၏ ရည်မှန်းချက်များ ပြည့်ဝလာသော လူတယောက်မှာ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေပြီး အလိုလို အူမြူးနေတတ်သည်မှာ ဓမ္မတာပင် မဟုတ်ပါလော—။



ငွေဗျိုင်းက ဖြူဖြူ၏မျက်နှာအား ရွှန်းရွှန်းစားစား စိုက်ကြည့်လိုက်သည်။

ပြီးတော့ အလွန်တရာ တပ်မက်သော လေသံဖြင့်........

'အင်း....မင်းကလေးကို ဘယ်သူကမှ သတ်မပစ်နိုင်တော့ပါဘူးကွာ........'

သူ၏စကားကြောင့် ဖြူဖြူမှာ ကြက်သီးများပင် ထလာလေသည်။

ငွေဗျိုင်း၏လက်ထဲသို့ ကျရောက်သွားသည်ထက် သေသွားသည်က ပို၍ ကောင်းသေးသည်ဟု သူမက နားလည်ထားလိုက်သည်။

ဖြူဖြူက စကားမပြောပဲ ရှိနေသောကြောင့် ငွေဗျိုင်းက မျက်မှောင်ကုပ်သွားသည်။

အနည်းဆုံးဖြူဖြူသည် သူ့အား ရန်တွေ့နိုင်သည် မဟုတ်ပါလော။

ရုတ်တရက် ငွေဗျိုင်း၏ မျက်လုံးများက ဝင်းလက်တောက်ပသွား၏။

သူသည် ဖြူဖြူ၏ သွေးကြောများ ပိတ်ဆို့ထားခြင်းခံနေရသည်ကို သဘောပေါက်လာပြီး ခြေလက်များ မလှုပ်ရှားနိုင်စေရန် သွေးကြောအချို့ ပိတ်လိုက်ပြီးမှ အဓိကကျသော ပင်မသွေးကြောအား ဖွင့်ပေးလိုက်လေသည်။

ယခု ဖြူဖြူ ခြေလက် မလှုပ်ရှားနိုင်သေးသော်လည်း စကားပြောနိုင်လာပြီ ဖြစ်ပါသည်။

သူမသည် စကားပြောနိုင်လာသည်နှင့်တပြိုင်နက် ငွေဗျိုင်းအား မီးဝင်းဝင်းတောက်သော မျက်လုံးများဖြင့်ကြည့်ကာ.......

'လူယုတ်မာ...သစ္စာဖောက်....ခွေးမျိုး....ဝက်မျိုး'

တရစပ် ဆဲဆိုကြိမ်းမောင်းလိုက်လေသည်။

သို့သော် ငွေဗျိုင်းက အပြုံးမပျက်ပါချေ။

သူသည် ဖြူဖြူအား ခြေဆုံးခေါင်းဆုံး အကဲခတ် ကြည့်လိုက်ပြီး........

'ဒီလောက်ချောတဲ့ မိန်းကလေးတယောက်ဆဲတာကို ကျုပ်စိတ်မဆိုးပါဘူးဗျာ'

ဟု ပေါချာချာ ပြောဆိုလိုက်လေသည်။

သူ၏ စကားကြောင့် ဖြူဖြူက ပါးစပ်ပိတ် ထားလိုက်၏။

ငွေဗျိုင်းက တဟဲဟဲ ရယ်မောလိုက်ပြီး........

'မင်းက ကျုပ်ကို သဘောမကျပေမယ့်, ကျုပ်သဘောကျလို့ မင်းအသက်ရှင်နေတယ်ဆိုတာ မှတ်ထားပါ'

သူသည်ပြောယင်း ဖြူဖြူအနီးသို့ ပို၍နီးကပ်စွာ တိုးကပ်လာလေသည်။

ငွေဗျိုင်း၏ မျက်နှာကား ရာဂအခိုးအငွေ့များ ရစ်သိုင်းလျက်....။

ဖြူဖြူက ရင်ထိတ်သွားပြီး........

'ရှေ့မတိုးနဲ့'

ဟု ထိတ်လန့်တကြား အော်ဟစ်လိုက်၏။



ငွေဗျိုင်းက ခေါင်းညိတ်လိုက်ပြီးခြေလှမ်းရပ်တန့်လိုက်ကာ—

'မင်းသာ ကျုပ်စကား နားထောင်မယ်ဆိုယင် ကျုပ်က မင်းကို အကြမ်းမဖက်ဘူးလို့ အာမခံပါတယ်'

ဖြူဖြူက ပါးစပ်ပိတ်ထားလိုက်၏။

သူမ၏ မျက်ဝန်းအစုံတွင် ထိတ်လန့်ကြောက်ရွံ့သော အရိပ်အရောင်များ ထွက်ပေါ်နေပြီး ခံပြင်းဟန် ရှိနေ၏။

ငွေဗျိုင်းက စကားဆက်လိုက်သည်။

'မင်း ကျုပ်နောက် လိုက်ခဲ့ရမယ်'

သူ၏ စကားကြောင့် ဖြူဖြူ မနေနိုင်တော့ပဲ'

'ဘာ ရှင့်နောက်ကိုလိုက်ခဲ့ရမယ် ဟုတ်လား'

ငွေဗျိုင်းက ခေါင်းညိတ်၍....

'ဟုတ်တယ်....'

ဖြူဖြူက အကြောက်အကန် ငြင်းဆိုလိုက်၏။

'ကျွန်မ မလိုက်နိုင်ဘူး'

ငွေဗျိုင်းက မျက်မှောင်ကုပ်လိုက်ပြီး....

'မင်း မလိုက်ချင်ဘူး ဟုတ်လား'

'ဟုတ်တယ်....'

ငွေဗျိုင်းက အေးစက်စွာဖြင့်........

'ဒါဖြင့် ကျုပ်ကို အဆိုးမဆိုနဲ့'

ဖြူဖြူက မျက်လုံး ပြူးကျယ်သွားပြီး....

'ရှင် ဘာလုပ်မလို့လဲ'

ငွေဗျိုင်းက အစိမ့်ပွာယ်ရှာရခက်သည့်အပြုံးမျိုး ပြုံးလိုက်ပြီး—

'ခင်ဗျားကို ကျုပ်ဇနီးအဖြစ် သိမ်းပိုက်လိုက်မှာပေါ့ဗျာ...' သူ၏ စကားကို ကြားလိုက်ရသောအခါ ဖြူဖြူမှာ မျက်ရည်များပင် စီးကျလာလေတော့သည်။

တကယ်ဆိုတော့....သူမသည် အလွန်စိတ်ဓာတ်မာကျောသည့် မိန်းကလေးတယောက်ဖြစ်သော်လည်း ငွေဗျိုင်း၏လက်တွင်းသို့ ကျရောက်နေသောအခါ မည်သို့မျှ မတတ်နိုင်တော့။ စိတ်ဓာတ် ကျဆင်းသွားခြင်းဖြစ်၏။

ငွေဗျိုင်းက သက်ပြင်းတချက် ချလိုက်ကာ........

'ကျုပ်ကို လက်ထပ်လိုက်မယ်ဆိုယင် ကျင်းမြို့စားကလည်း မင်းကို ချမ်းသာပေးမှာ အမှန်ပဲ'

ဟု မက်လုံးပေးပြီး ပြောဆိုလိုက်၏။

ဖြူဖြူက နှုတ်ခမ်း ကိုက်ထားလိုက်၏။

သူမရင်ထဲ၌ ဗလောင်ဆူအောင် စိတ်လှုပ်ရှားနေမိရှာသည်။

သူမသည် ငွေဗျိုင်း၏လက်မှ လွတ်မြောက်စေရန် မည်ကဲ့သို့ ကြံစားရပါမည်နည်း။

သူတော်ကောင်း ဇရပ်ပျက်အတွင်း တိုက်ခိုက်နေကြသည့် အသံဗလံများမှာလည်း တဖြည်းဖြည်း တိုး၍တိုး၍ သွားနေသောကြောင့် သူမ၏လူများမှာလည်း အခြေအနေ မဟန်ကြောင်း ဖြူဖြူက သဘောပေါက်လိုက်လေသည်။

ယခုအချိန်တွင် သူမအား ကယ်တင်မည့်သူမရှိပဲ လူယုတ်မာ၏ လက်တွင် ဘဝဆုံးရတော့မည် ဖြစ်ပါသည်။



ဖြူဖြူသည် ယင်းသို့ တွေးတောနေရာမှ လူတယောက်အား အမှတ်မထင် သတိရလာသဖြင့် မျက်လုံးများဝင်းလက်သွားလေသည်။

သူမ၏ ခန္ဓာကိုယ်တခုလုံးမှာလည်း အားအင်များ ပြည့်ဖြိုးလာသည့်အလား ခံစားလိုက်ရ၏။

ဖြူဖြူ၏ မျက်နှာထား ပြောင်းလဲသွားသည်ကို တွေ့မြင်လိုက်ရသောအခါ ငွေဗျိုင်းက သူ့အတွေးဖြင့်သူ ဝမ်းသာသွားပြီး........

'မင်း ကျုပ်ကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပြီလား"

ဖြူဖြူက ချောင်းတချက် ဟန့်လိုက်သည်။

ထို့နောက် ငွေဗျိုင်းအား ပြုံးပြလိုက်ကာ........

'ရှင် ကျွန်မကို လက်ထပ်ယူမယ် ဟုတ်လား'

ငွေဗျိုင်းက သဘောကျစွာ ပြုံးလိုက်ပြီး........

'စိတ်ချ၊ ကျုပ်က တကယ် လက်ထပ်ယူမှာပါဗျာ'

ငွေဗျိုင်းက အားတက်သရော ပြောဆိုလိုက်၏။

ဖြူဖြူက သက်ပြင်းတချက် ချလိုက်သည်။

သူမ၏မျက်နှာမှာလည်း တွေဝေသွားဟန် ပြောင်းလဲသွားပြီး........။

'ကျွန်မ ရှင့်ကို လက်ခံချင်ပါတယ်ရှင်၊ ဒါပေမယ့်....'

သူမသည် ယင်းသို့ပြောယင်း စကားကို တပိုင်းတစဖြင့် ရပ်တန့်ထားလိုက်သည်။

ငွေဗျိုင်းက စိတ်ဝင်စားမှုကို မထိန်းချုပ်မထားနိုင်တော့ပဲ-

'ဒါပေမယ့် ဘာဖြစ်သလဲ'

ဖြူဖြူက မျက်နှာငယ်လေးဖြင့်........

'ဒါပေမယ့် ကျွန်မက လူတယောက်ကို ကတိပေးထားတာ တခုရှိတယ်ရှင့်....'

'ဘာကတိမျိုး ပေးထားလို့လဲ'

'ကျွန်မ အိမ်ထောင်ပြုတဲ့အခါ သူ့ကို လက်ထပ်ပါမယ်လို့ ကတိပေးထားလို့ပါရှင်'

သူမ၏စကားကြားလိုက်ရသောအခါ ငွေဗျိုင်း၏မျက်နှာမှာ မည်းမှောင်သွားလေသည်။

သူသည် ဖြူဖြူအနီးသို့ ခြေလှမ်းတိုးလိုက်ပြီး—

'မင်း ဘယ်သူ့ကို ကတိပေးထားတာလဲ'

'အရှုး'

ငွေဗျိုင်းက မျက်ခုံးပင့်၍ ထပ်ဆင့် မေးလိုက်ပြန်၏။

'အရှုး ဟုတ်လား'

'ဟုတ်တယ်'

ဖြူဖြူ၏စကားကြောင့် ငွေဗျိုင်း အံ့သြသွားရလေသည်။

သူသည် ဖြူဖြူအား နားမလည်နိုင်စွာဖြင့် ကြည့်လိုက်ပြီး-

'မင်း အရှုးတယောက်ကို လက်ထပ်မယ်လို့ ကတိ ပေးထားတယ် ဟုတ်လား'

ဖြူဖြူက ပြုံးလိုက်ပြီး—

'သူက တကယ်ရှုးနေတာ မဟုတ်ပါဘူးရှင်'



ငွေဗျိုင်းက ပခုံးတချက်တွန့်လိုက်ပြီး....

'ကျုပ်တော့ မျက်စိလည်သွားပြီဗျ၊ မင်း ဘာဆိုလိုတာလဲ၊ ကျုပ် မစဉ်းစားတတ်တော့ဘူး'

ဖြူဖြူက တည်ငြိမ်အေးဆေးစွာဖြင့်-

'အရှုးဆိုတဲ့လူက တကယ်ရှုးသွပ်နေတဲ့လူတယောက် မဟုတ်ဘူးလို့ ပြောတာပါ'

'ဒါဖြင့် သူ့ကိုဘာဖြစ်လို့ အရှုးလို့ခေါ်ရတာလဲ'

'ဒါကလည်း လူတွေက သူ့ကိုခေါ်တဲ့ နာမည်ပါရှင်'

' '

.......................................................

ငွေဗျိုင်းက ပါးစပ် ပိတ်ထားလိုက်သည်။

သူ၏မျက်နှာမှာလည်း လေးနက်တည်ကြည်နေပြီး တစုံတခုအား တွေဝေစဉ်းစားနေဟန် ရှိလေသည်။

ဖြူဖြူက သဘောကျစွာ ပြုံးလိုက်၏။

ယခု သူမ၏စိတ်ဓာတ်စစ်ဆင်ရေးသည် အောင်မြင်စ ပြုလာနေပြီ မဟုတ်ပါလော........။

ထို့ကြောင့် ဆက်လက်အကောင်အထည်ဖော်ရန် ဆုံးဖြတ်လိုက်ပြီး....

'ရှင် သူ့ကိုသိလား ဟင်'

ဖြူဖြူက မေးလိုက်၏။

ငွေဗျိုင်း၏မျက်နှာ ခက်ထန်သွားကာ-

'အရှုးဆိုတာ ယန်နီကျဲ့မုကိုပြောတာ ဟုတ်လား'

ဖြူဖြူက ခေါင်းကလေးကို ဆတ်ကနဲ ညိတ်၍........

'ဟုတ်တယ်'

ငွေဗျိုင်း ပါးစပ်ပိတ်ထားလိုက်လေသည်။

ဖြူဖြူက ရယ်ချင်လာ၏။

သို့သော် မရယ်ဝံ့ပဲ ပါးစပ်တင်းတင်း စေ့ထားရသည်။

'အကယ်၍သာ သူမက သဘောကျစွာ ရယ်မောလိုက်လျှင် ငွေဗျိုင်းမှာ စိတ်ထားပြောင်းလဲသွားနိုင်သည်မဟုတ်ပါလော–

မည်သို့ဆိုစေ ငွေဗျိုင်းမှာ ကောက်ကျစ် စဉ်းလဲသော လူတယောက် ဖြစ်သည်။ ထို့ကြောင့် သူက စိတ်ထားပြောင်းလဲရန်မှာ အလွန်ပင် လွယ်ကူမြန်ဆန်နေ၏။

ငွေဗျိုင်း၏ တင်းမာနေသော မျက်နှာက တဖြည်းဖြည်း ပျော့ပျောင်းလာ၏။

ထို့အပြင် သူ၏မျက်နှာမှာ ပြုံးယောင်သမ်းလာသည်။

နောက်ဆုံးတွင် သူသည် သဘောကျဟန်ဖြင့် ဟားတိုက် ရယ်မောလိုက်လေတော့သည်။

'ဟား....ဟား....ဟား........'

ဖြူဖြူ ရင်ထိတ်သွား၏။

သူမသည် ငွေဗျိုင်းအား နားမလည်နိုင်စွာဖြင့် ကြည့်လိုက်ပြီး........

'ရှင် ဘာရယ်တာလဲ'

ငွေဗျိုင်းက အတန်ကြာ ရယ်မောလိုက်ပြီး ရယ်မောရာမှ ရပ်တန့်လိုက်သည်။



ပြီးတော့ တင်းမာသော မျက်နှာထားဖြင့်

'ကျုပ်ကို ဒီလိုခြိမ်းခြောက်လို့ ဘယ်ရမလဲ'

သူသည် ပြောယင်း ဖြူဖြူ၏ အနီးသို့ တိုးကပ်လာပြီး ပခုံးနှစ်ဘက်ကို ဆွဲကိုင် လှုပ်ယမ်းလိုက်ကာ........

'မင်းကို ယန်ကျဲ့မှ ။ လာကယ် လိမ့်မယ်လို့ မင်းထင်နေသလား'

ဟု ခက်ထန်စွာ ကြိမ်းမောင်းလိုက်လေသည်။

ဖြူဖြူက အံတင်းတင်းကြိတ်လိုက်ပြီး

'ရှင် ကျွန်မကို စော်ကားဖို့ကြံတာ သူသိသွားယင် ရှင်မလွယ်ဘူး သိလား'

ဟု ပြောမိပြောရာ ပြောချလိုက်မိရှာလေသည်။

ငွေဗျိုင်းက လှောင်ပြုံး ပြုံးလိုက်ကာ

'ကိစ္စမရှိပါဘူး သူ ဒီနေရာကို ရောက်မလာနိုင်ဘူး ဆိုတာ ကျုပ်သိပါတယ်'

ဖြူဖြူက မဲ့ပြုံးဖြင့်–

'ရှင် ဒီလိုထင်ယင် မှားသွားမှာပေါ့ရှင်'

'ဘာဖြစ်လို့လဲ'

'သူ တောင်ကြားမြို့မှာရောက်နေတယ်လေ'

'အဲဒါ ဘာဖြစ်သလဲ'

'ဒါကြောင့် သူ ဒီနေရာကို အချိန်မရွေး ရောက်လာနိုင်တာပေါ့'

ငွေဗျိုင်းက ပါးစပ်ပိတ်ထားလိုက်လေသည်။

'အတန်ကြာမှ........

'သူ ရောက်လာယင်တောင်မှ ကျုပ်တို့ကို တွေ့ရတော့မှာ မဟုတ်ပါဘူးဗျာ'

သူသည် ယင်းသို့ပြောပြီးသည်နှင့် ဖြူဖြူအားပွေ့ချီရန် ဟန်ပြင်လိုက်၏။

သူ၏ ပုံဟန်မှာ ဤနေရာမှ အမြန်ဆုံး ထွက်ခွာသွားရန် ဆန္ဒရှိနေပုံရလေသည်။

ဖြူဖြူ၏ မျက်လုံးများမှာ ဝိုင်းစက် ပြူးကျယ်သွားတော့သည်။

ငွေဗျိုင်းသည် သူမအား အလွတ်မပေးပဲ တပါတည်း ခေါ်ဆောင်သွားရန် ဆုံးဖြတ်ထားပြီး ဖြစ်သည်ကို သိလိုက်ရပြီမဟုတ်ပါလော........

'ရှင် ကျွန်မကို ခေါ်သွားမယ်ဆိုယင် သူကရှင့်ကို ခွင့်လွှတ်မှာ မဟုတ်ဘူးနော်'

ဖြူဖြူသည် နောက်ဆုံးအခွင့်အရေးကို လက်လွှတ် မခံပဲ ငွေဗျိုင်းအား ခြိမ်းခြောက်လိုက်၏။

ငွေဗျိုင်းကပြုံး၍

'မင်းပြောတာကို ကျုပ် နားထောင်နေတာ ဘာကြောင့်လဲ သိသလား'

'................'

'မင်း ဘယ်လောက်အထိ လိမ်ပြောတတ်သလဲဆိုတာ သိရအောင်လို့ပါဗျာ'



သူသည် ယင်းသို့ ပြောပြီးသည်နှင့် တပြိုင်နက် ဖြူဖြူအား ပွေ့ချီရန် လက်မြှောက်လိုက်လေသည်။

သို့သော် သူ၏လက်မှာ အပေါ်သို့မြှောက်လျက် လေထဲတွင် ရပ်တန့်သွား၏။

သူ၏ မျက်လုံးများမှာလည်း မယုံကြည်စွာဖြင့် ပြူးကျယ်သွားလေသည်။

ငွေဗျိုင်းအမူအရာက မယုံကြည်နိုင်လောက်အောင် ပြောင်းလဲသွားလေသည်။

ဖြူဖြူ အံ့သြသွား၏။

ငွေဗျိုင်းမှာ အဘယ်ကြောင့် မျက်စိမျက်နှာ ပျက်သွားပါသနည်း။

ထိုစဉ်မှာပင် ယိမ်းနွဲ့နေသော မြက်ပင်ရှည်များ အကြားမှ လူတယောက်ထွက်ပေါ်လာနေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

ထွက်ပေါ်လာသူမှာ....

* * *

( ၉ )

မြက်ပင်ရှည်များသည် လေယူရာ ယိမ်းနွဲ့နေကြ၏။

သို့သော် မြက်ပင်ရှည်များ အကြားမှ ထွက်ပေါ်လာသော လူမှာမူ လေတိုက်ခတ်မှုကြောင့်ယိမ်းနွဲ့မသွားပဲ မားမားမတ်မတ် ရှိနေ၏။

ထို့အပြင် ဖြူဖြူနှင့် ငွေဗျိုင်းတို့ အနီးသို့ တလှမ်းချင်း လျှောက်လာနေသည်။

သူ့ပုံမှာ ကိုယ့်ကိုကိုယ် ယုံကြည်စိတ်ချသော လူတယောက်၏ ပုံစံမျိုးအပြည့် ရှိနေ၏။

ငွေဗျိုင်း ရင်ထိတ်သွားသည်–

ထိုလူသည်–ဖြူဖြူ၏ ခင်ပွန်းလောင်း ယန့်ကျဲ့မုများ ဖြစ်နေလေမလား။

အကယ်၍ ယန့်ကျဲ့မုကသာ ရောက်လာခဲ့လျှင် သူ့အနေဖြင့် ဖြူဖြူအား ခေါ်သွားနိုင်ရန် သက်စွန့်ကြိုးပမ်း ရတော့မည်သာ ဖြစ်လေသည်။

ထိုလူ၏ ခြေလှမ်းများက တဖြည်းဖြည်း နီးကပ်လာသည်နှင့် ငွေဗျိုင်းက ရင်တဒိတ်ဒိတ် ခုန်လာ၏။

ရင်ခုန်သံ မြန်လာသည်နှင့်အမျှ လက်ဖဝါး နှစ်ဘက်တွင်လည်း ချွေးစေးများဖြင့် ကပ်လာတော့၏။

နောက်ဆုံး ငွေဗျိုင်းက ထိုလူရောက်ရှိမလာမီ ဖြူဖြူအား ချုပ်ကိုင်ထားရန် ဆုံးဖြတ်လိုက်ပြီးလှုပ်ရှားရန်ဟန်ပြင်လိုက်၏။

သို့သော် မည်သည့် အကြောင်းမှန်းမသိ ခြေလက်များ လှုပ်ရှားမရပဲ ကြက်သေ သေသလို ဖြစ်နေလေသည်။

ငွေဗျိုင်းမှာ မိမိကိုယ်မိမိ အားမလိုအားမရ ဖြစ်လာသော်လည်း အမှန်တကယ် မလှုပ်ရှားဝံ့ပဲ ဖြစ်နေ၏။

ထိုစဉ်မှာပင် မြက်ပင်ရှည်များ အကြားမှ ထွက်လာသူက သူတို့အနီးသို့ ရောက်ရှိလာလေတော့သည်။



ထိုလူက အနီးသို့ ရောက်ရှိလာသည်နှင့်တပြိုင်နက် ဖြူဖြူက ဝမ်းသာအားရဖြစ်သွားပြီး ကျယ်လောင်စွာ အော်ဟစ်ခေါ်လိုက်၏။

'အရှူး....'

ဖြူဖြူ၏ ဝမ်းသာအားရ ဟစ်အော်သံမှာ ထိုနေရာတဝိုက်တွင်ပဲ့တင်ရိုက်ခတ်သွားလေတော့သည်။

* * *

လေတိုးမှုကြောင့် ခမောက်သည် တဖျပ်ဖျပ် အသံမြည်ကာ တုန်ခါနေ၏။

သို့သော် ယန့်ကျဲ့မုက ဦးခေါင်းပေါ်မှ ခမောက်အား ချွတ်လိုက်သည်နှင့် တဖျပ်ဖျပ်မြည်နေသောအသံကကွယ်ပျောက်သွားလေသည်။

သူက ခမောက်ချွတ်လိုက်သောကြောင့် သူ၏ မျက်နှာအား ငွေဗျိုင်းက သေချာစွာ တွေ့မြင်လိုက်ရပြီဖြစ်သည်။

အသက်နှစ်ဆယ်ကျော်မျှရှိပြီးရုပ်ရည်ခန့်ညားချောမောသည့် လုလင်တယောက်ဖြစ်သော်လည်း သူ၏ မျက်လုံးများမှာမူ ရက်စက်ကြမ်းကြုတ်သည့် လက္ခဏာများကို အပြည့်အစုံ ဖော်လှစ်ပြသနေ၏။

ထို့အပြင် မျက်နှာတခုလုံးမှာ ဖြူရော်ရော်ဖြစ်နေပြီး ဟန်မူရာ ကင်းမဲ့နေသောကြောင့် မြင်ရသူများအနေဖြင့် သူ့အား ရွံ့ကြောက်သွားစေနိုင်လေသည်။

ငွေဗျိုင်းက တံတွေးမျိုချလိုက်ပြီး....

'မင်းက ယန်ကဲ့မှု ဟုတ်လား'

သို့သော်.......

ယန်ကဲ့မှုက အဖြေမပေးပါချေ။

သူ၏ ဝိုင်းစက်သောမျက်လုံးများသည် ဖြူဖြူကိုသာ စိုက်ကြည့်နေ၏။

ငွေဗျိုင်းက ကြောင်အမ်းအမ်းဖြစ်သွားပြီး ပါးစပ်ပိတ်ထားလိုက်ရသည်။

ငွေဗျိုင်းက ပါးစပ်ပိတ်ထားလိုက်တော့မှ ယန်ကဲ့မှုက-

'မင်း ဒုက္ခရောက်နေတယ် ဟုတ်လား'

သူသည် ငွေဗျိုင်းအား လှမ်းမေးလိုက်ခြင်း မဟုတ်ပါချေ။

သူက ငွေဗျိုင်းကိုကျော်၍ ဖြူဖြူအား မေးလိုက်ခြင်း ဖြစ်သည်။

ဖြူဖြူမှာ ယန်ကဲ့မှုကို အားကိုးတကြီး စိုက်ကြည့်နေရာမှ ယန်ကဲ့မှု၏စကားကို ကြားလိုက်ရသောအခါ ခေါင်းငုံ့ထားလိုက်လေသည်။

သူမသည် သိုင်းလောက၌ ကျင်လည် ကျက်စားခဲ့စဉ် ယန်ကဲ့မှုနှင့် နှစ်ကြိမ် သုံးကြိမ်မျှ တွေ့ဆုံခဲ့ဖူး၏။

သိုင်းလောကမှ ကျော်ကြားသော သိုင်းသမားများကိုသာ ယှဉ်ပြိုင်အနိုင်ယူတတ်သော ယန်ကဲ့မှုမှာ ဖြူဖြူနှင့် တွေ့ဆုံရသည်နှင့် ယှဉ်ပြိုင် တိုက်ခိုက်ခြင်းမပြုပဲ ရှောင်တိမ်းသွားခဲ့လေသည်။



ယန်ကဲ့မှု၏ အပြုအမူမှာ အလွန် ထူးခြားနေသောကြောင့် ဖြူဖြူကိုယ်တိုင်ပင် အံ့အားသင့်ခဲ့ရ၏။

သို့သော် အမှတ်မထင် နှစ်ကြိမ် သုံးကြိမ်မျှ တွေ့ဆုံမိလိုက်သောအခါ ယန်ကဲ့မှုအပေါ်တွင် နားလည် သဘောပေါက်လိုက်သကဲ့သို့ ရှိလာလေသည်။

တကယ်ဆိုတော့.... ယန်ကဲ့မှုမှာ စိတ်ထား ဖြူစင် ဖြောင့်မတ်သည့် လူတယောက်ဖြစ်ပြီး သိုင်းပညာကိုသာ အဓိကထား၍ အတွေ့အကြုံရှာဖွေနေသည့် လူတယောက် ဖြစ်သည်ဟု သူမက ရိပ်စားမိလိုက်သည် မဟုတ်ပါလော။

ထို့အပြင် ယန်ကဲ့မှုသည် သိုင်းပညာအားကိုးဖြင့် သိုင်းလောကမှ ကျော်ကြားနေသော သိုင်းသမားများကို သုတ်သင်ရှင်းလင်းပစ်ကာ သိုင်းလောကအား လွှမ်းမိုးရန် ကြံစည်နေသူ တယောက် မဟုတ်........။

သူသည် သူတတ်မြောက်ထားသည့် သိုင်းပညာနှင့် အခြားသိုင်းပညာရှင်တယောက်၏သိုင်းပညာနှင့်ယှဉ်ပြိုင်လျှင် မည်သူက သာမည်ကို သိလို၍သာ ယခုကဲ့သို့ ယှဉ်ပြိုင် တိုက်ခိုက်နေခြင်း ဖြစ်ကြောင်း ဖြူဖြူက ကောင်းစွာ သဘောပေါက်ထားသည် မဟုတ်ပါလော........။

မည်သို့ဆိုစေ ဖြူဖြူသည် ယန်ကဲ့မှုအား နားလည်သဘောပေါက်လာသည်နှင့်အမျှ ယန်ကဲ့မှု အပေါ် စိတ်ဝင်စားလာလေသည်။

ထို့အပြင် သံယောဇဉ်ငြိတွယ်သကဲ့သို့ ဖြစ်လာသည်ဟု သူမကိုယ်တိုင် ခံစားနေရ၏။

ဤသို့ဆိုလျှင် ယန့်ကျဲ့မုက မည်သို့ရှိနေမည်နည်း။

ဖြူဖြူသည် ခေါင်းငုံ့ထားရာမှ သူမ၏ မျက်ဝန်းအစုံတွင် မျက်ရည်များဖြင့် ပြည့်လျှမ်းလာလေတော့သည်။

ယန့်ကျဲ့မုက သက်ပြင်း တချက်ချလိုက်ပြီး ငွေဗျိုင်းအား စိုက်ကြည့်လိုက်သည်။

ထို့နောက် တဘက်သို့ လက်ညှိုးညွှန်ပြလိုက်ကာ—

'ခင်ဗျား ဘာဖြစ်လို့ မသွားသေးတာလဲ'

သူ၏စကားကြောင့် ငွေဗျိုင်းမှာ ခပ်ကြောင်ကြောင် ဖြစ်သွားတော့၏။

စင်စစ်- သူသည် ယန့်ကျဲ့မုနှင့် သူသေကိုယ်သေ ယှဉ်ပြိုင်တိုက်ခိုက်ရလိမ့်မည်ဟု မျှော်လင့်ထားခဲ့သည် မဟုတ်ပါလော....

ယန့်ကျဲ့မု၏စကား ကြားလိုက်ရသောအခါ ဖြူဖြူက ကမျာကယာ ခေါင်းမော့လိုက်ပြီး........

'သူ့ကို မလွှတ်လိုက်ပါနဲ့'

ဟု ဝင်ရောက်ဟန့်တားလိုက်၏။

ယန့်ကျဲ့မုက မျက်မှောင်ကုပ်လိုက်ပြီ........

'ဘာဖြစ်လို့လဲ'

ဖြူဖြူက အံကြိတ်၍—

'သူ့ကို ကျွန်မ သတ်ပစ်ချင်လို့ပါရှင်'

ယန့်ကျဲ့မုက မျက်ခုံးပင့်ကာ....

'မင်း သူ့ကို သတ်ပစ်မယ် ဟုတ်လား'

'ဟုတ်တယ်'



ယန့်ကျဲ့မုက ခေါင်းခါယမ်းလိုက်ပြီး....

'မဖြစ်ဘူး၊ မင်းသူ့ကို သတ်ပစ်နိုင်မှာ မဟုတ်ဘူး'

ဖြူဖြူက နှုတ်ခမ်းကိုက်လိုက်ကာ........

'ဒါတော့ ကျွန်မသိတာပေါ့ရှင်၊ ဒါပေမယ့်....'

ဖြူဖြူက စကားကိုမဆက်ပဲ ဖြတ်ထား လိုက်၏။ သို့သော် သူ့စကား အဓိပ္ပာယ် ဆက်ပြောစရာ မလိုပဲ ပြည့်စုံနေသည်။

ယန့်ကျဲ့မု၏မျက်လုံးများ ဝိုင်းစက်သွားပြီး........

'မင်းအစား ကျုပ်က သူ့ကို သတ်ပေးရမယ် ဟုတ်လား'

'ဟုတ်တယ်'

ယန့်ကျဲ့မုကျ ပါးစပ်ပိတ်ထားလိုက်လေသည်။

သူသည် အတန်ကြာစဉ်းစားလိုက်ပြီးမှ ခေါင်း ညိတ် လိုက်ကာ........

'ကောင်းပြီ သူ့ကိုသတ်ပေးစေချင်ယင် ဘာကြောင့်လဲ ဆိုတာတော့ ပြောရမယ်'

ဖြူဖြူက ဒေါသထွက်သွား၏။

'သူ ကျွန်မကို စော်ကားဖို့ကြံနေတာ ရှင်မတွေ့ဘူးလားရှင်'

ဖြူဖြူက ဒေါသတကြီး အော်ဟစ်လိုက်သည်။

ယန့်ကျဲ့မုက ဒုတိယအကြိမ်ပါးစပ်ပိတ်ထားလိုက်လေသည်။

ထိုစဉ်—ဖြူဖြူကမကျေမနပ်ဖြင့် စကားဆက်လိုက်ပြန်သည်။

ကျွန်မသွေးကြောပိတ် ခံထားရလို့ပေါ့ရှင်၊ ဒီလိုသာ မဖြစ်ယင် ရှင့်ကို အကူအညီတောင်းစရာ မလိုပါဘူး........'

ဖြူဖြူသည် သူမ၏မာနကို အထက်ပါအတိုင်း ထုတ်ဖော်ပြောပြလိုက်သည်။

ယန့်ကျဲ့မုက ပခုံးတချက် တွန့်လိုက်ပြီး ငွေဗျိုင်းဘက်သို့ လှည့်ကာ–

'သူပြောတာ ကြားသလား'

ဟု မေးမြန်းလိုက်၏။

ယခုတကြိမ် ပါးစပ်ပိတ်ထားလိုက်သူမှာ ငွေဗျိုင်းဖြစ်သည်။

ယန့်ကျဲ့မုက ပြုံးလိုက်ပြီး....

'သူပြောတဲ့အတိုင်းပေါ့ဗျာ'

ဟုထပ်ဆင့် ပြောကြားလိုက်သည်။

ငွေဗျိုင်းက မျက်မှောင်ကုပ်လိုက်ပြီး........

'ခင်ဗျား ကျုပ်ကို သတ်ပစ်မယ် ဟုတ်လား'

'ဟုတ်တယ်'

'ဒီမိန်းကလေးရဲ့ စကား ခင်ဗျား နားထောင်မယ်ပေါ့'

'ယန့်ကျဲ့မုက ပြုံးဖြီးဖြီးဖြင့်–

'သူသေးကြောပိတ်ခံထားရတာတောင်မှ ကျုပ်ကို ဒီလောက် သြဇာပေးနိုင်သေးတာ၊ လူကောင်းပကတိ ပြန်ဖြစ်လာယင် ဘယ်လိုနေမလဲဆိုတာ ခင်ဗျား စဉ်းစား ကြည့်ပေါ့ဗျာ.......'

မှန်ပါသည်။ ဖြူဖြူသည် ယန့်ကျဲ့မုအား လုံးဝထိတ်လန့် ကြောက်ရွံ့ခြင်းမရှိသည့်အပြင် ယန့်ကျဲ့မုသည် သူမအတွက် မိတ်ဆွေတယောက်အဖြစ် သတ်မှတ်ထားသကဲ့သို့ ရှိနေသည် မဟုတ်ပါလော....။

ထို့ပြင် ယန့်ကျဲ့မုအား အနိုင်ယူလိုသော စိတ်များလည်း ရှိနေ၏။



မည်သို့ဆိုစေ ဖြူဖြူကဲ့သို့ ခေါင်းမာသည့် မိန်းကလေး တယောက်နှင့် မိတ်ဆွေဖြစ်ရသည်မှာ ပျော်စရာ မဟုတ်ပါချေ။

ထို့ကြောင့် ယန့်ကျဲ့မုက ဖြူဖြူအားတွေ့လျှင် အဝေးမှ တိမ်းရှောင်သွားနေခြင်းဖြစ်သည်မဟုတ်ပါလော........။

ငွေဗျိုင်းမှာ ဖြူဖြူနှင့် ယန့်ကျဲ့မုတို့အပေါ် အနည်းငယ် နားလည်သဘောပေါက်လာသလို ရှိလာ၏။

ထို့ကြောင့်....ယန့်ကျဲ့မုအား အေးစက်စွာစိုက်ကြည့်ကာ....

'ကျုပ်ကိုသတ်ဖို့ လွယ်လွယ်နဲ့ ရမယ်ထင်သလား'

သူသည် ယင်းသို့ပြောပြီးသည်နှင့် နောက်သို့ လျင်မြန်စွာ ဆုတ်သွားလေသည်။

ဖြူဖြူက ရင်ထိတ်သွားပြီး........

ယန့်ကျဲ့မုအား လှမ်းပြီးသြဇာပေးလိုက်ပြန်၏။

'သူ့ကို မလွတ်စေနဲ့'

'စိတ်ချ'

ယန့်ကျဲ့မုက ယင်းသို့ပြောပြီး တချက် လှုပ်ရှားလိုက်ရာ သူ၏ ခန္ဓာကိုယ်သည် ဖြူဖြူ၏ အနီးသို့ ရောက်ရှိသွားလေသည်။

အမှန်မှာ သူက ငွေဗျိုင်းအား တိုက်ခိုက်ရန်ဟန် ပြင်လိုက်သလိုနှင့် ဖြူဖြူ၏ အနီးသို့ ချဉ်းကပ်သွားခြင်းဖြစ်၏။

ယန့်ကျဲ့မုသည် ဖြူဖြူ အနီးသို့ ရောက်ရှိသွားသည်နှင့် တပြိုင်နက် ဖြူဖြူ၏ ပခုံးအား လက်ဝါးဖြင့် ပုတ်လိုက်ကာ သွေးကြောများ ဖွင့်ပေးလိုက်လေသည်။

ယန့်ကျဲ့မှု လျင်မြန်လွန်းသည်။

'အင့်........'

မမျှော်လင့်သည့် အဖြစ်အပျက်ကြောင့် ဖြူဖြူ၏ ခန္ဓာကိုယ်မှာ တချက် ယိမ်းယိုင်သွားသော်လည်း သွေးကြောများ ပွင့်သွားပြီဖြစ်၍ ပြန်လည်လှုပ်ရှားလာနိုင်လေတော့သည်။

ထိုအချိန်မှာပင် နောက်ဆုတ်သွားသော ငွေဗျိုင်းမှာ အတော်ဝေးဝေးသို့ ရောက်ရှိသွားပြီး ဖြစ်လေသည်။

ဖြူဖြူက စိတ်လှုပ်ရှားစွာဖြင့် ယန့်ကျဲ့မှုအား သတိပေးလိုက်ပြန်၏။

'ဟိုမှာ ထွက်ပြေးတော့မယ်ရှင့်'

ယန့်ကျဲ့မှုက အသံကျယ်လောင်စွာဖြင့်........

'ဟော့........မပြေးနဲ့'

ဟု လှမ်းအော်လိုက်သည်။

သူသည် ယင်းသို့ အော်ဟစ်ဟန့်တားလိုက်သော်လည်း ခန္ဓာကိုယ်မှာ လှုပ်ရှားခြင်းမရှိပဲ နေရာတွင်ပင် မလှုပ်မယှက် ရပ်တန့်နေလေသည်။

ထို့ကြောင့် ငွေဗျိုင်းမှာ မြက်ပင်ရှည်များအကြား၌ ပြေးလွှား တိုးဝင်သွားကာ နောက်ဆုံး ပျောက်ကွယ်သွားလေတော့သည်။

ငွေဗျိုင်းတယောက် ထွက်ပြေးလွတ်မြောက်သွားချေပြီ။

ဖြူဖြူက အံ့သြသွားပြီး........

'ရှင် ဘာဖြစ်လို့ သူ့ကို လွှတ်လိုက်ရတာလဲ'

ဟု မကျေမနပ် မေးလိုက်၏။



ယန့်ကျဲ့မှုက မျက်လုံးများ ပြူးကျယ်သွား၏။

'ကျုပ် လွှတ်လိုက်တယ် ဟုတ်လား'

ဖြူဖြူက ခြေထောက်တချက် ဆောင့်လိုက်ကာ........

'ရှင်လွှတ်လိုက်လို့သာ သူထွက်ပြေးသွားနိုင်တာပေါ့ရှင်'........

'ကျုပ် လွှတ်လိုက်တာ မဟုတ်ပါဘူးဗျာ၊ သူက ကျုပ်မဟန့်တားနိုင်မီ ထွက်ပြေးသွားတာပါ'

ယန့်ကျဲ့မှုက ဆင်ခြေပေးလိုက်သည်။

ဖြူဖြူက မဲ့ပြုံးပြုံးလိုက်ပြီး....

'ဆင်ခြေ ဆင်လက်တွေ ပေးမနေပါနဲ့ရှင်၊ သူ့ကို မနိုင်ဘူးလို့ ရှင်ယူဆထားတယ် မဟုတ်လား........'

ဟု ခနဲ့တဲ့တဲ့ ပြောလိုက်လေသည်။

ယန့်ကျဲ့မှုက ပခုံးတချက်တွန့်လိုက်ပြီး........

'မင်း ထင်ချင်သလို ထင်နိုင်ပါတယ်၊ ဒါပေမယ့် ကျင်းစမ်းဖုန်း ဘယ်မှာ ရှိသလဲဆိုတာ သိတဲ့လူဟာ သူတယောက်ပဲရှိတယ်ဆိုယင် မင်းဒီလိုပြောနိုင်မှာ မဟုတ်ဘူး'

ဟူသော စကားများကို ဖြည်းညင်းစွာ ပြောဆိုလိုက်လေသည်။

သူ၏စကား ကြားလိုက်ရသောအခါ ဖြူဖြူက ပါးစပ်ပိတ်ထားလိုက်လေသည်။

မှန်ပါသည်။ ယန့်ကျဲ့မှု၏ စကားများသည် အဓိပ္ပာယ်အလွန်လေးနက်နေသည် မဟုတ်ပါလော....။

သူမတို့လူစု သူတော်ကောင်းဇရပ်သို့ ရောက်ရှိလာသော အခါ ကျင်းစွမ်းဖုန်းက ရှိမနေတော့ပဲ သူမတို့လူစုအား နှိပ်စက်မည့်သူများကိုသာ တွေ့ကြုံခဲ့ရလေသည်။ ထို့ကြောင့် ကျင်းစွမ်းဖုန်းအား တွေ့လိုလျှင် ငွေဇျိုင်းအား လွှတ်ပေးလိုက်ရမည်သာဖြစ်၏။

သို့မှသာ ငွေဇျိုင်းအား နောက်ယောင်ခံလျက် ကျင်းစွမ်းဖုန်းအား ရှာဖွေနိုင်မည် မဟုတ်ပါလား။

ဖြူဖြူက ယင်းသို့ စဉ်းစားမိလိုက်မှ ယန့်ကျဲ့မုအပေါ် လေးစားသောစိတ်များ ဖြစ်ပေါ်လာလေသည်။

သို့သော် သူမသည် မျက်နှာတင်းတင်းထားလိုက်ပြီး....

'ငွေဇျိုင်း လွှတ်သွားလို့ကော ကျင်းစွမ်းဖုန်းကို ကျွန်မ လိုက်မရှာနိုင်ဘူး ထင်လို့လား'

သူမသည် ယန့်ကျဲ့မုအား အကူအညီ တောင်းခံလိုဟန် မရှိပါ။

သူမ၏စကားကြောင့် ယန့်ကျဲ့မု စိတ်ပျက်သွားဟန် ရှိလေသည်။

အကယ်၍သာ သူက အချိန်မီ ရောက်ရှိမလာလျှင် ဖြူဖြူမှာ ဒုက္ခတွေ့ကြုံသွားနိုင်သည် မဟုတ်ပါလော........။

ဤအချက်ကို ဖြူဖြူကိုယ်တိုင်ကလည်း သဘောပေါက်ထားပြီးဖြစ်ကြောင်း သူနားလည်ထား၏။

ထို့ကြောင့် ဖြူဖြူက သူ့အပေါ်တွင် တမင် အခွဲ့ထိုက်နေသည်ဟု ရိပ်စားမိလိုက်လေသည်။



မည်သို့ဆိုစေ ယန့်ကျဲ့မုသည် အေးတိအေးစက်နိုင်လှပြီး ရက်စက်ကြမ်းကြုတ်သူတယောက် ဖြစ်နေသည်ဟု ထင်မှတ်ရသော်လည်း၊ ဖြူဖြူအပေါ်တွင် သည်းခံ ခွင့်လွှတ်ထားဟန် ရှိ၏။

ယန့်ကျဲ့မုသည် ဖြူဖြူ၏ စကားအား ပြန်လည်ချေပခြင်း မရှိပဲ သူတော်ကောင်းဇရပ်ဘက်သို့ လှမ်းကြည့်လိုက်ကာ.......

'မင်းအဖော်တွေ ဘယ်လိုအခြေအနေရှိသလဲ မသိရသေးဘူး'

သူသည် ယင်းသို့ပြောပြီးသည်နှင့် သူတော်ကောင်းဇရပ် အတွင်းဘက်သို့ လျင်မြန်စွာ ပြေးဝင်သွားလေတော့သည်။

ယခု သူတော်ကောင်းဇရပ်အတွင်းဘက်၌ တိုက်ခိုက်နေကြသော အသံများမှာ လုံးဝတိတ်ဆိတ်သွားပြီဖြစ်၏။

ဖြူဖြူမှာ ရင်ထဲတွင် လေးလံလာပြီး ယန့်ကျဲ့မုနောက်သို့ ပြေးလွှားလိုက်ပါသွားလေတော့သည်။

သူတော်ကောင်းဇရပ်အတွင်း၌ကား........

* * *

( ၁၀ )

ဝန်းကျင်တခုလုံးသည် တိတ်ဆိတ်နေ၏။

သူတော်ကောင်း ဇရပ် အတွင်းဘက်၌ မြက်ပင် ရှည်များ ပေါက်ရောက်လျက်ရှိနေသော်လည်း အပြင်ဘက်မှာ ပေါက်နေသော မြက်ပင်များလောက်တော့ ရှည်လျားလှချင်းမရှိပါချေ။

ထို့ကြောင့် ဇရပ်အတွင်းသို့ ရောက်ရှိ လာသည်နှင့် မြက်ပင်များအကြား လဲကျ သေဆုံးနေသူများကို ချက်ချင်းဆိုသလိုပင် တွေ့မြင်နိုင်လေသည်။

ဇရပ်အတွင်းဘက်၌ လေတိုက်ခတ်မှု များစွာ မသက်ရောက်သောကြောင့် မြက်ပင်များမှာ လှုပ်ယမ်းယိမ်းနွဲ့ကြခြင်း မရှိပါ။

လှုပ်ယမ်း ယိမ်းနွဲ့နေခြင်း မရှိသည့်အပြင် ပြန့်ကျဲ နေသော အလောင်းများအောက်၌ ပြားပြားဝပ်စင်းနေကြလေသည်။

ယန့်ကျဲ့မုသည် ခြေလှမ်းများက ကုန့်ကန့် ရပ်တန့်သွား၏။

သူသည် ခြေလှမ်းများကို ရပ်တန့် လိုက်ယင်းမှ ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်၏။ ဇရပ် အတွင်းဘက်တွင် လဲကျ သေဆုံးနေသည့် အလောင်းများအား တွေ့မြင်လိုက်ရသည့် ဖြူဖြူ အတွက် စိတ်မကောင်းဖြစ်သွားရလေသည်။

အကြောင်းမှာ မြက်ပင်များအကြားလဲကျသေဆုံးနေသော အလောင်းများအတွင်း မိန်းကလေးများ၏ အလောင်းများလည်း ပါဝင်နေသည်ကိုတွေ့မြင်လိုက်ရသည်မဟုတ်ပါလော။

ယန့်ကျဲ့မုက တွေဝေငေးငိုင်နေစဉ်မှာပင် ဖြူဖြူက သူ့အနီးသို့ရောက်ရှိလာလေသည်။

ထို့ကြောင့် ယန့်ကျဲ့မုက ထိတ်လန့်သွားပြီး

'မလာနဲ့'

ဟု ကပျာကယာဟန့်တားလိုက်၏။

သို့သော် သူ၏ ဟန့်တားမှုမှာ အရာမရောက်ပါ။



ဖြူဖြူမှာ သူ့အနီးသို့ ရောက်ရှိလာပြီး ဖြစ်လေသည်။

သူမသည် ယန့်ကျဲ့မု မျက်စိ မျက်နှာ ပျက်နေသည်ကို တွေ့မြင်လိုက်သည်နှင့် အခြေအနေ မဟန်မှန်း သဘောပေါက်လိုက်တော့၏။

သူမသည် အသက်ပင် ရဲရဲမရှူဝံ့ပဲ ဇရပ်အတွင်းဘက်သို့ အကဲခတ် ကြည့်ရှုလိုက်လေသည်။

ရုတ်တရက် ဖြူဖြူ၏ ခန္ဓာကိုယ်မှာ ဆတ်ကနဲတချက်တုန်ခါသွားသည်။

သူ၏ နှုတ်မှလည်း ထိတ်လန့်တကြားဖြင့်–

'အို–'

အာမေဍိတ်သံတချက် ထွက်ပေါ်လာကာ တကိုယ်လုံး ယိမ်းယိုင်သွားလေသည်။

ယန့်ကျဲ့မုက ကပျာကယာဖေးမထားလိုက်ရ၏။

ထိုအခါမှ ဖြူဖြူမှာဝမ်းနည်းကြေကွဲသည့်စိတ်များ ရင်ထဲ၌ လှိုက်၍လှိုက်၍ တက်လာကာဟန်မဆောင်နိုင်တော့ပဲယန့်ကျဲ့မု၏ ရင်ခွင်အတွင်းသို့ တိုးဝှေ့ ဝင်ရောက်လိုက်၏။

ထို့နောက် အားရပါးရ ငိုကြွေးလိုက်လေတော့သည်။

ဇရပ်အတွင်း၌မူ မိန်းကလေး ခြောက်ယောက်စလုံးမှာ ရန်သူများနှင့် အတူ သေဆုံး လဲလျောင်းလျက်....။

* * *

သူတော်ကောင်းဇရပ်မှ အမြင်ဘက်တွင် ခန့်ညားထည်ဝါမှု အပြည့် ရှိနေသော်လည်း အတွင်းဘက်တွင်မူ ပျက်စီးယိုယွင်း နေ၏။

ထို့ကြောင့် အနှိုင်းချုံ ဆန်လှပေသည်။

ယခု ဇရပ်အတွင်းဘက် မြေကွက်လပ်လေး၌ ပြန့်ကျဲနေသော ကလေ့လှောင်းများ ထပ်တိုးလာသောအခါ သူတော်ကောင်း ဇရပ်မှာ သုသာန်တစပြင် တခုအလား အမြောင်းလဲကြီး ပြောင်းလဲ သွားလေတော့သည်။ မြေပေါ်တွင် လူ လေး ငါးယောက်မျှ ဖရိုဖရဲ လဲကျသေဆုံးနေကြ၏။ ထို့ကြောင့် ပြင်းထန်သော တိုက်ပွဲတခု ဖြစ်ပွားခဲ့သည်ဟု ယူဆရပေဖြစ်သည်။

ဝင်ဝတ် ရောင်စဉ်တန်း သိုင်းသမားများတွင် မ ါဝင်ကြသော မိန်းကလေး ခြောက်ယောက်သား ကျင်မြို့တား၏ လူများက အငိုက်ဖမ်း၍ လုပ်ကြံခဲ့ခြင်းသာ ဖြစ်လေသည်။

ယခု ဖြူဖြူက ငိုကြွေးခြင်းမှ ပိတ်ဆန့်လိုက်ပြီး ဖြစ်သည်။

သို့သော် သူမသည် ယန့်ကျဲ့မု၏ ရင်ခွင်ထဲတွင် မှီသျက်ပင် ရှိနေသေး၏။ ယန့်ကျဲ့မုကလည်း ကန့်ကွက်ခြင်းမပြုပေ။

သူ၏မျက်နှာပေါ်တွင်လည်း ထူးခြားသော အရိပ်အရောင် များ ဖြစ်ပေါ်နေလေသည်။ အတန်ကြာမှ ဖြူဖြူက ယန့်ကျဲ့မု၏ရင်ခွင်အတွင်းမှ ခွာလိုက်ပြီး လေသံတုန်ယင်စွာဖြင့်—

'မဖြစ်နိုင်ဘူး'

ဟု ကတုန်ကယင် ရေရွတ်လိုက်မိရှာလေသည်။

သူမသည် အဖော်ဖြစ်သူ မိန်းကလေးခြောက်ယောက် သေဆုံးသွားသည်ကို မယုံကြည်နိုင်ပဲ ဖြစ်နေဟန် ရှိလေသည်။



ယန့်ကျဲ့မုက ပါးစပ်ပိတ်ထားလိုက်၏။

သူ့အနေဖြင့် အခြေအနေကို ဖြူဖြူအား ရှင်းပြနေစရာ မလိုတော့ပေ။ ဖြစ်ပေါ်နေသောအခြေအနေမှာ ဖြူဖြူ လက်မခံ၍ မဖြစ်နိုင်တော့သည့် အခြေအနေတွင် ရှိနေသည် မဟုတ်ပါလော။ သူမ၏ အဖော် မိန်းကလေးခြောက်ယောက် သေဆုံးနေသည်ကို သူကိုယ်တိုင် တွေ့မြင်လိုက်ရပြီး ဖြစ်သည့် အပြင် ဖြူဖြူကိုယ်တိုင်လည်း တွေ့မြင်ထားပြီး မဟုတ်ပါလော....။

ဖြူဖြူက ခေါင်းသွင်သွင် ခါယမ်းလိုက်ပြီး........

'သူတို့ ဘယ်နည်းနဲ့မှ မရှုံးနိုင်ဘူး'

သူမသည် ယင်းသို့ရေရွတ်လိုက်ပြီး လဲကျနေသောအလောင်းများရှိရာသို့ ပြေးသွားရန် ဟန်ပြင်လိုက်၏။

သို့ရာတွင်........

'နေအုံး'

ယန့်ကျဲ့မုက ဟန့်တားလိုက်သည်။

သူသည် ပါးစပ်မှ ဟန့်တားလိုက်သည့် အပြင် ဖြူဖြူ၏ လက်တဘက်ကိုပါ ဆွဲထားလိုက်သောကြောင့် ဖြူဖြူက ခြေလှမ်း ရပ်တန့်လိုက်ရလေသည်။

သို့သော် သူမသည် ချက်ချင်းဆိုသလိုပင် ယန့်ကျဲ့မု၏ လက်ထဲမှ ရုန်းထွက်လိုက်ကာ........

'လွှတ်....ကျွန်မကိုလွှတ်....'

ဟု အော်မိအော်ရာ ဟစ်အော်လိုက်၏။

သူမသည် ယင်းသို့ ကျယ်လောင်စွာ အော်ဟစ်လိုက်ပြီး ရုန်းထွက်လိုက်သော်လည်း ယန့်ကျဲ့မူ၏ လက်တွင်းမှ လွတ်မြောက်သွားနိုင်ခြင်း မရှိပါချေ။

ထို့ကြောင့် ဖြူဖြူမှာ ဒေါသပြင်းစွာထွက်သွားပြီး လက်တဘက်မြောက်လျက်–

'ရှင် မလွှတ်ဘူးလား၊ ကျွန်မ ရှင့်ကိုရိုက်ချလိုက်မယ်'

ဟု ဒေါသတကြီး ကြိမ်းမောင်း ပြောဆိုလိုက်လေသည်။

ယန့်ကျဲ့မူက ပြုံးလိုက်သည်။

သူသည် ဖြူဖြူအား တချက်ကြည့်လိုက်ပြီး အေးတိအေးစက်ဖြင့်.........

'ကျုပ်ပြောတဲ့စကားကို အယင်ဆုံး နားထောင်ပါ၊ နားထောင်ပြီးယင် မင်းသဘောပါပဲ'

ဖြူဖြူက စိတ်မရှည်နိုင်ပဲ–

'ဘာပြောမလို့လဲ မြန်မြန်ပြော'

'မင်းရဲ့အဖော်တွေ ရန်သူကို အနိုင်ရလိမ့်မယ်လို့ မင်းထင်ထားခဲ့တယ် မဟုတ်လား'

'ဟုတ်တယ်'

သူမသည် ယန့်ကျဲ့မူနှင့် မျက်လုံးချင်းဆိုင်၍ကြည့်လိုက်ပြီး–

'ကျွန်မတို့အဖော်တွေဟာ သက်တန့် သိုင်းသမားတွေဆိုတာ ရှင်မမေ့ပါနဲ့'

သူမ၏စကားကြောင့် ယန့်ကျဲ့မူက မျက်နှာထား လေးနက်တည်ကြည်စွာဖြင့်–



'သက်တန့်သိုင်းသမားမပြောနဲ့ ကျုပ်ကိုယ်တိုင်လည်း ဒီလိုအဖြစ်မျိုးနဲ့ ကြုံတွေ့ရမယ်ဆိုယင် ဘယ်လိုမှတတ်နိုင်မှာ မဟုတ်ဘူး.........

ဖြူဖြူက နားမလည်စွာဖြင့်–

'ရှင် ဘာကိုဆိုလိုတာလဲ'

ယန့်ကျဲ့မူက အဖြေမပေးပဲ လဲကျ သေဆုံးနေသော အလောင်းများရှိရာသို့ လှမ်းကြည့်လိုက်လေသည်။

ဖြူဖြူက မျက်မှောင်ကုပ်လိုက်ပြီး ယန့်ကျဲ့မူ စိုက်ကြည့်ရာသို့ လှမ်းကြည့်လိုက်၏။ သို့သော် မြေပေါ်တွင် အတုံးအရုံးလဲကျသေဆုံးနေသော အလောင်းများမှအပ ဝန်းကျင်တခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်နေသည်ကိုသာ တွေ့မြင်လိုက်ရလေသည်။

ဖြူဖြူက မည်သို့မျှစဉ်းစားမရသဖြင့် ယန့်ကျဲ့မူအား မေးရန် ဟန်ပြင်လိုက်၏။ ထိုစဉ်မှာပင် လဲကျသေဆုံးနေသော အလောင်း တလောင်းအနီးမှ မြက်ပင်အချို့ လှုပ်ရှားသွားသည်ကို အမှတ်မထင် တွေ့မြင်လိုက်လေသည်။

သူတော်ကောင်းဇရပ် အတွင်းဘက်သည် လေကွယ်ရာအရပ်ဖြစ်သောကြောင့် တိုက်ခတ်နေသောလေမှာ မဝင်နိုင်သလောက်ဖြစ်နေ၏။

ဤသို့ဆိုလျှင် လေမတိုက်ပဲ အဘယ်ကြောင့် မြက်ပင်များက လှုပ်ရှားသွားရပါသနည်း။

ဖြူဖြူကသေသေချာချာစိုက်ကြည့်လိုက်သောအခါမှ မြက်ပင်များအကြား လူးလွန့်လှုပ်ရှားနေသော အစိမ်းရောင် မြွေတကောင်ကို တွေ့မြင်လိုက်ရလေတော့သည်။

ဖြူဖြူ၏နှုတ်မှ—

'ဟင်....ကျောက်စိမ်းမြွေပါလား'

အထိတ်တလန့် ရေရွတ်လိုက်၏။

ယန့်ကျဲ့မုက သက်ပြင်းတချက် ချလိုက်သည်။

ပြီးတော့ ခေါင်းကို ဖြည်းလေးစွာညိတ်သည်—

'ဟုတ်တယ် ကျောက်စိမ်းမြွေက တိုက်ပွဲထဲပါလာမယ်ဆိုယင် ကျုပ်လဲ တတ်နိုင်မှာ မဟုတ်ဘူးဗျ'

'ကျွန်မရဲ့အဖော်တွေက ကျောက်စိမ်းမြွေကြောင့် သေဆုံးသွားကြတာလို့ ရှင်ယူဆထားတယ် ဟုတ်လား'

ဖြူဖြူက နားမလည်စွာ မေးမြန်းလိုက်ပြန်၏။

ယန့်ကျဲ့မုက အဖြေမပေးပါချေ။

သူသည် အားလပ်လျက်ရှိသော လက်တဘက်ကို လှုပ်ရှားလိုက်ရာ အလင်းရောင်တချက် ဖွေးကနဲ ဝင်းလက်သွားပြီး ဓားပါးကလေးတချောင်းသည် ကျောက်စိမ်းမြွေထံသို့ ပစ်လွှင့်သွားသည်ကို တွေ့မြင်လိုက်ရလေသည်။

ဓားပါးကလေး ပစ်လွှင့်လာသည်ကို တွေ့မြင်လိုက်ရသည်နှင့် တပြိုင်နက်—

'ရှီ?.........'

မသဲမကွဲအသံတချက်ထွက်ပေါ်လာပြီး ကျောက်စိမ်းမြွေမှာ မြက်ပင်များအကြား လျင်မြန်စွာဖြင့် တိုးဝင်ပျောက်ကွယ်သွားလေတော့သည်။



ဖြူဖြူ အံ့ဩသွား၏။

ဤကျောက်စိမ်းမြွေသည် အသိဉာဏ်အလွန်တရာ ထက်မြက်ဟန်ရှိနေပြီး တိုက်ခိုက်မှုအတွက် အထူးသီးသန့်မွေးထားသည့် မြွေတကောင်ပင် ဖြစ်နေသည် မဟုတ်ပါလော....။

ယန့်ကျဲ့မုက ဖြူဖြူ၏လက်ကို လွှတ်ပေးလိုက်ပြီး—

'ဒီမြွေဟာ အလွန် ရှားပါးပြီး အဆိပ်သိပ်ပြင်းတဲ့ မြွေတကောင်ပဲ၊ 'ချာယို့လန်'ကမြွေကျွမ်းကျင်တဲ့လူဖြစ်တဲ့အလျောက် 'ကျောက်စိမ်းမြွေ'ကိုသေသေချာချာ လေ့ကျင့်ပေးနိုင်ခဲ့လို့—'

သူသည် စကားကို တပိုင်းတစဖြင့် ရပ်တန့်ထားလိုက်၏။

'ကျွန်မရဲ့ အဖော်တွေက ရန်သူကို သတိထားနေရလို့ ကျောက်စိမ်းမြွေကို သတိမပြုမိခဲ့ကြဘူးဟုတ်လား'

ယန့်ကျဲ့မုက ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်တယ်၊ ကျုပ်ဒီလိုပဲ ယူဆပါတယ်'

'ကျောက်စိမ်းမြွေကို သတိမပြုမိတာနဲ့ ရန်သူ့လက်ချက်နဲ့ မသေရပဲ ကျောက်စိမ်းမြွေအကိုက်ခံရလို့ သေသွားတော့တာပေါ့........'

ဖြူဖြူက သူမ၏ ယူဆချက်ကို ဖြည့်စွက်ပြောဆိုလိုက်၏။

ယန့်ကျဲ့မုက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

ဖြူဖြူက သေဆုံးနေကြသော မိန်းကလေးခြောက်ယောက်နှင့် မလှမ်းမကမ်းတွင် လဲကျသေဆုံးနေကြသူများအား တချက်ကြည့်လိုက်ပြီး........

'ဒီလူတွေကတော့ ကျွန်မရဲ့အဖော်တွေ မြေကိုက်မခံရမီ သူတို့လက်ချက်နဲ့ သေဆုံးသွားကြတာပေါ့'

ယန့်ကျဲ့မုက ခေါင်းညိတ်၍....

'မင်းပြောတာ ဖြစ်နိုင်တယ်'

ဖြူဖြူက သက်ပြင်းတချက် ချလိုက်ပြီး ပါးစပ်ပိတ်ထား လိုက်လေသည်။

ယခု သူမ အဖော်များသည် မမျှော်လင့်ပဲ ရန်သူ၏ ထောင်ချောက်မိကာ သေဆုံးသွားကြပြီဖြစ်၏။

ထို့အပြင် သူမကိုယ်တိုင်မှာလည်း ယန့်ကျဲ့မု၏ အချိန်မီ ကယ်တင်နိုင်လိုက်သောကြောင့်သာ ငွေဗျိုင်း၏ လက်ထဲမှ လွတ်မြောက်ခဲ့ရပြီး တဖန် ကျောက်စိမ်းမြေ အကိုက်မခံရခြင်း ဖြစ်လေသည်။

သို့မဟုတ်ပါက သူမ၏ အဖော်များနောက်သို့ လိုက်သွားရမည်သာဖြစ်၏။

မည်သို့ဆိုစေ သိုင်းလောကတွင် လျှမ်းလျှမ်းတောက် ကျော်ကြားနေသော ရောင်စဉ်တန်း သိုင်းသမားများ(ဝါ) သက်တန့်သိုင်းသမားများမှာ လောကပေါ်မှ ပျောက်ကွယ် သွားပြီဖြစ်ပါသည်။

ထိုအဖြစ်အပျက်ကား ခံပြင်းစရာ၊ နာကျည်းစရာ ဒါ့ သည်းသော အဖြစ်အပျက်ပင်။

ဖြူဖြူက အံတင်းတင်း ကြိတ်လိုက်သည်။



တဆက်တည်းမှာလည်း........

သူမအသက် သေဆုံးသည့်တိုင် ကျင်းမြှုပ်စားနှင့် သူ၏ အပေါင်းပါများအား သုတ်သင်ရှင်းလင်းပစ်ရန် သန္နိဋ္ဌာန် ချမှတ်လိုက်၏။

သို့မှသာ သေဆုံးသွားကြပြီဖြစ်သော သူမ၏ အဖော်များ အပေါ် တာဝန်ကျေသကဲ့သို့ ရှိလိမ့်မည်ဟု သူမက ယူဆထား လေသည်။

ထို့ကြောင့် သူမသည် ယန့်ကျဲ့မုအား တချက် ကြည့် လိုက်သည်။

ပြီးတော့ သူမ သိလိုသော မေးခွန်းတခုတို့ ကောက်မေး လိုက်၏။

'ရှင် ငွေဗျိုင်းနောက်ကို လိုက်သွားမယ် မဟုတ်လား'

ယန့်ကျဲ့မုက မျက်မှောင်ကုပ်လိုက်ကာ....

'ဘာလဲ မင်းလိုက်မလို့ ဟုတ်လား'

'ရှင် မခေါ်ချင်ဘူးလား'

ယန့်ကျဲ့မုက ပါးစပ်ပိတ်ထားလိုက်လေသည်။

အမှန်စင်စစ် ...

သူသည် ဖြူဖြူအား ပထမဆုံးအကြိမ် စတင်တွေ့ဆုံရစဉ် ကပင် ဖြူဖြူအပေါ်တွင် စိတ်ဝင်စားမိခဲ့လေသည်။

သို့သော် ဖြူဖြူသည် မဟုတ်မခံ ဆတ်ဆတ်ကြဲမိန်းကလေး တယောက် ဖြစ်ပြီး သိုင်း လောကတွင် လျှမ်းလျှမ်းတောက် ကျော်ကြားနေသူတယောက်လည်း ဖြစ်သည်။

ထို့ကြောင့် ယန့်ကျဲ့မုက ဖြူဖြူနှင့် မျက်နှာချင်းမဆိုင်တော့ပဲ ရှောင်ဖယ်သွားခဲ့၏။

မည်သို့ဆိုစေ ဖြူဖြူနှင့် နှစ်ကြိမ်သုံးကြိမ်မျှ တွေ့ဆုံခဲ့ရပြီးနောက် သူ၏ ရင်တွင်း၌ဖြူဖြူအပေါ် သံယောဇဉ်ငြိတွယ်သောစိတ်များ ပိုကဲလာမိသည်ကိုတော့ သူဝန်ခံရမည်ဖြစ်၏။

ဖြူဖြူမှာ ဝမ်းနည်းကြေကွဲစရာများ ဆက်တိုက် တွေ့ကြုံခဲ့ရပြီး တကိုယ်တည်း အဖော်မဲ့နေပြီဖြစ်သည်။

ထိုအချိန်တွင် ယန့်ကျဲ့မုက ဖြူဖြူအတွက် အားပေးဖော်အဖြစ် ရပ်တည်လိုသည်။

သို့သော်– သူသည် ကျင်းမြို့စားနှင့် ရင်ဆိုင်ရဦးမည်ဖြစ်၏။ ကျင်းမြို့စားနှင့် ရင်ဆိုင်ရမည့်အန္တရာယ်မှာ မသေးကြောင်း သူသဘောပေါက်ထားသည်။

ထို့အပြင် ဖြူဖြူသည် ခေါင်းမာသည့် မိန်းကလေးတယောက်ဖြစ်သောကြောင့် ပို၍အန္တရာယ်များနိုင်သည်ဟု သူကယူဆထားလေသည်။

ယန့်ကျဲ့မုက တွေဝေငေးငိုင်နေသည်ကို တွေ့မြင်လိုက်ရသောအခါ ဖြူဖြူမှာ မျက်ရည်များ ဝိုင်းလာလေတော့၏။

သို့သော်–သူမက ငိုကြွေးခြင်း မပြုပါချေ။

ကပျာကယာ ခေါင်းငုံ့လိုက်ပြီး ဝမ်းနည်းကြေကွဲသည့်လေသံဖြင့်........

'ကျွန်မအဖေ်တွေ သေဆုံးသွားပေမယ့် ကျွန်မ ကျင်းမြို့စားကို ရင်ဆိုင်မှာပဲ'

ဟု တလုံးချင်း ခိုင်မာစွာ ပြောဆိုလိုက်သည်။



ယန့်ကျဲ့မုက ခေါင်းခါယမ်းလိုက်သည်။

သူသည် ဖြူဖြူအား ကရုဏာသက်စွာ ကြည့်လိုက်ပြီး........

'သူတို့က ကောက်ကျစ်စဉ်းလဲတဲ့ လူတွေပဲ၊ ဒါကြောင့် မင်း ဘေးဖယ်နေယင်ကောင်းမယ်'

ရုတ်တရက် ဖြူဖြူက ဦးခေါင်းဆတ်ကနဲ မော့လိုက်ကာ....

'ရှင် ဘယ်လိုပြောလိုက်တာလဲ'

ယန့်ကျဲ့မုက ပါးစပ်ပိတ်ထားလိုက်၏။

ဖြူဖြူမှာ ဒေါသကြီးစွာဖြင့်....

'ရှင် မကူညီနိုင်ဘူးဆိုယင်လဲ ကိစ္စမရှိပါဘူးရှင်၊ ကျွန်မကတော့ ဖြစ်တဲ့နည်းနဲ့ ကျင်းမြို့စားကို ရင်ဆိုင်မှာပဲ၊ သူ့ရဲ့လုပ်ငန်းကိုလဲ ဟန့်တားရမှာပဲ'

ယန့်ကျဲ့မုက လေသံအေးအေးဖြင့်........

'မင်း စိတ်လိုက်မာန်ပါ လုပ်မယ်ဆိုယင် ဒုက္ခတွေ့သွားမှာပေါ့'

'ရှင့်အပူ မပါဘူး'

ဖြူဖြူက ကျယ်လောင်စွာ အော်ငေါက်လိုက်လေသည်။

ယန့်ကျဲ့မုက သက်ပြင်းတချက် ချလိုက်၏။

သူသည် ဖြူဖြူအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး....

'မင်း ဆုံးဖြတ်ပြီးပြီ ဟုတ်လား'

ဖြူဖြူက ခေါင်းညိတ်၍....

'ဟုတ်တယ်....'

ယန်ကျဲ့မှ ပခုံးတွန့်ပစ်လိုက်မိတော့သည်။ နောက်ဆုံးတွင်....

'ကောင်းပြီ၊ ကျုပ်နောက် လိုက်ခဲ့ပေတော့'

သူသည် ယင်းသို့ ပြောပြီးသည်နှင့် ချာကနဲလှည့်ကာ ဇရပ်အတွင်းမှ ထွက်ခွာသွားလေသည်။

ဖြူဖြူက ကြောင်အမ်းအမ်းဖြစ်သွား၏။ သို့သော် ချက်ချင်းဆိုသလိုပင် သူမ၏ မျက်လုံးအစုံမှာ ဝင်းလက်တောက်ပသွားပြီး ယန်ကျဲ့မှနောက်သို့ ခြေလှမ်းကျဲကျဲဖြင့် လိုက်ပါသွားလေတော့သည်။

* *

## လျှို့ဝှက်စာ၏လျှို့ဝှက်ချက်

( ၁ )

နေဝန်းနီသည် ကောင်းကင်ပေါ်သို့ အတော်ပင် မြင့်တက်လာပြီးဖြစ်သည်။

တောင်ကြား မြို့ကလေး မှာလည်း စည်စည် ကားကားဖြစ်နေ၏။

သို့သော် တောင်ကြားမြို့ကလေးအတွင်း သွားလာလှုပ်ရှားနေကြသူများနှင့် ရောင်းဝယ် ဖောက်ကားနေကြသူများအား သတိပြုကြည့်မည်ဆိုလျှင် မျက်စိမျက်နှာ မသာမယာ ဖြစ်နေကြသည်ကို တွေ့မြင်ရမည် ဖြစ်လေသည်။

အရေးပါသောသယ်ယူပို့ဆောင်ရေး လုပ်ငန်းများနှင့်အစားအသောက် ရောင်းချသည့် ဆိုင်များမှအပ ကျန် ကုန်စည်ဖလှယ်များ ရောင်းဝယ်–ဖောက်ကားကြသည့် ဈေးဆိုင်များ ဆယ်ဆိုင်လျှင် ရှစ်ဆိုင်က တနေ့တာ ဆိုင်ဖွင့်ချိန်ကို လျှော့ကာ နေမွန်းမတည့်မီပင် ဆိုင်သိမ်းရန် ဟန်ပြင်နေကြပြီးဖြစ်၏။

တောင်ကြားမြို့ကလေးမှာ အဘယ်ကြောင့် ထူးထူးခြားခြား ဖြစ်နေပါသနည်း။

တောင်ကြားမြို့ကလေးမှ လူများမှာ အဘယ့်ကြောင့် စိုးရိမ် ထိတ်လန့်သည့် ဟန်အမူအရာများ ဖြစ်ပေါ်နေပါသနည်း။

အကြောင်းမှာ တောင်ကြားမြို့ကလေးအား သိုင်းလောက တခုလုံးက အထူးပင် ဂရုပြုလာကြသောကြောင့် ဖြစ်ပါ၏။

ထိုကဲ့သို့ ဂရုပြုလာရသည့် အကြောင်းမှာလည်း ကျင်းမြို့ စားက အတွင်းဝန် ဝူဝေ၏ လျှို့ဝှက်စာနှင့်အတူ တောင်ကြား မြို့ကလေးသို့ ရောက်ရှိလာသည်ဟု သတင်းရထားသောကြောင့် ပင် ဖြစ်ပါသည်။

တောင်ကြားမြို့ကလေးသို့ ကျင်းမြို့စား ရောက်ရှိလာသည့် သတင်းမှာ အလွန်ပင် တိကျမှန်ကန်နေသည်။

ထိုသတင်းအား မဟုတ်မမှန်သော သတင်းအဖြစ် မည်သူမျှ မငြင်းဆန်ရဲ ကြပါချေ။

အဘယ့်ကြောင့်ဆိုသော် ကျင်းမြို့စား ငွားရမ်း ထားသည့် ကြေးစား လူသတ်သမားများနှင့် လက်ရွေးစင် သိုင်းသမားများ မှာ တောင်ကြားမြို့ကလေးတွင် ပျားပန်းခတ်မျှ လှုပ်ရှားသွား လာနေကြသည်ကို တွေ့မြင်နေကြသောကြောင့်ပင် ဖြစ်သည်။

သိုင်းလောကတခုလုံး ခေါင်းကိုက်နေကြသည့် ဒုက္ခိတ မင်း သားလေး သုံးပါးကလည်း တောင်ကြားမြို့ကလေးသို့ ရောက်ရှိ လာသောကြောင့် ကျင်းမြို့စား၏ စဉ်းလဲသော လုပ်ရပ်များ



အား ဟန့်တားကြမည့် အဖြူရောင် သိုင်းသမားများမှာ ခေတ္တ ခဏဆိုသလို ရှောင်တိမ်းသွားကြတော့၏။

သို့သော် ဒုက္ခိတမင်းသားလေးသုံးပါး သေဆုံးသွားသည်ကို သိလိုက်ရသည်နှင့် တပြိုင်နက် အဖြူရောင် သိုင်းသမားများက ပြန်လည် လှုပ်ရှားလာကြလေသည်။

ထို့အပြင် အဖြူရောင်သိုင်းလောကသားများအနက် အလွန် ထင်ရှား ကျော်ကြားလှသည့် သိုင်းသမားများနှင့် ရှောင်လင်၊ ဝူတန်း၊ ဂူဝိ၊ ခွန်လွန် စသည့် ဂိုဏ်းကြီးများမှကိုယ်စားလှယ်များ ကလည်း ရောက်ရှိလာကြချေတော့သည်။

ထို့ကြောင့် တောင်ကြားမြို့ကလေးတွင် အဖြူရောင် သိုင်း လောကသားများနှင့် ကျင်းမြို့စားကြီးတို့ အင်အား ပြိုင်ပွဲမှာ ကြီးမားသောဖြစ်ပေါ်လာနိုင်၏။

သိုင်းလောကသားများ အားပြိုင်ရာမှ ဖြစ်ပေါ်လာမည့်တိုက် ပွဲကြီးများအတွက် တောင်ကြား မြို့သူမြို့သားများက စိုးရိမ် မကင်း ဖြစ်နေကြလေသည်။

တောင်ကြားမြို့တော်ဝန် ကိုယ်တိုင်ကလည်း စိုးရိမ်မကင်း ဖြစ်နေသော်လည်း ကျင်းမြို့စားထံမှ လျှို့ဝှက်စာသည် တိုင်းပြည် လုံခြုံရေးအတွက် အလွန်အရေးကြီးနေသောကြောင့်အဖြူရောင် သိုင်းသမားများ တောင်ကြားမြို့ကလေးသို့ စုရုံး ရောက်ရှိလာ ကြပြီး တိုက်ပွဲဝင်ရန် တာစူနေခြင်းကို မကန့်ကွက်ပဲ လက်ပိုက် ကြည့်နေခဲ့ရသည်။

မည်သို့ဆိုစေ တောင်ကြားမြို့ကလေးသည် သိုင်းလောကတခုလုံးနှင့် ဝေနိုင်ငံအတွက် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်မှန်းမသိ ပါဝင်ခဲ့လေတော့သည်။

*　　　*　　　*

( ၂ )

နေခြစ်ခြစ်တောက် ပူပြင်းနေ၏။

နေမွန်းတည့် အချိန်သို့ ရောက်ရှိလာပြီး ဖြစ်သောကြောင့် တနေ့တာအတွက် အပူဆုံးအချိန်လည်း ဖြစ်လေသည်။

နေပူရှိန် မြင့်မားလာသည်နှင့်အမျှ တောင်ကြား မြို့ကလေးအတွင်း စိတ်နှလုံး မသာမယာ ဖြစ်နေကြသူများ စိတ်အိုက်နေကြသူများမှာ ပို၍ အခံရ ခက်လာသည်ဟု ခံစားလိုက်ကြရလေတော့၏။

ထိုကဲ့သို့ ခံစားနေရသူများအနက် အသည်းကွဲချူသံပိုင်ရှင် ကျင်းစွမ်းဖုန်းမှာလည်း တယောက်အပါအဝင် ဖြစ်လေသည်။

ကျင်းစွမ်းဖုန်းက အဘယ့်ကြောင့် စိတ်အိုက်နေရပါသနည်း။

ကျင်းစွမ်းဖုန်းမှာ မကြာမီ ကျင်းမြို့စားနှင့် တွေ့ဆုံရတော့မည် ဖြစ်သောကြောင့် စိတ်အိုက်နေရ၏။

ကျင်းမြို့စားနှင့် တွေ့ဆုံလိုက်သည်နှင့်တပြိုင်နက် သူ၏ အကြံအစည်များအား အကောင်အထည် ဖော်မှုဖော်နိုင်ပါမည်လောဟူသည့် စိတ်ဖြင့် ပို၍စိတ်အိုက်နေခြင်းလည်း ဖြစ်လေသည်။



သူသည် ပူပြင်းသောနေရောင်ခြည်အောက်၌ ရွှေမှ လျှောက်သွားနေသည့် ချာယို့လန်နောက်မှ တောင်တောင်အီအီတွေးယင်း လိုက်ပါလာခဲ့ရာ ယခု တောင်ကြားမြို့ကလေးအတွင်းသို့ ပြန်လည်ရောက်ရှိလာပြီး ဖြစ်သည်။

တောင်ကြားမြို့ကလေးအတွင်းသို့ ပြန်လည် ရောက်ရှိလာပြီး ဖြစ်သည်ကို သတိပြုမိလိုက်သည်နှင့် တပြိုင်နက် ရှေ့မှ လျှောက်သွားနေသော ချာယို့လန်က . ခြေလှမ်း ရပ်တန့်လိုက်သည်ကို တွေ့မြင်လိုက်ရတော့၏။

ထို့အပြင် သူတို့သည် တောင်ကြားမြို့လယ်ကောင်သို့ ရောက်ရှိနေပြီး ကြီးမားသောခြံဝင်းတခုရှေ့သို့ ရောက်ရှိနေပြီးဖြစ်သည်ကိုပါ တွေ့မြင်လိုက်ရလေတော့သည်။

*　　　*　　　*

ခြံဝင်းသည် အလွန်ကျယ်ဝန်းသော ခြံဝင်းတခုဖြစ်နိုင်ဖွယ်ရှိနေ၏။

သို့သော် မည်၍မည်မျှ ကျယ်ဝန်းသည်ကိုမူ ခန့်မှန်း၍ မရပါချေ။

ထိုနည်းတူ ခြံဝင်းအတွင်းရှိ အိမ်ကိုလည်း တွေ့မြင်ရခြင်း မရှိပါချေ။

အကြောင်းမှာ ခြံဝင်းအား ကာရံထားသည့် အုတ်နံရံများမှာ ထူထဲပြီး မြင့်မားလှခြင်းကြောင့်ပင် ဖြစ်လေသည်။

ခြံဝင်းအား အုတ်နံရံဖြင့် ကာရံထားပြီး အတွင်းဘက်သို့ လှမ်း၍ မမြင်တွေ့နိုင်အောင် လုံခြုံစိတ်ချရသည်။

ခြံဝင်းတည်ဆောက်ထားပုံကိုက ခံတပ်သဖွယ်ဖြစ်နေသည်ဟု ကျင်းစွမ်းဖုန်းက မှတ်ချက်ချလိုက်၏။

ထိုစဉ် ချာယို့လန်က ခြေလှမ်းရပ်တန့်လိုက်ပြီး ဖြစ်သည်။

သူသည် မလှမ်းမကမ်းမှ ရပ်လျက်ရှိနေသော ကျင်းစွမ်းဖုန်းအား တချက်လှမ်းကြည့်လိုက်ပြီး ခြံဝင်းအလယ်တည့်တည့် လောက်တွင် ရှိသည်ဟု ခန့်မှန်းရသော တံခါးမကြီး ရှိရာသို့ လျှောက်သွားလေသည်။

ခြံဝင်းတံခါးမသည် အလွန်ကြီးမားသော သစ်သားတံခါး ဖြစ်ပြီး တံခါးပေါ်တွင် ကြီးမားလေးလံသော သံကွင်းနှစ်ခု ချိတ်ဆွဲထား၏။

ချာယို့လန်က တံခါးမကြီးအနီးသို့ ရောက်ရှိသွားသည်နှင့် တပြိုင်နက် တံခါးပေါ်ရှိ သံကွင်းအား မ၍ သစ်သားတံခါး အား ခေါက်လိုက်တော့သည်။

'ဒေါက်........ဒေါက်........ဒေါက်........'

တံခါးခေါက်သံ သုံးချက် ထွက်ပေါ်လာ၏။

တံခါးခေါက်သံများသည် တချက်နှင့်တချက် အချိန် အကွာ အဝေး တူညီနေသောကြောင့် လျှို့ဝှက်သင်္ကေတဖြင့် ခေါက် လိုက်ခြင်းဖြစ်ကြောင်း ကျင်းစွမ်းဖုန်းက သဘောပေါက်လိုက် လေသည်။



ချာယို့လန်က တံခါးခေါက်လိုက်သည်နှင့် မရှေး မနှောင်း မှာပင် သစ်သားတံခါးမှာ အတွင်းဘက်သို့ ပွင့်သွားပြီး လူ တယောက် ခေါင်းပြူ ထွက်လာသည်ကို တွေ့မြင် လိုက်ရ လေ သည်။

ထိုလူသည် ချာယို့လန်အား တွေ့မြင်လိုက်ရသည်နှင့် ပြုံး လိုက်ပြီး အတွင်းဘက်သို့ဝင်နိုင်ရန် လမ်းဖွင့်ပေးလိုက်လေသည်။

ချာယို့လန်က ကျင်းစွမ်းဖုန်းအား ခေါင်းညိတ်ပြလိုက်ကာ ခြံဝင်းအတွင်းဘက်သို့ လှမ်းဝင်လိုက်ရာ ကျင်းစွမ်းဖုန်းကလည်း မနေသာတော့ပဲ ချာယို့လန်နောက်မှနေ၍ ခြံဝင်း အတွင်းသို့ လှမ်းဝင်လိုက်ရလေသည်။

သူ၏ခန္ဓာကိုယ်မှာ တံခါးမကြီးအား ဖြတ်ကျော်လိုက်ပြီး ခြံဝင်းအတွင်းသို့ လှမ်းဝင်မိလိုက်သည်နှင့်တပြိုင်နက် ကမ္ဘာသစ် တခုသို့ ရောက်ရှိသွားသည့်အလား ခံစားလိုက်ရလေတော့သည်။

ခြံဝင်းအတွင်းတွင်မူ........

* *

(၃)

ပန်းပွင့်များသည် ဝေဝေဆာဆာ ဖူးပွင့်နေကြ၏။

ကျောက်ဖြူပြားများ ခင်းထားသည့် လမ်းကလေး၏ ဘေး တဘက်တချက်တွင် ပန်းပင်များအား ညီညာစွာ စိုက်ပျိုးထား ပြီး အလွန်ရှားပါးပြီး အဖိုးတန်သော ပန်းမျိုးများပင် ဖြစ် လေသည်။

ထို့ကြောင့် အရောင်အသွေး မျိုးစုံလှပြီး ဝန်းကျင်တခုလုံးမှာ ပန်းကမ္ဘာတခုကဲ့သို့ဖြစ်နေ၏။

ကျောက်ဖြူပြားများ ခင်းထားသည့် လမ်းကလေးအဆုံးတွင်မူ ကြီးမားသော အိမ်ကြီးတဆောင် ရှိနေပြီး ပန်းစံအိမ် ဖြစ်သည်ဟုပင် ကျင်းစွမ်းဖုန်းက သတ်မှတ်လိုက်လေသည်။

ယခု ကျင်းစွမ်းဖုန်းမှာ ပန်းကမ္ဘာအတွင်းမှ ပန်းစံအိမ် အတွင်းသို့ ရောက်ရှိနေပြီးဖြစ်သည်။

သို့သော် အမှန်တကယ်မှာမူ ကျင်းမြို့စားနှင့် တွေ့ဆုံရန် လျှို့ဝှက်နေရာတခုသို့ ရောက်ရှိလာခြင်းသာဖြစ်သည် မဟုတ်ပါလော။

မည်သို့ဆိုစေ ကမ္ဘာပေါ်ရှိ အဖိုးတန်သောပန်းမျိုး စုံစုံလင်လင် ရှိနေအောင်ပင် စိုက်ပျိုးထားနိုင်သောကြောင့် ဤခြံဝင်းပိုင်ရှင်သည် ခေသောလူတယောက် မဟုတ်ကြောင်း ကျင်းစွမ်းဖုန်းက နားလည်လိုက်၏။

တဆက်တည်းမှာပင် ပန်းစိုက်ပျိုးခြင်းအတတ်ကို တဘက်ကမ်းခတ် ကျွမ်းကျင်သော လူတယောက်ကို သတိရလာလေသည်။

ထိုလူအား သတိရလာသည်နှင့်အမျှ ကျင်းစွမ်းဖုန်း၏မျက်နှာပေါ်ရှိ သာယာကြည်နူးပြီး ရွှင်လန်းနေသည့် အရိပ်အရောင်များမှာ ရုတ်ခြည်း ပျောက်ကွယ်သွားလေတော့သည်။

အကြောင်းမှာ ထိုလူသည် ပန်းစိုက်ပျိုးသည်မှာ တဘက်ကမ်းခပ် ကျွမ်းကျင်တတ်မြောက်သည့်ပြင် လူသတ်သည့်နေရာ



တွင်လည်း အလွန်ပင် ကျွမ်းကျင်သည့်လူတယောက် ဖြစ်နေမှန်း သူက သိရှိထားခြင်းကြောင့်ပင်ဖြစ်၏။

လေထဲမှ သင်းပျံ့လာသော ပန်းရနံ့များသည် အဆိပ်ပန်းရနံ့များအဖြစ်သို့ ပြောင်းလဲသွားသည်ဟု ကျင်းစွမ်းဖုန်း၏ စိတ်ထဲ၌ ခံစားလိုက်ရလေတော့သည်။

ထိုစဉ်မှာပင် ချာယို့လန်က....

'ကျုပ်နောက် လိုက်ခဲ့ပါ.......'

ဟု ပြတ်သားရှင်းလင်းစွာ ပြောဆိုလိုက်၏။

သူသည် ယင်းသို့ပြောပြီးသည်နှင့် ရှေ့မှဦးဆောင်၍ ကျောက်ဖြူပြား လမ်းကလေးအတိုင်းလျှောက်သွားလေသည်။

ကျင်းစွမ်းဖုန်းက လှပစွာ ဖူးပွင့်ဝေဆာနေသော ပန်းပွင့်ကလေးများအား တချက်ကြည့်လိုက်၏။

ထို့နောက် လေပူတချက် မှုတ်ထုတ်လိုက်ကာ ချာယို့လန်၏ နောက်သို့ လိုက်ပါသွားလေတော့သည်။

* * *

ပန်းစံအိမ်....

ပန်းစံအိမ် ဆိုသည်မှာ ကျင်းစွမ်းဖုန်း၏ ရင်တွင်းမှ ဖြစ်ပေါ်လာသော ခံစားချက်အရ သတ်မှတ်လိုက်ခြင်းဖြစ်သည်။

အမှန်တကယ်၌လည်း ခြံဝင်းတခုလုံး ပန်းပင်များ၊ အရောင်အသွေးစုံလင်လှသော ပန်းပွင့်များဖြင့် သာယာလှပနေသည် မဟုတ်ပါလော။

သို့သော် ပန်းစံအိမ်သည် ကျင်းစွမ်းဖုန်းအတွက်မူ သာယာလှပသည့် နေရာတခု ဖြစ်မလာနိုင်ပဲ ကျားရဲတွင်းတခုသာ ဖြစ်နေလေသည်။

ကျောက်ဖြူ လမ်းကလေးအဆုံးသို့ ရောက်ရှိလာသည်နှင့် တပြိုင်နက် စံအိမ်၏ တံခါးဝသို့ ရောက်ရှိသွား၏။

စံအိမ်တံခါးငမူတဆင့် အတွင်းဘက်သို့ လှမ်းဝင်လိုက်သည်နှင့် ကျင်းစွမ်းဖုန်းမှာ ကျားရဲတွင်းအတွင်းသို့ ကျရောက်သွားလေတော့သည်။

ကျင်စွမ်းဖုန်းတယောက် တကယ်ပဲ ကျားရဲတွင်း အတွင်းသို့ ကျဆင်းသွားလေပြီလား။

သို့မဟုတ် ကျင်းစွမ်းဖုန်းကပဲ ကျားရဲတွင်းအား ဖျက်ဆီးပစ်လိုက်နိုင်လေမည်လား ဆိုသည်ကိုမူ....

*　　*　　*

( ၄ )

ချာယို့လန်က ခြေလှမ်းရပ်တန့်လိုက်ပြီးဖြစ်သည်။

ချာယို့လန်က ခြေလှမ်းရပ်တန့်လိုက်သည်နှင့် ကျင်းစွမ်းဖုန်းကလည်း သူ၏ ခြေလှမ်းများကို ရပ်တန့်ပစ်လိုက်ရတော့၏။

ယခု သူတို့သည် စံအိမ်အတွင်းဘက်သို့ရောက်ရှိလာပြီးဖြစ်၏။

သို့သော် စံအိမ်အတွင်း၌ လူရိပ်လူရောင်ပင် မတွေ့ရသေးပါချေ။



ကျင်းစွန်းဖုန်းက အခြေအနေနှင့် ဝန်းကျင်ကို အကဲခတ်ကြည့်နေစဉ်မှာပင် ချာယို့လန်က ကျင်းစွမ်းဖုန်းနှင့် မျက်နှာချင်းဆိုင် လှည့်လိုက်ပြီး....

'ဒီအခန်းကို ဖြတ်လျှောက်သွားပြီး ဝဲဘက်ကို ချိုးကွေ့လိုက်တာနဲ့ စကြံလမ်းကလေးတခု တွေ့ရလိမ့်မယ် အဲဒီစကြံလမ်းအတိုင်း လျှောက်သွားယင် ကျင်းမြို့စားကြီးကို တွေ့နိုင်ပါလိမ့်မယ်.......'

ဟု ဖြည်းညင်းစွာ ပြောလိုက်၏။

ကျင်းစွမ်းဖုန်းက မျက်မှောင်ကုပ်လိုက်ပြီး.......

'ခင်ဗျားကော မလိုက်ဘူးလား....'

ချာယို့လန်က ခေါင်းခါ ယမ်းပြလိုက်သည်။

'.......ကျုပ် လိုက်စရာမလိုဘူး.......'

'.......ကောင်းပြီ ဒါဖြင့် ကျုပ်သွားမယ်.......'

ဤတွင် ချာယို့လန်က လမ်းဖယ်ပေးလိုက်ပြီး—

'.......မင်း ကံကောင်းပါလိမ့်မယ်ကွာ.......'

ဟု ပြောဆိုလိုက်လေသည်။

ကျင်းစွမ်းဖုန်းက ချာယို့လန်အား လှည့်ပင်မကြည့်တော့ပဲ အခန်းတွင်းမှ ဖြတ်လျှောက်သွား၏။

အမှန်တော့ သူသည် မကြာမီ အချိန်အတွင်းမှာပင် ချာယို့လန်နှင့် ပြန်လည် တွေ့ဆုံရမည်ဖြစ်ကြောင်းကို နားလည်သဘောပေါက်ထားလိုက်လေသည်။

ကျင်းမြို့စားနှင့် လျှို့ဝှက်စာအား ဖော်ထုတ်သုတ်သင် ရှင်းလင်းပစ်၍ မပြီးသေးခြင်း၊ ချာယို့လန်အား အချိန်မရွေး ပြန်လည် တွေ့ဆုံရနိုင်လေသည်။

သို့သော် နောက်ထပ်တကြိမ် တွေ့ဆုံရပါက ယခုကဲ့သို့ အခြေအနေ ကောင်းမွန်တော့မည် မဟုတ်ပါ။

သူသေကိုယ်သေ ပြင်းထန်စွာ တိုက်ခိုက် ကြရတော့မည်ဟု ကျင်းစွမ်းဖုန်းက သဘောပေါက်ထားလိုက်ပြီးဖြစ်၏။

ထိုစဉ်မှာပင် ကျင်းစွမ်းဖုန်း၏ ခြေလှမ်းများက အခန်းလေးအား ဖြတ်ကျော်မိလိုက်ပြီး ဝဲဘက်စကြံလမ်းကလေးတခုပေါ်သို့ ချောချောမောမောလိုက်ပြီး ဖြစ်လေတော့သည်။

* * *

စင်္ကြံလမ်းကလေးသည် ကျဉ်းမြောင်းပြီး ရှည်လျားနေ၏။

အခန်းငယ်တခုအား ဖြတ်ကျော်လိုက်ပြီး ဝဲဘက်သို့ချိုးကွေ့လိုက်သည်နှင့် ယင်း စင်္ကြံလမ်းသို့ ရောက်ရှိလာခြင်းဖြစ်သည်။

အခန်းငယ်အတွင်း အပြင်မှ အလင်းရောင်ရှိသည့် စင်္ကြံလမ်းကလေးတွင်မူ မှောင်မည်း၍ နေလေသည်။

အကယ်၍သာ စင်္ကြံလမ်းကလေး၏ တဘက် တချက်တွင် ထွန်းငြိထားသော မီးအိမ်များ မရှိပါက ကျင်းစွန်းဖုန်းမှာ စင်္ကြံလမ်းကလေးသို့ ရောက်ရှိလာမည်မဟုတ်ပါချေ။

ကျင်းစွမ်းဖုန်းက စင်္ကြံလမ်းကလေးသို့ ရောက်ရှိလာသည်နှင့် တပြိုင်နက် ခြေလှမ်းရပ်တန့်လိုက်သည်။



ထို့နောက် စင်္ကြံလမ်းကလေးတလျှောက် သေသေချာချာ အကဲခတ် ကြည့်ရှုလိုက်လေသည်။

ယခု သူသည် ရန်သူနယ်မြေ အတွင်းသို့ ရောက်ရှိနေသောကြောင့် အချိန်မရွေး အန္တရာယ်များ ကျရောက်နိုင်သည်မဟုတ်ပါလော—။

စင်္ကြံလမ်းကလေးအား အကဲခတ်ကြည့်နေသော ကျင်းစွမ်းဖုန်း၏ မျက်လုံးများသည် ရုတ်ခြည်းဆိုသလိုပင် အရောင်တဖိတ်ဖိတ် တောက်ပလာပြီး သူ၏နှုတ်ခမ်းထောင့်တွင်လည်း အပြုံးရိပ်များ သမ်းလာလေသည်။

သို့သော် သူ၏ မျက်နှာပေါ်၌ ဖြစ်ပေါ်လာသည့် ဟန်အမူအရာများမှာ ချက်ချင်းဆိုသလိုပင်ပြန်လည်ကွယ်ပျောက်သွားပြီး အေးတိအေးစက်ပြန်ဖြစ်သွားတော့၏။

ထိုကဲ့သို့ ပြန်ပေါ်လာပြီး တပြိုင်နက် ဆိုသလိုမှာပင် သူ၏ ခြေလှမ်းများက စင်္ကြံလမ်းကလေးအတိုင်း စတင် လျှောက်လှမ်းလိုက်လေတော့သည်။

ကျင်းစွမ်းဖုန်းက သူ၏ ရည်ရွယ်ချက်ကို ခိုင်မြဲသထက် ခိုင်မြဲစေလျက်....

* * *

တလှမ်း....

နှစ်လှမ်း....

သုံးလှမ်း....

ကျင်းစွမ်းဖုန်းကခြေလှမ်းများ တလှမ်းပြီးတလှမ်း လျှောက်လှမ်းနေသော်လည်း သူ၏ ခြေလှမ်းများသည် မနှေး မမြန်နှင့် ညီညီညာညာ ဖြစ်နေသည်ကို တွေ့ရမည်ဖြစ်သည်။

ခြေလှမ်း တလှမ်းနှင့် တလှမ်းမှာလည်း အကွာအဝေး တူညီနေသည်ကို တွေ့မြင်နိုင်လေသည်။

သူသည် ယင်းသို့ခြေလှမ်းညီညာစွာ လှမ်းလာပြီး စင်္ကြံလမ်းကလေးအတွင်း ခြေလှမ်း ဆယ့်လေးငါးလှမ်းမျှ လျှောက်လာပြီးသည်နှင့် စင်္ကြံလမ်းမှာ တစထက်တစ ကျဉ်းမြောင်းလာသည်ကိုသတိပြုလိုက်လေသည်။

တဖြည်းဖြည်းဖြင့်ကျဉ်းမြောင်းလာသောစင်္ကြံလမ်းကလေး-

ကျင်းစွမ်းဖုန်းက ပြုံးလိုက်ပြန်၏။

ယခုတကြိမ် သူ၏အပြုံးသည် များစွာအဓိပ္ပာယ် လေးနက်နေ၏။

အခြေအနေ အရပ်ရပ်သည် သူကြိုတင်မျှော်လင့်ထားသကဲ့သို့ ပြောင်းလဲလာနေပြီ မဟုတ်ပါလော။

ထိုစဉ်မှာပင်စင်္ကြံလမ်းကလေးတလျှောက်ထွန်းညှိထားသော မီးအိမ်များမှာ ရုတ်တရက် ငြိမ်သွားကြလေတော့သည်။

ထို့ကြောင့် စင်္ကြံလမ်းတခုလုံးမှာ မှောင်နှင့်မည်းမည်း ဖြစ် သွားလေသည်။



မီးအိမ်များ ရုတ်တရက်ငြိမ်းသွားသည်နှင့်တပြိုင်နက် ကျင်းစွမ်းဖုန်းကလည်း လှမ်းနေသော ခြေလှမ်းများကို ရပ်တန့်လိုက်ပြီး ရုတ်တရက်အပေါ်သို့ ခုန်တက်လိုက်ကာ ခေါင်မိုးထုတ်တန်းပေါ်သို့တွဲလောင်း ခိုလိုက်လေသည်။

ထိုတဒင်္ဂ အချိန်အတွင်းမှာပင် သူ၏ခြေထောက် အောက်ဘက်မှ လေတိုးသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ထို့ကြောင့် စင်္ကြံလမ်းတဘက်မှ ပစ်လွှတ်လိုက်သည့် လက်နက်ပုန်းများမှာ ပစ်မှတ်သို့ ထိမှန်ခြင်းမရှိပဲ လွင့်ပျံသွားကြောင်း ကျင်းစွမ်းဖုန်းက ရိပ်မိလိုက်လေသည်။

အကယ်၍သာ သူက အချိန်မီ ခေါင်မိုးထုတ်တန်းပေါ်သို့ ခုန်မတက်နိုင်ခဲ့ပါက........

ကျင်းစွမ်းဖုန်း ဆက်မတွေးတော့ပါ။ ယခုတော့ သတိနှင့် ပညာ ဝီရိယတို့ကြောင့် လက်နက်ပုန်းများ ထိမှန်မည့် ဘေးအန္တရာယ်မှ လွတ်မြောက်ခဲ့ရသည်မဟုတ်ပါလော—။

ခေါင်မိုးထုတ်တန်း........

ခေါင်မိုးထုတ်တန်း–ဟူသော စကားလုံးကို တွေးမိလိုက်သည်နှင့် တပြိုင်နက် ကျင်းစွမ်းဖုန်းက ရင်ထိတ်သွား၏။

သူရင်ဆိုင်နေရသောရန်သူများသည် အလွန်ပင်ကောက်ကျစ်စဉ်းလဲသူများဖြစ်ပြီး ဉာဏ်များသူများဖြစ်ကြောင်း သူက သဘောပေါက်ထား၏။

ထို့ကြောင့် ရန်သူများမှာ ခေါင်မိုးထုတ်တန်းပေါ်သို့ ကျင်းစွမ်းဖုန်းက ခုန်တက်လွတ်မြောက်သွားနိုင်သည်ကို ကြိုတင်တွက်ဆထားနိုင်သည် မဟုတ်ပါလော—။

ရန်သူများမှာ ခေါင်မိုးထုတ်တန်းကိုလည်း အလွတ်ပေးလိမ့်မည်မဟုတ်ဟု သူက တွေးမိလိုက်သည်နှင့် တပြိုင်နက် ရင်ထိတ်သွားပြီး အပေါ်သို့ ကပျာကယာ မော့ကြည့်လိုက်မိ၏။

ထိုစဉ်မှာပင် အမှောင်ထဲတွင် ကျင့်သားရနေသည့် ကျင်းစွမ်းဖုန်း၏ မျက်လုံးများက လျှပ်တပြက် လှုပ်ရှားသွားသော လူရိပ်တခုအား တွေ့မြင်လိုက်ရလေသည်။

တိုလူသည် ခေါင်မိုးထုတ်တန်းပေါ်တွင်ကြိုတင်ပုန်းအောင်းနေဟန်ရှိပြီး ကျင်းစွမ်းဖုန်း ခုန်တက်လာသည်နှင့် တပြိုင်နက် လျှပ်တပြက်ဆိုသလိုပင် တိုက်ခိုက်လိုက်ခြင်းဖြစ်၏။

ပိတ်လှောင်လျက်ရှိနေသောစကြံလမ်းအတွင်း လေအေးတချက် တိုက်ခတ်သွားလေသည်။

ကျင်းစွမ်းဖုန်းက ရင်ထိတ်သွားသည်။

ယခု သူ့အား ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်ခြင်း ခံလိုက်ရပြီဖြစ်လေသည်။

လူရိပ်တခု လျှပ်တပြက် လှုပ်ရှားသွားပြီး အေးစိမ့်သောလေတချက် ဝှေ့ယမ်းသွားသည်နှင့်တပြိုင်နက် ဓား၏ အငွေ့အသက်များ လွင့်ပျံ့လာသည်ကို ခံစားလိုက်ရ၏။

စိမ့်အေးစူးရှသောဓားတစင်း၏ အငွေ့အသက်များ လွင့်ပျံ့လာနေလေပြီ။

ကျင်းစွမ်းဖုန်းမှာ ခေါင်မိုးထုတ်တန်းအား ကြာကြာဆုပ်ကိုင်ထားဝံ့ခြင်းမရှိတော့ပဲ လက်လွှတ်လိုက်ရလေသည်။



ခေါင်းမိုးထုတ်တန်းအား လက်လွှတ်လိုက်သည်နှင့်တပြိုင်နက် သူ၏ ခန္ဓာကိုယ်မှာ အောက်သို့ ပြန်လည်ပြုတ်ကျသွားလေသည်။

ထိုစဉ်မှာပင်........

'........ဒုတ် ........'

ဟူသော ခပ်အုပ်အုပ် မြည်သံနှင့်အတူ–

ခေါင်မိုးသစ်သားတန်းမှာ နှစ်ပိုင်းပြတ်သွားပြီး ဖုန်များ၊ သဲများပင် အပေါ်မှ လွင့်ကျလာတော့၏။

ကျင်းစွမ်းဖုန်းက အချိန်မီ ရှောင်တိမ်းနိုင်ခဲ့သောကြောင့်သာ လွတ်မြောက်သွားခြင်းဖြစ်သောကြောင့် ကြမ်းပြင်ပေါ်သို့ပင် ပြန်လည်ခုန်မဆင်းရပဲ ဖြစ်သွား၏။

ထို့ကြောင့် ခေါင်မိုးထုတ်တန်းကို လက်လွှတ်လိုက်သည်နှင့် တပြိုင်နက် လေထဲတွင် တပတ်ကျွမ်းပစ်လိုက်ကာ ရှေ့သို့ ခုန်ထွက်သွားလေသည်။

ထိုစဉ်မှာပင် ပေါ့ပါးသော ခြေသံတချက်အား အမှတ်မထင် ကြားလိုက်ရ၏။

ထိုသို့ ကြားလိုက်ရသည်နှင့် တပြိုင်နက်........

ခေါင်မိုးထုတ်တန်းပေါ်မှ ဓားသမားမှာ အောက်သို့ ခုန်ဆင်းလာပြီးဖြစ်ကြောင်း ကျင်းစွမ်းဖုန်း ရိပ်မိလိုက်သည်။

သို့သော် သူက နောက်ကြောင်း ပြန်လှည့်ရန် မဖြစ်နိုင်တော့ပါ။

တကယ်ဆိုတော့ ခေါင်းမိုးထုတ်တန်းပေါ်မှ ခုန်ဆင်းလာသူက သူ၏ အနောက်ဘက်တွင် လမ်းပိတ်ဆို့ထားသကဲ့သို့ ဖြစ်

နေပြီး ရှေ့ဘက်တွင် လက်နက်ပုန်းဖြင့် ပစ်လိုက်သူက ရှိနေသည် မဟုတ်ပါလော။

နောက်ကြောင်း ပြန်လှည့်၍မဖြစ်နိုင်တော့သည်ကို သဘောပေါက်လိုက်သည်နှင့် ကျင်းစွမ်းဖုန်းက ကြမ်းပြင်ပေါ်သို့ ပြန်လည် ခုန်ဆင်းလိုက်လေသည်။

ထို့အပြင် အခက်အခဲ အတားအဆီး မည်မျှပင် ရှိပါစေ သူက ရှေ့သို့ တိုးသွားမည်ဟုလည်း ဆုံးဖြတ်လိုက်၏။

ကျင်းစွမ်းဖုန်းက ကြမ်းပြင်ပေါ်သို့ ခြေချမိလိုက်သည်နှင့် တပြိုင်နက် ငြိမ်သက်စွာ ရပ်နေလိုက်သည်။

အသက် မရှူဝံ့အောင်ပင် တိတ်ဆိတ် ငြိမ်သက်နေခြင်း ဖြစ်၏။

ဝန်းကျင်တခုလုံးမှာ မှောင်မည်းနေပြီး စကြိုလမ်းကလေး တလျှောက် မည်သည့်အရာကိုမျှ သဲသဲကွဲကွဲ တွေ့မြင်ရခြင်း မရှိပါချေ။

ထို့ကြောင့် အမှောင်ထုအတွင်း ချောင်းမြောင်း တိုက်ခိုက်လာသည့် ရန်သူမှာ မည်သည့်နေရာမှ ထွက်လာမည်လဲဆိုသည်ကို ခန့်မှန်းမရပဲ ဖြစ်နေ၏။

မည်သို့ဆိုစေ စကြိုလမ်းကလေးအတွင်း ရန်သူ နှစ်ယောက်ရှိနေပြီး နှစ်ယောက်ထက်ပိုချင်လည်း ပိုမည်ဖြစ်ကြောင်း ကျင်းစွမ်းဖုန်းက သဘောပေါက်ထားလေသည်။

အမှောင်ထုအတွင်းမှ ရန်သူသည် ပထမအကြိမ် တိုက်ခိုက်မှု မအောင်မြင်သည်ကို သိလိုက်ရသည်နှင့်တပြိုင်နက် ဒုတိယအကြိမ် ထပ်မံတိုက်ခိုက်လာမည်သာ ဖြစ်၏။



သို့ဆိုလျှင် အမှောင်ထုအတွင်းမှ ရန်သူက မည်သည့်အချိန်တွင် စတင်တိုက်ခိုက်လာလိမ့်မည်နည်း........

ကျင်းစွမ်းဖုန်းက မလှုပ်မယှက်ဖြင့် အမှောင်ထုအတွင်း ငြိမ်သက်စွာ ရပ်နေစဉ်မှာပင် သူ၏နောက်ကျောဘက်မှ လှုပ်ရှားသံတချက် မသဲမကွဲထွက်ပေါ်လာသည်ကို ကြားလိုက်ရတော့၏။

တဆက်တည်းမှာပင် သူ၏ အရှေ့ဘက်တည့်တည့်မှ အလင်းရောင်များ ဝင်းလက်သွားသည်ကို တွေ့မြင်လိုက်ရလေသည်။

ရန်သူသည် ဒုတိယအကြိမ် တိုက်ခိုက်လာပြီဖြစ်သည်။

ကျင်းစွမ်းဖုန်းက ဒုတိယအကြိမ် လွတ်မြောက်နိုင်ပါဦးမည်လော........

ကျင်းစွမ်းဖုန်းသည် နောက်ဆုံးတွင် အသည်းကွဲခါးအား အသုံးပြုရန် ဆုံးဖြတ်လိုက်လေတော့သည်။

* * *

(၅)

ဝန်းကျင်တခုလုံးသည် မှောင်မည်းနေ၏။

မိမိနှင့်လက်တကမ်းအကွာသို့ပင် တွေ့မြင်နိုင်ရန် မလွယ်ကူနိုင်လောက်အောင် မှောင်မည်းနေခြင်းဖြစ်သည်။

သို့သော် ဝမ်းယဲ့လိုအတွက်မူ အမှောင်သည် မည်သို့မျှ ထူးခြားခြင်း မရှိပါချေ။

သူသည် ငယ်စဉ်ကပင် ရှိခဲ့သည့် အလေ့အကျင့်ကြောင့် အလင်းရောင် လုံးဝမရှိသည့် နေရာတွင် ခြေလှမ်း မှန်ကန်စွာ လျှောက်လှမ်းသွားနိုင်၏။

ထို့အပြင် ငယ်ရွယ်စဉ်ကတည်းက ကြိမ်ဖန်များစွာ ကြုံးစားလာသော အလေ့အကျင့်အရ အသက်အရွယ်ကြီးရင့်လာသော အခါ အလင်းရောင်လုံးဝမရှိသော နေရာတွင် ရန်သူနှင့် ယှဉ်ပြိုင်တိုက်ခိုက်နိုင်သည့် အဆင့်သို့ပင် ရောက်ရှိလာခဲ့ပြီဖြစ်၏။

ထို့ကြောင့် အမှောင်ထုအတွင်း ရန်သူနှင့် ယှဉ်ပြိုင်တိုက်ခိုက်ရလျှင် မိမိက တပန်းသာကြောင်း သူက နားလည်ထား၏။

သို့သော် ဝမ်းယဲ့လိုသည် ပေါ့ဆ၀့ခြင်း မရှိပါချေ။

အကြောင်းမှာ ယခုတကြိမ် သူ ရင်ဆိုင်တိုက်ခိုက်နေရသော လူမှာ သိုင်းလောကတွင် လျှမ်းလျှမ်းတောက် ကျော်ကြားနေသည့် ကျင်းစွမ်းဖုန်း ဖြစ်နေသည် မဟုတ်ပါလော........။

ကျင်းစွမ်းဖုန်းက စကြံလမ်းကျဉ်းကလေးသို့ ဝင်ရောက်လာသည်နှင့်တပြိုင်နက် သေဆုံးသွားရမည်ဟု ဝမ်းယဲ့လိုက ယူဆထားသော်သည်း သူ၏ယူဆချက်အား ကျိန်းသေမလွဲ မှန်ကန်မည်ဟု သူ မထင်ရဲချေ။

ထို့ကြောင့် သူက သတိကြီးစွာဖြင့် ရန်သူအား ရင်ဆိုင်နေခြင်း ဖြစ်သည်။

အကယ်၍သာ သူနှင့်အတူ စကြံလမ်းကလေး အတွင်းသို့ ကျင်းစွမ်းဖုန်းအား သုတ်သင်ပစ်ရန် 'ပါထင်းချီ'က တာဝန်မယူခဲ့ပါက သူကိုယ်တိုင်လည်း လက်ခံရန် ဝန်လေးမိမည်သာ ဖြစ်၏။



သို့သော် ပါထင်းချီက သူနှင့် ပူးတွဲတာဝန်ယူလိုက်သည်နှင့် တပြိုင်နက် ကျင်းစွမ်းဖုန်း မုချသေဆုံးရမည်ဟု ဝမ်းယဲ့လိုက ယုံကြည်ထားလေသည်။

ဤသို့ဆိုလျှင် ဝမ်းယဲ့လို ယူဆထား သကဲ့သို့ အမှန်ပင် ဖြစ်ပေါ်လာနိုင်စရာ ရှိနေပါသလော။

သူတော်ကောင်းဇရပ်ပျက်အတွင်း ခြေရာခံ လိုက်ပါလာသူများအား သုတ်သင်ပစ်ရန် ပါထင်းစုနှင့်အတူ ပူးတွဲတာဝန်ယူခဲ့သည့် ပါထင်းချီက အဘယ်ကြောင့် ဤနေရာသို့ ရောက်ရှိနေရပါသနည်း........။

မည်သို့ဆိုစေ ပါထင်းချီမှာ စကြံလမ်းကလေး အတွင်းသို့ ရောက်ရှိနေပြီ ဖြစ်သည်။

ထို့အပြင် ကျင်းစွမ်းဖုန်းအား လက်နက်ပုန်းဖြင့် တိုက်ခိုက်နေပြီ ဖြစ်ပါသည်။

* * *

ပါထင်းချီ၏ မျက်လုံးများက မှေးစင်းနေ၏။

သူ၏နဖူးမှာလည်း တွန့်ထားသောကြောင့် အရေးအခင်းများပင် ထင်နေလေသည်။

သူသည် အမှောင်ထုအတွင်းရပ်လျက် အသက်ပင် ပြင်းပြင်းမရှူ၀့ပဲ ကျင်းစွမ်းဖုန်းထံ ထွက်ပေါ်လာမည့် လှုပ်ရှားသံကို စောင့်မျှော်နေခြင်း ဖြစ်၏။

သူ၏ လက်နှစ်ဘက်မှာလည်း လက်အိတ်စွပ်ထားပြီး အဆိပ်လက်နက်ပုန်း ဆယ့်လေးငါးမျိုး ဆက်တိုက် ပစ်လွှတ်နိုင်ရန် အသင့် ပြင်ဆင်ထားလေသည်။

သူ၏ လက်နက်ပုန်းပစ် ပညာသည် ပါထင်းစုလောက် ကျော်ကြားခြင်း မရှိသော်လည်း ပါထင်းစုကဲ့သို့ပင် တဘက်ကမ်းခတ် ကျွမ်းကျင် တတ်မြောက်ထားသူတယောက် ဖြစ်၏။

ဆိုရလျှင်မူ........

သူတော်ကောင်း ဇရပ်ပျက် အတွင်း ရောင်စဉ်ဘန်း သိုင်းသမားများနှင့် ယှဉ်ပြိုင် တိုက်ခိုက်ခဲ့ရာ၌ သူ၏ လက်နက်ပုန်း အစွမ်းကြောင့် မိန်းကလေးခြောက်ယောက် အခက်တွေ့ကြုံခဲ့ရသေးသည်။

ထို့အပြင် သူတော်ကောင်းဇရပ်ပျက်အတွင်း မိန်းကလေးခြောက်ယောက်အား ဝိုင်းရံတိုက်ခိုက်ခဲ့သူများအနက် အသက်ရှင်လျက် ကျန်ရစ်ခဲ့သူမှာ သူတယောက်တည်းသာ ရှိလေသည်။

ထိုတိုက်ပွဲတွင်—

မိန်းကလေးခြောက်ယောက်မှာ သိုင်းပညာ ထက်မြက်လွန်းသူများ ဖြစ်သောကြောင့် အလွယ်တကူ အနိုင်မရနိုင်ပဲ ကျင်းမြို့စား၏ လူများသာ တယောက်ပြီး တယောက် ကျဆုံးသွားကြ၏။

အကယ်၍သာ ချာယို့လန်က သူ၏ ကျောက်စိမ်းမြွေဖြင့် မိန်းကလေးများအား သုတ်သင်ပစ်ရန် ထားခဲ့ခြင်း မရှိပါက သူကိုယ်တိုင်လည်း မိန်းကလေးများ၏ လက်ချက်ဖြင့် သေဆုံးသွားနိုင်ကြောင်း ပါထင်းချီက သဘောပေါက်ထားလေသည်။



ကျောက်စိမ်းမြွေမှာ အဆိပ် အလွန်ပြင်းထန်သည့် မြွေတကောင်ဖြစ်သော်လည်း အမွှေးနံ့တမျိုးကိုမူ အလွန်ပင်ကြောက်ရွံ့သည်။

ကျောက်စိမ်းမြွေ၏ ချွတ်ယွင်းချက်အား နားလည် သဘောပေါက်ထားသည့် ချာယို့လန်က ပန်းပွင့်များမှ စုဆောင်းဖော်စပ်ထားသည့် အမွှေးနံ့တမျိုးဖြင့် သူ၏လူများကို လိမ်းကျံပေးထားခြင်းဖြင့် ကျောက်စိမ်းမြွေက သူ့လူကိုယ့်လူ ခွဲခြားသိနိုင်ပြီး ရန်သူကိုသာ ရွေးချယ်တိုက်ခိုက်ခဲ့လေသည်။

ပါထင်းချီမှာ ချာယို့လန် သင်ကြားပေးထားသည့် ပလွေသံစဉ်တပိုဒ်အား တီးမှုတ်လျက် ကျောက်စိမ်းမြွေအား ရန်သူနှင့် တိုက်ခိုက်ရန် ခိုင်းစေခဲ့ပြီး ကျန်တဘက်မှလည်း လက်နက်ပုန်းဖြင့် မိန်းကလေးများအား တိုက်ခိုက်ခဲ့၏။

မိန်းကလေးခြောက်ယောက်စလုံးသေဆုံးသွားကြပြီးနောက် သူက ပါထင်းစုနှင့် ငွေဗျိုင်းတို့အား ကူညီရန် သူတော်ကောင်းဇရပ် အပြင်ဘက်သို့ လှမ်းထွက်လိုက်ရာ အပြင်ဘက်တွင် အခြေအနေများ ပြောင်းလဲသွားပြီ ဖြစ်သည်ကို တွေ့မြင် လိုက်ရလေသည်။

သူ၏အစ်ကိုဖြစ်သူ ပါထင်းစုနှင့်ဝူလီတို့မှာမြေပေါ်တွင်လဲကျသေဆုံးနေကြပြီး ငွေဗျိုင်းမှာ ပျောက်ခြင်းမလှ ပျောက်ဆုံးသွားပြီ ဖြစ်၏။

အခြေအနေမှာ သူထင်ထားသည်ထက်ပင် ပို၍ ဆိုးရွားစွာဖြစ်ပေါ်ခဲ့၏။

ပါထင်းချီမှာ ခံပြင်း ဒေါသထွက်သည့် စိတ်များ ဖြစ်ပေါ်လာသော်လည်း အခြေ အနေ မဟန်မှန်း သဘောပေါက်လိုက်သောကြောင့် ယန့်ကျဲမုနှင့် ဖြူဖြူတို့ မရိပ်မိသေးမီမှာပင် ထွက်ပြေး တိမ်းရှောင်ခဲ့ခြင်း ဖြစ်လေသည်။

မည်သို့ဆိုစေ ယခုအခါ၌ သူသည် ကျင်းစွမ်းဖုန်းနှင့် ရင်ဆိုင်တွေ့ဆုံနေရပြီး ဖြစ်၏။

ယန့်ကျဲ့မုနှင့် ဖြူဖြူတို့အပေါ် မကျေမနပ်ဖြစ်နေသည့်စိတ်များမှာလည်း ယန့်ကျဲ့မုဘက်သို့ ကူးပြောင်းသွားပြီ ဖြစ်လေသည်။

အကြောင်းမှာ ကျန် ပြဿနာရပ်များအား မြစ်ဖျားခံလာသည်မှာ ကျင်းစွမ်းဖုန်းမှ စတင်လာခဲ့သောကြောင့်ဟု သူ ယူဆထားခဲ့သည် မဟုတ်ပါလော။

ထိုစဉ်မှာပင် အမှောင်ထုအတွင်းမှ လှုပ်ရှားသံတချက်အား ခပ်သဲ့သဲ့ ကြားလိုက်ရလေသည်။

ပါထင်းချီက လက်နှစ်ဘက် မြှောက်လိုက်ကာ လက်နက်ပုန်းများ ပစ်လွှတ်ရန် အသင့်ပြင်လိုက်၏။

သို့သော် သူက ချက်ချင်း ပစ်လွှတ်လိုက်ခြင်း မရှိသေးပါ။

အကြောင်းမှာ ယန့်ကျဲ့မု၏ အနောက်ဘက်တွင် ဝမ်းယဲ့လိုက ရှိနေသည်ကို သူကရိပ်စားမိထားခြင်းကြောင့်ပင်ဖြစ်ပါ၏။

ထို့ကြောင့် သူသာ လက်နက်ပုန်း ပစ်လွှတ်လိုက်လျှင် ဝမ်းယဲ့လိုအား မတော်တဆ ထိခိုက်သွားနိုင်သည်။



ပါထင်းချီက ယင်းသို့ ဝေခွဲမရဖြစ်နေစဉ်မှာပင် အမှောင်ထုတွင်းမှ လှုပ်ရှားမှုများ ဖြစ်ပေါ်လာသည်ဟု ထင်မှတ်လိုက်မြီး ရင်ထဲ၌ စိုးရိမ်ထိတ်လန့်မှုများ ပေါ်ပေါက်လာတော့၏။

အကယ်၍သာ ဝမ်းယဲ့လို၏ လှုပ်ရှားမှုမဟုတ်ပဲ ကျင်းစွမ်းဖုန်းက လှုပ်ရှားတိုက်ခိုက်လာလျှင် အခက် တွေ့ကြုံရနိုင်သည်ဟု သူ ယူဆလိုက်ပြီး စဉ်းစားခြင်းပင်မပြုပဲ လက်နှစ်ဘက်ကို ဝှေ့ယမ်းပစ်လိုက်လေတော့သည်။

သူက လက်နှစ်ဘက် ဝှေ့ယမ်း လိုက်သည်နှင့် တပြိုင်နက် အဆိပ် လက်နက်ပုန်း ဆယ့်လေး ငါးမျိုးခန့်မှာ အမှောင်ထု အတွင်းသို့ လျှပ်တပြက် လွင့်ပျံ ပြေးလွှားသွားတော့၏။

လက်နက်ပုန်းများမှာ အလင်းရောင် ဝင်းလက် သွားပြီး အမှောင်ထုထဲသို့ ပစ်လွင့်သွားသည်နှင့် တပြိုင်နက် လျှပ်တပြက်လျင်မြန်စွာလှုပ်ရှားလိုက်သော ခြေသံတချက်ကြားလိုက်ရသည်။

တဆက်တည်းမှာလည်း........

ထူးဆန်းသော ခြူသံတချက်ကိုကြားလိုက်ရလေတော့သည်။

*　　　*　　　*

ဝမ်းယဲ့လို၏ ခေါ်သည် လေပွေတခုပမာ ရှေ့သို့ ဝေ့ဝိုက်ထိုးခုတ်လိုက်၏။

သူက လက်ကို ရှေ့သို့ဆန့်ထုတ်လိုက်သည်နှင့် တပြိုင်နက် အမှောင်ထုတွင်းသို့ သုံးနေရာခွဲကာ တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

ထို့အပြင် တပြိုင်နက်တည်း ဆိုသလိုပင် ဓားကွက်ငါးကွက်တိတိ ထုတ်ဖော် တိုက်ခိုက်လိုက်၏။

ထို့ကြောင့် အမှောင်ထုအတွင်းရှိ ကျင်းစွမ်းဖုန်းက ရှောင်တိမ်းနိုင်စွမ်း မရှိတော့ဟု သူက ယုံကြည်ထားလေသည်။

ထိုနည်းတူစွာပင် လက်နက်ပုန်းများ ပစ်လွှတ်လိုက်သည့် ပါထင်းချီကလည်း သူ၏ လက်နက်ပုန်းများအား ကျင်းစွမ်းဖုန်း ရှောင်တိမ်းနိုင်စွမ်း မရှိဟု ယူဆထားသည် မဟုတ်ပါလော........။

ဓားကွက်ငါးကွက် ဆက်တိုက်ထုတ်ဖော်တိုက်ခိုက်လိုက်သော်လည်း လေထဲသို့သာ ခုတ်ချမိလိုက်သည်ကို သတိပြုမိလိုက်သော ဝမ်းယဲ့လိုက ရင်ထိတ်သွား၏။

ကျင်းစွမ်းဖုန်းသည် အမှောင်ထုအတွင်း မူလ ရပ်တန့်နေသော နေရာမှ နေရာသို့ရွှေ့ပြောင်းသွားပြီဖြစ်ကြောင်းကိုလည်း သူက ချက်ချင်းပင် သဘောပေါက်လိုက်လေတော့၏။

ထို့ကြောင့် ဝမ်းယဲ့လိုတိုက်ခိုက်သည့် ဓားကို ကပျာကယာ ရုပ်သိမ်းလိုက်ပြီး နောက်ဆုတ်လိုက်ရန် ဟန်ပြင်လိုက်တော့၏။

ထိုအဖြစ် အချိန်အတွင်းမှာပင် လေတိုးသံတဟူးဟူး ထွက်ပေါ်လာပြီး သူ၏ခန္ဓာကိုယ် နေရာအနှံ့အပြားသို့ လက်နက်ပုန်းများက တိုးဝင်လာနေကြောင်း သတိပြုမိလိုက်၏။

သူ့လူထံမှ ပစ်လွှတ်လိုက်သောက်သော လက်နက်ပုန်းများ။ ယင်းတို့သည် သူ့ထံသို့ တိုးဝင်လာနေချေပြီ။

ဝမ်းယဲ့လို၏ မျက်လုံးများ ပြူးကျယ်သွား၏။

သူသည် ကပျာကယာ နောက်သို့ ခုန်ဆုတ်လိုက်ပြီး။

'လူမှားပြီ........'

ဟု အသံကျယ်လောင်စွာဖြင့် အော်ဟစ်ဟန့်တားလိုက်၏။



သို့သော် အဆိပ်လက်နက်ပုန်းများက သူ၏ စကားကို နားလည်ကြခြင်း မရှိပါချေ။

နောက်သို့ ကပျာကယာ ခုန်ဆုတ်သွားသော ဝမ်းယဲ့လို၏ ရင်ဝသို့ အရှိန်မပျက် တိုးဝင်သွားကာ ထိမှန်သွားကြလေတော့သည်။

'အား....'

ဝမ်းယဲ့လိုမှာ စူးရှစွာ အော်ဟစ်လိုက်ပြီး နောက်သို့ ပက်လက်လန် လဲကျသွားလေတော့သည်။

သူအသက်မသေဆုံးမီ လှုပ်ယမ်းသွားသော ခြူသံတသံကို ကြားရသည်။ တဆက်တည်းမှာပင် ပါထင်းစု၏ နာကျင်စွာ အော်ဟစ်လိုက်သောအသံကိုလည်း မသဲမကွဲကြားလိုက်ရသည်။ ထို့နောက် အရာရာကို မေ့လျော့သွားတော့သည်။

ဝမ်းယဲ့လို နောက်ဆုံး သိလိုက်သည်မှာ နက်ရှိုင်းလှစွာသော အမှောင်ထုကြီးထဲသို့ သူတကိုယ်လုံး အရှိန်ပြင်းစွာ ဝင်ရောက်သွားခြင်းပင်ဖြစ်၏။

*　　　*　　　*

ဝမ်းယဲ့လို၏ အသံက ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

ပါထင်းချီက မျက်လုံးပြူးကျယ်သွားသည်။

ဝမ်းယဲ့လို၏ အော်ဟစ်သတိပေးလိုက်သည့်အသံကို ကြားလိုက်ရသော်လည်း သူက လက်လွှန်သွားပြီဖြစ်၏။

သူ ဘာမျှ မတတ်နိုင်တော့ပါ။

ထို့ကြောင့် စူးရှသော ဝမ်းယဲ့လို၏အသံ ထွက်ပေါ်လာသည်နှင့် သူ၏လက်နက်ပုန်းများ ထိမှန်သွားပြီဖြစ်ကြောင်း ချက်ချင်း သိလိုက်ရ၏။

သူ၏ လက်နက်ပုန်းများသည် အဆိပ် အလွန်ပြင်းထန်လှသဖြင့် ဝမ်းယဲ့လိုမှာ အသက်ရှင်သန်နိုင်ရန်မရှိတော့ပါချေ။

ဝမ်းယဲ့လို သေဆုံးသွားသည်ဆိုလျှင် ကျင်းစွမ်းဖုန်းက လွတ်မြောက်သွားရမည်သာဖြစ်၏။

ပါထင်းချီသည် အံ့သြစွာ ဆက်စပ် တွေးတောလိုက်မိ၏။

ထိုစဉ်မှာပင် လေတိုးသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရပြီး လူဘယောက်က သူ့ထံသို့ တိုးဝင်လာနေသည်ကို သတိပြုမိလိုက်၏။

ပါထင်းစုက ရင်ထိတ်သွားပြီး လက်နက်ပုန်းဖြင့် ပစ်ရန် အတွက် လက်မြှောက်လိုက်သည်။

ထိုတဒင်္ဂအချိန်အတွင်းမှာပင်........

'ချင်....' ကနဲ ဓားသံတချက် ထွက်ပေါ်လာပြီး ပါထင်းစု၏ ခန္ဓာကိုယ်မှာ ယိမ်းယိုင်သွားလေသည်။ သူ၏မျက်နှာမှာလည်း ရှုံ့မဲ့သွားရတော့၏။

တဆက်တည်းမှာလည်း........

သူ၏ ရင်ဝတွင် စူးရှနာကျင်သော ဝေဒနာတရပ် ခံစားလိုက်ရပြီး အသည်းနှလုံးများ ကွဲအက် ကြေမွသွားသကဲ့သို့ ခံစားလိုက်ရလေသည်။

ပါထင်းချီက မျက်လုံးပြူးကျယ်သွားပြီး အလန့်တကြား အော်ဟစ်လိုက်သည်။



'အသည်းကွဲဓား'

သူ၏ စကားလုံးများသည် အပြင်သို့ ထွက်မလာနိုင်တော့ပဲ လည်ချောင်းတွင်သာ တစ်ဆို့ပျောက်ကွယ်သွား၏။

သူ၏ ခန္ဓာကိုယ်မှာလည်း ဒူးများပျော့ခွေသွားကာ ကြမ်းပြင်ပေါ်သို့ တအိအိလဲကျသွားလေတော့သည်။

အသည်းကွဲဓားဖြင့် ပါထင်းချီတယောက်လည်း လူ့လောကမှ ထွက်ခွာသွားရပြန်ချေပြီ။

* * *

ဝန်းကျင်တခုလုံးသည် တိတ်ဆိတ်နေ၏။

အမှောင်ထုမှာလည်း စကြဝဠာလမ်းကလေးအတွင်း နေရာယူလျက်ပင် ရှိလေသည်။ ကျင်းစွမ်းဖုန်းက လျှပ်တပြက် လှုပ်ရှားပြီးသည်နှင့်တပြိုင်နက် ခြေချမိလိုက်သော နေရာတွင်ပင် မလှုပ်မယှက် ရပ်နေလိုက်၏။

သို့မှသာ သူ၏ တိုက်ခိုက်မှု မအောင်မြင်ပဲ လွဲချော်သွားခဲ့ပါက ရန်သူများအနေဖြင့် ချက်ချင်းတန်ပြန်တိုက်စစ်မဆင်နိုင်ပဲ ရှိမည်မဟုတ်ပါလော။

ထိုစဉ်မှာပင် မသဲမကွဲ ညည်းညူသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရပြီး........

'ဝုန်း................'

လူတယောက် ကြမ်းပြင်ပေါ်သို့ လဲပြိုကျသွားသည့်အသံကို ကြားလိုက်ရလေသည်။

ကျင်းစွမ်းဖုန်းက သက်ပြင်းချလိုက်သည်။

သူ၏ အနောက်ဘက်မှ ရန်သူမှာ လဲကျသေဆုံးသွားပြီဖြစ်သည်ကို သူက သိရှိထားပြီးဖြစ်ရာ ယခုကြားလိုက်ရသော အသံသည် သူ၏ရှေ့မှရန်သူ လဲကျသွားသောအသံပင် ဖြစ်ရမည်ဟု သူက ခန့်မှန်းတွက်ချက်လိုက်သည်။

သူ၏ အသည်းကွဲဓားချက် တချက်တည်းနှင့် ရန်သူအားသေဆုံးသွားစေသည်ဟူသော ဆိုရိုးစကားမှာ သွေဆည်သွားခြင်း မရှိပဲ ရန်သူအား အနိုင်ရရှိခဲ့ပြီးဖြစ်ပါသည်။ အမှောင်တွင်း၌ဖြစ်သော်လည်း သူ၏ တိုက်ခိုက်မှုမှာ အောင်မြင်ခဲ့၏။ ရန်သူ၏ ရင်ဝတည့်တည့်သို့ပင် သူ၏ဓားချက်ကို သွင်းနိုင်ခဲ့၏။ ထို့ကြောင့်လည်း သူ့အား အသည်းကွဲဓားပိုင်ရှင်ဟု တင်စားခေါ်ဝေါ်ကြခြင်း ဖြစ်လေသည်။

ကျင်းစွမ်းဖုန်းက အမှောင်ထုအတွင်း အတန်ကြာငြိမ်သက်နေပြီးမှ ရုတ်တရက်ရှေ့သို့ လျင်မြန်စွာ ခုန်ထွက်လိုက်ပြီး စကြံလမ်းကလေးအတိုင်း တဟုန်ထိုး ပြေးလွှားသွား၏။ သူသည် စကြံလမ်းတလျှောက် ထပ်မံတိုက်ခိုက်လာမည့်ရန်သူ မရှိတော့ဟူသော ယူဆချက်ဖြင့် ယခုကဲ့သို့ အရဲစွန့်လိုက်ခြင်းဖြစ်၏။

သူ၏ ယူဆချက်မှာ မှန်ကန်သလိုရှိနေ၏။

စကြံလမ်းတလျှောက် ထပ်မံတိုက်ခိုက်မည့်သူ တယောက်မျှ မရှိပဲ ကျင်းစွမ်းဖုန်းက လွတ်လွတ်ကျွတ်ကျွတ် ပြေးလွှားလာနိုင်ခဲ့လေသည်။

သူသည် အမှောင်ထုအတွင်း တဟုန်ထိုး ပြေးလွှားလာခဲ့ရာ အတန်ကြာ ပြေးလွှားလာမိသည်နှင့် ရုတ်တရက် ရှေ့တွင် ပိတ်ဆို့ထားသော နံရံတခုနှင့် ဝင်ဆောင့်လိုက်တော့၏။



'ဝုန်း........'

အမှန်စင်စစ်........

ကျင်းစွမ်းဖုန်း ဝင်တိုက်မိလိုက်သည်မှာ နံရံမဟုတ်ပဲ တံခါးတခုဖြစ်နေသောကြောင့် တံခါးမှာ ဝုန်းကနဲ ပွင့်သွားလေသည်။

ကျင်းစွမ်းဖုန်းမှာလည်း အရှိန်ကို မထိန်းနိုင်တော့ပဲ အခန်းတွင်းသို့ လဲပြိုကျသွားတော့၏။ သူက အခန်းတွင်းသို့ ရောက်ရှိသွားသည်နှင့် ရုတ်တရက် တွေ့မြင်လိုက်ရသော အလင်းရောင်ကြောင့် မျက်လုံးများ ပြာဝေသွားလေသည်။

ထိုစဉ်မှာပင် ကြီးမားသော ပိုက်ကွန်တခုက သူ၏ ခန္ဓာကိုယ်အား လွှမ်းခြုံလာလေတော့သည်။

*     *     *

( ၆ )

အခန်းတခုလုံးသည် လင်းလင်းချင်းချင်းဖြစ်နေ၏။

ထို့ကြောင့် ကျင်းစွမ်းဖုန်းက မျက်လုံးများ ဖွင့်လာနိုင်သည်နှင့်တပြိုင်နက် အခန်းတွင်းရှိ အရာဝတ္ထုများအား တွေ့မြင်လိုက်ရလေသည်။

အခန်းမှာ မကျဉ်းမကျယ်သော အနေအထားတွင် ရှိပြီး အခန်းတွင်း၌ အိမ်ထောင်ပရိဘောဂ အသုံးအဆောင်များ ရှိမနေပါချေ။

သို့သော် အိမ်ထောင်ပရိဘောဂများအစား လူသုံးယောက်သာ ရှိနေ၏။

ယခု ကျင်းစွမ်းဖုန်းမှာ ပိုက်ကွန်ဖြင့် အုပ်ချလိုက်ခြင်းခံလိုက်ရပြီဖြစ်သောကြောင့် မလှုပ်မရှားနိုင်ပဲ ဖြစ်နေရလေသည်။

ထို့ကြောင့် အခန်းတွင်းရှိ လူသုံးယောက်က သူ့အား လွယ်လွယ်နှင့် သတ်ပစ်နိုင်လေသည့် အနေအထားတွင် ရှိနေ၏။

သို့သော် ထိုလူသုံးယောက် ကျင်းစွမ်းဖုန်းအား သတ်ပစ်ခဲ့ခြင်း မရှိပါ။

ကျင်းစွမ်းဖုန်းမှာ ပိုက်ကွန်အောက်တွင် လူးလွန့်နေသည့် ငါးတကောင်ပမာ ရုန်းမထွက်နိုင်ပဲ ရှိနေသည့်အတွက် သတ်ပစ်ရန် မလိုအပ်တော့ဟု ထိုလူများက ယူဆထားကြဟန်တူသည်။

ထိုလူသုံးယောက်သည် ကျင်းစွမ်းဖုန်းမှာ သူတို့၏ ထောင်ချောက်တွင်းသို့ ကျရောက်လာသည်ကို တွေ့မြင်လိုက်ရသည်နှင့် တပြိုင်နက် လျှပ်တပြက် ဝဲယာ သုံးဘက်သုံးတန် လူစုခွဲလိုက်ပြီး ကျင်းစွမ်းဖုန်းထံသို့ ဝိုင်းရံလာကြ၏။

ထို့နောက် လျှပ်တပြက်ချဉ်းကပ်လာကြကာ ကျင်းစွမ်းဖုန်းအား စိုင်း၍ ချုပ်နှောင်လိုက်ကြလေသည်။

ယခု ကျင်းစွမ်းဖုန်းမှာ ပိုက်ကွန်ထဲမှငါးတကောင် မဟုတ်တော့ပါ၊ ငါးတကောင်နှင့်ပင် မတူတော့ပါ။

ပမာနှိုင်းရလျှင်........

ကြိုးတုပ်ခံရသော ဝက်တကောင်ကဲ့သို့ ဖြစ်နေ၏။



ကျင်းစွမ်းဖုန်းက လုံးဝမလှုပ်ရှားနိုင်ပဲ အဖမ်းခံလိုက်ရသည်နှင့်တပြိုင်နက် ထိုလူသုံးယောက်က သဘောကျစွာ တဟားဟားရယ်မောလိုက်ကြလေသည်။

'ဟား....ဟား....ဟား.... ဘာတတ်နိုင်သေးသလဲ....'

'ဟား....ဟား.... ကျင်းစွမ်းဖုန်း- ကျင်းစွမ်းဖုန်းနဲ့....ခုတော့'

'ဟား... ဟား.... အချောက်တိုက် နာမည် ကြီးနေ တာပါကွာ........'

သူတို့သည် တယောက်တပေါက် လှောင်ပြောင်ပြောဆိုလိုက်ကြပြီး ကျင်းစွမ်းဖုန်းအား တွန်းကာထိုးကာဖြင့် အခန်းတွင်းမှခေါ်ထုတ်သွားလေသည်။

ကျင်းစွမ်းဖုန်းက စကားတခွန်းမျှမပြောပဲ ထိုလူသုံးယောက်နောက်မှ လိုက်ပါသွား၏။

မကြာမီ သူတို့သည် အခန်းကလေးအား လွန်မြောက်လာပြီး ပန်းဥယျာဉ်တခုသို့ ရောက်ရှိလာလေသည်။

ပန်းဥယျာဉ်သို့ ရောက်ရှိလာသည်နှင့် တပြိုင်နက်–

ယင်းမှာ အလွန်ခမ်းနားသော ဥယျာဉ်တခုဖြစ်ပြီး ဝန်းကျင် တခုလုံးတွင် ပန်းပင်များဖြင့်သာ ပြည့်နှက်နေကြောင်း တွေ့မြင်လိုက်ရ၏။

ကျင်းစွမ်းဖုန်း မျက်မှောင်ကုပ်သွားသည်။

သူ့အား ဖမ်းဆီးလာသည့် လူသုံးယောက်အား နားမလည်နိုင်စွာ ကြည့်လိုက်ပြီး........

'ကျုပ်ကို ဘယ်ခေါ်သွားမလို့လဲ'

ဟု လှမ်းမေးလိုက်မိ၏။

လူသုံးယောက်အနက်မှ အရပ်အရှည်ဆုံးလူက မဲ့ပြုံးပြုံးလိုက်ပြီး........

'မင်း အခုထိ မသေသေးဘူးလား'

ကျင်းစွမ်းဖုန်းက သက်ပြင်းတချက် ချလိုက်ကာ—

'ကေန္တတော့ ကျုပ်ကို မိန်းမပေးစားမလို့နဲ့တူတယ်'

သူ၏စကားကြောင့် လူသုံးယောက်မှာ ဒေါသ အမျက်ချောင်းချောင်းထွက်သွား၏။

အရပ်အရှည်ဆုံးလူက မျက်နှာမည်းမှောင်သွားပြီး........

'မင်းပါးစပ်ပိတ်ထားစမ်း'

ဟု မာန်မဲလိုက်ကာ ပါးရိုက်ချလိုက်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင်........

'မလုပ်နဲ့'

ဟန့်တားသံတချက် ထွက်ပေါ်လာပြီး ကျောက်ဖြူပြားများစီရရီ ခင်းထားသော လမ်းကလေး၏ ဘေးတဘက်တချက်တွင်ရှိသော ပန်းပင်များမှာ ယိမ်းထိုး လှုပ်ရှားသွားသည်ကို တွေ့မြင်လိုက်ရ၏။

တဆက်တည်းမှာပင် လူတယောက်က ပန်းပင်များအကြားထိုင်နေရာမှ ရုတ်တရက် မတ်တတ်ရပ်လိုက်သည်ကိုလည်း တွေ့မြင်လိုက်ရလေသည်။

ထိုလူသည် ထိုင်ရာမှ ထလိုက်ပြီး ကျင်းစွမ်းဖုန်း အနီးသို့လျှောက်လာကာ–



'ရှင် လက်ခံမယ်ဆိုယင် ကျွန်မ ရှင့်ကို လက်ထပ်ပါ့မယ်ရှင်'

ဟု တလုံးချင်း ပြောလိုက်လေတော့သည်။

*   *   *

ကျင်းစွမ်းဖုန်းက အပျင်းတချက်ဆန့်လိုက်၏။

ယခု သူ၏ခန္ဓာကိုယ်ပေါ်မှ ချည်နှောင်ထားသည့် ကြိုးများပြည်လိုက်ပြီး ဖြစ်၏။

ထို့အပြင်—

သူ့အား ဖမ်းဆီး ခေါ်ဆောင်လာသည့် လူသုံးယောက်မှာလည်း ထွက်ခွာသွားပြီး ဖြစ်လေသည်။

ထို့ကြောင့် ကျင်းစွမ်းဖုန်းမှာ ရန်သူလက်တွင်းမှ လွတ်မြောက်သွားပြီဟု ယူဆနိုင်ဖွယ်ရာရှိ၏။ သို့သော်........

ကျင်းစွမ်းဖုန်းက လွတ်မြောက်သွားခြင်း မရှိသေးပါ။

သူသည် ယခုအခါတွင်........

သူ့အား ဖမ်းဆီး ခေါ်ဆောင်လာသည့် လူသုံးယောက်ထက်ပင် ကြောက်စရာကောင်းသော လူတယောက်နှင့် ရင်ဆိုင်နေရပြီ ဖြစ်ပါသည်။

ကျင်းစွမ်းဖုန်းက ဟန်ဆောင်ပြုံးလိုက်၏။

ထို့နောက် ပန်းပွင့်ကလေး တပွင့်အား ခူးဆွတ် လိုက်ပြီး အားရပါးရ မွှေးကြူလိုက်သည်။

အမှန်စင်စစ်— သူသည် ကျင်းမြို့စားနှင့်တွေ့ဆုံရန်လာခဲ့ခြင်းဖြစ်၏။

ယခုတော့-- ကျောင်းမြို့စားက ဘယ်ဆီနေမှန်းမသိပဲ၊ မိန်းမရမည့်ကိန်း ဆိုက်သလို ဖြစ်နေချေလေပြီ။

ကျောင်းစွမ်းဖုန်းက ပန်းပွင့်ကလေးကိုသာ စူးစိုက် ကြည့်နေသော်လည်း သူ၏ရှေ့တည့်တည့်တွင်ရှိနေသော မိန်းကလေးအား တချက်ကလေးမျှပင် မကြည့်ပါချေ။

ထိုမိန်းကလေးအား ကျောင်းစွမ်းဖုန်းက မကြည့်ရဲသည့်အလား ရှိနေသဖြင့် ယင်းမှာ အလွန် အကျည်းတန်သည့် မိန်းကလေး တယောက်ပေလောဟု မေးစရာ ရှိ၏။

အမှန်စင်စစ်--

မိန်းကလေးသည် အလွန် ချောမောလှပသော မိန်းကလေး တယောက် ဖြစ်၏။

သူမ၏မျက်လုံးများသည် ဝိုင်းစက်ကြည်လင်နေပြီး နှာတံမှာ ဖြောင့်စင်းနေ၏။

နှုတ်ခမ်းမှာလည်း နီရဲလျက်ရှိကာ ပါးပေါ်တွင် ပါးချိုင့်ကလေးများပင် ရှိနေလေသည်။

ထို့ကြောင့် မည်သူမဆို ထိုမိန်းကလေးအား တွေ့မြင်လိုက်သည်နှင့် သူမ၏ အလှအပတွင် ယစ်မူးသွားနိုင်သည်မှာ မလွဲမသွေ သေချာလှပါသည်။

သို့သော် ကျောင်းစွမ်းဖုန်းက မိန်းကလေးအား စိုက်ကြည့်လိုက်ခြင်း မရှိပါ။

ထို့ပြင်........

မိန်းကလေး၏ အလှအပ၌လည်း သာယာသစ်မူးမိခြင်း မရှိပါချေ။



မိန်းမလှလေးများ၏ အလှအပတွင် သာယာယစ်မူးမိသည့် လူများသည် အသက်ရှည်ရှည်မနေရပဲ လောကပေါ်မှ ပျောက်ကွယ်သွားတတ်ကြသည်ကို သူကသိရှိထားသည် မဟုတ်ပါလော။

ထိုစဉ်မှာပင် မိန်းကလေးက ချစ်စဖွယ် ပြုံးလိုက်ပြီး

'ရှင် ကျွန်မကို လက်ခံမယ် မဟုတ်လား........'

သူမ၏ လေသံသည် သူမ၏ အလှအပနှင့် လိုက်ဘက် ညီစွာ ချိုလွင်သာယာနေ၏။ ကျောင်းစွမ်းဖုန်းက ခေါင်းခါယမ်းလိုက်ကာ

'ဝမ်းနည်းပါတယ်ဗျာ၊ ကျုပ် မိန်းမယူယင် အသက်တို လိမ့်မယ်လို့ ဗေဒင်က ဟောထားလို့ပါ'

သူ၏ စကားကြားလိုက်ရသောအခါ မိန်းကလေးကသဘောကျစွာ တခစ်ခစ် ရယ်မောလိုက်လေသည်။

သူမသည် အတန်ကြာ ရယ်မောလိုက်သည်။

ပြီးမှ ချိုသာသော လေသံကလေးဖြင့်--

'ရှင် ကျွန်မကို လက်မခံယင် ကျွန်မ ရှင့်ကို သတ်ပစ်လိုက်မှာပဲ၊ အဲဒါဆို ရှင်က ပိုပြီး အသက် တိုသွားလိမ့်မယ် မဟုတ်လား'

ကျောင်းစွမ်းဖုန်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ဗျာ'

'ဒါဖြင့် ရှင် ကျွန်မကို လက်ခံမယ်ပေါ့'

မိန်းမလှလေးကမျှော်လင့်ခြင်းကြီးစွာထားဟန်ဖြင့်မေး လိုက်ပြန်၏။

ကျင်းစုမ်းဖုန်းက ဒုတိယအကြိမ် ခေါင်းခါယမ်းလိုက်ကာ
'မဖြစ်နိုင်ပါဘူးဗျာ....'
မိန်းမလှလေးက အရှုပ်ဆိုးစွာ မဲ့ပစ်လိုက်ယင်း–
'ရှင် သေချင်လို့လား–'
'ကျုပ် မသေချင်သေးပါဘူး'
မိန်းကလေးက ဒေါသတကြီးဖြင့်
'ရှင် ကျွန်မစကားကို နားမထောင်ယင် အခုချက်ချင်း သေသွားနိုင်တယ်ရှင့်'
'ဒါကို ကျုပ် သဘောပေါက်ပါတယ်'
မိန်းမလှလေးက နားမလည်နိုင်စွာ–
'ဒါဖြင့် ရှင် ဘာဖြစ်လို့ ငြင်းရတာလဲ'
'ကျုပ်မှာ အကြောင်းရှိလို့ပါ........'
မိန်းကလေးက မျက်မှောင်ကုပ်သွားကာ–
'ကျင်းမြို့စားကို ရှင် တွေ့ချင်တယ် ဟုတ်လား........'
'ဟုတ်တယ်'
မိန်းကလေးက တွေဝေသွား၏။

အမှန်တော့ သူမသည် တစုံတခုကို ဆုံးဖြတ်ချက်ချရန် စဉ်းစားနေခြင်းဖြစ်၏။

သူမသည် အတန်ကြာ စဉ်းစားလိုက်ပြီးမှ–
'သူ ဒီမှာ မရှိတော့ပါဘူးရှင်'
'ဗျာ'
ကျင်းစွမ်းဖုန်းက ပါးစပ်ဟောင်းလောင်း ဖြစ်သွားရသည်။



သူသည် မိန်းကလေးအား နားမလည် နိုင်စွာဖြင့် ကြည့်လိုက်ပြီး....
'သူ ထွက်သွားပြီ ဟုတ်လား'
'ဟုတ်တယ်'
'ကျုပ် ဒီနေရာကို ရောက်လာတဲ့ အချိန်မှာ သူ ဒီနေရာက ထွက်သွားတာ ဟုတ်လား'

ကျင်းစွမ်းဖုန်းက သူ၏ တွက်ဆချက်ကို ပြောဆိုလိုက်သည်။

သူ၏ စကားကြောင့် မိန်းကလေးက အံ့သြသွားဟန်ဖြင့်........
'ရှင် ဘယ်လိုလုပ်သိသလဲ'
'ကျုပ် ခန့်မှန်းကြည့်တာပါဗျာ'
သူသည် ပြောယင်း မိန်းကလေးအားတချက်စိုက်ကြည့်လိုက်ကာ....
'ကျုပ်က ဒီကိစ္စတွေကို တော်တော်များများ သိထားတယ် ဆိုယင်ကော ခင်ဗျား လက်ခံမှာလား'

မိန်းကလေးက ခေါင်းညိတ်ပြလိုက်သည်။

'ရှင်က အခြေအနေ အရပ်ရပ်ကို နားလည် သဘောပေါက်ထားလိမ့်မယ် ဆိုတာ ကျွန်မ နားလည်ပါတယ်ရှင်၊ ဒါပေမယ့် ဒီနေရာကို ရှင် လိုက်လာဝံ့လိမ့်မယ်ဆိုတာတော့ ကျွန်မ မတွေးမိခဲ့ဘူး'
ကျင်းစွမ်းဖုန်းက အေးတိအေးစက်ဖြင့်–
'ကျုပ် အခုရောက်လာပြီ မဟုတ်လား'
မိန်းကလေးက ပခုံးတချက်တွန့်လိုက်ကာ–

'ဒီနေရာကို ရောက်လာပြီးတဲ့နောက် ပြန်ထွက်သွားလို့မဖြစ်တော့ဘူးဆိုတာ သဘောပေါက်ထားစမ်းပါရှင်'

မိန်းကလေး၏ လေသံမှာ ပျော့ပျောင်း သော်လည်း ခြိမ်းခြောက်ဟန် ပါနေ၏။

ကျင်းစွမ်းဖုန်းက ခေါင်းခါယမ်းလိုက်သည်။

'ကျုပ် ဒီနေရာကို ရောက်လာရတာဟာ ကျုပ်နာမည်ကို ဘာဖြစ်လို့ ခုတုံးလုပ်သလဲဆိုတာ သိချင်လို့ပဲ ဒါကြောင့် ဒီနေရာက ပြန်ထွက်မသွားနိုင်ယင်လဲ ကိစ္စမရှိပါဘူးဗျာ'

သူ၏စကား ကြားလိုက်ရသောအခါ မိန်းကလေးမှာ ခပ်တွေတွေဖြစ်သွားပြန်လေသည်။

ကျင်းစွမ်းဖုန်း၏ ဟန်အံမူအရာကို ကြည့်ရခြင်း အားဖြင့် အသက်ကို ပဓာနမထားပဲ ရန်သူနှင့် သူသေ ကိုယ်သေ တိုက်ခိုက်မည့်ဟန် ရှိနေ၏။

ထို့အပြင် ကျင်းစွမ်းဖုန်းမှာ ခုခံခြင်း မပြုပဲ ဟန်ဆောင် အဖမ်းခံလာခြင်း ဖြစ်သည်ကိုလည်း သူမက သဘောပေါက်ထားလေသည်။

အကြောင်းမှာကျင်းစွမ်းဖုန်းအားဖမ်းဆီးလာသူသုံးယောက်သည် ကျင်းစွမ်းဖုန်းအား မည်သည့်နည်းနှင့်မျှအနိုင်ရရှိနိုင်မည့်သူများမဟုတ်ကြောင်း သူမ နားလည်ထားသည်မဟုတ်ပါလော—။

ထိုစဉ်....

ကျင်းစွမ်းဖုန်းက စကားဆက်လိုက်၏။

'ကျုပ်မိဘတွေဟာ ကျုပ်ငယ်ငယ်ကလေးတည်းကကွယ်လွန်သွားကြပါပြီဗျာ၊ ကျုပ်ဘ၀က တကောင်ကြွက်ပါ၊ဒါကြောင့်



ကျုပ်အမေကို ကျင်းမြို့စားက ဖမ်းဆီးထားတယ်ဆိုတာ လုံး၀ မဖြစ်နိုင်ပဲ ကျုပ်ကို စိတ်ခေတ်စစ်ဆင်ရေး လုပ်လိုက်တယ်ဆိုတာ ကျုပ် သဘောပေါက်ထားပါတယ်....'

ကျင်းစွမ်းဖုန်းက သေချာစွာ ရှင်းပြလိုက်သည်။

သူ၏ စကားကြောင့် မိန်းကလေးမှာ မျက်လုံး မြူးကျယ်သွားပြီး—

'ရှင်—ရှင့်မှာ အမေမရှိဘူး ဟုတ်လား'

'ဟုတ်တယ်—ကျုပ်အမေ သေသွား တာ ကြာပါပြီ'

ဤတွင် မိန်းကလေးကနားမလည်နိုင်စွာဖြင့်........

'ဒါဖြင့် ကျင်းမြို့စားက ဘာဖြစ်လို့ ရှင့်အမေကို ဖမ်းမိထားတယ်လို့ သတင်းလွှင့်ခဲ့ရတာလဲ'

ကျင်းစွမ်းဖုန်းက သက်ပြင်းတချက် ချလိုက်သည်။

သူ၏မျက်နှာမှာလည်း လေးနက်တည်ကြည်လာပြီး—

'သိုင်းလောကတခုလုံး မျက်စိ လည်သွားအောင် ကျင်းမြို့စားက လုပ်ကြံသတင်း လွှင့်လိုက်တာပါဗျာ၊ တကယ် ဆိုယင် ကျုပ်ကို တွေ့ဖူးတဲ့လူမရှိဘူးမဟုတ်လား၊ဒါကြောင့် ဒီသတင်းကို ကြားရသူတိုင်းက ယုံမှား သံသယဖြစ်လာကြတာပေါ့.......'

ကျင်းစွမ်းဖုန်းက ရှင်းပြနေသည်။ သူ့စကားအဆုံးတွင်........

မိန်းကလေးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကျွန်မတောင် ဒီ သတင်းကို အမှန်ထင်မိခဲ့တယ်'

ကျင်းစွမ်းဖုန်းကပြုံး၍........

'ဒါအပြင် ကျုပ်ကို တောင်ကြားမြို့ကလေး လာခဲ့ဖို့ ချိန်းဆိုခဲ့တော့ သိုင်းလောကသားတွေက စိတ်ဝင်စားလာကြပြီး တောင်ကြားမြို့ကလေးကို စုရုံးရောက်လာကြတာပေါ့'

မိန်းကလေးက ကျင်းစွမ်းဖုန်းအား နားမလည်နိုင်စွာ ကြည့်လိုက်ပြီး........

'ရှင်က ဒီလိုလုပ်ကြံသတင်းလွှင့်တာကို သိလျက်သားနဲ့ ဘာဖြစ်လို့ လာခဲ့ရတာလဲ'

ကျင်းစွမ်းဖုန်းက ပြုံးလိုက်ကာ........

'ကျင်းမြို့စားက ဘာကြောင့် အခုလို ကြံစည်တယ်ဆိုတာကို သိချင်လို့ပါ၊ ဖော်ထုတ်ချင်လို့ပါ'

'ဒါဖြင့် ရှင်သိရပြီလား'

ကျင်းစွမ်းဖုန်းက ခေါင်းညိတ်လိုက်သည်။

'ကျုပ် သဘောပေါက်လာပါပြီ'

'ကျွန်မကို ပြောပြနိုင်မလားဟင်'

သူမ၏ စကားကြောင့် ကျင်းစွမ်းဖုန်းက မျက်မှောင်ကုပ်သွား၏။

အတန်ကြာမျှ ငြိမ်သက်စွာ စဉ်းစားပြီးမှ သူသည် သက်ပြင်းတချက် ချလိုက်သည်။ ပြီးတော့ မိန်းကလေးအား မယုံကြည်နိုင်စွာ ကြည့်လိုက်ပြီး........

'ခင်ဗျား—ဒီကိစ္စကို စိတ်ဝင်စားတယ် ဟုတ်လား'

'ဟုတ်တယ်၊ ကျင်းမြို့စားက ကျွန်မကို ငွေပေးပြီး ငှားရမ်းခဲ့ပေမယ့် အရာရာကို လျှို့ဝှက်ထားခဲ့တယ်လို့ ကျွန်မ ယူဆထားတယ်ရှင့်'



ကျင်းစွမ်းဖုန်းက ပြုံးလိုက်ပြီး........

'ခင်ဗျားက ကိုယ့်အလုပ်ရှင်အကြောင်း ဘာဖြစ်လို့ သိချင်ရတာလဲဗျာ'

မိန်းကလေးက ကျင်းစွမ်းဖုန်းအား စိုက်ကြည့်လိုက်ပြီး........

'ကျွန်မက မိန်းမတယောက်ဖြစ်တယ်ဆိုတာ ရှင် မေ့နေပြီလား'

သူမ၏ စကားကြောင့် ကျင်းစွမ်းဖုန်းက ပါးစပ်ပိတ်သွားရလေတော့၏။

မှန်ပါသည်။ ဤလောကတွင် စပ်စုတတ်သည့် လူများမှာ များသောအားဖြင့် မိန်းမများသာ ဖြစ်တတ်ကြပါသည်။

ထိုစဉ်........

မိန်းကလေးက မဲ့ပြုံးပြုံးလိုက်ပြီး....

'ကဲရှင် ပြောပြနိုင်ပြီလား'

ကျင်းစွမ်းဖုန်းက ခေါင်းညိတ်လိုက်၏။

'ကျင်းမြို့စားဟာ ကျင်းနိုင်ငံကို ယူသွားဖို့အတွက် အတွင်းဝန်ဝူဝေဆီက စာတစောင် လက်ခံရခဲ့တယ်ဆိုတာ ခင်ဗျား သိသလား'

မိန်းကလေးက ခေါင်းကို သွက်လက်စွာ ညိတ်၍........

'သိပါတယ်'

'ဒီသတင်းကတော့ အမှန်ပဲဗျ'

မိန်းကလေးက အံ့သြသွားပြီး........

'ဝေနိုင်ငံရဲ့ လျှို့ဝှက်လုံခြုံရေး အစီအစဉ်တွေပါတဲ့ စာကို 'ကျင်း' မြို့စားက လက်ခံရတယ်ပေါ့ဟုတ်လား........'

ကျင်းစွမ်းဖုန်းက ခေါင်းညိတ်ကာ........

'ဟုတ်တယ်'

'ရှင် ဘယ်လိုလုပ် သိသလဲ'

'ကျင်းမြို့စားက ကျုပ်နဲ့တွေ့ဖို့ ချိန်းဆိုတယ်ဆိုတဲ့သတင်း လှင့်လိုက်တဲ့အချိန်မှာ ကျုပ်က ဝေနိုင်ငံရဲ့ နေပြည်တော်မှာ ရှိနေတယ်လေ၊ အဲဒါကြောင့် တခုခုတော့ ထူးခြားပြီဆိုတာ သဘောပေါက်လိုက်တာပေါ့'

ကျင်းစွမ်းဖုန်းက အကျိုးအကြောင်း ရှင်းပြလိုက်၏။

မိန်းကလေးက အနည်းငယ် စဉ်းစားလိုက်ပြီး....

'ဒါဖြင့် ကျင်းမြို့စားနဲ့ လျှို့ဝှက်စာဟာ ပတ်သက်နေတဲ့ အကြောင်းကို ရှင် ကြိုတင်သိထားတယ်ပေါ့'

'ဟုတ်တယ်'

'ဒါထက် ကျင်းမြို့စားက လျှို့ဝှက်စာကို ကျင်းနိုင်ငံရောက်အောင် ပို့ပေးဖို့ ရှင့်ကို တာဝန်ပေးတယ် မဟုတ်လား'

ကျင်းစွမ်းဖုန်းက ပခုံးတချက် တွန့်လိုက်ကာ........

'ကျုပ်က ကျင်းမြို့စားနဲ့ လျှို့ဝှက်စာကို တကယ်တွေ့ခဲ့ရတယ်လို့ မင်းထင်သလား'

သူသည် ယင်းသို့ပြောယင်း ခံပြင်းသော လေသံဖြင့်........

'တကယ်တမ်းကျတော့ ကျုပ်ကို ထောင်ချောက်ဆင်ပြီး ဒီနေရာမှာ သုတ်သင်ပစ်ဖို့သာ ကြံစည်ထားခဲ့တာ မဟုတ်လား'

မိန်းကလေးက ရေငုံနှုတ်ပိတ် တိတ်ဆိတ်သွားလေသည်။

ကျင်းစွမ်းဖုန်းက စကားဆက်လိုက်ပြန်၏။



'သိုင်းလောကသားတွေ ကျုပ်အပေါ် အာရုံစူးစိုက်လာကြတဲ့အချိန်မှာ ကျင်းမြို့စားက လျှို့ဝှက်စာနဲ့အတူ ကျင်း နိုင်ငံကို တိတ်တဆိတ် ထွက်သွားမယ်ဆိုတာ ကျုပ်တွေးမိလို့ပါ...'

ကျင်းစွမ်းဖုန်း စကားကို ဆုံးအောင် မပြောလိုက်ရပါ။ သူ၏စကား မဆုံးမီမှာပင် မိန်းကလေးက ကြားဖြတ်ပြောလိုက်ခြင်းကြောင့် ဖြစ်ပါ၏။

'ရှင် သူ့ကို ဟန့်တားမယ် ဟုတ်လား'

'ဟုတ်တယ်'

မိန်းကလေးက ဦးခေါင်းကို ဖြည်းလေးစွာ ယမ်းကာ.......

'ဒါဆို ရှင် နောက်ကျသွားပြီရှင့်'

ကျင်းစွမ်းဖုန်းက မိန်းကလေးအား အဓိပ္ပာယ်ရှိစွာ စိုက်ကြည့်လိုက်ပြီး....

'တကယ်လို့ ခင်ဗျားကသာ ကျုပ်ကိုဟန့်တားမှာ မဟုတ်ဘူးဆိုယင် ကျုပ် သူတို့ကို မီလိမ့်မယ်လို့ ပြောရဲပါတယ်'

မိန်းကလေးက ပြုံး၍—

'ကျင်းမြို့စားနဲ့ ချာယို့လန်တို့က ရှင် ဒီနေရာကို ရောက်လာတာနဲ့ ခရီးပြင်း ထွက်သွားကြပြီဆိုတော့ ရှင်လိုက်သွားလို့လဲ မီမှာ မဟုတ်ပါဘူးရှင်'

မိန်းကလေးက မည်မျှပင်ချိုသာစွာ ရှင်းပြသော်လည်း........

သူမ၏ စကားကြောင့် ကျင်းစွမ်းဖုန်း၏ ရင်ထဲ၌ လေးလံလာလေတော့သည်။

အမှန်တော့........

ကျောင်းမြို့စားက တောင်ကြားမြို့ကလေးမှ ထွက်ခွာသွားပြီး ဝေနိုင်ငံ နယ်စပ်ကို ဖြတ်ကျော်သွားကာ ကျောင်းနိုင်ငံသို့ ဝင်ရောက်သွားလျှင် မည်သည့်နည်းနှင့်မျှ ဟန့်တား၍ မဖြစ်နိုင်တော့ကြောင်း သူက သဘောပေါက်ထား၏။

ကျောင်းစွမ်းဖုန်းက အံကိုတင်းတင်းကြိတ်လိုက်ကာ........

'ကျုပ် လိုက်သွားယင် မီလိမ့်မယ်'

ဟု ခေါင်းမာစွာ ပြောဆိုလိုက်၏။

မိန်းကလေးက မဲ့ပြုံးပြုံးလိုက်ကာ........

'ကျွန်မ ဟန့်တားမယ်ဆိုယင်ကော'

ကျောင်းစွမ်းဖုန်းက ပါးစပ် ပိတ်ထားလိုက်လေသည်။

ကျောင်းမြို့စားသည် သိုင်းလောကသားများက သူ့အား နည်းမျိုးစုံဖြင့် ဟန့်တားကြမည်ကို သဘောပေါက်ထားသည်။

ထို့ကြောင့် အလျင်စလို ကျောင်းနိုင်ငံသို့ ကူးသွားခြင်း မရှိပဲ ဝေနိုင်ငံနှင့်ကျောင်းနိုင်ငံ နယ်ခြားမြို့ကလေးဖြစ်သည့် တောင်ကြားမြို့ကလေးတွင် ခိုအောင်းနေခဲ့လေသည်။ သူသည် တောင်ကြားမြို့ကလေး၌ ခိုအောင်းလျက် သိုင်းလောကမှ အနက်ရောင် သိုင်းသမားများအား ငွေကြေးအမြောက်အမြား အကုန်အကျခံကာ ငှားရမ်းခဲ့၏။

ထို့အပြင် သိုင်းလောကသားများ မျက်စိလည်သွားစေရန် ကျောင်းစွမ်းဖုန်း၏ အမည်ကိုလည်း ခုတုံးလုပ်အသုံးချကာ အကွက်ဆင်ခဲ့လေသည်။



ထို့ကြောင့် ကျောင်းစွမ်းဖုန်းက လုပ်ကြံသတင်းလွှင့်ခဲ့သည်ကို သိထားသောကြောင့် တောင်ကြားမြို့ကလေးသို့ ရောက်ရှိမလာလျှင် အရေးကြီးသော်လည်း ကျောင်းစွမ်းဖုန်း ရောက်ရှိလာပါမူ အခြေအနေတမျိုး ပြောင်းလဲသွားနိုင်လေသည်။ ကျောင်းမြို့စားသည် အခြေအနေအရပ်ရပ်ကို လေ့လာသုံးသပ်ပြီးမှ ကျောင်းစွမ်းဖုန်းအား ထောင်ချောက် ဆင်ခဲ့ခြင်း ဖြစ်၏။

ကျောင်းစွမ်းဖုန်း တောင်ကြားမြို့ကလေးသို့ ရောက်ရှိလာသည်နှင့် တပြိုင်နက် သူ၏ ထောင်ချောက်များအတွင်းသို့ အဆင့်ဆင့် ကျရောက်သွားပြီး နောက်ဆုံး သေဆုံးသွားရမည်ဟု သူယုံကြည်ထားလေသည်။

ကျောင်းစွမ်းဖုန်းအတွက် အစီအစဉ်များ ပြုလုပ်ပြီးသောအခါ သူ့အား လမ်းခရီးတလျှောက်လုံး အနှောင့်အယှက်အမျိုးမျိုး ပေးကာ ဟန့်တားလာကြသော ရောင်စဉ်တန်း သိုင်းသမားများအား သုတ်သင်ပစ်ရန် 'ကျောက်စိမ်းမြွေ (၀ါ) ချာယို့လန်' အား ဖိတ်ကြားခဲ့လေသည်။ ချာယို့လန် ရောက်ရှိလာသည်နှင့် တပြိုင်နက် ကျောင်းမြို့စားက သူ၏ အကြံအစည်များကို ချာယို့လန်အား တင်ပြလိုက်သည်။

ချာယို့လန်သည် ကျောင်းမြို့စား၏ အကြံအစည်များကို လက်ခံကူညီရန် ဆုံးဖြတ်လိုက်ပြီး သူကိုယ်တိုင် တာဝန်ယူ အကောင်အထည် ဖော်ပေးခဲ့လေသည်။

ယခု သူတို့၏ အကြံအစည်များမှာ လုံးဝနီးနီး အောင်မြင်မှုရရှိခဲ့ပြီ ဖြစ်သည်။

ကျောင်းစွမ်းဖုန်းက မိန်းကလေးအား စိုက်ကြည့်လိုက်သည်။

ထို့နောက် အေးတိအေးစက်ဖြင့်—

'ခင်ဗျား ကျုပ်ကို သတ်ပစ်ချင်တယ် ဟုတ်လား'

မိန်းကလေးက ခေါင်းညိတ်ပြလိုက်၏။

'ဟုတ်တယ်'

ကျင်းစွမ်းဖုန်းက မိန်းကလေးအား ခြေဆုံး ခေါင်းဆုံး ကြည့်လိုက်ပြီး........

'ခင်ဗျားကို ကျင်းမြို့စားပေးထားတဲ့ ငွေကြောင့် ကျုပ်ကို သတ်ပစ်ချင်တာတော့ ဟုတ်မယ်မထင်ဘူး'

သူ၏စကား ကြားလိုက်ရသောအခါ မိန်းကလေး၏ ခန္ဓာကိုယ်မှာ တချက်တုန်ခါသွားလေသည်။

သို့သော် သူမသည် ချက်ချင်းပင် ဣန္ဒြေဆည်လိုက်သည်။

မည်သို့မျှမထူးခြားသော လေသံဖြင့်လည်း....

'ရှင် ထင်ချင်သလို ထင်နိုင်ပါတယ်ရှင်'

ဟု ပြောဆိုလိုက်သည်။

ကျင်းစွမ်းဖုန်းက ခေါင်းခါယမ်းလိုက်ပြီး—

'ချယ်ရီပန်းကျေးရွာသခင်မ'ဟာ ချမ်းသာတဲ့လူတယောက်ပါဗျာ၊ ငွေမက်တဲ့လူတယောက် မဟုတ်ပါဘူး'

မိန်းကလေးက ပါးစပ်တင်းတင်း စေ့ထားလိုက်လေသည်။

ကျင်းစွမ်းဖုန်းကမိန်းကလေးအား တချက်ကြည့်လိုက်သည်။

ပြီးတော့ မည်သို့မျှ နားမလည်နိုင်ဟန်ဖြင့်—

'သခင်မကလေးက ကျုပ်ကို ဘာကြောင့် သတ်ချင်ရတာလဲဗျာ'

ဟု မေးလိုက်၏။



မိန်းကလေး၏မျက်နှာက ကွက်ကနဲပျက်သွား၏။

သူမ၏ ဟန်မူရာမှာလည်း စိတ်ပျက်သွားဟန် ပေါ်လွင်လာကာ—

'ရှင် ကျွန်မဘယ်သူဆိုတာ သိတယ်ဟုတ်လား'

'ဒီခြံဝင်းထဲ ဝင်လာကတည်းက ပန်းပင်တွေ တွေ့မြင်လိုက်တာနဲ့ သခင်မကလေး ဒီကိုရောက်နေတယ်ဆိုတာ သိပြီးပါပြီဗျာ.......'

မှန်ပါသည် သိုင်းလောကတွင် ပန်းမျိုးစုံလင်စွာ စိုက်ပျိုးတတ်သူများမှာ ချယ်ရီပန်းကျေးရွာမှ လူများသာ ဖြစ်ကြပါသည်။

ထို့ကြောင့် ခြံဝင်းအတွင်းသို့ ရောက်ရှိလာသည်နှင့်တပြိုင်နက် ပန်းမျိုးစုံလင်စွာ စိုက်ပျိုးထားသည်ကို တွေ့မြင်လိုက်ရသောအခါ ချယ်ရီပန်းကျေးရွာမှလူများအား ကျင်းမြို့စားက ငှားရမ်းထားပြီးဖြစ်ကြောင်း တွက်ဆလိုက်မိခြင်းဖြစ်၏။

သို့သော် ချယ်ရီပန်းကျေးရွာသည် အလွန်ချမ်းသာကြွယ်ဝသော ကျေးရွာတခုဖြစ်သောကြောင့် ကျင်းစွမ်းဖုန်း နားမလည်နိုင်ပဲ ဖြစ်သွားရ၏။

ထို့အပြင် ဤနေရာသို့ ချယ်ရီပန်း ကျေးရွာမှ လူများရောက်ရှိနေလျှင် ချယ်ရီပန်းကျေးရွာ သခင်မကလေး ရှမ်းရှမ်းပင် ဖြစ်ရမည်ဟု သူက ကြိုတင်တွက်ဆထားလေသည်။

ယခု သူ ကြိုတင် တွက်ဆထားသည့် အတိုင်း ရှမ်းရှမ်းက ရောက်ရှိနေပြီ ဖြစ်လေသည်။

ရှမ်းရှမ်းက အတန်ကြာ တွေဝေနေပြီးမှ—

'ကျွန်မတို့ ချယ်ရီပန်းကျေးရွာရဲ့ သိုင်းပညာဟာ အလွန်ထက်မြက်တယ်လို့ သိုင်းလောကမှာ ဆိုစမှတ်ပြုကြရပါတယ်ရှင် ဒါကြောင့်....'

သူမက စကားဖြတ်လိုက်ပြီး ကျင်းစွမ်းဖုန်းအား စိုက်ကြည့်လိုက်၏။

ကျင်းစွမ်းဖုန်းကလည်း ခပ်ပြုံးပြုံးဖြင့်—

'ဒါကြောင့် ကျုပ်နဲ့ ဘယ်သူက သိုင်းပညာ ပိုသာသလဲဆိုတာ သိချင်လို့ ဟုတ်လား'

ရှမ်းရှမ်းက ခေါင်းညိတ်လိုက်ကာ—

'ဟုတ်ပါတယ်ရှင်'

ကျင်းစွမ်းဖုန်းက ခေါင်းခါယမ်းလိုက်၏။

'အခုအချိန်ဟာ သိုင်းပညာယှဉ်ပြိုင်ရမယ့်အချိန် မဟုတ်ဘူးဆိုတာ ခင်ဗျားသဘောပေါက်ပါလိမ့်မယ်ဗျာ'

ရှမ်းရှမ်းက ပြုံးလိုက်ပြီး....

'ဒါကို ကျွန်နားလည်ပါတယ်ရှင်၊ ဒါပေမယ့် ရှင့်ကိုတွေ့ဖို့ဆိုတာ ပိုပြီးမလွယ်ကူဘူးဆိုတာ သိလို့ ကျင်းမြို့စားရဲ့ စကားကို လက်ခံလိုက်တာပါ'

ကျင်းစွမ်းဖုန်းက ခေါင်းကိုအသာအယာခါယမ်းလိုက်သည်။ ထို့နောက် ရှမ်းရှမ်းအားစိုက်ကြည့်လိုက်ပြီး....

'ခုအချိန်ဟာ တတိုင်း တပြည်လုံးနဲ့ ပတ်သက်ပြီး သေရေးရှင်ရေးတမျှ အရေးကြီးနေတဲ့ အချိန်ပါ၊ ဒီလို အချိန်မျိုးမှာ ကိုယ်ရေးကိုယ်တာကိစ္စကို ရှေ့တန်းမတင်သင့်ပါဘူး'



ကျင်းစွမ်းဖုန်းက ထိုသို့ဖျောင်းဖျလိုက်သည့်အခါ ရှမ်းရှမ်းမှာ ငေးငိုင် တွေဝေသွားလေသည်။ သူမ အနေဖြင့် မည်သို့ဆုံးဖြတ်ရမှန်း မသိအောင် ဖြစ်သွားသည်။

ကျင်းစွမ်းဖုန်းက သက်ပြင်းတချက်ချလိုက်သည်။

သူသည် တစုံတခုအား ဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့်–

'ကောင်းပြီ.... ကျုပ် ခင်ဗျားနဲ့ ယှဉ်ပြိုင်မယ်'

ဟု ယတိပြတ် ပြောချလိုက်လေသည်။

သူ၏စကားကြောင့် ရှမ်းရှမ်း၏ မျက်လုံးများက ဝင်းလက်သွားကာ—

'ရှင် ဆုံးဖြတ်လိုက်ပြီ ဟုတ်လား'

'ဟုတ်တယ်၊ ဒါပေမယ့်'

ကျင်းစွမ်းဖုန်းက စကားတပိုင်းတစ ရပ်တန့်ပစ်လိုက်၏။

ရှမ်းရှမ်းက အားမလိုအားမရဖြင့်–

'ဒါပေမယ့် ဘာဖြစ်သလဲ'

'ဒါပေမယ့် အခုတော့ မဖြစ်သေးဘူးဗျ'

ရှမ်းရှမ်းက အံ့သြသွားကာ–

'ကျင်းမြို့စားကို သုတ်သင်ပြီးမှ ရှင် ကျွန်မနဲ့ ယှဉ်ပြိုင်မယ် ဟုတ်လား'

ကျင်းစွမ်းဖုန်းက ခေါင်းညိတ်၍....

'ဟုတ်တယ်'

ရှမ်းရှမ်းက မကျေမနပ်ဖြင့်........

'တကယ်လို့ ကျင်းမြို့စား လက်ချက်နဲ့ ရှင်သေသွားယင်ကော....'

ကျင်းစွမ်းဖုန်းက မဲ့ပြုံးပြုံးလိုက်ကာ........

'ကျုပ်ရဲ့ သိုင်းပညာက ကျင် မြို့စားလောက်မှ မတော်ဘူးဆိုယင် ခင်ဗျားယှဉ်ပြိုင်ယင်လဲ အလကားပဲ မဟုတ်လား'

သူ၏စကား ကြားလိုက်ရသောအခါ ရှမ်းရှမ်းမှာ မည်သို့မျှပြန်မပြောနိုင်တော့ပဲ ပါးစပ်ပိတ်ထားလိုက်ရလေသည်။

ထိုစဉ်........

ကျင်းစွမ်းဖုန်းက စကား ဆက်လိုက်၏။

'ကျင်းမြို့စားကို သုတ်သင်ရှင်းလင်းပြီး လျှို့ဝှက်စာကိုစ္စပြီးတာနဲ့ ကျုပ် ခင်ဗျားနဲ့ ယှဉ်ပြိုင်ပါမယ်လို့ ကတိပေးပါတယ်ဗျာ'

ကျင်းစွမ်းဖုန်းက ခိုင်မာစွာ ပြောဆိုလိုက်သည်။

ရှမ်းရှမ်းက အနည်းငယ် စဉ်းစားလိုက်ပြီး........

'တကယ်လို့ ကျင် မြို့စားနဲ့ တိုက်ခိုက်တဲ့အခါ ရှင် ဒဏ်ရာရခဲ့ယင်ကော'

ကျင်းစွမ်းဖုန်းက ပြုံးလိုက်သည်။

'ကိစ္စမရှိပါဘူးဗျာ၊ ကျုပ်အသက် မသေသေးဘူးဆိုယင် ခင်ဗျားနဲ့ ကျိန်းသေလာတွေ့ပါမယ်'

ရှမ်းရှမ်း ခပ်တွေတွေ ဖြစ်သွားပြန်လေသည်။

အမှန်တော့........

ကျင်းစွမ်းဖုန်းနှင့် သိုင်းပညာ ယှဉ်ပြိုင်ရန်မှာ သူမဘဝတွင် အလွန် လိုအပ်သကဲ့သို့ ဖြစ်နေသကဲ့သို့ ကျင်းမြို့စားအား သုတ်သင် ရှင်းလင်းပစ်ရန်မှာ ကျင်းစွမ်းဖုန်းအတွက် အလွန်လိုအပ်နေလေသည်။



သူမအနေနှင့် သိုင်းပညာ ယှဉ်ပြိုင်ရန်သာ ဖြစ်သော်လည်း ကျင်းစွမ်းဖုန်းမှာမူ ဝေနိုင်ငံ၏ လုံခြုံရေးအတွက် အသက်ရှင်ရေး၊သေရေးတမျှ အရေးကြီးနေသည် မဟုတ်ပါလော။

ရှမ်းရှမ်းက အတန်ကြာ စဉ်းစားလိုက်ပြီးမှ....

'ကောင်းပြီ၊ ရှင့်ကို ကျွန်မလွှတ်ပေးလိုက်မယ်၊ ကျင်းမြို့စားနဲ့ရှင်တို့ ကိစ္စပြီးတာနဲ့တပြိုင်နက် တောင်ကြားတည်းခိုစခန်းကို ဆက်ဆက်လာခဲ့ပါ၊ ကျွန်မ စောင့်နေမယ်'

သူမ၏စကားအား ကြားလိုက်ရသောအခါကျင်းစွမ်းဖုန်းမှာ မိမိ၏ နားကိုပင် မယုံကြည်နိုင်ပဲ ဖြစ်သွားလေသည်။

သူသည် ချက်ချင်းပင် လက်နှစ်ဘက်ကို ဆုပ်လိုက်၏။

'ခင်ဗျားရဲ့ကျေးဇူး မမေ့ပါဘူးဗျာ'

ရှမ်းရှမ်းက လက်ကာပြလိုက်ပြီး........

'ကိစ္စမရှိပါဘူးရှင်၊ တောင်ကြားတည်းခိုခန်းကိုသာ ဆက်ဆက် လာခဲ့ပါ၊ မမေ့ပါနဲ့'

ဟု ထပ်ဆင့်မှာကြားလိုက်၏။

သူမသည် ယင်းသို့ပြောလိုက်ပြီး ကျင်းစွမ်းဖုန်းအား တချက်ကြည့်လိုက်၏။ သူမ၏ မျက်ဝန်းအစုံတွင် နွေးထွေးသော အရိပ်အရောင်များ ရှိနေသည်ကို ကျင်းစွမ်းဖုန်းက ရိပ်စားမိလိုက်လေသည်။

ထို့အပြင် သူ၏ရင်တွင်၌လည်း ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်ခံစားလာရသည်ဟု သူက ခံစားလိုက်ရလေသည်။

ရှမ်းရှမ်က သက်ပြင်းတချက် ချလိုက်ပြီး ပန်းဥယျာဉ်တွင်းရှိ လမ်းကလေးတဘက်သို့ ညွှန်ပြလိုက်ကာ–

'ဒီလမ်းအတိုင်းလျှောက်သွားယင် ထွက်ပေါက် တွေ့ပါလိမ့်မယ်ရှင်'

ကျင်းစွမ်းဖုန်းက ဦးညွှတ်လိုက်ပြီး........

'ခင်ဗျားကျေးဇူး မမေ့ပါဘူးဗျာ'

သူသည် ပြောပြီးသည်နှင့် ရှမ်ရှမ်းအားရီဝေသော မျက်လုံးများဖြင့် တချက်ကြည့်လိုက်ပြီး ချာကနဲလှည့်ကာ ပန်းဥယျာဉ်အကြား လမ်းကလေးအတိုင်း လျှောက်သွားလေသည်။ သူက ခြေလှမ်း သုံးလေးလှမ်းမျှ လျှောက်သွားမိလိုက်သည်နှင့် တပြိုင်နက် သူ၏အနောက်ဘက်မှ သက်ပြင်းချသံတချက် ကြားလိုက်ရပြီး........

'ရှင် ကံကောင်းပါစေလို့ ကျွန်မဆုတောင်းပါတယ်ရှင်'

ဟူသော ရှမ်းရှမ်း၏ စကားသံကို မသဲမကွဲ ကြားလိုက်ရလေသည်။

ကျင်းစွမ်းဖုန်း၏ ခန္ဓာကိုယ်က တချက်တုန်ခါသွားသည်။

သူ၏ ရင်ထဲတွင်မူ........

ရှမ်းရှမ်း၏ အသံသည် သူ၏ နားထဲမှတဆင့် အသည်းနှလုံးသို့တိုင် စိမ့်ဝင်စီးဆင်းသွားသည်ဟုထင်မှတ်ခံစားနေရလေသည်။

*   *

## သိုင်းသမား ဟူသည်

( ၁ )

နေဝန်းနီသည်ကောင်းကင်ပေါ်သို့ တစထက်တစ မြင့်တက်လာပြီးနောက် မသိမသာ အောက်သို့ နိမ့်ဆင်းကျလာပြီဖြစ်၏။

တောင်ကြားမြို့ကလေးမှာ တိတ်ဆိတ်ခြောက်သွေ့နေသော်လည်းတနေ့တာလုံးထူးခြားမှုမရှိသေးသောကြောင့်မြို့သူမြို့သားများမှာ သို့လောသို့လော ဖြစ်လာကြရလေသည်။ အချို့ သတ္တိရှိသော လူများသည် မြို့လမ်းမကြီးများပေါ်သို့ ထွက်လာခြင်း အခြေအနေကို အကဲခတ် ကြည့်ရှုနေကြ၏။

အချိန် အတန်ကြာလာသည်အထိထူးခြားမှု မရှိသောကြောင့် ကျန်လူများမှာလည်း ရဲရဲတင်းတင်းဖြစ်လာကြပြီး မိမိတို့လုပ်ငန်းများသို့ ပြန်လည်ဝင်ကြရန် လှုပ်လှုပ်ရှားရှား ဖြစ်လာကြလေတော့သည်။

တောင်ကြားမြို့ကလေးအတွင်း နေစောင်းလာသည်နှင့်အမျှ မြို့သူမြို့သားများဖြင့် စည်စည်ကားကား ပြန်လည်ဖြစ်လာပြီး

မြို့အတွင်း ရောင်းဝယ်ဖောက်ကားမှုများနှင့် အခြားအခြားသော လုပ်ငန်းများမှာ ပြန်လည် အသက်ဝင်လာလေသည်။

စီးပွားရေးလုပ်ငန်းများ ပြန်လည် အသက်ဝင်လာသည်နှင့် တပြိုင်နက် အာမခံလုပ်ငန်းများမှာလည်း ပြန်လည် ခေါင်းထောင်လာလေတော့သည်။

တောင်ကြားမြို့ကလေးမှာ အာမခံပစ္စည်းများ တင်ဆောင်ထားကြသည့် မြင်းလှည်းတန်းများသည် တသုတ်ပြီးတသုတ် ထွက်ခွာသွားကြ၏။

အချို့အာမခံ ဌာနများမှာ ကြီးကျယ်ခမ်းနားပြီး အချို့မှာ လုပ်ငန်းမတွင်ကျယ်သောကြောင့် တောင်ကြားမြို့ကလေးအတွင်းမှ ထွက်ခွာသွားကြသောအခါ အချို့မှ မြင်းလှည်းပေါင်းမြောက်များစွာဖြင့် ရှိနေကြပြီး အချို့ အာမခံဌာနများမှာမူ မြင်းလှည်း သုံးလေးစင်းမျှဖြင့်သာခရီးထွက်သွားကြခြင်းဖြစ်၏။

တိတ်ဆိတ်ခြောက်သွေ့နေခဲ့သော တောင်ကြားမြို့ကလေး ပြန်လည် သက်ဝင်လာသည့် အချိန်မှာပင် လူနှစ်ယောက်က တောင်ကြားမြို့ကလေးသို့ဝင်ရောက်လာကြလေတော့သည်။

ဝင်ရောက်လာကြသော ထိုလူနှစ်ယောက်ကား........

* * *

( ၂ )

ယန့်ကျဲ့မုသည် ရှေ့မှ ခြေလှမ်းကျဲကျဲဖြင့် လျှောက်နေ၏။

ဖြူဖြူမှာမူ နောက်မှခေါင်းငိုက်စိုက်ချကာ လိုက်ပါလာလေသည်။



ယခု သူမသည် အဖော်များအားလုံး ကျဆုံးသွားကြပြီးနောက် တကောင်ကြွက်ဖြစ်နေပြီ မဟုတ်ပါလော........။

ထို့ကြောင့် ယန့်ကျဲ့မု၏နောက်မှမခွဲမခွာလိုက်ပါရန် သူမက ဆုံးဖြတ်ထားလိုက်လေသည်။

ဤသို့ဆိုလျှင် ယန့်ကျဲ့မုက သူမအားလက်ခံပါမည်လော....။

ယန့်ကျဲ့မုက ဖြူဖြူအား လက်မခံလိုပါချေ။

သို့သော် ဖြစ်ပေါ်လာသည့် အခြေအနေများကြောင့် မလွဲမကင်းသာပဲ ဖြူဖြူအား လက်ခံခဲ့ရ၏။

ထိုသို့ လက်ခံလိုက်သည့် အချိန်မှစ၍ အေးစက်ပြီး ရက်စက်ကြမ်းကြုတ်ဟန်ရှိသော လက္ခဏာများမှာ သူ၏ မျက်နှာပေါ်မှ ပျောက်ကွယ်သွားပြီး နွေးထွေးသော ဟန်မူရာများက အစားထိုး ဝင်ရောက်လာကြလေသည်။

သူတို့နှစ်ယောက်သည် သူတော်ကောင်းဇရပ်မှ ထွက်ခွာလာလာခဲ့ပြီး အချိန်အတန်ကြာ လျှောက်လာမိလိုက်သည်နှင့် တောင်ကြားမြို့ကလေးအတွင်းသို့ ရောက်ရှိ လာကြလေတော့သည်။

* * *

( ၃ )

ညသရဲစားသောက်ဆိုင်သည် စည်စည်းကားကားဖြစ်နေ၏။

ယခုအခါတွင်–ညသရဲ (ဝါ) လူဝကြီးမှာ စိတ်ဘားပြောင်းလဲသွားပြီဖြစ်သည်။

သူသည် တောင်ကြားမြို့ကလေးမှစွန့်၍ ထွက်ပြေး သွားလိုသော်လည်း ဤမြို့ကလေးမှာ သူ၏ဇာတိမြို့ဖြစ်သဖြင့် နောက်ဆံတင်းနေခဲ့သည် မဟုတ်ပါလော။ တောင်ကြားမြို့မှ ထွက်ခွာသွားခြင်း မပြုလျှင် သူ၏ ရည်ရွယ်ချက်ကို ပြောင်းလဲလိုက်ရမည်ဖြစ်ကြောင်း၊ ညသရဲ (ဝါ) လူဝကြီးက သဘောပေါက်ထား၏။ ထို့ကြောင့် တောင်ကြား မြို့ကလေး ပြန်လည် စည်ကားလာသည်နှင့် တပြိုင်နက် သူ၏ စားသောက်ဆိုင် ကိုလည်း အစီအစဉ်ပြောင်းကာ ပြန်လည်ဖွင့်လှစ်လိုက်လေသည်။

မူလက ညဘက်မှသာဖွင့်လှစ်လေ့ရှိသော ညသရဲစားသောက်ဆိုင်သည် ယခု နေ့ဘက်တွင် ဖွင့်၍ ည မိုးမချုပ်မီ ဆိုင်ပိတ်တော့မည်ဖြစ်ပါသည်။

ထို့ကြောင့်ညသရဲ(ဝါ)လူ ကြီး၏လက်ရာကို စားသောက်လိုသူများက ညသရဲ စားသောက်ဆိုင်ပြန်လည်ဖွင့်လှစ်လိုက်သည်နှင့် တပြိုင်နက် လာရောက်ဝယ်ယူ အားပေးကြသဖြင့် ဆိုင်ဖွင့်ပြီး မကြာမီမှာပင် စားသောက်ဆိုင်မှာ လူများဖြင့် ပြည့်ကျပ်သွားပေသည်။

ညသရဲ စားသောက်ဆိုင်ကလေး ပြန်လည်စည်ကားလာပြန်ပြီဖြစ်၏။

ညသရဲ (ဝါ) လူဝကြီးက ပြုံးလိုက်၏။

ပြုံးမည်ဆိုလျှင်လည်း ပြုံးလောက်စရာပင်။

သူ၏ စားသောက်ဆိုင်မှာ ညဘက်မဟုတ်ပဲ နေ့ဘက်တွင်ဖွင့်လှစ်စေကာမူ စားသောက်သူများမှာ ဝင်လာမစဲ တသဲသဲဖြင့် ရှိနေသည်မဟုတ်ပါလော........။



လူဝကြီးက ကျေနပ် နှစ်သိမ့်နေချိန်မှာပင် စားသောက်ဆိုင်အတွင်းသို့ လူနှစ်ယောက် လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူနှစ်ယောက် လှမ်းဝင် လာသည်နှင့် တပြိုင်နက် လူဝကြီး၏မျက်နှာပေါ်မှ အပြုံးများမှာ ပြန်လည် ပျောက်ကွယ်သွားလေတော့သည်။

ဝင်ရောက်လာသူ နှစ်ယောက်မှာ မည်သူများ ဖြစ်ကြပါသနည်း။

* * *

စားသောက်ဆိုင်အတွင်း စားသောက် နေသူများ၏ အသံများ၊ ဇွန်းသံ ပန်းကန်သံများမှာ ရုတ်တရက် တိတ်ဆိတ်သွားတော့၏။

စားသောက်ဆိုင်အတွင်း စားသောက်နေသူအားလုံး၏ မျက်လုံးများမှာ စားသောက်ဆိုင်အတွင်းသို့ ဝင်ရောက်လာသော လူနှစ်ယောက်ထံသို့ စုပြုံ ရောက်ရှိသွားလေသည်။

ထိုလူနှစ်ယောက်သည် အဝတ်အစားများ သပ်သပ် ရပ်ရပ် ဝတ်ဆင်ထားသဖြင့် သူတောင်းစားများ မဖြစ်နိုင်ကြပါချေ။

ဤသို့ဆိုလျှင် စားသောက်နေသူ များက အဘယ်ကြောင့် ထိုလူနှစ်ယောက်အား စိတ်ဝင်စားနေကြရပါသနည်း။

အကြောင်းမှာထိုလူနှစ်ယောက်သည်သိုင်းလောကသားများ ဖြစ်ဟန်ရှိနေသောကြောင့် လူအများက စိတ်ဝင်စားနေကြခြင်း ဖြစ်ပါ၏လော။

မှန်ပါသည် ထိုလူနှစ်ယောက်မှာ ယန်ကျဲ့မုနှင့် ဖြူဖြူတို့ ပင်ဖြစ်ပါသည်။

ယန်ကျဲ့မုနှင့် ဖြူဖြူတို့က စားသောက်ဆိုင် အတွင်းဘက်သို့ လှမ်းဝင်လိုက်ပြီး လွတ်နေသော စားပွဲတလုံးတွင် ဝင်ရောက် ထိုင်ချလိုက်လေသည်။

သူတို့နှစ်ယောက်သည် အကျအန အေးဆေးစွာ ထိုင်ချလိုက်ကြခြင်းဖြစ်၏။ထို့နောက် ဆိုင်လုလင်အား စားသောက်ဖွယ်ရာများနှင့် အရက်များ မှာကြားလိုက်၏။

သူတို့နှစ်ယောက်သည် လူအများ ဝိုင်းအုံ ကြည့်နေသည်ကို လုံးဝ ဂရုပြုမိကြဟန် မရှိကြပါချေ။

ဆိုင်လုလင် လာရောက် ချထားပေးလိုက်သော စားသောက်ဖွယ်ရာများကိုသာ အားရပါးရ စားသောက်နေကြ၏။

အတန်ကြာမှ ဖြူဖြူက စားသောက်ရာမှ ရပ်တန့်လိုက်ပြီး ဝန်းကျင်သို့ တချက် ဝေ့ကြည့်လိုက်ကာ....

'ကျွန်မတို့ ဒီနေရာမှာ ကြာကြာနေလို့ မဖြစ်ဘူးထင်တယ်'

ဟု သတိပေးသလို ပြောဆိုလိုက်သည်။

သူမ၏ စကားကြောင့် ယန်ကျဲ့မုက မျက်မှောင် ကုပ်သွားသည်။

သူသည် ဖြူဖြူအား နားမလည်နိုင်စွာကြည့်ကာ.......

'ဘာဖြစ်လို့လဲ'

ဟု မေးမြန်းလိုက်၏။

ဖြူဖြူက ခေါင်ငုံ့ထားလိုက်ကာ

'ကျွန်မတို့ကို လူတွေဝိုင်းကြည့်နေတာ ရှင်မတွေ့ဘူးလားရှင့်'



ယန်ကျဲ့မုက မရယ်မိစေရန် ထိန်းချုပ်ထားလိုက်ပြီး........

'အို ကျုပ်တို့နှစ်ယောက် လိုက်ဘက်ညီလို့ သူတို့ ဝိုင်းကြည့်နေတာ ဖြစ်မှာပေါ့'

ဖြူဖြူက ခေါင်းခါယမ်းလိုက်ကာ

'ဘာပဲဖြစ်ဖြစ် ကျွန်မသွားတော့မယ်'

သူမသည် ယင်းသို့ ပြောပြီးသည်နှင့် ထိုင်ရာမှဆတ်ကနဲထကာ စားသောက်ဆိုင်အပြင်ဘက်သို့လျှောက်သွားလေသည်။

ယန်ကျဲ့မုက ကြောင်စီစီဖြင့်....

'နေအုံးလေ'

သူက ကပျာကယာ ဟန့်တားလိုက်သော်လည်း ဖြူဖြူမှာ စားသောက်ဆိုင် တံခါးဝသို့ ရောက်ရှိသွားပြီဖြစ်၏။ ယန်ကျဲ့မုက မည်သို့မျှမတတ်နိုင်တော့ပဲအိတ်ထဲမှငွေတုံးကလေးတတုံးကို နှိုက်ယူလိုက်သည်။ ပြီးတော့ စားပွဲပေါ်သို့ တင်ထားလိုက်ပြီး ဖြူဖြူနောက်သို့ အလျင်အမြန်လိုက်သွားရ၏။

ဆိုင်အတွင်းရှိ စားသောက်နေကြသူများမှာ သူတို့အား စူးစိုက် ကြည့်ရှုနေကြ၏။ ထိုအချိန်တွင် ဖြူဖြူမှာ စားသောက်ဆိုင် အတွင်းမှ ထွက်ခွာသွားပြီး လမ်းမကြီးပေါ်သို့ ရောက်ရှိနေပြီ ဖြစ်သောကြောင့် ယန်ကျဲ့မုက အပြေးအလွှား လိုက်ပါသွားရလေသည်။

ယန်ကျဲ့မုက ဖြူဖြူအား မီလာသည်နှင့်–

'ဟေ့....နေအုံးလေ၊ မင်းဘယ်ထွက်သွားမလို့လဲ'

ဟု လှမ်းမေးလိုက်သည်။

ဖြူဖြူ ခြေလှမ်း ရပ်တန့်လိုက်၏။

သူမ၏မျက်နှာမှာလည်း ရှက်သွေးဖြင့် နီရဲနေလေသည်။

သူမသည် ပြေးလွှား လိုက်ပါလာသော ယန့်ကျဲ့မုံအား အစိုပ္ပာယ်ရှိစွာကြည့်လိုက်ပြီး........

'ကျွန်မတို့ ကျင်းစွမ်းဖုန်းကို လိုက်ရှာရအုံးမယ် မဟုတ်လား........'

ယန့်ကျဲ့မုံက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်လေ'

'ဒါကြောင့် စားသောက်ဆိုင်ထဲမှာ အချိန်ဖြုန်းနေလို့ ဖြစ်ပါမလားရှင်'

သူမ၏စကားကြားလိုက်ရသောအခါ ယန့်ကျဲ့မုံမှာ မျက်လုံးပြူးကျယ်သွားရလေသည်။

လူတယောက်သည် ထမင်းဝနေမှသာလျှင် အခြား ကိစ္စရပ်များကို ဆက်လက်လုပ်ဆောင်နိုင်လိမ့်မည်ဖြစ်ကြောင်း ဖြူဖြူ မသိ၍လောဟူ၍လည်း တွေးမိလိုက်၏။ မည်သို့ဆိုစေ သူသည် စားသောက်ဆိုင်အတွင်းမှ အစားအသောက်များ စားသောက်ခဲ့သောကြောင့် ဗိုက်ဝနေပြီ ဖြစ်သည်။

ဗိုက်ဝနေလျှင် သူလုပ်ရမည့်အလုပ်များကို ဆက်လက် လုပ်ဆောင်ရလိမ့်မည် မဟုတ်ပါလော........

ယန့်ကျဲ့မုံက ခေါင်းညိတ်လိုက်ပြီး....

'ဟုတ်တယ် ကျုပ်တို့ ကျင်းမြို့စားကို လိုက်ရှာရမယ်'

သူ၏ စကားကြောင့် ဖြူဖြူက ကြောင်အမ်းအမ်း ဖြစ်သွား၏။



ထိုသော် ယန့်ကျဲ့မုံက သူ၏စကားအား ထောက်ခံပြောဆိုလိုက်ခြင်းဖြစ်ကြောင်း သဘောပေါက်လိုက်သဖြင့် ပြုံးမိလိုက်လေသည်။

သူမသည် ယန့်ကျဲ့မုံအား လျှပ်တပြက်ကြည့်ကာ–

'ဒါထက် ဘယ်မှာသွားရှာကြမလဲ'

ယခုတကြိမ် ကြောင်အမ်းအမ်း ဖြစ်သွားရသူမှာ ယန့်ကျဲမုံပင် ဖြစ်သည်။

ယန့်ကျဲမုံက မျက်တောင် တဖျပ်ဖျပ်ခတ်လျက် အတန်ကြာ စဉ်းစားလိုက်သည်။

ပြီးမှ ခေါင်းကို ဆတ်ကနဲညိတ်၍–

'ဟုတ်တယ် ကျုပ်တို့ရှာနေတာ တမြို့လုံး နှံ့နေပြီ၊ ဘယ်နေရာမှာ ရှိသလဲဆိုတာတော့ လုံးဝမတွေ့ရသေးဘူး'

ဖြူဖြူက မဲ့ပြုံးပြုံးလိုက်ပြီး....

'ရှင်က ငွေဗျိုင်းကိုလွှတ်လိုက်တာ ကျင်းစွမ်းဖုန်းကို နောက်ယောင်ခံလိုက်ဖို့လို့ ပြောခဲ့တယ် မဟုတ်လား'

'ဟုတ်တယ်လေ'

'ဒါဖြင့် ဘာဖြစ်လို့ တွေ့အောင်မရှာနိုင်သေးတာလဲ'

'ကျုပ်က ငွေဗျိုင်းကို မတွေ့သေးလို့ပါ'

ဖြူဖြူမှာ မည်သို့ဆက်ပြောရမှန်း မသိ၊ ပါးစပ်ပိတ်ထားလိုက်ရလေသည်။ ထိုစဉ်မှာပင် သူတို့နှင့်အရှေ့ဘက်တူရူမှ မြင်းလှည်း တစင်းကအရှိန်ပြင်းစွာမောင်းနှင်လာနေသည်ကို တွေ့မြင်လိုက်ရ၏။

ယန့်ကျဲ့မှုက ဖြူဖြူ၏လက်ကိုဆွဲကာ လမ်းဘေးသို့ ကပျာကယာ ဆင်းလိုက်သည်။

သူ့နှုတ်မှလည်း မကျေမနပ်ဖြင့်–

'တော်တော်ရမ်းကားတဲ့ မြင်းလှည်းသမား'

ဟု ဒေါသတကြီး ပြောလိုက်၏။

ထိုစဉ်မှာပင် မြင်းလှည်းမှာ သူတို့အနီးမှ ဖြတ်ကျော်မောင်းနှင်သွား လေသည်။

ယန့်ကျဲ့မှုနှင့် ဖြူဖြူတို့မှာ မြင်းလှည်းဖြတ်ကျော်မောင်းနှင်သွားပြီးမှ လမ်းမကြီးပေါ်သို့ပြန်တက်လာကြပြီး မြင်းလှည်းနှင့် ဆန့်ကျင်ဘက် ခြေလှမ်းဆက်ခဲ့ကြလေသည်။

သို့သော် ခြေသုံးလေးလှမ်းမျှသာ လှမ်းလိုက် ပြီးသည်နှင့် တပြိုင်နက် ယန့်ကျဲ့မှုက ခြေလှမ်းရပ်တန့်သွားပြီး အရှိန်ပြင်းစွာ မောင်းနှင်သွားနေသော မြင်းလှည်းအား လှမ်းမျှော်ကြည့်လိုက်ပြန်လေသည်။

ဖြူဖြူက အံ့သြသွားပြီး–

'ဘာဖြစ်လို့လဲ'

ယန့်ကျဲ့မှုက တည်ကြည် လေးနက်သော မျက်နှာထားဖြင့်–

'အဲ့ဒီမြင်းလှည်းထဲမှာ ငွေဗျိုင်း ပါသွားတယ်လို့ ကျုပ်ထင်တယ်'

သူ၏စကားကြောင့် ဖြူဖြူ၏မျက်လုံးလေးများမှာ ဝိုင်းစက်ပြူးကျယ်သွားပြီး–

'ရှင် သေချာလို့လား'

ယန့်ကျဲ့မှုက ခေါင်းညိတ်လိုက်ကာ–



'ကျုပ် ငွေဗျိုင်းကို ဘာကြောင့် လွှတ်လိုက်သလဲ မင်းသိသလား'

'ကျင်းစွမ်းဖုန်းကို ခြေရာခံဖို့လို့ ရှင်ပြောခဲ့တယ် မဟုတ်လား'

ယန့်ကျဲ့မှုက ခေါင်းညိတ်၍–

'ဟုတ်တယ်၊ ကျုပ်က ငွေဗျိုင်းမသိအောင် ရေမွှေးတမျိုးနဲ့ သူ့အင်္ကျီကို ပက်နိုင်ခဲ့လို့ပဲ'

သူ၏ စကားကို ကြားလိုက်ရသောအခါ ဖြူဖြူ၏ မျက်လုံးများမှာ အရောင်တဖိတ်ဖိတ် တောက်ပလာပြီး....

'အမွှေးနံ့က ငွေဗျိုင်းကိုယ်ပေါ်မှာ စွဲနေတော့ ရှင်က အလွယ်တကူပဲ သူ့နောက်ကို ခြေရာခံနိုင်မယ် ဟုတ်လား'

'ဟုတ်တယ်'

ခေါင်းညိတ် ပြောဆိုလိုက်ယင်းမှ........

ယန့်ကျဲ့မှုသည် ဝေးကွာသွားနေပြီဖြစ်သော မြင်းလှည်း အနောက်ပိုင်းအား လှမ်းကြည့်လိုက်သည်။

'အဲဒီရေမွှေးက ကျုပ်အထူးတီထွင်ထားတဲ့ ဆေးရည်ပဲ၊ ဒါကြောင့် ဆေးရည်ထိမိယင် အနည်းဆုံး ဆယ်ရက်လောက်တော့ အနံ့ပျောက်မသွားနိုင်ဘူး'

'ဒါဖြင့် စောစောက ဖြတ်သွားတဲ့ မြင်းလှည်းပေါ်က အမွှေးနံ့ကို ရှင်ရလိုက်တယ်ဆိုပါတော့'

ယန့်ကျဲ့မှုက ခေါင်းကို ဆတ်ကနဲညိတ်၍........

'ဟုတ်တယ်၊ ကျုပ်ရဲ့ ရေမွှေးနံ့က ကိုက်တရာအတွင်း ပျံ့လွင့်နေတော့ ကျုပ်က နှာခေါင်းယဉ်ပြီးသားပဲ ချက်ချင်း မှတ်မိနိုင်တာပေါ့'

ဖြူဖြူက စကားမပြောတော့ပါချေ။

ရုတ်တရက် သူမသည် လမ်းမကြီးပေါ်မှတဆင့် လမ်းကြားကလေးတခုအတွင်းသို့ ပြေးဝင်သွား၏။

မကြာပါချေ သူမ ပြန်လည် ထွက်လာသောအခါ မြင်းတကောင်အားစီးနင်း၍ ထွက်လာပြီး နောက်ထပ်မြင်းတကောင်ကိုပါ ဆွဲယူလာသည်ကို တွေ့မြင်လိုက်ရ၏။

ယန့်ကျဲ့မုက မျက်လုံးများ ပြူးကျယ်သွားပြီး........

'ဟေ့–မင်း မြင်းတွေ ဘယ်လိုလုပ် ရလာတာလဲ'

ဖြူဖြူက အဖြေမပေးပါချေ။

သူမသည် ယန့်ကျဲ့မုအား အလောတကြီး လှမ်း၍သာ........

'မြန်မြန်တက်စမ်းပါ၊ မြန်မြန်'

ဟု ပြောဆိုလိုက်၏။

သူမသည် ယင်းသို့ ကျယ်လောင်စွာ သတိပေးလိုက်ပြီး မြင်းကို ရှေ့မှ ဒုန်းစိုင်းစီးနင်းသွားလေသည်။

ယန့်ကျဲ့မုက မည်သို့မျှ မတတ်နိုင်တော့ပါချေ။

သူသည် ဖြူဖြူ လွှတ်ပေးလိုက်သောမြင်းအား ဇက်ကြိုးမိအောင် ဖမ်းလိုက်ပြီး မြင်းပေါ်သို့ ခုန်တက်လိုက်ကာ ဖြူဖြူနောက်သို့ ပြေးလွှားလိုက်ပါသွားရလေသည်။

ယခုအခါတွင် မြင်းနှစ်စီးမှာ လမ်းပေါ် ဒုန်းစိုင်းပြေးလွှားသွားပြီဖြစ်၏။

ထိုစဉ်မှာပင်........

'သူခိုး....သူခိုး....မြင်းသူခိုး'



ဟူသော အော်ဟစ်သံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရပြီး လူတချို့က လမ်းကြားကလေးအတွင်းမှ တုတ်များ၊ ဓားများဖြင့် ပြေးထွက်လာကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

*　　*　　*

( ၄ )

မြင်းလှည်းသည် အရှိန်ပြင်းစွာ မောင်းနှင်နေ၏။

သို့သော် လမ်းကလေးသည် ညီညာခြင်းမရှိပဲ ချိုင့်ခွက်များ၊ ကျောက်တုံး ကျောက်ခဲများ ပြည့်လျှံနေသောကြောင့် ထင်သလောက် ခရီးမရောက်နိုင်ပဲ ဖြစ်နေလေသည်။

အမှန်စင်စစ် ဤလမ်းကလေးသည် အသုံးမပြုသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီးဖြစ်၍ လူသွားလူလာ နည်းပါးသော လမ်းကလေးဖြစ်၏။

ထို့အပြင် ဝေနိုင်ငံနှင့် ကျင်းနိုင်ငံတို့အား ဆက်သွယ်ဆောက်လုပ်ထားသည့်လမ်း ဖြစ်သောကြောင့် ပို၍ကြမ်းတမ်းခက်ထရော်နေဟန်ရှိလေသည်။

အကြောင်းမှာ ဝေနိုင်ငံနှင့် ကျင်းနိုင်ငံ တဘက်နှင့်တဘက် ကူးသန်းသွားလာခြင်း မရှိခဲ့သည်မှာ နှစ်ပေါင်းအတန်ကြာခဲ့ပြီး မဟုတ်ပါလော။

ယခု မည်သို့ဆိုစေ မြင်းလှည်းတစင်းက ထိုလမ်းကလေးအား အသုံးပြုလျက် ခရီးပြင်း နှင်နေ၏။

မြင်းလှည်းသည် ဝေနိုင်ငံ တောင်ကြားမြို့ကလေးဘက်မှ မောင်းနှင်လာသောကြောင့် ကျင်းနိုင်ငံသို့ ဦးတည်ခရီးသွားနေခြင်းဖြစ်ကြောင်း သိသာနိုင်လေသည်။

ဤသို့ဆိုလျှင် မည်သူက ကျင်းနိုင်ငံသို့ သွားလို့ရပါသနည်း။ မြင်းလှည်းပေါ်တွင် ကျင်းမြို့စား ချာယို့လန်နှင့် ငွေဗျိုင်းတို့ လိုက်ပါလာကြ၏။

ကျင်းမြို့စားသည် သူ၏ အကြံအစည်များ ထမြောက်အောင်မြင်သွားပြီးဖြစ်သဖြင့် လျှို့ဝှက်စာနှင့်အတူ ကျင်းနိုင်ငံသို့ တိတ်တဆိတ် ထွက်ပြေးလာခဲ့ခြင်းဖြစ်သည်။

သူက ကြိုတင် စီမံခဲ့သောကြောင့် ဟန့်တားလိုကြသော သိုင်းလောကသားများမှာ ယုန်တောင်ပြေး ခွေးမြောက်လိုက်ဆိုသည့်စကားပမာ၊ ဘယ်လိုလိုက်ရမည်မှန်း မသိကြတော့ပဲ၊ တောင်ကြားမြို့ကလေးအတွင်းတွင်သာ တဝဲဝဲ တလည်လည်ဖြစ်ကာ ကျန်ရစ်ခဲ့ကြပြီး မဟုတ်ပါလော....။

တောင်ကြားမြို့ကလေးနှင့် တဖြည်းဖြည်း ဝေးလာသည်နှင့်အမျှ ကျင်းမြို့စား၏ မျက်နှာပေါ်တွင် ကျေနပ်နှစ်သိမ့်သော အရိပ်အရောင်များ ထွက်ပေါ်လာလေသည်။

သူသည် ကျင်းနိုင်ငံအတွက် အသက်စွန့်ကြိုးပမ်းပြီး တာဝန်များ ထမ်းဆောင်ရန် ဝေနိုင်ငံသို့ အချိန်ကြာမြင့်စွာ သွားရောက် နေထိုင်ရခဲ့သည် မဟုတ်ပါလော။

ယခုသူသည် မိမိ၏ မွေးရပ်မြေဖြစ်သော ကျင်းနိုင်ငံသို့ ပြန်လည် ခြေချရတော့မည်ဖြစ်သည်။



ထို့အပြင် ကျင်းနိုင်ငံအတွက် အရေးပါသည့် လျှို့ဝှက်စာကိုလည်း တပါတည်း ယူဆောင်လာနိုင်ခဲ့ပြီးဖြစ်လေသည်။

ကျင်းမြို့စားမှာ သူ၏ အောင်မြင်မှုအပေါ် ပီတိဖြစ်၍မဆုံးနိုင်အောင်ဖြစ်နေ၏။

ကျင်းမြို့စားက ဝမ်းသာမဆုံးဖြစ်နေသည့် အချိန်မှာပင် မြင်းလှည်းမောင်းနေသော ငွေဗျိုင်း၏အသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ငွေဗျိုင်းက အထိတ်တလန့်ဖြင့်........

'ကျုပ်တို့ မြင်းလှည်းနောက်ကို မြင်းနှစ်ကောင် လိုက်လာနေတယ်ဗျ....'

သူ၏အသံကို ကြားလိုက်ရသည်နှင့် ကျင်းမြို့စား၏ မျက်နှာမှာ လေးနက်ကျေနပ်နှစ်သိမ့်မှုများမှာ ရုတ်ခြည်းပျောက်ကွယ်သွားလေတော့သည်။

* * *

မြင်းနှစ်ကောင်သည် တရိပ်ရိပ် ပြေးလွှားနေ၏။

ဝန်စည်စလယ် မပါပဲ မြင်းချည်းသက်သက်ဖြစ်သောကြောင့် ယန့်ကျဲ့မှုနှင့် ဖြူဖြူတို့စီးနင်းလိုက်ပါလာသော မြင်းနှစ်ကောင်မှာ ကျင်းမြို့စား၏ မြင်းလှည်းအား တစထက်တစ မီလာလေတော့သည်။

မြင်းလှည်းအား မီလာသည်နှင့်တပြိုင်နက် ယန့်ကျဲ့မှုနှင့် ဖြူဖြူတို့က မြင်းလှည်းအား ဘေးမှပန်း၍ ဖြတ်ကျော်တက်လိုက်ပြီး လမ်းပိတ်ဆို့လိုက်ကြ၏။

ထို့ကြောင့် မြင်းလှည်းမှာ ရှေ့ဆက်မသွားနိုင်တော့ပဲ ရပ်တန့်လိုက်ရလေသည်။ မြင်းလှည်း ရပ်တန့်လိုက်သည်နှင့် တပြိုင်နက် မြင်းလှည်းမောင်းသူ နေရာမှ ငွေဗျိုင်းက ယန့်ကျဲ့မုထံသို့ လျှပ်တပြက် ခုန်အုပ်တိုက်ခိုက်လိုက်လေတော့သည်။

ထိုစဉ်မှာပင်........

'........ဝုန်း........'

မြင်းလှည်းတံခါးမှာ ကျိုးပဲ့သွားပြီး အစိမ်းရောင်ဝတ်ဆင်ထားသော လူဘယောက်က ခုန်ထွက်လာပြန်ကာ ဖြူဖြူအား တိုက်ခိုက်လိုက်လေသည်။

ဖြူဖြူအား တိုက်ခိုက်လိုက်သည့်သူမှာ ချာယို့လန်ပင်ဖြစ်၏။

ယန့်ကျဲ့မုနှင့် ဖြူဖြူတို့မှာ ရန်သူနှင့် ရင်ဆိုင် တိုက်ခိုက်ရသည်ကို သဘောပေါက်ထားကြသော်လည်း ယခုကဲ့သို့ လျှင်မြန်စွာ တိုက်ခိုက်လာကြမည်ဟု မျှော်လင့် ထားကြသောကြောင့် တိုက်ပွဲ စတင်ဖြစ်ပွားလာသည်နှင့်အမျှ မြင်းပေါ်မှ အောက်သို့ ပြုတ်ကျသွားကြလေတော့သည်။

*    *    *

ဖြူဖြူ၏ ဓားသည် အဖြူရောင် ဓားအရိပ်များ အဖြစ်သို့ ပြောင်းလဲသွားကာ ချာယို့လန်အား တိုက်ခိုက်လိုက်၏။

သူမ၏ဓားသည် ရှောင်လင်ကျောင်းမှ 'နဂါးနိုင်ဓားကွက်' ဖြစ်ပြီး ဓားကွက်တကွက်လျှင် တိုက်ကွက်ပေါင်း ခြောက်ဆယ်တိတိ ပါရှိလေသည်။



ထို့ကြောင့် ဖြူဖြူက ဓားကွက်သုံးကွက် ထုတ်ဖော် တိုက်ခိုက်လိုက်သည်နှင့် တပြိုင်နက် တိုက်ကွက် တဆယ့်ရှစ်ကွက်တိတိ ပြောင်းလဲသွားပြီး ချာယို့လန်၏ တကိုယ်လုံးအား ဓားရိပ်များဖြင့် လွှမ်းမိုးထားသကဲ့သို့ ဖြစ်သွားလေသည်။

သို့သော် ချာယို့လန်မှာ ခေသောလူဘယောက် မဟုတ်ပါ။ ဖြူဖြူက ဓားကွက် ထုတ်ဖော် တိုက်ခိုက် လာသည်နှင့် သူက နောက်သို့ ခြေသုံးလှမ်းမျှ ဆုတ်သွား၏။

ထို့နောက် ခါးမှ သုံးပေခန့်ရှည်သော ပလွေတချောင်းကို ထုတ်ယူလိုက်ကာ ဖြူဖြူအား ဝင်ရောက် တိုက်ခိုက်လိုက်လေသည်။

'........တူး........တူး........'

စူးရှသော ပလွေသံများ ထွက်ပေါ်လာပြီး ဖြူဖြူ၏ ဓားရိပ်များမှာ ရုတ်ခြည်း ပျောက်ကွယ်သွား၏။

ချာယို့လန်၏ ပလွေလက်နက်ကား ဆန်းကြယ်လှ၏။

ဖြူဖြူ ရင်ထိတ်သွားသည်။

တဆက်တည်းမှာပင် ချာယို့လန်၏ သိုင်းပညာသည် သူမထက် များစွာ သာနေကြောင်း သူမက ချက်ချင်း သဘောပေါက်လိုက်လေသည်။

သို့သော် ယခုအချိန်မှာ ရှောင်တိမ်းရန် မဖြစ်နိုင်တော့ပါ။

သူသေ ကိုယ်သေ တိုက်ခိုက်ရတော့မည်ဟု သဘောပေါက်ထားသော ဖြူဖြူက ပလွေတံ သူမ၏ ရင်ဝသို့ တို ဝင်လာသည်ကို တွေ့မြင်လိုက်သော်လည်း နောက်သို့ဆုတ်သွားခြင်းမရှိပဲ ရှေ့သို့ တိုး၍ တိုက်ခိုက်လိုက်လေသည်။

ထို့ကြောင့် ချာယို့လန်က ရင်ထိတ်သွားပြီး ပလွေတံကို ရုပ်သိမ်းကာ နောက်သို့ ဆုတ်လိုက်ရ၏။

ဤတွင် ချာယို့လန်က နောက်ဆုတ်သွားသည်နှင့် ဖြူဖြူက အလစ်မပေးပဲ တရကြမ်းဖိကာ တိုက်ခိုက်လိုက်၏။

မည်သို့ဆိုစေ ချာယို့လန်မှာ သူမထက် သိုင်းပညာမှာ သာလွန်နေသောကြောင့် သူမ၏ တိုက်ခိုက်မှုသည် ချာယို့လန်အား မည်သို့မျှ မထိခိုက်နိုင်ပဲ ဖြစ်နေ၏။

ဖြူဖြူ အကျပ်အတည်း တွေ့နေချေပြီ၊ ဇောချွေးများပင် ပြန်နေချေပြီ။

ထိုစဉ်မှာပင်........

'အား........'

ဟူသော အသံတချက် စူးရှစွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရပြီး ငွေဗျိုင်း၏ခန္ဓာကိုယ်မှာ နောက်ဆုတ်သွားကာ ဒယိမ်းဒယိုင်ဖြင့် လဲကျသွားသည်ကို တွေ့ရသည်။

ယန့်ကျဲ့မုသည် ငွေဗျိုင်းထက် သိုင်းပညာ အဆ များစွာ သာလွန်သူဖြစ်၏။

ယခု ငွေဗျိုင်းမှာ ယန့်ကျဲ့မုနှင့် ယှဉ်ပြိုင် တိုက်ခိုက်နေရာမှ ယန့်ကျဲ့မု၏ လက်ချက်ဖြင့် ဒဏ်ရာရကာ လဲကျသွားပြီ ဖြစ်၏။

ယန့်ကျဲ့မု အနိုင်ရရှိလိုက်သည်ကို တွေ့မြင်လိုက်ရသောအခါ ဖြူဖြူ အားတက်သွားပြီး ချာယို့လန်အား ဖိ၍ တိုက်ခိုက်လိုက်၏။

သို့သော် ရွှေ့သို့ လောကြီးမှုသည် အမှားကို ဖြစ်ပေါ်စေနိုင်သည် မဟုတ်ပါလော။



ဖြူဖြူက ရှေ့သို့တိုး၍ တိုက်ခိုက် လိုက်သည်နှင့် အကွက်ကောင်း စောင့်နေသော ချာယို့လန်က လက်ထဲမှ ပလွေကို တချက်ဝှေ့ယမ်းလိုက်ပြီး ဖြူဖြူ၏ ဓားကွက်များကို ချေဖျက်လိုက်ကာ ခြေထောက်တဘက်မြောက်၍ ဖြူဖြူ၏ ရင်ဝသို့ ကန်ထည့်ပစ်လိုက်လေ၏။

ဖြူဖြူ ရင်ထိတ်သွား၏။

ချာယို့လန်မှာ သူမနှင့်အလွန်နီးကပ်နေဖသာကြောင့် ရှောင်တိမ်းရန် မလွယ်ကူပါချေ။ အကယ်၍ ချာယို့လန်၏ခြေထောက်ကန်ချက်အား ရှောင်တိမ်းမည်ဆိုလျှင် သူမ၏ လက်ထဲမှ ဓားကို လွှတ်ပေးလိုက်ရမည်ဖြစ်လေသည်။

သိုင်းသမားတယောက် လက်ထဲမှ ဓား လွှတ်ပေးလိုက်သည်မှာ ရန်သူကို အရှုံးပေးလိုက်ရသကဲ့သို့ ရှိသွားခြင်းပင်ဖြစ်၏။

ထိုသို့ဖြင့် ဖြူဖြူ မည်သို့ လုပ်ရမှန်းမသိ ကြောင်အမ်းအမ်း ဖြစ်နေစဉ်မှာပင်....

'လက်လွှတ်လိုက်........'

ကျယ်လောင်သော အော်သံနှင့် အတူ ယန့်ကျဲ့မုက သူတို့နှစ်ယောက်အကြားသို့ လျှပ်တပြက် ခုန်ဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

တဆက်တည်း ဆိုသလိုမှာပင် ခုန်ဝင်လာသော ယန့်ကျဲ့မုက ချာယို့လန်၏ ခြေအောက်ကို လျှပ်တပြက်သလို ကြားဖြတ်တိုက်ခိုက်လိုက်၏။ ချာယို့လန်က ရင်ထိတ်သွားပြီး တိုက်ခိုက်မှုကို ရုပ်သိမ်းလိုက်ကာ နောက်သို့ ဆုတ်လိုက်ရ၏။

ထို့ကြောင့် ဖြူဖြူမှာ ရန်သူလက်မှလွတ်မြောက်သွားရလေတော့သည်။

*　　　*　　　*

ယခု ချာယို့လန်က နောက်ဆုတ်သွားပြီဖြစ်သည်။

သူသည် မြင်းလှည်းတံခါးနှင့်ကျောကပ်မိအောင်ပင် နောက်ဆုတ်သွားခြင်း ဖြစ်လေသည်။ ယန့်ကျဲ့မုမှာ ချာယို့လန် နောက်ဆုတ်သွားသည်ကို တွေ့မြင်လိုက်ရသည်နှင့် ဖြူဖြူ၏ ရှေ့မှ ဝင်ရောက် ကာကွယ်ပေးလိုက်၏။

ယခု ဖြူဖြူနှင့် ယန့်ကျဲ့မုတို့နှစ်ယောက်ပေါင်း၍ ရန်သူအား တိုက်ခိုက်နိုင်ပြီး ဖြစ်ပါသည်။

သို့သော် ချာယို့လန်က မဲ့ပြုံး ပြုံးလိုက်သည်။

သူသည် ယန့်ကျဲ့မုနှင့် ဖြူဖြူတို့နှစ်ယောက်အား မထီလေးစားကြည့်လိုက်ပြီး

'ကျုပ်တို့ကို ဟန့်တားနိုင်မယ်များ ထင်နေလား....'

သူသည် ယင်းသို့ ပြောပြီးသည်နှင့် တပြိုင်နက် လက်ထဲမှ ပလွေကို ပါးစပ်တွင်းတပ်ကာ သာသာယာယာရှိသော သီချင်းသံစဉ်တပုဒ်အား တီးမှုတ်လိုက်လေသည်။

ချာယို့လန်၏ပလွေသံစဉ် ထွက်ပေါ်လာသည်ကိုကြားလိုက်ရသည်နှင့် ယန့်ကျဲ့မုက ရင်ထိတ်သွားပြီး....

ဖြူဖြူအား သတိပေးလိုက်လေသည်။

'သတိထား....'



သူသည် ဖြူဖြူအား တီးတိုး သတိ ပေးလိုက်ကာ လက်တဘက်မှ ဓားရှည်အား တင်းကြပ်စွာ ဆုပ်ကိုင် ထားလိုက်လေသည်။

ထိုစဉ် ချာယို့လန် တီးမှုတ်နေသော ပလွေသံမှာ သာသာယာယာဖြင့် ထွက်ပေါ်နေရာမှ ရုတ်တရက် သံစဉ် ပြောင်းလဲသွား၏။ ပြောင်းလဲသွားသော သံစဉ်မှာ ဆန့်ကျင်ဘက်သံစဉ်ဖြစ်လေ၏။ စူးရှပြီး ပြန်လည် မြည်တမ်းလာသည်။

စူးရှပြီး မြည်တမ်းသော ပလွေသံအဖြစ်သို့ ကူးပြောင်းလာသည်နှင့်အမျှမြင်းလှည်းအတွင်းမှအစိမ်းရောင်သတ္တဝါတကောင် ပစ်လွှင့်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

အစိမ်းရောင် ကြိုးစ တစ၊ ယင်း အစိမ်းရောင်သတ္တဝါအား မြင်သည်နှင့် ယန့်ကျဲ့မု၏မျက်နှာမှာ ကွက်ကနဲပျက်သွား၏။

ဖြူဖြူမှာလည်း မျက်နှာဖြူဖပ်ဖြူရော် ဖြစ်သွားလေသည်။

သူမ၏ အဖော်များသည် အစိမ်းရောင် ကျောက်စိမ်းမြွေ၏ ပယောဂဖြင့် ရန်သူများအား ရှုံးနိမ့်သွားခဲ့ကြရသည် မဟုတ်ပါလော။

ယခု မြင်းလှည်းအတွင်းမှ ပစ်လွှင့်လာသော အစိမ်းရောင် သတ္တဝါမှာ ကျောက်စိမ်းမြွေဖြစ်သည်ကို သိရှိလိုက်သည်နှင့် တပြိုင်နက် သူမမှာ ထိတ်လန့်တုန်လှုပ်သွားရခြင်း ဖြစ်လေသည်။

ထိုတဒင်္ဂ အချိန်အတွင်းမှာပင် ချာယို့လန်သည် သဘောကျ၍ တဟားဟား ရယ်မောလိုက်ပြီး လက်ထဲမှ ပလွေတံဖြင့် ယန့်ကျဲ့မုထံသို့ တိုက်ခိုက်လိုက်၏။

သူ၏ လှုပ်ရှားမှုမှာ အလွန်လျင်မြန်နေသောကြောင့် ယန့်ကျဲ့မုနှင့် ဖြူဖြူတို့ထံ ကျောက်စိမ်းမြွေနှင့်တပြိုင်နက် ရောက်ရှိလာသကဲ့သို့ ဖြစ်နေတော့သည်။

ယန့်ကျဲ့မု ရင်ထိတ်သွားသည်။

တချိန်တည်းမှာလည်း ရောင်စဉ်တန်းမိန်းကလေး ခြောက်ယောက် အဘယ်ကြောင့် သေဆုံးသွားရသည် ကိုလည်း သူက လက်တွေ့ သဘောပေါက်လိုက်ရသကဲ့သို့ ဖြစ်လာ၏။

မည်သို့ဆိုစေ ကျောက်စိမ်းမြွေ အလိုက်ခံရလျှင် ချာယို့လန်၏ ပလွေတိုက်ခိုက်ခြင်း ခံရသည်ထက်ပို၍ အခြေအနေ ဆိုးရွားသွားနိုင်သည် မဟုတ်ပါလော။

ထို့ကြောင့် ယန့်ကျဲ့မုက ကျောက်စိမ်းမြွေကိုသာ လွတ်အောင် ရှောင်ရန် ဆုံးဖြတ်လိုက်ကာ လျှပ်တပြက် ပစ်လွင့်လာသော ကျောက်စိမ်းမြွေအား မျက်စောင်းခတ် ရိုက်ကြည့်လိုက်ပြီး အနီးသို့ရောက်ရှိလာသည်နှင့်တပြိုင်နက် ခါးမှဓားကို လျှပ်တပြက် ဆွဲထုတ်ကာ ခုတ်ချလိုက်လေသည်။

ဝှစ်ကနဲ ဓားသံမြည်သွားသလို ဓားရောင်ကလည်း လက်ကနဲ ရှိန်းပြက်သွား၏။ သူ၏လှုပ်ရှားမှုသည် အလွန်တိကျပြီး မြန်ဆန်နေ၏။

သို့သော် ယန့်ကျဲ့မုက ဓားကိုဆွဲထုတ်ကာ ခုတ်ချလိုက်သည်နှင့်တပြိုင်နက် ကျောက်စိမ်းမြွေမှာ သက်ရှိ လူသားတယောက်ပမာ ခန္ဓာကိုယ် ခွေလိမ်သွားပြီး မြေပေါ်သို့ ဘုတ်ကနဲ ပြုတ်ကျသွားလေသည်။

အလွန်ထူးဆန်းလှပေသည်တကား........



ယန့်ကျဲ့မုက အံ့သြသွား၏၊ မအံ့သြပဲမနေနိုင်တော့လောက်အောင် ဖြစ်သွားရ၏။

ယခု ကျောက်စိမ်းမြွေသည် သူ၏ဓားချက်ကို လွတ်အောင် ရှောင်တိမ်းသွားနိုင်ပြီ မဟုတ်ပါလော။

သို့သော် သူက အလွတ်မပေးနိုင်ပါချေ။

ကျောက်စိမ်းမြွေ မြေပေါ်သို့ ပြုတ်ကျလာသည်နှင့် တပြိုင်နက် ရုတ်တရက် ရှေ့သို့ ခုန်ထွက်လိုက်ကာ ဓားကွက် သုံးကွက်တိတိ ဆက်တိုက် ခုတ်ချလိုက်ပြန်လေသည်။

သို့သော် ကျောက်စိမ်းမြွေက မြေပေါ်သို့ ကျရောက်လာသည်နှင့် တပြိုင်နက် နောက်သို့ ခန္ဓာကိုယ် တွန့်လိမ်ကာ ထွက်ပြေးသွား၏။

ထို့ကြောင့် ယန့်ကျဲ့မု၏တိုက်ခိုက်မှုမှာ အကျိုးသက်ရောက်မှု မရှိပဲ အလဟဿ ဖြစ်သွားရလေသည်။

ကျောက်စိမ်းမြွေ လွတ်မြောက်သွားသည်ကို တွေ့မြင်လိုက်ရသည်နှင့်တပြိုင်နက် ယန့်ကျဲ့မုက ကပျာကယာ နောက်သို့ ခုန်ဆုတ်လိုက်လေသည်။

ထိုသို့ ခုန်မဆုတ်၍လည်း မဖြစ်ပါ။

ကျောက်စိမ်းမြွေလွတ်မြောက်သွားပြီး မရှေးမနှောင်းမှာပင် ချာယို့လန်၏တိုက်ခိုက်မှုက သူ့အပေါ်သို့ လွှမ်းခြုံ ကျရောက်လာနေပြီ မဟုတ်ပါလား။

ယန့်ကျဲ့မုက နောက်သို့ လျှပ်တပြက် ခုန်ဆုတ်လိုက်သော်လည်း ချာယို့လန်၏ပလွေတံမှာ ရှေ့သို့ဆက်၍ တိုးဝင်လာနေ

သောကြောင့် ယန့်ကဲ့မုမှာ မျက်လုံး ပြူးကျယ် သွားရလေသည်။

အမှန်စင်စစ် ချာယို့လန်သည် သူ၏ ကျောက်စိမ်းမြေအား သက်ရှိ လူသားတယောက်ပမာ တိုက်ခိုက်ရန် သက်သက်မွေးမြူထားပြီး ကျောက်စိမ်းမြေကြောင့် ရန်သူ အခက်ကြုံနေစဉ်မှာပင် သူက ရန်သူအား အလွတ် မပေးပဲ သုတ်သင်ပစ်တတ်သည် မဟုတ်ပါလော။

ကျောက်စိမ်းမြေ၏ တိုက်ခိုက်မှုနှင့် ချာယို့လန်၏ တိုက်ခိုက်မှုမှာ အံဝင်ခွင်ကျ ဖြစ်နေသောကြောင့် ယန့်ကဲ့မုက မည်သို့ရှောင်တိမ်းရမှန်းမသိ အခက်တွေ့ကြုံသွားလေတော့သည်။

ထို တဒင်္ဂအချိန်အတွင်းမှာပင်—

'........ယား........'

ဟူသော အော်သံတချက်ထွက်ပေါ်လာ၏။ ယင်းမှာ ဖြူဖြူထံမှ ဖြစ်သည်။ ဖြူဖြူက ယင်းသို့ ညာသံတချက်ပေးလိုက်ပြီး သူ၏ဓားရှည်ဖြင့် ချာယို့လန်အား ဝင်ရောက် တိုက်ခိုက်လိုက်လေသည်။

ဖြူဖြူသည် ယန့်ကဲ့မု အခက်အခဲတွေ့နေသည်ကို တွေ့မြင်လိုက်ရပြီး ချာယို့လန်၏လက်ချက်ဖြင့် ဒဏ်ရာရရှိသွားနိုင်သည်ကို သိလိုက်ရသည်နှင့်တပြိုင်နက် ဒေါသအမျက် ချောင်းချောင်းထွက်သွားပြီး လျှပ်တပြက် ရှေ့သို့ခုန်ထွက်ကာ တိုက်ခိုက်လိုက်ခြင်း ဖြစ်၏။



သူမသည် ယန့်ကဲ့မုအား စိုးရိမ်ကြောင့်ကျသည့် စိတ်ဖြင့် တဟုန်ထိုး တိုက်ခိုက်လိုက်ခြင်း ဖြစ်သောကြောင့် ချာယို့လန် ရင်ထိတ်သွားရတော့သည်။

သူ၏ပလွေသံက ယန့်ကဲ့မု၏ရင်ဝသို့ ထိုးရိုက်မိရန် တလက်မမျှ အလိုတွင် ဖြူဖြူ၏ဓားက သူ၏လည်ပင်းသို့ တိုးဝင်လာသည် ဖြစ်ရာ မည်သို့မျှမတတ်နိုင်တော့ပဲ ပလွေသံအား ရုပ်သိမ်းလိုက်ကာ နောက်သို့ ခုန်ဆုတ်လိုက်ရလေသည်။

သို့သော် ဖြူဖြူကဲ အလွတ်မပေးပါချေ။

သူမသည် ယန့်ကဲ့မုအားဖြတ်ကျော်၍ ရှေ့သို့ ခြေသုံးလေးလှမ်းမျှတိုးလိုက်ကာ ချာယို့လန်အား ဖိ၍တိုက်ခိုက်ပစ်လိုက်၏။

ဖြူဖြူ၏တိုက်ခိုက်မှုသည် အလွန်ပင် ပြင်းထန်လှသောကြောင့် ယန့်ကဲ့မုကိုယ်တိုင်ပင် အံ့ဩသွားရတော့သည်။

မည်သို့ဆိုစေ ချာယို့လန်မှာ ခေသောလူတယောက်မဟုတ်ပဲ ကျောက်စိမ်းမြေကလည်း ရှိနေသောကြောင့် သူက ဖြူဖြူအတွက် စိတ်မချနိုင်ပါချေ။

ထို့ကြောင့် မြေပေါ်သို့ ခြေတချက်ဆောင့်လိုက်ပြီး ရှေ့သို့ ခုန်ထွက်လိုက်၏။

ဤတွင် သူ၏ခန္ဓာကိုယ်သည် မြားတစင်းပမာ ချာယို့လန်ထံသို့ တိုးဝင်သွားလေသည်။

ယန့်ကဲ့မု မြန်ဆန်လွန်းသည်။

ချာယို့လန် ဘာလုပ်ရမည်မသိ ဖြစ်သွား၏။

ဖြူဖြူ၏တိုက်ခိုက်မှုအားရှောင်တိမ်းနေရစဉ်မှာပင် ယန့်ကဲ့မုက ရုတ်တရက်တိုက်ခိုက်လာသောကြောင့် သူက မည်သို့မျှ ရှောင်တိမ်းနိုင်စွမ်း မရှိတော့ပါချေ။

အခြေအနေမဟန်ကြောင်း သဘောပေါက်လိုက်သည့် ချာယို့လန်က နှုတ်ခမ်းကိုစုပြီး လေချွန်သံ တချက် ပေးလိုက်လေသည်။

'ရှီး........'

လေချွန်သံသည် စူးရှစွာ ထွက်ပေါ်လာသည်။

စူးရှသော လေချွန်သံ ထွက်ပေါ်လာသည်နှင့် တပြိုင်နက် နောက်ဆုတ်သွားသော ကျောက်စိမ်းမြွေမှာ ခေါင်းထောင်လာပြီး ရှေ့သို့ပြန်လည်းလူးလွန့်လာလေသည်။

ယန့်ကဲ့မုက မဲ့ပြုံးပြုံးလိုက်သည်။

ယခုတကြိမ် သူက ချာယို့လန်နှင့် ကျောက်စိမ်းမြွေ တခုမဟုတ်တခု သေဆုံးသွားရစေမည်ဟု သန္နိဋ္ဌာန် ချမှတ်ထားလိုက်ပြီး ဖြစ်လေသည်။

ထို့ကြောင့် ကျောက်စိမ်းမြွေက ပြန်လည်လှုပ်ရှားလာသည်နှင့်တပြိုင်နက် ယန့်ကဲ့မုမှာ ချာယို့လန်ထံသို့ တိုက်ခိုက်လိုက်သောဓားအား ဝဲကတော့ပုံတချက် လှုပ်ရှားလိုက်၏။

ထို့နောက် ဓားကိုင်ထားသည့်လက်အား အပေါ်သို့ လှန်လိုက်ပြီး လူးလွန့်လာနေသော ကျောက်စိမ်းမြွေထံသို့ ပစ်လွှင့်လိုက်လေသည်။



သူ၏ ဓားပစ်လွှတ်လိုက်ပုံမှာ အခြားအခြားသော သိုင်းသမားများ လက်နက်ပုန်း ပစ်လွှတ်လိုက်သည်နှင့်မတူပဲ တမူထူးခြားနေ၏။

သူသည် ဓားကိုင်ထားသောလက်မှ လက်ချောင်းကလေးများ၏ ဆန့်နိုင်အားကို အသုံးပြုလျက် ဓားရိုးအား တောက်လွှတ်လိုက်ခြင်းဖြစ်သည်။

ထို့ကြောင့် သူက ဓားပစ်လွှတ်လိုက်မည်ဟု မည်သူကမှ မထင်မှတ်ပဲ ရှိနေစဉ်မှာပင် သူ၏ဓားက လျှပ်တပြက် လွင့်ပျံထွက်သွားခြင်းဖြစ်လေသည်။

ကျောက်စိမ်းမြွေမှာ ရှေ့သို့ လူးလွန့်တိုးလာရာမှ ဦးခေါင်းထောင်လိုက်ပြီး မြေပေါ်မှ အမြီးကိုအားပြုကာ ဖြူဖြူထံသို့ ခုန်ပေါက်လိုက်ရန် ဟန်ပြင်နေ၏။

ထိုစဉ်မှာပင် အလင်းရောင်တန်းတချက် ဖွေးကနဲ ဝင်းလက်သွားပြီး ယန့်ကဲ့မု၏ဓားသည် ကျောက်စိမ်းမြွေ၏ ဦးခေါင်းတည့်တည့်သို့ စိုက်ဝင်သွားလေတော့သည်။

ကျောက်စိမ်းမြွေမှာ တချက်မျှ လူးလွန့်လိုက်ပြီးနောက် ငြိမ်သက်သွားလေတော့သည်။

လျှပ်တပြက်အတွင်း ဆက်တိုက် ဖြစ်ပေါ်သွားသော မယုံကြည်နိုင်စရာအဖြစ် ချာယို့လန် မျက်နှာကွက်ကနဲပျက်သွား၏။

သူသည် ယန့်ကဲ့မုအား ဒေါသကြီးစွာဖြင့် ကြည့်လိုက်ပြီး—

'မင်း ကျုပ်မြွေကို သတ်ပစ်လိုက်တယ် ဟုတ်လား'

သူ၏မျက်နှာမှာ ကြောက်မက်ဖွယ် ကောင်းလောက်အောင်ပင် ခက်ထန်သွားပြီး ယန့်ကျဲ့မုအား သဲကြီးမဲကြီး တိုက်ခိုက်လိုက်လေတော့သည်။

ယန့်ကျဲ့မုမှာ လက်နက်မဲ့နေပြီးဖြစ်သည်။

ထို့ကြောင့် ချာယို့လန်က တိုက်ခိုက်လာသည်နှင့် တပြိုင်နက် ခုခံရန် မတတ်နိုင်ပဲ ရှောင်တိမ်းပေးလိုက်ရလေသည်။

သို့သော် ချာယို့လန်၏ တိုက်ခိုက်မှုမှာ အလွန်လျင်မြန်ပြီး ပြင်းထန်နေသောကြောင့်သူကလွတ်အောင် ရှောင်တိမ်းနိုင်ခြင်း မရှိတော့ပါချေ။

ယန့်ကျဲ့မုက အံကိုတင်းတင်းကြိတ်လိုက်ပြီး ချာယို့လန်၏ ပလွေတံအား ပခုံးဖြင့် ညစ်ပေးလိုက်၏။

ဤတွင်....

'ဒုတ်........'

ဟူသော အသံတချက် ထွက်ပေါ်လာပြီး ချာယို့လန်၏ ပလွေတံမှာ ယန့်ကျဲ့မု၏ ပခုံးပေါ်သို့ တည့်မတ်စွာ ရိုက်ချမိလိုက်လေတော့သည်။

ထိုစဉ်မှာပင် ယန့်ကျဲ့မု၏ လက်တဘက်ကလည်း ရှေ့သို့ဆန့်ထွက်လာပြီး ချာယို့လန်၏ ရင်ဝသို့ လက်ဝါးဖြင့် ရိုက်ချပစ်လိုက်လေသည်။

သူတို့နှစ်ယောက်သည် အလွန်နီးကပ်နေသောကြောင့် ချာယို့လန်မှာ မည်သို့မျှ ရှောင်တိမ်းနိုင်စွမ်း မရှိတော့ပါချေ။

ဤတွင်........

'ဝုန်း........'



ကျယ်လောင်သော အသံတချက်ထွက်ပေါ်လာပြီး ချာယို့လန်၏ ခန္ဓာကိုယ်မှာ အဝေးသို့ လွင့်စင်သွားလေတော့သည်။

ချာယို့လန်ကော ယန့်ကျဲ့မုပါ နှစ်ယောက်စလုံး တချက်စီ ...ိသွားကြချေပြီ။

* * *

နေပူရှိန်သည် လျော့ကျလာနေပြီးဖြစ်၏။

နေပူရှိန်က လျော့ကျလာပြီးဖြစ်သော်လည်း အပူဒဏ်မှာ ...ပူသက်သာသွားခြင်း မရှိသေးပါချေ။

ပတ်ဝန်းကျင် တခုလုံးမှာ ပေါင်းအိုးတခုထဲတွင် ပြုတ်ထား ...ရသည့်ပမာ ပူလောင်ဆူပွက်နေသည်ဟု ထင်မှတ်နေရ၏။

မည်သို့ဆိုစေ ရာသီဥတု၏ အပူဒဏ်သည် ဖြူဖြူ၏ရင်တွင်းမှ ...ပူရှိန်ထက်စာလျှင် အသေးအဖွဲမျှသာ ဖြစ်သွားနိုင်ပါသည်။

ဖြူဖြူ၏ နဖူးပေါ်မှ ချွေးများမှာ ချွေးသီးချွေးပေါက် ...ားအဖြစ် ကျဆင်းနေ၏။

သူမသည် မြေပေါ်၌ ဒူးထောက်ထားပြီး ယန့်ကျဲ့မုအား ...ွေ့ထူထား၏။

ယခု ယန့်ကျဲ့မုမှာ အသက်သေဆုံးသွားခြင်း မရှိသေး ...သော်လည်း ဒဏ်ရာ ပြင်းထန်စွာ ရရှိထားပြီးဖြစ်လေသည်။

ဖြူဖြူက ယန့်ကျဲ့မုအား ပွေ့ထူထားပြီး စိုးရိမ်ကြောင့်ကျ ...စိုက်ကြည့်လိုက်သည်။ သူ၏ နှုတ်မှလည်း ကရုဏာသံတစု ...ဆင်းကျလာ၏။

'ရှင် သက်သာရဲ့လား....'

ယန့်ကျဲ့မှုမျက်နှာ ရှုံ့မဲ့နေ၏။

သို့သော် သူက ခေါင်းညိတ်လိုက်ပြီး........

'ကိစ္စမရှိပါဘူးဗျာ'

ဖြူဖြူက မောင်းသူ မဲ့နေသော မြင်းလှည်းအား တချက်လှမ်းကြည့်လိုက်၏။

မြင်းလှည်းသည် နေပူရှိန်အောက်၌ ငြိမ်သက်စွာ ရပ်လျက်ရှိနေပြီး လှုပ်ရှားမှု တစုံတရာမျှ မတွေ့ရပါချေ။

ခြစ်ခြစ်တောက် ပူနေသော နေရောင်အောက်၌ ငြိမ်သက်စွာ ရပ်တန့်နေသော မြင်းလှည်းကို ကြည့်လိုက်ယင်းမှ–

ဖြူဖြူက မျက်မှောင်ကုပ်သွား၏။

မိမိတို့ သိရှိထားချက်များအရဆိုလျှင် မြင်းလှည်းပေါ်တွင် ကျင်းမြို့စားက လိုက်ပါလာရမည်ဖြစ်၏။

ယခု ငွေဗျိုင်းနဲ့ ချာယို့လန်တို့မှာ ဒဏ်ရာပြင်းထန်စွာ ရရှိသွားပြီဖြစ်သောကြောင့် ကျင်းမြို့စားမှာ အကာအကွယ်မဲ့ ဖြစ်သွားပြီဖြစ်လေသည်။

ဖြူဖြူက အံတင်းတင်းကြိတ်လိုက်သည်။

ထို့နောက် မြင်းလှည်းအား တချက်စိုက်ကြည့်လိုက်ကာ–

'ရှင်ပုန်းနေလို့ကော လွတ်မလား....'

ဟု အော်ဟစ် ကြိမ်းမောင်းလိုက်၏။

သူမသည် ယင်းသို့ ကြုံးဝါးလိုက်ပြီးသည်နှင့်....

'ရှင်ခဏ နေအုံးနော် ကျွန်မသူ့ကိုသွားပြီး ဆုံးမလိုက်ဦးမယ်........'ဟု ယန့်ကျဲ့မုအား မှာကြားလိုက်ပြီး ဒူးထောက်နေရာမှ မတ်တပ်ရပ်လိုက်လေသည်။



ထို့နောက်ဓားကိုတင်းကြပ်စွာ ဆုပ်ကိုင်လိုက်ပြီး မြင်းလှည်းထံသို့ ဦးတည်လျှောက်သွားသည်။

အမှန်တော့ ဤကျင်းမြို့စား ယူဆောင်လာသော လျှို့ဝှက်စာအတွက် သူမ၏ အဖေ်များအသက်ကို တန်ဖိုးကြီးစွာ ပေးခဲ့ရပြီဖြစ်သည်။

ထို့ကြောင့် ဤလျှို့ဝှက်စာအား ကျင်းမြို့စားထံမှ မည်သည့်နည်းနှင့်မဆို အရယူရန် ဖြူဖြူက ဆုံးဖြတ်ထားပြီး ဖြစ်၏။

ဖြူဖြူက မြင်းလှည်းအနီးသို့ ရောက်ရှိသွားသည်နှင့် လျှပ်တပြက် ခန္ဓာကိုယ်တချက် လှုပ်ရှားလိုက်ပြီး မြင်းလှည်းတံခါးအား ခြောက်ထောက်ဖြင့် ကန်ဖွင့်လိုက်လေသည်။

အားကုန် ကန်ထည့်ပစ်လိုက်ခြင်းပင် ဖြစ်၏။

'........ဝုန်း....'

ဟူသော မြည်သံနှင့်အတူ မြင်းလှည်းတံခါးမှာ ကျိုးပဲ့ကြေမွသွား၏။

မြင်းလှည်းတံခါး ကျိုးပဲ့ကြေမွသွားသည်နှင့် ဖြူဖြူက ဓားရိုးကို တင်းကြပ်စွာ ဆုပ်ကိုင်လိုက်သည်။

ပြီးတော့....တင်းမာစွာဖြင့်....

'....ဆင်းလာခဲ့စမ်း....'

ဟု ကျယ်လောင်စွာ အော်ငေါက်လိုက်၏။

သို့သော် မြင်းလှည်းအတွင်းဘက်၌ လူသူတစုံတယောက်မျှ မရှိပဲ ဟာလာဟင်းလင်း ဖြစ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ဖြူဖြူမှာ မျက်လုံး ပြူးကျယ်သွားပြီး....

'ဟင်........ဘယ်ရောက်သွားပါလိမ့်....'

ယင်းသို့ အထိတ်တလန့် ရေရွတ်လိုက်ပြီး မြင်းလှည်းအတွင်းသို့ နေရာမလပ် ရှာဖွေလိုက်၏။

သို့သော် ကျင်းမြို့စားမှာမူ ပျောက်ချင်းမလှ ပျောက်ကွယ်သွားပြီးဖြစ်ပါသည်။ ဖြူဖြူမှာ ဦးခေါင်းများပင် နှစ်ဆခန့် ကြီးလာသည်ဟု ခံစားလိုက်ရ၏။

ထိုစဉ်မှာပင်....

သူမ၏နောက်ဘက်ဆီမှ....

'ဟဲ့....ဟဲ့....မင်း ကျုပ်ကိုလိုက်ရှာနေတာလားဗျ....'

အေးစက်သောအသံတခုက ထွက်ပေါ်လာလေသည်။

ဖြူဖြူက ရင်ထိတ်သွားပြီး ခန္ဓာကိုယ်ကို ချာကနဲလှည့်လိုက်ရာ အသက်ငါးဆယ်ကျော်ခန့်ရှိ အဘိုးအိုတယောက်က သူမ၏အနောက်ဘက် မလှမ်းမကမ်းတနေရာတွင် ရပ်လျက် ရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုအဘိုးအို၏ ရှည်လျားသော မုတ်ဆိတ်မွေးများမှာ လေထဲတွင် တလူလူလွင့်နေပြီး သူ၏ခန္ဓာကိုယ်ပေါ်မှ ရွှေဝါရောင် အဝတ်အစားများသည်၊ နေရောင်ခြည်အောက်တွင် အရောင်တဖိတ်ဖိတ်တောက်ပနေလေသည်။

ဖြူဖြူက ထိတ်လန့်အံ့သြစွာဖြင့်........

'....ကျင်းမြို့စား....'

ဟု ရေရွတ်ခေါ်လိုက်၏။

ရွှေဝါရောင်ဝတ်ဆင်ထားသူက ခေါင်းညိတ်လိုက်သည်။

'....ဟုတ်ပါ့ဗျာ....'



သူသည် ဖြူဖြူအားပြုံး၍ ကြည့်လိုက်သည်။

ပြီးတော့—အလွန်တရာ တည်ငြိမ်သည့်အသံဖြင့်....

'မင်း ကျုပ်ကိုသတ်ပစ်ချင်တယ် ဟုတ်လား....'

ဟု မေးလိုက်၏။

သို့သော် ဖြူဖြူက ပါးစပ်ပိတ်ထားလိုက်လေ၏။

အကြောင်းမှာ သူမမှာမည်သို့ ပြန်ပြောရမှန်းမသိပဲ ဖြစ်နေခြင်းကြောင့်ပင် ဖြစ်၏။

ထို့ထက်ပို၍ တိကျစွာဆိုရလျှင် ဖြူဖြူတယောက် ဘာလုပ်၍ဘာကိုင်ရမည်မသိတော့လောက်အောင် ရင်ထိတ်သွားရခြင်းကြောင့် ဖြစ်၏။

သူမ၏ မျက်လုံးများမှာ ကျင်းမြို့စား၏လက်တွင်းမှ ဓားတချောင်းက မြေပေါ်တွင် တင်ပျဉ်းခွေထိုင်နေသော ယန့်ကျဲ့မု၏လည်ကုပ်ပေါ်သို့ ထောက်ထားသည်ကို တွေ့မြင်လိုက်ရသည်နှင့် သူမ၏နှုတ်မှာ အလိုလိုပင် ဆွံ့အသွားသကဲ့သို့ ဖြစ်သွားရလေတော့သည်။

ဖြူဖြူခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားချေပြီ—

ကျင်းမြို့စားက သဘောကျစွာဖြင့်....

'ဟဲ့....ဟဲ့....မင်း ကျုပ်စကားနားထောင်မယ်ဆိုယင်တော့ ကျုပ်သူ့ကို မသတ်ပါဘူး........'

ဖြူဖြူက အံကိုတင်းတင်းကြိတ်လိုက်သည်။

ပြီးတော့—ကျင်းမြို့စားအား တင်းမာစွာစိုက်ကြည့်ကာ........

'ရှင် သူ့ကိုသတ်ပစ်လိုက်ယင် ရှင့်ကို ကျွန်မခွင့်လွှတ်နိုင်မှာ မဟုတ်ဘူး........'

ကျင်းမြို့စားက ပခုံးတချက်တွန့်လိုက်ယင်း........

'ဘာပဲဖြစ်ဖြစ် မင်း လှုပ်လှုပ်ရှားရှားလုပ်ဖို့ ကြံလိုက်တာနဲ့ ကျုပ်သူ့ကို သတ်ပစ်လိုက်မှာပဲ........'

သူ့ပုံစံက ပြောသည့်အတိုင်း တကယ်လုပ်မည့်ပုံစံမျိုးဖြစ်၏။

ဖြူဖြူ ပါးစပ်ပိတ်ထားလိုက်ရ၏။

ထိုစဉ် ကျင်းမြို့စားက ဆက်လိုက်သည်။

စင်စစ် အမိန့်ပေးတောင်းဆိုလိုက်ခြင်း ဖြစ်၏။

'သူ့အသက်မသေစေချင်ယင် မင်းကျုပ်စကား နားထောင်ရမယ်........'

ထိုစဉ်မှာပင် ယန့်ကျဲ့မုက လှုပ်လှုပ်ရှားရှား ဖြစ်လာပြီး........

'ဖြူဖြူကျုပ်ကို မင်းမငဲ့နဲ့ သူ့ကိုမလွှတ်လိုက်နဲ့........'

ဟု အော်ဟစ်သတိပေးလိုက်လေသည်။

ယန့်ကျဲ့မု၏ အသံထွက်လာသည်နှင့် တပြိုင်နက် ကျင်းမြို့စား ဒေါသထွက်သွားပြီး........

'ပါးစပ်ပိတ်ထားလိုက်စမ်း....'

သူသည် ယင်းသို့ကြိမ်းမောင်းလိုက်ပြီး ယန့်ကျဲ့မု၏ ဒဏ်ရာရရှိထားသော ပခုံးအား ဓားဦးဖြင့် အနည်းငယ် ထိုးစိုက်လိုက်သည်။



ပခုံးအသားထဲသို့ ဓားဦးက နစ်ဝင်သွားတော့၏။

'အင့်....'

ယန့်ကျဲ့မုမှာ နာကျင်လွန်းသဖြင့် မသဲမကွဲ ညည်းညူလိုက်သော်လည်း သူ၏မျက်နှာမှာ ရှုံ့မဲ့သွားခြင်းမရှိပါချေ။

ဖြူဖြူမှာ ယန့်ကျဲ့မု၏ အသံကို ကြား လိုက် ရ သည် နှင့် အသည်းနှလုံးများ ကြေမွသွားသကဲ့သို့ ခံစားလိုက်ရ၏။

သူမ၏ရင်ထဲ၌လည်း ဝမ်းနည်းကြေကွဲမှုများ ဖြစ်ပေါ်လာကာ မျက်ရည်များပင် ကျဆင်းလာလေတော့သည်။

ဖြူဖြူတယောက် ဆောက်တည်ရာမရလောက်အောင် ပူပန်လှုပ်ရှားနေလေပြီ–

ကျင်းမြို့စားက သဘောကျစွာ ပြုံးလိုက်သည်။

ထို့နောက် ဖြူဖြူအား ပြုံး၍ကြည့်လိုက်ယင်းမှ–

'မင်း လှုပ်ရှားမယ်ဆိုယင် ကျုပ်သူ့ကို သတ်ပစ်လိုက်မယ်ဆိုတာ မင်းယုံပြီလား........'

ဖြူဖြူက ပါးစပ်ပိတ်ထားလိုက်၏။

ကျင်းမြို့စားက ဖြူဖြူ၏လက်တွင်းမှဓားကို တချက်ကြည့်လိုက်ပြီး–

'မင်းဓား လွှင့်ပစ်လိုက်စမ်း........'

ဤတွင် ဖြူဖြူမှာ မည်သို့မျှမတတ်နိုင်တော့ပဲ လက်ထဲမှ ဓားကို လွှင့်ပစ်လိုက်ရလေသည်။ ကျင်းမြို့စားက ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး–

'ကောင်းတယ် မင်း ကျုပ်စကားကို နားထောင်မှသာ သူ့အသက်ရှင်နိုင်မယ် မဟုတ်လား....'

ဟု သဘောကျစွာ ပြောလိုက်၏။

သူသည် ယင်းသို့ပြောပြီးသည်နှင့် ဖြူဖြူနှင့် ယန်ကျဲ့မှုတို့ စီးနင်းလိုက်ပါလာသော မြင်းနှစ်ကောင်အား လက်ညှိုးညွှန်ပြလိုက်ကာ–

'မြင်းတကောင် ကျုပ်ဘက် မောင်းပို့လိုက်ပါ....'

ယန်ကျဲ့မှုမှာ ကျင်းမြို့စား၏လက်တွင်းသို့ ရောက်ရှိနေသောကြောင့် ဖြူဖြူမှာ မည်သို့မျှမတတ်နိုင်ပဲ ခိုင်းသမျှ လုပ်ပေးလိုက်ရ၏။

မြင်းတကောင်အား မောင်းနှင်လွှတ်ပေးလိုက်သည်နှင့်တပြိုင်နက် ကျင်းမြို့စားက ကျွမ်းကျင်စွာ ဆီးတားလိုက်သည်။

ပြီးတော့ ဖြူဖြူအား လှမ်း၍–

'ကဲ....မင်း နောက်ဆုတ်လိုက်ပါအုံး....'

ဖြူဖြူမှာ မည်သို့မျှမတတ်သာတော့ပဲ နောက်သို့သာ ဆုတ်ပေးလိုက်ရလေသည်။

ကျင်းမြို့စားက ဖြူဖြူအား တချက်အကဲခတ်လိုက်ပြီး လျှပ်တပြက် မြင်းပေါ်သို့ ခုန်တက်လိုက်လေသည်။

ထို့နောက် မြင်း၏ဝမ်းဗိုက်အား ဖနှောင့်ဖြင့် ပေါက်လိုက်ကာ ဒုန် စိုင်းမောင်းနှင်သွား၏။



ဖြူဖြူ၏ရင်ထဲတွင် လှိုက်လှဲစွာပူပန်စိုးရိမ်နေမိ၏။

ကျင်းမြို့စား ထွက်ပြေးသွားသည်ကို တွေ့မြင်လိုက်ရသော်လည်း ဖြူဖြူမှာမူ မည်သို့မျှမတတ်နိုင်ပဲ လက်ပိုက်ကြည့်နေရလေသည်။

ယခု သူမ၏ကြိုးစားမှုများသည် သဲထဲရေသွတ် အရာမထင်ပဲ ဖြစ်သွားပြီ မဟုတ်ပါလော–။

ထိုစဉ်မှာပင် မြင်း ဒုန်းစိုင်း မောင်းနှင်သွားသော ကျင်းမြို့စား ရှေ့ဆက်ပြေးလွှားသွားနိုင်ခြင်း မရှိပဲ၊ မြင်းကို ရပ်တန့်လိုက်သည်ကို တွေ့မြင်လိုက်ရလေသည်။

ဖြူဖြူက အံ့ဩသွား၏။

သူသည် မယုံကြည်နိုင်စွာဖြင့် ကျင်းမြို့စား ထွက်ခွာသွားရာဘက်သို့ လှမ်းကြည့်လိုက်သောအခါ ကျင်းမြို့စားအား လူတယောက်က လမ်းပိတ်ဆို့ကာ ရပ်တန့်ထားသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလမ်းပိတ်ဆို့ရပ်တန့်ထားသူအား တွေ့မြင်လိုက်ရသည်နှင့် ဖြူဖြူမှာ နှုတ်မှ တအံ့တဩဖြင့်–

'ကျင်းစွမ်းဖုန်း....'

အလိုအလျောက် ရေရွတ်လိုက်မိလေတော့သည်။

* * *

ကျင်းမြို့စား၏မျက်နှာသည် မည်းမှောင်နေ၏။

သူသည် လမ်းပိတ်ဆို့ ရပ်တန့်ထားသူအား မကျေမနပ်ဖြင့် ကြည့်လိုက်ပြီး....

'ဟေ့ - လမ်းဖယ်ပေးစမ်း....'

ဟု အော်ငေါက်ကြိမ်းမောင်းလိုက်၏။

ကျင်းမြို့စားက ယင်းသို့ကြိမ်းမောင်းလိုက်သော်လည်း လမ်းပိတ်ဆို့ ရပ်တန့်ထားသူမှာ တုတ်တုတ်မျှပင် မလှုပ်ပါချေ။

ထို့အပြင် ထိုလူသည် စူးရှတောက်ပသော မျက်လုံးများဖြင့် ကျင်းမြို့စားအား စိုက်ကြည့်လေသည်။

ကျင်းမြို့စားက မြင်းပေါ်တွင် တင်၍ တန်ဆာခံ ခေါ်လာခဲ့သော ယန့်ကျဲ့မုအား ညွှန်ပြလိုက်သည်။

ပြီးတော့-- ရပ်တန့်နေသူအား လှမ်း၍....

'မင်း လမ်းမဖယ်ပေးယင် ကျုပ် သူ့ကို သတ်ပစ်လိုက်မယ်'

ဟု ခြိမ်းခြောက်လိုက်၏။

သို့ရာတွင် လမ်းပိတ်ဆို့ရပ်တန့်ထားသူက မဲ့ပြုံးပြုံးလိုက်သည်။

ထို့နောက် အေးတိအေးစက်ဖြင့်–

'ခင်ဗျား သူ့ကို တကယ်သတ်ပစ်ရဲလို့လား.......'

ဟု ပြန်လှန်မေးမြန်းလိုက်လေသည်။



ကျင်းမြို့စား အံကြိတ်လိုက်သည်။ ပြီးတော့ ရက်စက်ကြမ်းကြုတ်သော လေသံဖြင့်–

'ငါ မသတ်ရဲဘူး ထင်နေသလား ...'

ဟု အေးစက်စွာ ပြောဆိုလိုက်သည်။

သူသည် ယင်းသို့ပြောပြီး ယန့်ကျဲ့မု လည်ကုပ်ပေါ်သို့ ဓားဖြင့် ခုတ်ချလိုက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်မှာပင်........

'........ချင်........'

ကနဲ အသံတချက်ထွက်ပေါ်လာပြီး လမ်းပိတ်ဆို့ ရပ်တန့်ထားသူ၏ အင်္ကျီလက်အတွင်းမှ ဓားပျံတချောင်းက လျှပ်တပြက် ထွက်ပေါ်လာပြီး ကျင်းမြို့စား စီးနင်းထားသည့် မြင်းအား ထိမှန်သွားလေသည်။

မြင်းသည် ရှည်လျားစွာ တချက်ဟီလိုက်ပြီး နာကျင်လွန်းသောကြောင့် ခုန်ကန် ခုန်ပေါက်လိုက်လေသည်။

မြင်းက လျှပ်တပြက် ခုန်ပေါက် လူးလှိမ့်ရှားပစ်လိုက်ခြင်းကြောင့် ကျင်းမြို့စားနှင့် ယန့်ကျဲ့မုတို့မှာ မြင်းပေါ်မှအောက်သို့ ဇရိုဖရဲ လွင့်စင်ကျသွားကြတော့၏။

ယန့်ကျဲ့မု၏ ခန္ဓာကိုယ်မှာ မြေပေါ်သို့ မကျမီမှာပင် လမ်းပိတ်ဆို့ ရပ်ထားသူက လက်တချက် ဝှေ့ယမ်းလိုက်၏။

သူက လက်ကို လှုပ်ရှားလိုက်သည်နှင့် တပြိုင်နက် မြင်း၏ ခန္ဓာကိုယ်ပေါ်သို့ စိုက်ဝင်သွားသော ဓားပျံ ကလေးမှာ နောက်သို့ ပြန်ကန်ထွက်လာပြီး ထိုလူ၏အင်္ကျီလက်အိုးအတွင်းသို့ ပြန်လည်ဝင်ရောက် ပျောက်ကွယ်သွားလေတော့သည်။ ဓား နှောင့်ကို ကြိုးဖြင့် ဆက်ထားသောကြောင့် အသုံးပြုပြီးသည့် အခါ အလွယ်တကူပြန်လည် သိမ်းယူလိုက်ခြင်းဖြစ်သည့်။

ထိုလူသည် ဓားကို ပြန်လည်ရုပ်သိမ်းလိုက်ပြီး တပြိုင်နက် ဆိုသလိုမှာပင် ကျန်လက်တဘက်က ယန့်ကျဲ့မုအား ဖေးမ ထားလိုက်ပြီး ဖြစ်လေသည်။

သူသည် ယန့်ကျဲ့မုအား ဖေးမ ထားလိုက်ပြီး နှစ်လိုဖွယ် ပြုံးပြလိုက်၏။

ထို့နောက် ဖြူဖြူအား လှမ်းကြည့်လိုက်ကာ လက်ယပ် ခေါ်လိုက်လေသည်။ ဖြူဖြူမှာကြောင်အမ်းအမ်းဖြစ်နေဆဲပင်–

လျှင်မြန်လွန်းသော အဖြစ်အပျက်များက ဆက်တိုက် ဖြစ် ပေါ်နေခြင်းဖြစ်သည်။

သူမသည် မိမိ၏ မျက်လုံးများကိုပင် မယုံကြည်နိုင်အောင် ဖြစ်သွားသော်လည်း ချက်ချင်းဆိုသလိုပင် သတိဝင်လာလေ တော့သည်။

သို့ဖြင့် သူမသည် ထိုလူအနီးသို့ အလျှင်အမြန် ပြေးလွှား သွားကာ ယန့်ကျဲ့မုအား ဖေးမထားလိုက်လေသည်။



ထို့နောက် ထိုလူအား ကျေးဇူးတင်သောအကြည့်ဖြင့် ကြည့် လိုက်ပြီး........

'ကျေးဇူးတင်ပါတယ်ရှင်....'

ထိုလူက ပြုံးလိုက်ကာ........'

'....ကိစ္စမရှိပါဘူးဗျာ....'

ဖြူဖြူက ခေါင်းခါယမ်းလိုက်ပြီး........

'အို မဟုတ်တာ ရှင့်ကျေးဇူးကို ကျွန်မ တနေ့ပြန်ဆပ်မယ်လို့ ကတိပေးပါတယ်ရှင်....'

သူမသည် ယင်းသို့ပြောယင်း ထိုလူအား တချက်အကဲခတ် ကြည့်လိုက်ကာ........

'ဒါထက် ရှင်က ကျင်းစွမ်းဖုန် ဟုတ်လား–'

ထိုလူက ခေါင်းညိတ်ရုံမျှသာ ညိတ်ပြလိုက်သည်။

ပြီးတော့–တည်ကြည် အေးဆေးသောလေသံဖြင့်....

'ကဲ ခင်ဗျား သူ့ကို ကြည့်ထားလိုက်ပါအုံး–'

သူသည် ယင်းသို့ပြောပြီးသည်နှင့်တပြိုင်နက် ကျင်းမြို့စား ဘက်သို့ လှည့်လိုက်လေသည်။

ကျင်းစွမ်းဖုန်းဟူသော အသံကို ကြားလိုက်သည်နှင့် ကျင်း မြို့စားမှာ မျက်လုံး ပြူးကျယ်လာပြီး........

'ကျင်းစွမ်းဖုန်းဆိုတာ မင်းဟုတ်လား....'

ဟု သေချာစေရန် ထပ်မံမေးမြန်းလိုက်၏။

ကျင်းစွမ်းဖုန်းက ခေါင်းညိတ်လိုက်သည်။

'........ဟုတ်တယ်........'

ကျင်းမြို့စားသည် မယုံကြည်နိုင်စွာဖြင့်........

'မင်း ရှမ်းရှမ်းလက်က ဘယ်လိုလုပ် လွတ်လာရတာလဲ....'

ကျင်းစွမ်းဖုန်းက မဲ့ပြုံးပြုံးလိုက်ကာ........

'ဒါတွေက အရေးမကြီးပါဘူး ဗျာ၊ အရေးကြီးတာက လျှို့ဝှက်စာ ဘယ်မှာလဲ........'

လျှို့ဝှက်စာဟူသောအသံ ကြားလိုက်ရသည်နှင့် ကျင်းမြို့စားမှာ မျက်နှာကွက်ကနဲ ပျက်သွားလေသည်။

သူသည် ခေါင်းကို အတွင်ခါယမ်းကာ—

'ကျုပ် မသိဘူး........'

'ခင်ဗျား မသိဘူးဟုတ်လား........'

'ဟုတ်တယ်'

ကျင်းစွမ်းဖုန်းက အေးစက်စွာဖြင့်....

'ခင်ဗျား ဒီလိုလိမ်ပြောလို့ ရမယ်လို့များ ထင်နေသလား–'

ကျင်းမြို့စားက ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်ကာ........

'ကျုပ် မင်းကို ကြောက်နေတယ်များ ထင်နေသလား........'

ရုတ်တရက် ကျင်းမြို့စား၏ မျက်နှာထားမှာ ပြောင်းလဲသွားသောကြောင့် ကျင်းစွမ်းဖုန်းက တွေဝေသွား၏။



ကျင်းမြို့စား၏ သိုင်းပညာမှာ သာမန်အဆင့်တွင်သာ ရှိပြီး သူ့လက်အောက်မှလူများ၏ သိုင်းသမားများကသာ ကြောက်မက်ဖွယ် ကောင်းအောင် ထက်မြက်နေကြောင်းကျင်းစွမ်းဖုန်းက ရိပ်မိထား၏။

ထို့အပြင် ကျင်းမြို့စား၏လူများအနက် ကျောက်စိမ်းမြွေ (၀၇) ချာယို့လန်မှာ သိုင်းပညာ အထက်မြက်ဆုံး ဖြစ်သည်။

ယခု အားကိုးအားထား မရှိပဲ ကျင်းမြို့စားက အဘယ်ကြောင့် မောက်မာနေပါသနည်း။ ကျင်းစွမ်းဖုန်း နားမလည်နိုင်အောင် ဖြစ်နေ၏။

ကျင်းစွန်းဖုန်း ကြောင်အမ်းအမ်းဖြစ်နေစဉ်မှာပင် အဝေးမှ ပြေးလွှား လာနေကြသော မြင်းခွာသံများကို မသဲမကွဲ ကြားလိုက်ရလေသည်။

ဤတွင် ကျင်းစွမ်းဖုန်းက အံ့သြသွားပြီး အဝေးသို့ လှမ်းမျှော်ကြည့်လိုက်၏။ ကြည့်လိုက်ယင်းမှလည်း သူသည် သဘောပေါက်လာမိလေတော့၏။

ကျင်းနိုင်ငံ၏ နယ်စပ်ဘက်မှ ဖုံလုံးကြီးများ အလိပ်လိုက် အလိပ်လိုက် တက်လာနေသောကြောင့် ကျင်းမြို့စားအား လာရောက် ကြိုဆိုကြ သူများ လာနေကြပြီဖြစ်ကြောင်း ရိပ်စားမိလိုက်လေသည်။

ကျင်းစွမ်းဖုန်း၏ ရင်ထဲ၌ ထိတ်ကနဲ စိုးရိမ်ပူပန်သွားမိသည် ။

အကယ်၍သာ ကျင်းနိုင်ငံမှ အကြိုတော်များ ရောက်ရှိလာလျှင် ကျင်းမြို့စားအား ဖမ်းဆီးအရေးယူရန် အလွန်ပင် ခက်ခဲသွားနိုင်သည် မဟုတ်ပါလော။

ကျင်းစွမ်းဖုန်းက ယင်းသို့ တွေးမိလိုက်သည်နှင့်တပြိုင်နက် လက်ဖြန့်လိုက်ကာ........

'လျှို့ဝှက်စာ ပေးပါ........'

ဟု အလောတကြီး တောင်းခံလိုက်၏။

ကျင်းမြို့စားက ခေါင်းခါယမ်းလိုက်သည်။

သူ့ မျက်နှာမှာလည်း လှောင်ပြုံး–ပြုံးလိုက်သည့်သဏ္ဌာန် ပေါ်လွင်နေ၏။

'မင်း မရနိုင်တော့ပါဘူးကွာ........'

သူသည် ပြောယင်း အဝေးမှ ပြေးလွှားလာနေကြသော မြင်းတပ်စုအား လှမ်းမျှော်ကြည့်လိုက်ပြီး........

'ကျုပ်လူတွေ ရောက်လာယင် မင်းဒုက္ခတွေ့သွားနိုင်တယ်၊ ဒါကြောင့် မသေချင်ယင် မြန်မြန်ထွက်သွားပါ'

ကျင်းမြို့စားက နှင်ထုတ်လိုက်သည်။

ကျင်းစွမ်းဖုန်းက မဲ့ပြုံး–းပြုံးလိုက်ပြီး........

'ကျုပ် ခင်ဗျားကို မသတ်ချင်လို့ အခုလိုမေးနေတယ်ဆိုတာ ခင်ဗျား နားလည်းထားစမ်းပါ........'



'ဘာ....မင်း ကျုပ်ကို သတ်ပစ်နိုင်တယ် ဟုတ်လား'

ကျင်းစွမ်းဖုန်းက ခေါင်းကိုဆတ်ကနဲညိတ်၍–

'ဟုတ်တယ်........'

ကျင်းစွမ်းဖုန်း၏စကား ကြားလိုက်ရသောအခါ ကျင်းမြို့စားက သဘောကျစွာ တဟားဟား ရယ်မောလိုက်လေသည်။

ကျင်းစွမ်းဖုန်းက မျက်မှောင်ကုပ်သွားပြီး–

'ခင်ဗျား မယုံလို့လား........'

'မင်း ကျုပ်ကို သိုင်းပညာမတတ်ဘူးလို့ များ ယူဆထားယင် မှားသွားမှာပေါ့........'

သူသည် ကျင်းစွမ်းဖုန်းအား အေးတိအေးစက် စိုက်ကြည့်လိုက်ကာ စကားဆက်လိုက်၏။

'တကယ်ဆို ကျုပ်ရဲ့သိုင်းပညာက ချာယို့လန်ထက် အများကြီး သာပါတယ်၊ ကျုပ်ဆရာကို သုံးနှစ် သိုင်းပညာကို အသုံးမပြုပါဘူးလို့ ကတိပေးထားလို့သာ ကျုပ်က သည်းခံနေတာပါ....'

ကျင်းမြို့စားက အေးဆေးတည်ကြည်စွာ ရှင်းပြလိုက်သည်။

သူ၏စကား ကြားလိုက်ရသောအခါ ကျင်းစွမ်းဖုန်းမှာ ပါးစပ် အဟောင်းသား ဖြစ်သွားရလေသည်။

မည်သို့ဆိုစေ သူသည် ကျင်းမြို့စားအား မဖြစ်မနေ ဖမ်းဆီးရမည် မဟုတ်ပါလော။ ရာဇဝတ်သား တဦးအား မည်သည့်နည်းနှင့်မဆို ဖော်ထုတ်ဖမ်းဆီး အရေးယူရမည့် တာဝန်သည် လူတိုင်း၌ရှိ၏။ ရှောင်လွှဲ၍မရ၊ ခိုင်လုံသော အထောက်အထားဖြင့် ဖော်ထုတ်ဖမ်းဆီးရပေမည်။

ကျင်းစွမ်းဖုန်းက တွေဝေငေးငိုင်နေသည်ကို တွေ့မြင်လိုက်ရသည်နှင့် ကျင်းမြို့စားက ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်ကာ—

'တကယ်လို့သာ မင်း ငါ့ကို တိုက်ခိုက်လာမယ်ဆိုယင် ငါ့ဆရာကို ပေးထားတဲ့ ကတိ ချိုးဖောက်ရတော့မှာပဲ....'

ဟု အေးစက်စွာပြောလိုက်၏။

ဤတွင် ကျင်းစွမ်းဖုန်းက ခေါင်းညိတ်လိုက်ပြီး....

'ကောင်းပြီ ခင်ဗျားရဲ့ကတိကိုချိုးဖောက်ဖို့သာပြင်ပေတော့'

ကျင်းစွမ်းဖုန်းသည် ဆုံးဖြတ်ချက်ကို ခိုင်မာစွာ ဘက်တွယ်မည့် လူစားဖြစ်၏။

ကျင်းမြို့စား မျက်မှောင်ကုပ်လိုက်ကာ–

'မင်း ကျုပ်ကိုတိုက်မယ် ဟုတ်လား........'

ကျင်းစွမ်းဖုန်းက ခေါင်းကို ဆတ်ကနဲညိတ်ကာ–

'ဟုတ်တယ်........'

ကျင်းစွမ်းဖုန်းသည် ယင်းသို့ပြောပြီး ယာဘက် လက်အားအပေါ်သို့ မြှောက်ပြလိုက်ကာ—



'ကျုပ်ရဲ့အင်္ကျီထဲမှာ ကြိုးနဲ့ဆက်ထားတဲ့ ဓားပျံ တချောင်းရှိတယ်၊ သိုင်းလောကတခုလုံးကတော့ ဒီဓားကို အသည်းကွဲဓားလို့ ခေါ်ကြတယ်ဗျ........'

ကျင်းမြို့စားက မျက်မှောင်ကုပ်လိုက်ကာ....

'အဲဒါ ဘာဖြစ်သလဲ........'

'ကျုပ်ဓားရဲ့ အရိုးမှာ ချူတခုလည်း တပ်ဆင်ထားတယ်ဗျ၊ ဒါကြောင့် ကျုပ်က ဓားကို အသုံးပြုလိုက်တာနဲ့ ချူသံက ထွက်ပေါ်လာတာပဲ........'

ကျင်းစွမ်းဖုန်းက ခပ်တည်တည် ရှင်းပြလိုက်၏။

ကျင်းမြို့စားက မဲ့ပြုံးပြုံးလိုက်ပြီး....

'အသည်းကွဲချူသံပေါ့ ဟုတ်လား....'

'ဟုတ်တယ် ဒါပေမယ့် ကျုပ်ပြောချင်တာက အသည်းကွဲဓားနှင့် အသည်းကွဲချူသံအကြောင်း မဟုတ်ပါဘူး....'

ကျင်းစွမ်းဖုန်းက သူဆိုလိုသည့် အဓိပ္ပာယ်ကို ရှင်းပြရန် ဟန်ပြင်လိုက်၏။ သို့သော် ကျင်းမြို့စားက ခေါင်းသွင်သွင် ခါယမ်းလိုက်ကာ....

'မင်းက ကျုပ်ကို တိုက်ခိုက်မှာလား၊ ဒါမှမဟုတ် ပူးပေါင်းမှာလားဆိုတာပဲ သိချင်ပါတယ်၊အခြား ဘာမှမသိချင်ပါဘူး—'

ကျင်းစွမ်းဖုန်းက ပြုံးလိုက်ကာ—

'ကျုပ် ဘာကြောင့် ရှင်းပြ နေရသလဲ ဆိုတာ ခင်ဗျားက သဘောမပေါက်ပဲကိုး.......'

သူသည် ယင်းသို့ပြောပြီး ယာဘက်လက်အား ခပ်ဆွဲ့ဆွဲ့ ပုံသဏ္ဍာန် ပြုလုပ်လိုက်သည်။

ပြီးတော့.... ထပ်မံရှင်းပြလိုက်၏။

'ကျုပ်ဓားမှာတပ်ထားတဲ့ ချူသံကို ကြားရသူတိုင်း ဇာတ်သိမ်းမလှ ဖြစ်တတ်ကြတယ်ဆိုတာ ကျုပ်ပြောပြချင်လို့ပဲ....'

ကျင်းမြို့စားက အေးတိအေးစက်ဖြင့်–

'ကိစ္စမရှိပါဘူး၊ ကျုပ် ခင်ဗျားရဲ့ဓားကချူသံကို နားထောင်ချင်ပါတယ်ဗျာ....'

သူ၏စကားမဆုံးမီမှာပင် ကျင်းစွမ်းဖုန်းက ယာဘက်လက်အား လျှပ်တပြက် လှုပ်ရှားလိုက်၏။

သူသည် တတောင်ဆစ်ကွေး၍ လက်ကို နောက်သို့ ဆတ်ကနဲ ပြန်ရုပ်လိုက်ပြီးမှ ရှေ့သို့ ဆန့်ထုတ်လိုက်ခြင်း ဖြစ်သည်။

ကျင်းစွမ်းဖုန်းက လက်လှုပ်ရှားလိုက်သည်နှင့် ကျင်းမြို့စားကလည်း လျှပ်တပြက် ခန္ဓာကိုယ်တချက်လှုပ်ရှားကာ နဘေးသို့ ခုန်ထွက်သွားလေသည်။

သူ၏လှုပ်ရှားမှုသည် မယုံကြည်နိုင်လောက်အောင်ပင် လျင်မြန်လှပေသည်။ သို့သော် ကျင်းစွမ်းဖုန်း၏ အသည်းကွဲချူသံက ထွက်ပေါ်လာခြင်း မရှိသေးပါချေ။



ကျင်းမြို့စားက မျက်မှောင်ကုပ်လိုက်ပြီး လှုပ်ရှား နောက်ဆုတ်လိုက်သော ခြေလှမ်းများအား ရပ်တန့်ပစ်လိုက်၏။

ထိုစဉ်မှာပင်.......

'.......ချွင်.......'

ကနဲ ဓားသံတချက် ထွက်ပေါ်လာပြီး အလင်းရောင်တချက် ဖွေးကနဲ ဝင်းလက်သွားလေသည်။

ကျင်းစွမ်းဖုန်း၏ ဓားသည် ပစ်မှတ် တည့်တည့်သို့ တန်းပြီး ပြေးထွက်သွားပြီ ဖြစ်သည်။

အလင်းရောင် ဝင်းလက်သွားပြီး မရှေးမနှောင်းမှာပင်–

'.......အား.......'

ဟူသော အသံနှင့်အတူ ကျင်းမြို့စားမှာ အရုပ်ကြိုးပြတ်လဲကျသွားသည်။ ယခုတကြိမ်၌ ကျင်းစွမ်းဖုန်း၏အသည်းကွဲဓားသည် ကျင်းမြို့စား၏ နှလုံးသားတည့်တည့်သို့ စိုက်ဝင်သွားခြင်း မရှိခဲ့ပါချေ။

ဝေနိုင်ငံ သစ္စာဖောက်မှုနှင့် ပတ်သက်၍ နောက်ဆက်တွဲ ဖော်ထုတ်စရာများ ရှိနေသောကြောင့် ကျင်းမြို့စားအား လက်ရဖမ်းဆီးမိရန် လိုအပ်နေသောကြောင့် ဖြစ်၏။

သို့ဖြစ်၍.... ကျင်းစွမ်းဖုန်းသည် ဓားသွားကို အသုံးမပြုပဲ ဓားနှောင့်ဖြင့် ကျင်းမြို့စား၏ပခုံးတနေရာသို့ လှမ်းပစ်လိုက်ခြင်း ဖြစ်သည်။

ခေါ်နွေဝင့်သည် ကျင်းမြို့စား၏ ပခုံးကြားရှိ သွေးကြောကို တည့်မတ်စွာ ထိမှန်သွား၏။ ထို့ကြောင့် ကျင်းမြို့စားမှာ အရုပ်ကြိုးပြတ် လဲကျသွားပြီး မလှုပ်နိုင် မရှားနိုင် ဖြစ်သွားရလေသည်။

ယခုအခါ ဝေနိုင်ငံ၏လုံခြုံရေးက ခြိမ်းခြောက်လျက်ရှိသော ကျင်းမြို့စားနှင့် အပေါင်းပါတို့သည် တာဝန်သိ မျိုးချစ် သိုင်းသမားများ၏ ဖော်ထုတ် ဟန့်တားမှုကြောင့် အရေး နိမ့်ခဲ့ရပြီ ဖြစ်လေသည်။

* * *

ကျင်းမြို့စားသည် အကြောပိတ်ခံလိုက်ရသောကြောင့် မြေပေါ်တွင် မလှုပ်မယှက်ဖြစ်နေ၏။

ကျင်းစွမ်းဖုန်းက ကျင်းမြို့စား အနီးသို့ လျှောက်သွားပြီး ခန္ဓာကိုယ် နေရာအနှံ့အပြား စမ်းသပ်ရှာဖွေလိုက်ရာ မကြာမီ ဆင်စွယ်ဗူးကလေးတခုအား တွေ့မြင်လိုက်ရလေသည်။

ထို့အပြင် ဆင်စွယ်ဗူးကလေးအတွင်း ခေါက်ပိတ်ထားသော အနီရောင် စာလိပ် တလိပ်ကိုလည်း တွေ့မြင်လိုက်ရလေသည်။

ကျင်းစွမ်းဖုန်း၏ မျက်လုံးများက အရောင် တဖိတ်ဖိတ် တောက်ပလာ၏။ သူသည် ဆင်စွယ်ဗူးကလေးအား တင်းကြပ်



စွာ ဆုပ်ကိုင်လိုက်ပြီး ဖြူဖြူနွဲ့ ယန့်ကျဲ့မှုတို့ဘက်သို့ လှည့်လိုက်ကာ—

'ကျုပ်တို့ မြန်မြန်သွားမှဖြစ်မယ်....'

ဟု ပြောလိုက်၏။

မှန်ပါသည် သူတို့ ဤနေရာက အလျင်အမြန် ထွက်ခွာသွားမှသာဖြစ်နိုင်ပေမည်။အကြောင်းမှာ ကျင်းမြို့စားအား ကြိုဆိုရန် လာနေကြသော ကျင်းစစ်သည်များမှာ မကြာမီ ဤနေရာသို့ ရောက်ရှိလာကြတော့မည် မဟုတ်ပါလော—။

တောင်ကြားမြို့ကလေးသည် ပုံမှန်အခြေအနေသို့ ပြန်လည် ရောက်ရှိသွားပြီး ဖြစ်သည်။

ကျင်းမြို့စား၏ အကြံပက်စက်သော သတင်းမှာ တမြို့လုံးသို့ ပျံ့နှံ့သွားသည်။ တောင်ကြားမြို့ကလေးသို့ ရောက်ရှိနေကြသော သိုင်းလောကသားတိုင်း လိုလိုကလည်း သိသွားကြပြီး ဖြစ်ပါသည်။

ထို့အတူ ယန့်ကျဲ့မုအား ကျင်းနေပြည်တော်မှ အထောက်တော်တဦးဖြစ်ကြောင်း သိရှိသွားကြပြီး ဖြစ်လေသည်။ယန့်ကျဲ့မုသည် အသည်းကွဲ ခေါ်ပိုင်ရှင် ကျင်းစွမ်းဖုန်းအား စုံစမ်းထောက်လှမ်းရန် တောင်ကြားမြို့ကလေးသို့ ရောက်ရှိလာရာမှ.... ကျင်းမြို့စား၏ လှည့်စားချက်ကို သိရှိကာ ဝေနိုင်ငံ၏ လုံခြုံရေးကို ခြိမ်းခြောက်နေသည့် ပြဿနာကို အစ ဖော်နိုင်ခဲ့ခြင်း ဖြစ်လေသည်။

ကျင်းစွမ်းဖုန်းမှာ တမင်သက်သက် တန်ဆာခံ ဖြစ်နေခြင်း ဖြစ်ကြောင်းကိုလည်း ယန့်ကျဲ့မုသိရှိခဲ့ရသည်။ ယခုအခါ ကျင်းမြို့စားကို ဖမ်းဆီးရမိပြီဖြစ်၍ ပြဿနာအားလုံး ကင်းရှင်းသွားပြီ ဖြစ်လေသည်။

ကျင်းမြို့စားထံမှ လျှို့ဝှက်စာအား နေပြည်တော်မှ ရှပ်ဖျက်ရောက်ရှိလာသော အထောက်တော် ယန့်ကျဲ့မုနှင့်ဖြူဖြူတို့က ထိန်းသိမ်းစောင့်ရှောက်ကာ နေပြည်တော်သို့ ယူဆောင်သွားကြပြီး ဘုရင်မင်းမြတ်လက်သို့ ဆက်သကြမည် ဖြစ်သည်။ ထို့ကြောင့် တောင်ကြားမြို့ကလေးသို့ ရောက်ရှိ နေကြသော အဖြူရောင် သိုင်းသမားများက ယန့်ကျဲ့မု ဖြူဖြူတို့နှင့် အတူ လိုက်ပါသွားကြလေသည်။ သူတို့သည် တရားခံများဖြစ်ကြသော ကျင်းမြို့စားနှင့် အပေါင်းပါတို့ကိုပါ စစ်ဆေး အရေးယူရန် တပါတည်း ခေါ်ဆောင်သွားကြလေသည်။

ဤသို့ဆိုလျှင် ကျင်းစွမ်းဖုန်းက မည်သည့်နေရာသို့ ရောက်ရှိသွားပါသနည်း။

ကျင်းစွမ်းဖုန်းသည် တောင်ကြားမြို့ကလေးသို့ ရောက်ရှိလာသည်နှင့် တပြိုင်နက် ယန့်ကျဲ့မုနှင့် ဖြူဖြူတို့အား ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များအား လွှဲအပ်ပေးလိုက်လေသည်။

ယန့်ကျဲ့မုနှင့် ဖြူဖြူတို့မှာလည်း ကျင်းစွမ်းဖုန်း၏ စိတ်ဓာတ်အား နားလည် သဘောပေါက်သွားကြပြီး ဖြစ်သောကြောင့် ကျင်းစွမ်းဖုန်းအား ရန်သူအဖြစ်မှပယ်ဖျက်လိုက်ကြပြီး ဖြစ်လေ



သည်။ ကျင်းစွမ်းဖုန်း သုတ်သင်ရှင်းလင်းခဲ့သူများမှာ နေပြည်တော်မှ အသေရရ အရှင်ရရ အလိုရှိနေသော ဆိုးသွမ်း သိုင်းသမားများ ဖြစ်ကြသည် မဟုတ်ပါလော–

ယခု သိုင်းလောကနှင့် ဝေနိုင်ငံ၏ လုံခြုံရေးအတွက် ခြိမ်းခြောက်လျက်ရှိသော အန္တရာယ်များမှာ ကင်းစင် ပပျောက်သွားပြီး ဖြစ်သည်။

သို့သော် ကျင်းစွမ်းဖုန်းက စိတ်လက်ပေါ့ပါးသွားခြင်းမရှိပဲ ရင်ထဲတွင် လေးလံသကဲ့သို့ ခံစားနေရ၏။

မှန်ပါသည် သူနှင့် သိုင်းပညာချင်း ယှဉ်ပြိုင်ရန် ချိန်းဆိုထားသည့် ချယ်ရီ–ပန်းကျေးရွာ သခင်မလေး ရှမ်းရှမ်းမှာ သူ့ထက် သိုင်းပညာများစွာ သာနေသည်ဟု သူ ယူဆထားသည် မဟုတ်ပါလော........။

ထို့အပြင် မည်သည့် အကြောင်းကြောင့်မှန်းမသိ ကျင်းစွမ်းဖုန်းမှာ ရှမ်းရှမ်းနှင့် ယှဉ်ပြိုင် တိုက်ခိုက်လိုစိတ် လုံး၀ မရှိပါချေ။

မည်သို့ဆိုစေ သူက ကတိ ပေးထားပြီး ဖြစ်သောကြောင့် တောင်ကြားမြို့ကလေးသို့လည်း ရောက်ရှိလာသည်နှင့်တပြိုင်နက် ကျင်းစွမ်းဖုန်းက တောင်ကြား တည်းခိုခန်းသို့ ဦးတည်သွားခဲ့လေတော့သည်။

သူသည် ပေးထားသော ကတိအရ ရှမ်းရှမ်းဟူသော ချယ်ရီပန်းကျေးရွာ သခင်မလေးနှင့် သိုင်းပညာ ယှဉ်ပြိုင်ရမည်ဖြစ်၏။

* * *

တောင်ကြား တည်းခိုခန်း....

တောင်ကြား တည်းခိုခန်းမှာ ဟောင်းနွမ်းပြီးပြိုကျလုမတတ်ဖြစ်နေ၏။

ကျင်းစွမ်းဖုန်းက တောင်ကြား တည်းခိုခန်းသို့ ရောက်ရှိလာသည်နှင့် တည်းခိုသူ တစုံတယောက်မျှ မတွေ့ရပဲ ကောင်တာတွင် ငိုက်မြည်းနေသော ဆိုင်ရှင်ကိုသာ တွေ့မြင်လိုက်ရလေသည်။

ကျင်းစွမ်းဖုန်းက ချောင်းတချက်ဟန့်လိုက်၏။

သူ၏ ချောင်းဟန့်သံကြားလိုက်ရမှ ဆိုင်ရှင်က မျက်လုံးဖွင့်သွားကာ ကပျာကယာ မတ်တတ်ရပ်လိုက်လေသည်။

ကျင်းစွမ်းဖုန်းက တည်းခိုခန်းအားတချက်ကြည့်လိုက်ပြီး........

'ဒါ တောင်ကြား တည်းခိုခန်း မဟုတ်လား....'

ကျင်းစွမ်းဖုန်း၏ အမေးတွင် ပြုံးစရာ စကားလုံး မပါပါ။ သို့သော် ဆိုင်ရှင်က ပြုံးလိုက်သည်။



'ဟုတ်ပြီ....ခင်ဗျား လူတယောက်ကို လာရှာတာ မဟုတ်လား....'

ဆိုင်ရှင်၏ အပြောက သေချာစွာ သိထားသူ တယောက်၏ ဟန်ပန် အပြည့်ပါနေ၏။

ကျင်းစွမ်းဖုန်းက အံ့သြသွားကာ....

'ကျုပ် လူလာရှာတာ ခင်ဗျားသိတယ် ဟုတ်လား........'

ဟု တအံ့တသြမေးလိုက်၏။

ဆိုင်ရှင်က ခေါင်းညိတ်လိုက်ကာ....

'ဟဲ........ဟဲ....ကျုပ်တည်းခိုခန်းမှာ လူမပြည့်တာ နှစ်နဲ့ချီပြီး ကြာလာပြီဗျ၊ ဒါကြောင့် ကျုပ်တည်းခိုခန်းကို ရောက်လာတဲ့ လူမှန်သမျှ ကျုပ်မှတ်မိတာပေါ့....'

သူသည် ယင်းသို့ပြောယင်း အနည်းငယ် စဉ်းစားလိုက်ပြီး စကားဆက်လိုက်၏။

'အဲ....ဒီလထဲမှာတော့ မိန်းကလေး တယောက်က ရောက်လာတယ် သူက ဒီရက်ပိုင်းအတွင်း လူတယောက်ရောက်လာလိမ့်မယ်လို့ ပြောပြီး ကျုပ်ကို အလုပ်တခု ပေးသွားပါတယ်....'

ဆိုင်ရှင်၏ ပြောပုံဆိုပုံက တစုံတရာထူးခြားသလိုဖြစ်နေ၏။

ကျင်းစွမ်းဖုန်းက နားမလည်နိုင်စွာဖြင့်........

'ခင်ဗျား ဘာကိုဆိုလိုတာလဲ.......'

ဤတွင် ဆိုင်ရှင်ကပြုံးလိုက်ပြီး—

'ကျုပ် ပြောတယ်မဟုတ်လား မိန်းကလေးတယောက်က အလုပ်ပေးသွားတယ်ဆိုတာလေ........'

ဆိုင်ရှင်၏စကားကြောင့် ကျင်းစွမ်းဖုန်းက ဒေါသထွက်လာလေသည်။

ဤဆိုင်ရှင်သည် အလွန်စကားများသည့် ဆိုင်ရှင်မဟုတ်ပါလော........

ဤဆိုင်ရှင်သည် အလွန်စကားများရုံမက စကားပြောဆိုရာတွင် ဝေ့လည်ကြောင်ပတ်လည်း နိုင်လွန်းသူဖြစ်၏။

ကျင်းစွမ်းဖုန်းက မဲ့ပြုံးပြုံးလိုက်ပြီး ဆိုင်ရှင်စကားမဆက်နိုင်မီမှာပင် ကောင်တာနှင့် ကပ်နေသည့်နံရံပေါ်ရှိ ကြေးဘုလုံးပေါ်သို့ လက်ဝါးဖြင့် ဖိလိုက်လေသည်။

ထို့နောက် လက်ကို အသာအယာ ခွာလိုက်ရာ ကြေးဘုလုံးပေါ်တွင် လက်ငါးချောင်းထင်နေသည်ကို တွေ့မြင်လိုက်ရ၏။

ဆိုင်ရှင်၏မျက်နှာမှာ ဖြူဖတ်ဖြူရော် ဖြစ်သွားလေသည်။

သူသည် ကပျာကယာ လက်နှစ်ဘက်ဆုပ်ပြီး ရယ်သွမ်းသွေးလိုက်ကာ........

'ဟဲ့........ဟဲ့........ခင်ဗျားက ကျင်းစွမ်းဖုန်း ဟုတ်ပါသလားခင်ဗျာ–'

ဟု ချိုသာစွာ လှမ်းမေးလိုက်လေသည်။

ကျင်းစွမ်းဖုန်းက ခေါင်းညိတ်ပြလိုက်၏။



ဆိုင်ရှင်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး—

'ဟုတ်ပြီ မိန်းကလေးပြောတာ ခင်ဗျားပဲဖြစ်ရမယ်....'

ဟု တကိုယ်တည်း ပြောသလိုလိုဖြင့် မှတ်ချက်ချလိုက်၏။

သူသည် ပြောပြီးသည်နှင့် စားပွဲ၏အံဆွဲကို ဖွင့်လိုက်ကာ အတွင်းမှ အညိုရောင် စာအိတ်တလုံးကို နှိုက်ယူလိုက်၏။

ထို့နောက် ကျင်းစွမ်းဖုန်းအား ကမ်းပေးလိုက်ပြီး—

'မိန်းကလေးတယောက်က ခင်ဗျားလာယင် ဒီစာပေးလိုက်ပါလို့မှာသွားပါတယ်ဗျာ........'

ဆိုင်ရှင်က စာအိတ်အား ကမ်းပေးလိုက်ယင်းမှ ပြောဆိုလိုက်၏။

ကျင်းစွမ်းဖုန်းက စာကိုလှမ်းယူလိုက်ပြီး ချက်ချင်းဆိုသလိုပင် ဖောက်ဖတ်လိုက်လေသည်။

သူသည် စာကိုဖတ်ပြီးသွားသည်နှင့်တပြိုင်နက် မျက်လုံးများမှာ အရောင်တဖိတ်ဖိတ် တောက်ပလာပြီး မျက်နှာပေါ်တွင် အပြုံးရိပ်များ ယှက်သန်းလာလေသည်။

ပြောင်းလဲသွားသော ကျင်းစွမ်းဖုန်း၏ အမူအရာကြောင့်–

ဆိုင်ရှင်က မျက်မှောင်ကုပ်သွားပြီး........

'ဘာစာလဲဗျ....'

စပ်စု မေးမြန်းလိုက်ပြန်၏။

သို့သော် ယခုတကြိမ်တွင်မူ ကျင်းစွမ်းဖုန်းက ဆိုင်ရှင်အား စိတ်ဆိုးခြင်းမရှိတော့ပါချေ။

သူသည် အင်္ကျီအိတ်အတွင်းမှ ငွေတုံးကလေးတတုံးကို နှိုက်ယူလိုက်ပြီး....

'ဆုပေးတယ်လို့ မှတ်ယူလိုက်ပေတော့........'

သူသည် ငွေတုံးကလေးအား ကောင်တာပေါ်သို့ ပစ်တင်လိုက်ပြီး တည်းခိုခန်းအတွင်းမှ ခြေလှမ်းသွက်သွက်ဖြင့် လှမ်းထွက်သွားလေသည်။

ဆိုင်ရှင်မှာ သူ့အား ခေါင်းတညိတ်ညိတ်ဖြင့် ငေးကြည့်ကာ ကျန်ရစ်ခဲ့တော့၏။

ကျင်းစွမ်းဖုန်းက မည်သည့်စာကို ဖတ်လိုက်ရပါသနည်း။

သူသည် အဘယ်ကြောင့် စာဖတ်ပြီးသည်နှင့် တပြိုင်နက် ရွှင်ရွှင်လန်းလန်း ဖြစ်သွားရပါသနည်း။

အမှန်စင်စစ် ကျင်းစွမ်းဖုန်း ဖတ်လိုက်ရသောစာမှာ ရှမ်းရှမ်း ထံမှစာပင် ဖြစ်ပါသည်။

ဤသို့ဆိုလျှင် ရှမ်းရှမ်း၏စာထဲတွင် မည်သည့်အကြောင်း အရာများ ပါရှိနေပါသနည်း။

*   *   *



'ကျင်းစွမ်းဖုန်း........'

ရှင့်ရဲ့စိတ်ဓာတ်ကို သိရပြီးဖြစ်လို့ ယှဉ်ပြိုင်တိုက်ခိုက်ဖို့ ကျွန်မ လက်လျှော့လိုက်ပါပြီရှင်။ သိုင်းသမားဆိုတာ တိုင်းပြည်နှင့်လူမျိုးအတွက် အဓိကဦးစားပေးဆောင်ရွက်ရမယ် ဆိုတာကိုလည်း ကျွန်မသဘောပေါက်လာပါပြီ— ဒါကြောင့် ကျွန်မချယ်ရှိပန်း ကျေးရွာကို ပြန်သွားပါတယ်။ ရှင်ဆောင်ရွက်ခဲ့တဲ့ကိစ္စတွေ ပြီးပြတ်သွားတာနဲ့ ကျွန်မတို့ ချယ်ရီပန်းကျေးရွာကို တခေါက် လောက် လာလည်ပါလို့လည်း ဖိတ်ခေါ်ပါတယ် ရှင် ရောက်လာမယ့်နေ့ကို ကျွန်မစောင့်မျှော်နေပါ့မယ်........'

ရှမ်းရှမ်း

ရှမ်းရှမ်းစာက ဒါပဲဖြစ်သည်။

စာကလေးကတိုသော်လည်း အဓိပ္ပာယ်ကမူ များစွာရှိနေသည်မဟုတ်ပါလား။

ထို့ကြောင့် ကျင်းစွမ်းဖုန်းတယောက် စာကိုဖတ်ပြီး ရွှင်လန်းတက်ကြွသွားရခြင်း ဖြစ်၏။

*   *   *

လေပြေလေညင်းကလေးသည် ကလူကျီစယ်တိုက်ခတ်သွား၏။

ထို့ကြောင့် အလေ့ကျပေါက်နေသော ပန်းရိုင်းကလေးများမှာ ယိမ်းနွဲ့လှုပ်ရှားသွားကြလေသည်။

ဝန်းကျင်တခုလုံးသည် သာသာယာယာရှိနေပြီး သစ်ပင်ပန်းမန်များဖြင့် စိမ်းလန်းစိုပြည်လျက် ရှိနေ၏။

သို့သော် ကျင်းစွမ်းဖုန်းက ဝန်းကျင်၏ လှပမှုကို ခံစားနိုင်စွမ်းမရှိပါချေ။

သူသည် အရာရာကို သတိမေ့လျော့နေသူတယောက်ပမာ မြင်းကိုခြေလှမ်းမှန်မှန်ဖြင့် မောင်းနှင်လျက် တောလမ်းကလေးအတိုင်း ရွေ့ရှုလျက် သွားနေလေသည်။

ကျင်းစွမ်းဖုန်းက မည်သည့်ကိစ္စများကို တွေးတောနေပါသနည်း။

သူက မည်သည့်နေရာသို့ ဦးတည်သွားနေပါသနည်း။

စာကယ်ဆိုတော့ ကျင်းစွမ်းဖုန်းသည် ရှမ်းရှမ်း၏ လှပသောမျက်နှာကလေးအား မြင်ယောင်နေပြီး ချယ်ရီပန်းကျေးရွာသို့ ဦးတည်သွားနေခြင်းပင် ဖြစ်လေသည်။

မကြာမီ ကျင်းစွမ်းဖုန်းသည် လမ်းကလေးအတိုင်း ဝေး၍ဝေး၍ တရွေ့ရွေ့ ထွက်ခွာသွားကာ နောက်ဆုံး မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

ကျင်းစွမ်းဖုန်း၏ အတွေးအိပ်မက်တွင်မူ........

လှပသောချယ်ရီပန်း သခင်မလေး ရှမ်းရှမ်း၏ မျက်နှာလေးက ပြုံးရွှင်စွာကြီးစိုးလျက်........။

ပြီးပြီ